Sabbath School Lesson

# မြန်မာလူကြီးတန်း

## ဘဏ္ဍာစိုးဆိုင်ရာစိတ်ထားများ

ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ
၂၀၁၈ ခုနှစ်

ပထမအကြိမ်

Sabbath School Lesson
jrefmvlluBDvef

yHkESifol
OD;BudKEJ(00354)
reftae*smm
uif;apmifyHkESifwdkuf
206 a&Toprkvrf;&efukif;rEÅ,f
&efukefrdKU

xkwf0ol
OD;apmxDao(00595)
0ufU
jrefmjynfowåaeYaboftoif;awmf
68 OD;ydk&vrf;
&efukefrdKU

tkyf&& - 5000

"r®

yxrtBudrf

## မာတိကာ


၁။ ပစ္စည်းဥစ္စာစွဲလမ်းစိတ်လွှမ်းမိုးခြင်း -------------------- ၆
၂။ ကျွန်ုပ်တွေ့သည်၊ ကျွန်ုပ်လိုချင်သည်၊ ကျွန်ုပ်ယူသည် ----- ၁၇
၃။ ဘုရားလား၊ ဥစ္စာဓနလား ------------------------ ၃၀
၄။ လောကလမ်းမှလွတ်မြောက်ခြင်း ------------------- ၄၄
၅။ ဓဒင်ဥယျာဉ်တော်ကျဆုံးပြီးနောက်ပိုင်းဘဏ္ဍာစိုးများ -------- ၅၇
၆။ ဘဏ္ဍာစိုးတစ်ဦး၏အမှတ်လက္ခဏာ ------------------ ၇၁
၇။ ဘုရားသခင်အပေါ်ရိုးသားမှုရှိခြင်း ------------------- ၈၅
၈။ ဆယ်ဖို့တစ်ဖို့ပေးခြင်း၏အကျိုး --------------------- ၉၈
၉။ ကျေးဇူးတင်ခြင်းအလှူ -------------------------- ၁၁၂
၁၀။ ဘဏ္ဍာစိုးဆိုင်ရာအခန်းကဏ္ဍ --------------------- ၁၂၅
၁၁။ အကြွေး = နေ့စဉ်စိတ်ဆုံးဖြတ်ချက် ---------------- ၁၃၈
၁၂။ ဘဏ္ဍာစိုးတစ်ဦး၏အမှုအကျင့် ------------------- ၁၅၁
၁၃။ ဘဏ္ဍာစိုးဆိုင်ရာရလဒ်များ ---------------------- ၁၆၄


–၀–



## ခရစ်ယာန်ဘဏ္ဍာစိုး၏အသက်တာ

ခရစ်ယာန်၏အသက်တာ၌ မိမိတို့ပိုင်ဆိုင်သမျှအားလုံးအပေါ် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေရန်အတွက်သာ ဖြစ်စေရမည်။ ဘဏ္ဍာစိုးဆိုင်ရာအကြောင်းနှင့်ပတ်သက်ပြီး ခရစ်ယာန်များရှုထောင့်အမျိုးမျိုး ရှိနေကြသည်။

သမ္မာကျမ်းစာမှသွန်သင်ချက်အတိုင်း လောကကိုတပ်မက်ခြင်း၊ ငွေကိုတပ်မက်ခြင်းသည် စာတန်ဆင်ထားသောထောင်ချောက်ကိုနင်းရန် အလွန်နီးစပ်ပါသည်။ လူအများသည် ချမ်းသာမှု၊ ကြွယ်ဝမှုကြောင့် ကျဆုံးခဲ့ကြရသည်။ "လောက၌ရှိသမျှသောအရာတည်းဟူသော ကိုယ်ကာယတပ်မက်ခြင်း၊ လောကီစည်းစိမ်ဝါကြွားခြင်းတို့သည် ခမည်းတော်နှင့်မစပ်ဆိုင်" (၁ယော ၂း၁၆)။ ထို့အတွက်ကြောင့် ယခုကွာတာ၌လေ့လာသွားမည့်သင်ခန်းစာအကြောင်းအရာတွင် ဘဏ္ဍာစိုး၏အသက်တာသည် နေ့စဉ်ဆုံးဖြတ်ချက်ချရပြီး၊ ဘုရားသခင်နှင့်လျှောက်လှမ်းရမည့်အသက်တာသာဖြစ်သည်။ တစ်ကိုယ်ကောင်းစိတ်မထားဘဲ ဘုရားသခင်မှခဏသာပေးထားသော ပိုင်ဆိုင်ခြင်းအားလုံးကို ဘုရားရှင်၏ဘုန်းတော်အတွက်အသုံးပြုရန်သာရှိသည်။ ကျွန်ုပ်တို့၏စွမ်းရည်များ၊ ပိုင်ဆိုင်မှုများ၊ ကျန်းမာခြင်းနှင့်ပတ်ဝန်းကျင်အားလုံးကို ဘုန်းတော်ထင်ရှားရန်အတွက် အသုံးပြုကြရမည်။

ယဉ်ကျေးမှုထုံးတမ်းဓလေ့များကိုကျော်လွန်ကာ သမ္မာကျမ်း၏သွန်သင်မှုအတိုင်းလိုက်လျှောက်နိုင်သော ခရစ်ယာန်ဘဏ္ဍာစိုးအတွက် တင့်တယ်ခြင်း၊ ပျော်ရွှင်ခြင်းနှင့် အသက်တာတွင်ပေါ်လွင်ထင်ရှားနေမည်မှာ အမှန်ပင်ဖြစ်သည်။

အဆုံး၌စကားနှစ်ခွန်းအနက် တစ်ခွန်းကိုသာ ကျွန်ုပ်တို့ကြားကြရမည်။ "သင်တို့ကိုငါအလျှင်းမသိ၊ အဓမ္မအမှုကိုပြုသောသူတို့၊ ငါ့ထံမှဖယ်ကြ" (မဿဲ ၇း၂၃)၊ သို့မဟုတ် "သာဓုသစ္စာရှိသောငယ်သားကောင်း။

သင်သည်အမှုငယ်၌သစ္စာစောင့်လေပြီ။ များစွာသောအမှုအခွင့်ကို သင်၌ငါအပ်ပေးမည်။ သင်၏သခင်နှင့်အတူ စည်းစိမ်ကိုဝင်စားလော့" (မဿဲ ၂၅:၂၃)။

ကျွန်ုပ်တို့အားလုံးကြားချင်သောစကားမှာ "သခင်နှင့်အတူစည်းစိမ်ကိုဝင်စားလော့" ဟူ၍သာဖြစ်ပါသည်။

(ဂျွန်၊ အိတ်ချ်အိတ်ချ်၊ မက်သျူး)

–၀–



## သင်ခန်းစာ (၁)
## ပစ္စည်းဥစ္စာစွဲလမ်းစိတ်လွှမ်းမိုးခြင်း
### ဒီဇင်ဘာ ၃၀ – ဇန်နဝါရီ ၅

**ဥပုသ်နေ့မွန်းလွဲပိုင်း** **စက်တင်ဘာ ၃၀**

**ဖတ်ရန်ကျမ်းချက်များ။** ၁ယော ၂:၁၆၊၁၇။ လုကာ ၁၄:၂၆–၃၃။ ၁၂:၁၅–၂၁။ တရားဟော ၈:၁၀–၁၄။ ၁တိ ၆:၁၀။ ယောဟန် ၁၅:၅။ ဂလာတိ ၂:၂၀။

**အလွတ်ကျမ်းချက်**

**"သင်တို့သည် လောကီပုံသဏ္ဍာန်ကိုမဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင်အလိုတော်ရှိသောအရာသည် အဘယ်အရာဖြစ်သည်ကို သင်နိုင်မည်အကြောင်း၊ စိတ်နှလုံးကိုအသစ်ပြင်ဆင်၍ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ရောက်ကြလော့" (ရောမ ၁၂:၂)။**

သမ္မာကျမ်းစာမှ "လောကီပုံသဏ္ဍာန်မဆောင်ရန် (ရောမ ၁၂:၂) တွင်တားမြစ်ထားသော်လည်း၊ ယနေ့အချိန်ခါမှာ ပစ္စည်းဥစ္စာတပ်မက်စွဲလမ်းခြင်း၊ မတော်လောဘကြွယ်ဝလိုစိတ်များ အထူးများပြားနေပါသည်။ ဆင်းရဲချမ်းသာမရွေး ပစ္စည်းဥစ္စာတပ်မက်စွဲလမ်းကြသည်။ ထိုအထဲတွင် ခရစ်ယာန်များအပါအဝင်ဖြစ်သည်။

ချမ်းသာကြွယ်ဝမှု၌အပြစ်မရှိ၊ မိမိကိုယ်ပိုင်အတွက်နှင့် မိသားစုချောင်လည်ရေးကြိုးစားအားထုတ်လုပ်ဆောင်ခြင်းသည်လည်း အပြစ်မဟုတ်။ သို့သော် ငွေကိုတပ်မက်လာလျှင် စာတန်၏ကျော့ကွင်းအတွင်းသက်ဆင်းသွားပြီ။ လောက၏ပုံသဏ္ဍာန်ကိုဆောင်ယူနေပြီ။

လောကအနေဖြင့် ငွေသည် အရာရာကိုလုပ်ဆောင်နိုင်သည်ဟု ပေါ်လွင်နေပါသည်။ သို့သော် ငွေသည် စာတန်၏ထောင်ချောက်တစ်ခုဖြစ်သည်။ ဥစ္စာပစ္စည်းတပ်မက်စွဲလမ်းသောဝါဒသည် စာတန်၏အထူးအောင်မြင်သောလက်နက်ဖြစ်သည်။ ငွေသည် လတ်တလောကောင်းသည်ဟု ထင်စရာရှိသော်လည်း အမှန်တကယ်အရေးကြုံလာလျှင် ငွေသည် ဘာမျှသုံးမရတော့ပါ။

**တနင်္ဂနွေ** **ဒီဇင်ဘာ ၃၁**

## လောကဘုရား

ငွေသည် ယနေ့လောကဘုရားဖြစ်လာပြီး၊ ဥစ္စာပစ္စည်းတပ်မက်ခြင်းဝါဒသည် လောက၏ဘာသာရေးဖြစ်နေသည်။ ဥစ္စာပစ္စည်းစွဲလမ်းခြင်းမှုဝါဒသည် ခဏတာသာဖြစ်ပြီး ကောင်းစားသလိုထင်ရသော်လည်း ဘာလုံခြုံမှုတစ်ခုမျှမပေးနိုင်ပါ။

ဝိညာဉ်ရေးအစစ်အမှန်ထက် လောကကြွယ်ဝခြင်း၊ ပစ္စည်းဥစ္စာပိုင်ဆိုင်လိုစိတ်များနေလျှင် ပစ္စည်းဥစ္စာကိုစွဲလမ်းသည်ဟု သတ်မှတ်ပါသည်။ ပိုင်ဆိုင်မှု၌ တန်ဖိုးပမာဏရှိသော်လည်း ထိုပစ္စည်းများသည် ကျွန်ုပ်တို့ကိုမပိုင်ဆိုင်နိုင်ပါ။ "ငွေကိုတပ်မက်သောသူသည် ငွေနှင့်အလိုဆန္ဒမပြေနိုင်။ စည်းစိမ်ကိုတပ်မက်သောသူသည် စည်းစိမ်တိုးပွားသော်လည်း မရောင့်ရဲနိုင်" (ဒေသနာ ၅း၁၀)။ လောကရှိအရာများကိုတပ်မက်လိုချင်ခြင်း၌ ပြဿနာများစွာရှိသည်။ မည်မျှပင်ရရှိစေကာမူ၊ မရောင့်ရဲနိုင်ကြပါ။ ပို၍ပို၍သာလိုချင်ပြီးလိုချင်နေသည်။ ဤသို့ဖြင့် ထောင်ချောက်ထဲရောက်သွားတော့သည်။

၁ယော ၂း၁၆၊၁၇ ကိုဖတ်ကြည့်ပါ။ အမှန်တကယ်အစစ်အမှန်သည် ဘာဖြစ်သနည်း။



လုကာ ၁၄း၂၆–၃၃ ကိုဖတ်ကြည့်ပါ။ ဤနေရာ၌ သခင်ယေရှုဘာမိန့်တော်မူခဲ့သနည်း။ ခရစ်ယာန်များအတွက်အရေးအကြီးဆုံးသည် ဘာဖြစ်သနည်း။

ငွေအတွက်ကြောင့်အသက်ရှင်သူများ၊ ငွေကိုတပ်မက်သူများအတွက် ဘာတစ်ခုမှအကျိုးမရှိကြောင်း ခရစ်တော်သွန်သင်ခဲ့ပါသည်။ "လူသည် ဤစကြဝဠာကိုအကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဉ်ရှုံးလျှင် အဘယ်အကျိုးရှိသနည်း" (မာကု ၈း၃၆)။

"ခရစ်တော်ဤလောကသို့ဆင်းလာခဲ့သောအချိန်၌ လူသားများ၏စာရိတ္တသည် အကျင့်ပျက်ခြစားပျက်စီးယိုယွင်းပြီး အောက်သို့အနိမ့်ကျဆုံးအခြေအနေသို့ရောက်ရှိနေချိန်ဖြစ်သည်။ မတရားမှုနှင့်အတုအယောင်များသာကြီးစိုးနေ၏။ ကမ္ဘာပေါ်ရှိဘာသာရေးအားလုံးက လက်မြောက်အရှုံးပေးနေရသော သဘောမျိုးရောက်နေသည်။ လူတို့၏စိတ်ဓာတ်များယုတ်ညံ့ကြ၏။ မတည်မြဲသောရုပ်ဝတ္ထုပစ္စည်းကိုသာ တပ်မက်ကိုးကွယ်ကြ၏။ ထာဝရအသက်လမ်းကိုဘေးဖယ်ထားပြီး လတ်တလောအသက်ရှင်နေထိုင်ခြင်းကိုသာ အလေးထားကြသည်" (Education, pp. 74,75).

လူအများ "ထာဝရအသက်လမ်းကိုဘေးဖယ်ပြီး လတ်တလောအသက်ရှင်ခြင်းကိုသာ အလေးထားကြသည်။" ထိုသို့သောစကားသံမျိုး ယခုကြားနေရပါသလား။

ပစ္စည်းဥစ္စာမပိုင်ဆိုင်ချင်သူဟူ၍ရှိပါသလား။ ကျွန်ုပ်တို့၌ရှိသော ပစ္စည်းနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ထိုပစ္စည်းကိုဘယ်သူပိုင်သလဲ။ ကျွန်ုပ်တို့ကိုပါဘယ်သူပိုင်သလဲ။

**တနင်္လာ** **ဇန်နဝါရီ ၁**

## စပါးကျီကိုဖြည့်ခြင်း

လုကာ ၁၂း၁၅–၂၁ အထိဖတ်ကြည့်ပါ။ ဘာသတင်းစကားများပါရှိသနည်း။ ချမ်းသာကြွယ်ဝဖို့ရန်မလိုအပ်သူအတွက် ဘာသက်ရောက်မှုဖြစ်စေသနည်း။

ဆင်းရဲသူဖြစ်ဖြစ်၊ ချမ်းသာသူဖြစ်ဖြစ် ဥစ္စာပစ္စည်းပိုင်ဆိုင်လိုသည့်ဆန္ဒပြင်းပြနေလျှင် ထာဝရအသက်ဦးတည်ရာလမ်းကြောင်း ပျောက်သွားလိမ့်မည်။ မတည်မြဲသောတဒင်္ဂအရာ၌သာနစ်မျောနေကြမည်။

ရွှေ၊ ငွေကို မကိုးကွယ်မရှိခိုးသည့်တိုင် တပ်မက်ခြင်းကြောင့် တစ်နည်းအားဖြင့် ထိုရွှေ၊ ငွေကို ကိုးကွယ်ရှိခိုးခြင်းပင်ဖြစ်သည်။

ခရစ်တော်ပေးသောဥပမာသည် ကမ္ဘာ့တစ်ဝန်းဒေသအများ၌ ရေပန်းစားနေပါသည်။ လက်ရှိအချိန်အခါမှာ လူတို့သည် ငွေကိုအသက်နှင့်လဲ၍ရှာနေကြသည်။ ကမ္ဘာ့ကုန်သွယ်ရေးဗျူဟာများ ဆန်းသည်ထက်ဆန်းပြားအောင်တီထွင်ကြံဆပြီး၊ ပစ္စည်းများကိုထုတ်လုပ်ကာ အမြတ်အစွန်းရသည်ထက်ရအောင် တင်ပို့ရောင်းချနေကြသည်။ အမှန်တကယ်မှာ အလုပ်လုပ်နေကြရခြင်းပင်ဖြစ်သည်။ ခရစ်ယာန်များပင်လျှင် လောကကိုမစဉ်းစားပါဟုကြွေးကြော်စဉ်အချိန်မှာ ထိုသို့သောတပ်မက်စိတ်ဝင်ပြီး လှည့်ဖြားခြင်းခံကြရသည်။

တရားဟော ၈း၁၀–၁၄ ကိုဖတ်ကြည့်ပါ။ မည်သို့သောနည်းအားဖြင့် အသင်းသားများအန္တရာယ်စက်ကွင်းထဲရောက်နေပါသနည်း။

---

---

သမ္မာကျမ်း၌ဖြစ်စေ၊ ကမ္ဘာ့ရာဇဝင်အရဖြစ်စေ ပစ္စည်းပိုင်ဆိုင်မှုများလာလေလေ၊ ဝိညာဉ်ရေးအားမြင့်လာလေလေ၊ ဘုရားကိုပို၍ပို၍သိလာလေ၊ ကောင်းကင်နှင့်ဆိုင်သောဝိညာဉ်ရေးပိုခိုင်မြဲလာသောသူအကြောင်းတစ်ဦးတစ်ယောက်ကြားဖူးပါသလား။ ရှိခဲ့လျှင်ပြောကြားဝေငှပေးပါ။



**အင်္ဂါ** **ဇန်နဝါရီ ၂**

## တပ်မက်ချင်စရာပစ္စည်းဥစ္စာ

ယနေ့ကြော်ငြာများအလွန်ခေတ်စားနေသည်။ ကုမ္ပဏီများ မိမိတို့၏ပစ္စည်းများပေါ်၌ တံဆိပ်လှလှဖြင့်ဆွဲဆောင်ပြီး လူထုရှေ့သို့ချပြကာ ကုန်ပစ္စည်းများကို ကူးသန်းရောင်းဝယ်နေကြသည်။ ကြော်ငြာထားသောပစ္စည်းကိုကြည့်လိုက်သည်နှင့် အသက်ဝင်လှပါသည်။ လိုချင်လာသည်၊ စားချင်လာသည်။

ကြော်ငြာပြထားခြင်းသည် ဆွဲဆောင်အားကောင်းသောနည်းစနစ်တစ်ခုပင်ဖြစ်သည်။ အဆိပ်ကဲ့သို့တူညီပြီး ခရစ်ယာန်များအနေဖြင့် ထိုပစ္စည်းဥစ္စာကို တပ်မက်ခြင်းမရှိစေရန် ရင်ဆိုင်ရုန်းကန်နေရသည်။

မဿဲ ၆း၂၂–၂၄ ကိုဖတ်ကြည့်ပါ။ မျက်စိကိုဘာအားဖြင့်ပုံဆောင်ထားသနည်း။ ကျွန်ုပ်တို့ခရစ်ယာန်များ မလိုအပ်သောပစ္စည်းဖြင့် စုံစမ်းခြင်းခံနေရသောအချိန်၌ မည်သို့လုပ်ဆောင်မည်နည်း။

---

---

ဆွဲဆောင်မှုဖြင့်ကြော်ငြာထားသော ကုန်ပစ္စည်းများသည် အားကြီးသောလက်နက်တစ်ခုဖြစ်လာသည်။ ရောင်းချသူများအနေဖြင့် စားသုံးသူများ၏စိတ်ကိုဆွပေးပြီး ကုန်ပစ္စည်းများကိုရောင်းချတတ်သကဲ့သို့ ကျွန်ုပ်တို့၏စိတ်ကို စာတန်ဆွပေးပြီး မှားယွင်းသောဘာသာတရား၊ စဉ်းစားမြော်မြင်မှုမရှိသော၊ ဝိညာဉ်ရေးအမှန်တရားမရှိသောအခြေအနေသို့ သွတ်သွင်းပေးတတ်သည်။ ဆွဲဆောင်မှုဖြင့်တိုက်ခိုက်လာသော စာတန်၏လှည့်ကွက်ကို လူအများခုခံနိုင်အားမရှိချေ။ လိုချင်လာသောအရာတစ်ခုကို ကြိုးစားပြီးမရမကရအောင်ယူချင်လာသည်။ ဘုရားသခင်တစ်ပါးတည်းသာ ကျွန်ုပ်တို့လိုအပ်သောအရာကိုသိတော်မူပါသည်။

“ငါပညတ်သည်ကား၊ ဝိညာဉ်ပကတိအတိုင်းကျင့်ကြလော့။ ထိုသို့ကျင့်လျှင် ဇာတိပကတိ၏အလိုသို့မလိုက်ဘဲ နေကြလိမ့်မည်” (ဂလာတိ ၅း၁၆)။ ဇာတိပကတိ၏အလိုဟုပြောသောစကားကို ကိလေသာသဘောဟု အများထင်သော်လည်း မည်သည့်နည်းဖြင့်လည်း တပ်မက်ခြင်းအန္တရာယ်ကို ပြည့်စုံစေနိုင်သေးသနည်း။

**မုန္ဒဟူး** **ဇန်နဝါရီ ၃**

## မိမိကိုယ်ကိုချစ်ခြင်း

“သင်တို့သည် ကိုယ်ကိုထင်သင့်သည်အတိုင်းထက်လွန်၍မထင်ဘဲ၊ ဘုရားသခင်သည် လူအသီးအသီးတို့အား ယုံကြည်ခြင်းကိုဝေပေးတော်မူသည်နှင့်အညီ၊ ကိုယ်ကိုလျောက်ပတ်စွာထင်ရမည်အကြောင်း ငါသည်ကိုယ်ခံရသောကျေးဇူးတော်ကိုအမှီပြု၍ သင်တို့တွင်ရှိသမျှသောသူတို့ကိုမှာထား၏” (ရောမ ၁၂း၃)။ ဘုရားရှင်မိန့်တော်မူသည်မှာ “သင်သည် ကိုယ်၌တင့်တယ်ခြင်းအသရေကြောင့်၊ ဝါကြွားသောစိတ်ရှိလျက် ဂုဏ်ထွန်းတောက်သောကြောင့် သင်၏ပညာသည် ဖောက်ပြန်လျက်ရှိပြီ” (ယေဇကျေလ ၂၈း၁၇)။ လူစီဖာသည် မိမိကိုယ်ကိုပြန်၍လိမ်လည်နေသည်မှာ သူ၌ရှိရင်းစွဲထက် စိတ်ကပို၍စိတ်ကြီးဝင်နေပါသည်။ သူ၏စိတ်ထဲ၌ “အမြင့်ဆုံးသောဘုရားကဲ့သို့ငါနေမည်” (ဟေရှာယ ၁၄း၁၄)။ သူ၌မရှိသောအခွင့်အရေးကို စကားကြီးကြီးဖြင့်ကြွေးကြော်ပြီး မိမိကိုယ်ကိုချီးမြှောက်ခဲ့သည်။ မိမိကိုယ်ကို ပြန်၍လှည့်ဖြားခြင်းနှင့် မိမိကိုယ်ကိုအထင်ကြီးစိတ်ကြီးဝင်ခြင်းသည် လူစီဖာကိုကျဆုံးစေသောအချက်နှစ်ချက်ပင်ဖြစ်သည်။

စာတန်ကျဆုံးရခြင်းနှင့်ပတ်သက်သော အပြစ်၏မူလအစတည်နေရာကို အဘိဓာန်မှ မတော်မတရားတစ်ကိုယ်ကောင်းစိတ်၊ ကိုယ်ကိုကိုယ်သာ



ချစ်စိတ်၊ အဓိပ္ပါယ်မဲ့သောစိတ်သဘောဟု ပြန်ဆိုထားပါသည်။ လူ့သမိုင်းတစ်လျှောက် ကျရှုံးခဲ့ရသောသူများသည် မိမိကိုယ်ကိုပြန်၍လှည့်ဖြားနေခဲ့သူများဖြစ်ကြသည်။

နေဗုဒ်ခဒ်နေဇာမင်းသည် မိမိ၏ရှိရင်းစွဲအခြေအနေထက် မိမိကိုယ်ကို အထင်ကြီးလွန်းနေသည်။ (ဒံ ၄း၃၀) ဖာရိရှဲတို့သည်လည်း မိမိကိုယ်ကို အထင်ကြီးကာ ထိုလမ်းကိုပင်လိုက်ကြသည်။ (လုကာ ၁၈း၁၁၊၁၂)။ ချမ်းသာကြွယ်ဝခြင်းကိုတပ်မက်လျှင် ထိုလမ်းအတိုင်းသာလိုက်သွားလိမ့်မည်။

၁တိ ၆း၁၀ ကိုဖတ်ကြည့်ပါ။ ရှင်ပေါလုသတိပေးထားသော အန္တရာယ်ကား အဘယ်အရာဖြစ်သနည်း။

ရှင်ပေါလုသည် တိမောသေအားရှောင်ရှားရမည့်သူများအကြောင်းကို သတိပေးထားပါသည်။ (၂တိ ၃း၁–၅)။ ထိုသူများအထဲတွင် “ငွေကိုတပ်မက်သောသူ” ပါဝင်နေသည်။ ငွေကိုတပ်မက်သောသူသည် မိမိကိုယ်ကိုရှိရင်းစွဲအခြေအနေထက်လွန်ကဲပြီး အထင်ကြီးနေတတ်သည်။ ပစ္စည်းဥစ္စာတပ်မက်ခြင်းသဘောကြောင့် လူတို့သည် အဓိကအရေးကြီးသောအရာကိုမေ့လျော့နေသည်။ လူတစ်ဦးသည် ငွေကြေးများစွာပိုင်ဆိုင်လာသောအခါ၊ မိမိကိုယ်ကို ထင်သင့်သည်ထက် ပို၍အထင်ကြီးတတ်သည်။ လူတိုင်းက ချမ်းသာချင်သော်လည်း လူအနည်းစုသာပြုလုပ်နိုင်ပါသည်။ ထို့ကြောင့်သူဌေးတို့သည် မိမိကိုယ်မိမိအထင်ကြီးဂုဏ်မောက်ကာ ဝါကြွားနေတတ်ကြသည်။

ဖိလိပ္ပိ ၂း၃ ကိုဖတ်ကြည့်ပါ။ ဥစ္စာပစ္စည်းတပ်မက်ခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့ကိုမည်သို့သွန်သင်ထားသနည်း။ ခရစ်ယာန်များမည်သို့သဘောထားမျိုးဖြင့်နေထိုင်ရန် သွန်သင်ထားသနည်း။

**ကြာသပတေး** **ဇန်နဝါရီ ၄**

## ဥစ္စာပစ္စည်းစွဲလမ်းခြင်းဖြင့် ကျရှုံးခြင်း

ဘုရားသခင်ကိုချစ်သောသူများစွာရှိပါသည်။ ဘုရားရှင်နှင့်အတူ လျှောက်လှမ်းခြင်းကြောင့် သူတို့၏ပစ္စည်းဥစ္စာများသည် သူတို့ကိုနှောင့်ယှက်၍မရပါ။

ဖတ်ကြည့်ပါ။ တရားဟော ၇း၆။ ၁ပေ ၂း၉။ ယောဟန် ၁၅း၅။ ဂလာတိ ၂း၂၀။ ဘုရားရှင်ပိုင်ဆိုင်သောသူများဖြစ်ရမည်ဟူသောအဓိပ္ပါယ်သည် ဘာကိုဆိုလိုသနည်း။ မှန်ကန်သောမျှတခြင်းကို ဘယ်မှာရှာတွေ့နိုင်မည်နည်း။

---

ယေရှုကလည်း "ငါသည်စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များဖြစ်ကြ၏။ အကြင်သူသည်ငါ၌တည်၍၊ ငါသည်လည်းသူ၌တည်၏။ ထိုသူသည် များစွာသောအသီးကိုသီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှမတတ်နိုင်ကြ" (ယောဟန် ၁၅း၅)။ တိုက်ရိုက်ဆက်သွယ်ခြင်းသည် လုံခြုံမှုရှိသည်။ "မှန်သောနာခံမှုသည် စိတ်နှလုံးမှလာသည်။ ခရစ်တော်နှင့်နှလုံးသားခြင်းဆက်သွယ်သည် ခရစ်တော်ကိုအားကိုးလျှင် ကျွန်ုပ်တို့၏အတွေးအခေါ်နှင့်ကြံစည်သမျှကို ကိုယ်တော်ပြုပြင်ပို့ဆောင်ပေးလိမ့်မည်။ ထို့ကြောင့် စိတ်နှလုံးကို ကိုယ်တော်၏ပုံသဏ္ဍာန်နှင့်အလိုတော်အတိုင်း နှစ်မြုပ်ပါ။ ကိုယ်တော်ကိုယုံကြည်ကိုးစားလျှင် အသက်တာကို ဆက်လက်လျှောက်လှမ်းနိုင်လိမ့်မည်။ (DA, p. 668).

တစ်နည်းအားဖြင့် ပစ္စည်းဥစ္စာတပ်မက်စွဲလမ်းခြင်းသဘောသည် ပိုင်ဆိုင်မှုရှိရမည်ဟု အထင်ရောက်စေသည် နောက်တစ်မျိုးအားဖြင့် ကျွန်ုပ်တို့၌ပိုင်ဆိုင်ခြင်းရှိသောကြောင့် လောက၌ဝယ်ချင်ရာဝယ်ယူနိုင်သည်။ ရှင်ယာကုပ်မှ ထိုသို့သောသဘောကို သတိပေးထားပါသည်။ "ရွှေငွေလည်း



အချေးတက်၍ပျက်ကုန်ပြီ။ ထိုအချေးသည် သင်တို့တစ်ဘက်၌သက်သေဖြစ်၍၊ မီးကဲ့သို့သင်တို့အသားကိုစားလိမ့်မည်။ နောက်ဆုံးသောနေ့ရက်ကာလအဖို့ ဘဏ္ဍာကိုဆည်းပူးကြပြီတကား။ (ယာကုပ် ၅း၃)။ "ဆည်းပူး" ၏အဓိပ္ပါယ်မှာ ဘဏ္ဍာကိုစုသိမ်းခြင်း၊ သိုလှောင်ခြင်းကိုဆိုလိုပါသည်။ ပို၍အရေးကြီးသည်မှာ ဘဏ္ဍာသည် မည်သည့်ပမာဏဖြစ်သည်မဆို နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ သက်သေခံနိုင်ဖို့ရန်အရေးကြီးပါသည်။ (လုကာ ၁၂း၁၉–၂၁)။

ရုပ်ဝတ္ထုပစ္စည်းတပ်မက်ခြင်းသဘောသည် ရှုပ်ထွေးမှုကိုသာဖြစ်ပေါ်စေသည်။ များသောသူတို့သည် မိမိတို့၏ပိုင်ဆိုင်မှုသည် မိမိတို့အတွက် မီးစလေးဖြစ်စေပါသည်။ ကျွန်ုပ်တို့အားလုံးအတွက် ကျွန်ုပ်တို့၏ပိုင်ဆိုင်မှုသည် ကျွန်ုပ်တို့၏ဘုရားဖြစ်လာတတ်သည်။ (မဿဲ ၆း၁၉–၂၁) ပုဂ္ဂိုလ်တစ်ဦးက "ကျွန်တော့်မှာပိုင်ဆိုင်မှုတစ်ခုမှမရှိတော့ရင် ကျွန်တော်လည်းဘာမှမဟုတ်တော့ဘူး။ ဝမ်းနည်းစရာအလွန်ကောင်းပါသည်။ ယောဘ၏ပိုင်ဆိုင်မှုဖြင့် ကိုယ်ကိုကိုယ်တိုင်းတာနေခြင်းဖြစ်သည်။ အသက်တစ်ချောင်းရပ်တည်နိုင်ရန်အတွက် ရုန်းကန်ကြရပါသည်။ အထူးသဖြင့် ခရစ်ယာန်အသက်တာကိုခံယူထားသူများမှာ ရင်ဆိုင်ရန်အများရှိပါသည်။ ကျွန်ုပ်တို့၏အသက်တာကို ဘုရားသခင်နှင့်အတိုင်းအဆပြုမည်လား၊ လောကပိုင်ဆိုင်ခြင်းနှင့်တိုင်းတာမည်လား။ တစ်ခုမဟုတ်တစ်ခုကို ရွေးချယ်ရပါမည်။

သင်၏ပိုင်ဆိုင်နေသောအရာများနှင့် သင်မည်မျှဆက်စပ်ပေါ်လွင်နေသနည်း။

**သောကြာ** **ဇန်နဝါရီ ၅**

## ထပ်ဆင့်လေ့လာရန်

"ယနေ့အချိန်အခါတွင် ရန်သူသည် ဝိညာဉ်များကိုဈေးပေါပေါဖြင့်ဝယ်ယူနေသည်။ 'သင့်ကိုယ်ကိုသင်မိုက်မဲစွာရောင်းချပြီ' ဟု ကျမ်းစကားရှိသည်။ အချို့တို့သည် မိမိ၏ဝိညာဉ်ကို ကျော်ကြားမှုအတွက်ရောင်းစား

သည်။ အချို့တို့ကငွေဖြင့်ရောင်းသည်။ အချို့မှာ မသမာသောလုပ်ငန်းဖြင့်၊ အချို့မှာပျော်ရွှင်မှုအတွက် စသည်ဖြင့်စာတန်သည် ဈေးဆစ်ကာ ဝိညာဉ်ဈေးကစားနေသည်။ စာတန်သည် ခရစ်တော်၏အဖိုးထိုက်သောအသွေးတော်ဖြင့် ဝယ်ယူထားသောဝိညာဉ်များကို ဈေးပေါပေါဖြင့်ပြန်လည်ဝယ်ယူနေပါသည်။” (Testimonies for the Church, vol. 5, p. 133).

ဝိညာဉ်များကို ရုပ်ဝတ္ထုပစ္စည်းတပ်မက်ခြင်းဝါဒဖြင့် ဝယ်ယူလဲလှယ်ရန် စာတန်ပစ်မှတ်ထားပါသည်။ လူတိုင်း၏စိတ်၌ ထိုမဟာဗျူဟာထောင်ချောက်ကြီးသည် ပေါ်လွင်လျက်ရှိသည်။ ရုပ်ဝတ္ထုတပ်မက်ခြင်းသဘောသည် စကားမပြောနိုင်ပါသော်လည်း ဘာသာစကားအားလုံးကို ကျွမ်းကျင်နေသည်။ ဆင်းရဲသူ၊ ချမ်းသာသူများအားလုံးအတွက် ပျော်ရွှင်မှုနှင့်ဖိမ်ခံမှုများကို ပြင်ဆင်ပေးထား၏။ ထိုသူများတို့၏နှုတ်မှ “ငါလိုချင်သမျှအကုန်ရှိနေပြီ။ ဘာတစ်ခုမှပူပင်စရာမလိုတော့ဘူး” ဟူ၍ထွက်ဆိုလာကြသည်။ ရုပ်ဝတ္ထုပစ္စည်းတပ်မက်ခြင်းဝါဒသည် စိတ်ဓာတ်ကိုဖျက်ဆီးပစ်သည်။ လူများကိုမိမိတို့ပိုင်ဆိုင်သောအရာများကိုသာ အားကိုးစိတ်ဖြစ်စေပါသည်။ ဘုရားကိုကိုးစားရန်သဘောမရှိတော့ပါ။ မည်သို့ပင်ဖြစ်စေ၊ “ဤအမှုသည် ဗိုလ်ခြေအားဖြင့်မဟုတ်၊ အာဏာတန်ခိုးအားဖြင့်မဟုတ်၊ ငါ့ဝိညာဉ်အားဖြင့်ဖြစ်လိမ့်မည်ဟု ကောင်းကင်ဘုံရှင်ထာဝရဘုရားမိန့်တော်မူ၏” (ဇာခရိ ၄း၆)။ ရုပ်ဝတ္ထုတပ်မက်ခြင်းဝါဒသည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးကို မဆီးတားနိုင်ပါ။ ဘုရားသခင်ထံ ကျွန်ုပ်တို့ကိုယ်ကိုကျွန်ုပ်တို့အပ်နှံပြီး ကရုဏာတော်ကိုရေတွက်သောအချိန်၌ ရုပ်ဝတ္ထုစွဲလမ်းခြင်းသဘောများ ကျွန်ုပ်တို့ကိုမလွှမ်းမိုးနိုင်တော့ပါ။

## ဆွေးနွေးရန်မေးခွန်းများ

(၁) ယခုအပတ်သင်ခန်းစာကိုလေ့လာခြင်းဖြင့် ကျွန်ုပ်တို့၌မည်သည့်ပိုင်ဆိုင်မှုတစ်စုံတစ်ရာမျှမရှိသော်လည်း အန္တရာယ်ကို မည်သည့်နည်းလမ်းများဖြင့်ရှင်းထုတ်နိုင်သနည်း။



(၂) လူတချို့က “ပိုက်ဆံဆိုတာငါ့ဂရုမစိုက်ဘူး၊ ပိုက်ဆံကငါ့အတွက်ဘာတစ်ခုမှအဓိပ္ပါယ်မရှိဘူး။ (ထိုသို့ပြောနေစဉ်မှာ သူ၌ပိုက်ဆံများစွာပိုင်ဆိုင်ထားသည်။) အများစုသောကိစ္စများမှာ ဘာကြောင့်ရိုးသားမှန်ကန်မှုမရှိသနည်း။ ငွေရေးကြေးရေးသည် အရေးပါလှပါသည်။ ကျွန်ုပ်တို့၏အသက်တာ၌ အရေးကြီးသောကဏ္ဍ၌ရှိပါသည်။ မေးစရာမေးခွန်းမှာ၊ ကျမ်းစာ၏အလိုတော်အတိုင်း ပိုက်ဆံကိုကျွန်ုပ်တို့မှန်မှန်ကန်ကန်မည်သို့ထားရှိမည်နည်း။ အမှန်တကယ်ပိုက်ဆံလိုအပ်သောအရာကဘာနည်း။

(၃) သံချေးပိုးရွှဖျက်ဆီး၍ သူခိုးထွင်းဖောက်ခိုးယူရာ မြေကြီးပေါ်မှာဘဏ္ဍာကိုမဆည်းပူးကြနှင့်။ သံချေးပိုးရွမဖျက်ဆီး၍ သူခိုးမထွင်းမဖောက်မခိုးမယူရာကောင်းကင်ဘုံ၌ ဘဏ္ဍာကိုဆည်းပူးကြလော့။ အကြောင်းမူကား၊ အကြင်အရပ်၌ သင်တို့၏ဘဏ္ဍာရှိ၏။ ထိုအရပ်၌သင်တို့၏စိတ်နှလုံးရောက်တတ်၏။ (မဿဲ ၆း၁၉–၂၁)။ ယေရှုရှင်မိန့်တော်မူသောစကားကို သေချာစွာဖတ်ပါ။ ပစ္စည်းဥစ္စာတပ်မက်ခြင်းသဘောကို မည်သို့ရှောင်ရှားနိုင်ရန်နှင့်တွန်းလှန်နိုင်ရန် တန်ခိုးအင်အားပါသောနည်းလမ်းကို ကိုယ်တော်သင်ပေးခြင်းဖြစ်သည်။

–ဝ–

## သင်ခန်းစာ (၂)
# ကျွန်ုပ်တွေ့သည်၊ ကျွန်ုပ်လိုချင်သည်၊ ကျွန်ုပ်ယူသည်
**ဇန်နဝါရီ ၆ – ၁၂**

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဇန်နဝါရီ ၆**

**ဖတ်ရန်ကျမ်းချက်များ။** ၂ကော ၈း၁–၇။ မဿဲ ၁၃း၃–၇၊၂၂။ ကမ္ဘာဦး ၃း၁–၆။ ဟေရှာယ ၅၆း၁၁။ မဿဲ ၂၆း၁၄–၁၆။ ၂ပေ ၁း၅–၉။

**အလွတ်ကျမ်းချက်**

**"ဆူးပင်တို့တွင် အစေ့ကိုကြဲခြင်းအကြောင်းအရာကား၊ တရားစကားကိုကြား၍ လောကီအမှု၌ စိုးရိမ်ခြင်းနှင့်စည်းစိမ်ဥစ္စာ၏လှည့်စားခြင်းသည် တရားစကားကိုလွှမ်းမိုးညှဥ်းဆဲတတ်သောကြောင့် အသီးမသီးနိုင်ဟုဆိုလိုသတည်း" (မဿဲ ၁၃း၂၂)။**

ငွေကိုတပ်မက်ခြင်းနှင့် ဥစ္စာပစ္စည်းတပ်မက်လိုချင်စိတ်သည် ဘက်စုံထောင့်စုံမှ ကျွန်ုပ်တို့ဆီသို့ရောက်လာနိုင်သည်။ အယ်လင်ဝှိုက်က နတ်ဆိုးကြီးစာတန်မှ ကျွန်ုပ်တို့အားဥစ္စာပစ္စည်းရရှိုးနိုး စိတ်ကိုသွတ်သွင်းပြီး လောဘစိတ်တက်စေသည့်အကြောင်းဖော်ပြပုံမှာ "သွားကြ၊ မြေနှင့်ငွေများစွာပိုင်ဆိုင်သူဖြစ်အောင်လုပ်ပေးပါ။ ကိုယ့်ဘဝကိုသာကိုယ်ဂရုစိုက်စေပါ။ လောကကြီးကိုထင်ပေါ်ကျော်ကြားမှုဖြင့်ဆွဲဆောင်ပါ။ လူများတို့သည် သူတို့၏ဘဏ္ဍာကို လောကမှာဆည်းပူးသိုလှောင်နေပါစေ။ မြေကြီးကိုသာစိတ်စွဲလမ်းနေကြပါစေ။ ဘုရားအမှုတော်မှာလုပ်ဆောင်နေသူနှင့် ငါတို့ကိုဆန့်ကျင်နေသူတွေကို ငါတို့ကာကွယ်တားဆီးကြရမည်။ ငွေကိုငါတို့ရဲ့လက်ကိုင်တုတ်အနေဖြင့်ထားကြပါ။ ခရစ်တော်ရဲ့နိုင်ငံတော်နှင့် ငါတို့မုန်းသောဇဝံဂေလိတရားလုပ်ငန်းကိုလုပ်ကိုင်နေကြခြင်းထက် ငွေ၏နောက်သို့သာ စိုက်စိုက်လိုက်နေကြစေရန်





ဖန်တီးကြပါ။ သူတို့ရဲ့တုံ့ပြန်မှုကို ငါတို့ကြောက်နေစရာမလိုပါ။ တစ်ကိုယ်ကောင်းစိတ်၊ အတ္တစိတ်ရှိသူတိုင်း ငါတို့ရဲ့တန်ခိုးအောက်မှာ ပြားပြားဝပ်လာကြလိမ့်မယ်။" (CS, pp. 154,155).

ယခုအချိန်မှာ စာတန်နှင့်သူ၏နတ်ဆိုးကြီးများ ထိုသို့ကောင်းစွာလုပ်ဆောင်နိုင်ကြောင်းမြင်နေရသည်။ ၎င်းအန္တရာယ်ကိုရှောင်ရှားနိုင်ရန် နှုတ်ကပတ်တော်မှသွန်သင်ချက်များကို လေ့လာကြည့်ရှုကြပါစို့။

**တနင်္ဂနွေ** **ဇန်နဝါရီ ၇**

**ကြွယ်ဝချမ်းသာသောဧဝံဂေလိတရား**

ရုပ်မြင်သံကြားမှနာမည်ကြီးတရားဟောဆရာကြီးက တရားတစ်ပုဒ်ကို ရိုးရိုးလေးဟောကြားခဲ့သည်။ "သင်တို့ကိုဘုရားကောင်းချီးချပေးချင်ပါတယ်။ သင်တို့အားလုံးကောင်းချီးရရှိခံစားရမည်ဖြစ်ကြောင်းကို ကြွယ်ဝများပြားလာသော ဥစ္စာပစ္စည်းနှင့်သက်သေပြလို့ရပါတယ်။ အဓိကမှာ ဘုရားသခင်အပေါ်သင်တို့သစ္စာရှိလျှင် သင်တို့ကြွယ်ဝချမ်းသာမည်မှာအမှန်ဖြစ်ပါတယ်။"

၎င်းကို ကြွယ်ဝချမ်းသာသောဧဝံဂေလိတရားဟု ခေါ်ဆိုပါသည်။ ဘုရားသခင်၏နောက်တော်သို့လိုက်ပါ။ သင့်ကိုဤလောက၌ ချမ်းသာကြွယ်ဝခြင်းကိုပေးလိမ့်မည်။ ရိုးရှင်းသောသတင်းစကားဖြစ်နေသော်လည်း ငွေ၊ ဥစ္စာပစ္စည်းလိုချင်သောဝါဒအကြောင်းကို ဘာသာရေးအတွေးအရ မှားယွင်းစွာဆုံးဖြတ်ကြသည်။ အမှန်မှာ သင်ပစ္စည်းဥစ္စာပိုင်ဆိုင်ပြီး ကောင်းစားချင်ပါသလား၊ ဧဝံဂေလိတရားသည် သင့်အတွက်အမြဲရှိသည်။

ဧဝံဂေလိတရားနှင့်ဆက်သွယ်နိုင်ပြီဆိုလျှင် ကြွယ်ဝခြင်းရရှိနိုင်ကြောင်းနှင့် ဘေးချော်လမ်းလွဲမသွားနိုင်တော့ကြောင်း အာမခံပါသည်။ ဤယုံကြည်ချက်မျိုး၌ အစွန်းနှစ်ဖက်မညီသောခံယူချက်ကို ဖြစ်ပေါ်စေသလိုမျိုးဖြစ်ကာ နှုတ်ကပတ်တော်သည်ရှေ့နောက်မညီဟု အထင်ရောက်စေနိုင်သည်။ အတ္တသဘောဖြင့် တစ်ကိုယ်ကောင်း ကောင်းစားရေးကိုသာစွဲလမ်းပြီး၊ အရာ

အားလုံးကို မိမိကိုယ်လောက်တန်ဖိုးမထားလျှင်၊ အပြစ်လမ်းသို့ကျဆင်းသွားပြီဖြစ်သည်။

ကြွယ်ဝချမ်းသာသောဧဝံဂေလိတရား၏ တွေးခေါ်သွန်သင်ချက်မှာ၊ ဘုရားသခင်ကိုကျွန်ုပ်တို့ပေးလျှင် ဥစ္စာပစ္စည်းကြွယ်ဝခြင်းများဖြင့် ဘုရားမှပြန်၍ပေးမည်။ သို့သော် ဤအချက်မှာ အကယ်၍ကျွန်ုပ်တို့ပေးသောကြောင့် ဘုရားရှင်မှပြန်ပေးသည်ဟုသတ်မှတ်လျှင် ဘုရားသခင်နှင့်ကျွန်ုပ်တို့အရောင်းအဝယ်သဘောမျိုးသာ ဆက်ဆံနေသည်နှင့်တူညီနေပါသည်။ ကျွန်ုပ်တို့ပေးနိုင်သောသဘောသည် ဘုရားရှင်မှအဆပေါင်းများစွာပြန်ပေးမည်ဟု ကတိပေး၍သာ ပေးသောသဘောသက်ရောက်နေသည်။ ကျွန်ုပ်တို့ပေးနေသောသဘောမှာ မှန်ကန်သောလုပ်ဆောင်မှုမဟုတ်ဘဲ၊ ပြန်လည်ရရှိ၍သာပေးခြင်းဖြစ်ကြသည်။

၎င်းကိုကြွယ်ဝချမ်းသာသောဧဝံဂေလိတရားဖြစ်သည်ဟု သွန်သင်ပါသည်။

၂ကော ၈း၁–၇ ကိုဖတ်ကြည့်ပါ။ ကြွယ်ဝချမ်းသာသောဧဝံဂေလိတရားနှင့်ဆန့်ကျင်သောသဘော သင်ဘာတွေ့မိသနည်း။ ရှင်ပေါလုမှ "ပေးကမ်းခြင်း၏ကျေးဇူး" အကြောင်း မည်သို့ရေးထားသနည်း။ (၂ကော ၈း၇)။

---

"အလွန်ဆင်းရဲသူများ" (၂ကော ၈း၂) ဖြစ်သော်လည်း စွန့်ကြဲပေးကမ်းခြင်းစိတ်ရှိသည်သာမက မိမိတို့တတ်နိုင်သည်ထက် ပို၍ပေးကမ်းကြသည်။ ဤကဲ့သို့သောကျမ်းချက်နှင့် အခြားကျမ်းချက်များသည် မှားယွင်းနေသည့်ကြွယ်ဝချမ်းသာစေသော ဧဝံဂေလိတရားခံယူချက်မျိုးကို ပြန်လည်ချေပကူညီပေးနိုင်ပါသည်။ ထို့ကြောင့် မှားယွင်းသောသွန်သင်ချက်မှာ အကယ်၍သာ မှန်ကန်စွာဘုရားသခင်နှင့်ဆက်သွယ်နေလျှင် ဥစ္စာပစ္စည်းကြွယ်ဝချမ်းသာ



မည်ဟု သွန်သင်ခြင်းပင်ဖြစ်သည်။ ဘုရားရှင်အပေါ်သစ္စာရှိသော်လည်း၊ လောက၌ကြွယ်ဝခြင်းမရသောသူနှင့်သစ္စာမရှိသော်လည်း၊ ကောင်းစားနေသည့်သူများစွာရှိနေသည်။ ထိုသူများကိုဖော်ပြနိုင်မည်လား။ ဤအရာနှင့်ပတ်သက်ပြီး ချမ်းသာကြွယ်ဝမှုကို ဘုရားသခင်၏ကောင်းချီးမင်္ဂလာလက္ခဏာသဘောဖြင့် အသုံးပြုနေပါသလား။

---

**တနင်္လာ** **ဇန်နဝါရီ ၈**

## ဝိညာဉ်ရေးမျက်စိကို မှုန်စေသည်

သမ္မာကျမ်းစာသည် တဲ့တိုးကြီးသွန်သင်ပေးရန်မလိုအပ်ပါ။ ယခုဘဝကိုစွဲလမ်းခြင်း၊ လောကကြွယ်ဝမှုကိုတပ်မက်ခြင်းသည် တစ်ခဏသာတည်သည်။ မည်သည့်အရာမျှမတည်မြဲပါ။ တစ်ခဏသာတည်ပါသည်။ ရှင်ပေါလုက၊ မျက်မှောက်၌ထင်ရှားသောအရာတို့သည် ခဏသာတည်၍၊ မထင်ရှားသောအရာတို့သည် အစဉ်အမြဲတည်ကြောင်းကို ငါတို့သည်ထောက်လျက်၊ ထင်ရှားသောအရာတို့ကိုမကြည့်မမှတ်ဘဲ၊ မထင်ရှားသောအရာတို့ကိုကြည့်မှတ်စဉ် (၂ကော ၄း၁၈) ခရစ်ယာန်များသည် အထက်အရပ်ကောင်းကင်ဘုံလမ်းကို မကြည့်ဘဲ လောကသာယာမှုလမ်းကိုသာကြည့်မိလျှင် အဝေးမှုန်သောမျက်စိရောဂါရှိနေပြီဖြစ်သည်။ နောက်ဆုံးမှာ ဝိညာဉ်ရေးမျက်စိကိုကွယ်စေနိုင်သည်။ ဟယ်လင်ကဲလားသည် စက္ခုအလင်းကွယ်နေသူတစ်ဦးဖြစ်ပြီး သူမက "လောကမှာသနားစရာအကောင်းဆုံးသူဟာ မျက်စိမြင်ရပြီး မည်သည့်မျှော်မှန်းချက်မျှမရှိသောသူများသာဖြစ်သည်။" သမ္မာကျမ်းစာထဲမှ မျက်စိသာမြင်ရပြီး ဝိညာဉ်ရေးမျက်စိကန်းနေသော ပုံသက်သေယူစရာပုဂ္ဂိုလ်များစွာရှိပါသည်။

"အချို့သောသူများသည် လောကကိုစွဲလမ်းစိတ်အားကြီးခြင်းကြောင့် အမှန်တရားကိုမြတ်နိုးတတ်သောသူတို့၏စိတ်ကို ဝါးမျိုသွားသည်။ ပစ္စည်း

ဥစ္စာဘဏ္ဍာများ များပြားလာသည်နှင့်အမျှ၊ အထက်ကောင်းကင်ဘဏ္ဍာကို စွဲလမ်းစိတ်လျော့နည်းသွားသည်။ လောကကိုပိုင်ဆိုင်လာလေလေ၊ ပို၍ပို၍ လောဘကြီးလာလေလေဖြစ်သည်။ ပစ္စည်းဥစ္စာများပျက်စီးဆုံးရှုံးသွားမည်ကို အလွန်ကြောက်ရွံ့ကြသည်။ ရရှိပိုင်ဆိုင်လေ၊ သူတစ်ပါးကိုဝေငှပေးရန် ပို၍ တွန့်တိုလာလေဖြစ်သည်။ ပို၍ပို၍ရရှိလာလေ၊ ပို၍ပို၍စိတ်ဆင်းရဲလာရလေ ဖြစ်လာသည်။ ကြွယ်ဝခြင်း၏လှည့်စားခြင်းသာလျှင်ဖြစ်သည်။ ဘုရားသခင်၏ အလိုတော်ကို မမြင်မတွေ့မခံစားတတ်တော့ပါ။ (SG, vol. 2, p. 267).

ဝိညာဉ်မျက်စိမှုန်သွားခြင်းသည် ထာဝရကယ်တင်ခြင်းကို အန္တရာယ် လမ်းသို့ချပေးလိုက်ခြင်းဖြစ်သည်။ ယေရှုရှင်ကိုမြင်ကွင်းတစ်ခုအနေဖြင့်ကြည့်ရုံ နှင့်မျှမလုံလောက်တော့ပါ။ ယေရှုရှင်ကိုသာ အာရုံစိုက်ကြည့်နေရမည်။

မဿဲ ၁၃း၃–၇၊၂၂ ကိုဖတ်ကြည့်ပါ။ ယေရှုရှင်သတိပေးသော အန္တရာယ်သည် အဘယ်အရာဖြစ်သနည်း။ ဆင်းရဲချမ်းသာမရွေး လွယ်ကူစွာ ဖြင့် ထောင်ချောက်အတွင်းသို့ကျစေနိုင်သောအရာသည် အဘယ်အရာဖြစ် သနည်း။

---

ပထမအချက်အနေဖြင့် ယေရှုက “လောကကိုစွဲလမ်းခြင်း” (မဿဲ ၁၃း၂၂) အကြောင်းကို သတိပေးထားပါသည်။ ယေရှုသည် ကျွန်ုပ်တို့စွဲလမ်း နေသမျှအရာအလုံးစုံကို သိမြင်တော်မူပါသည်။ ဆင်းရဲသားများက မလောက်မင မှုကြောင့် စိတ်ပူပန်နေရသည်။ ချမ်းသာသူများက ထပ်၍လိုချင်စိတ်ဖြင့် ပူပန်နေကြရသည်။ ထိုပူပန်စိတ်မျိုးများ ကျွန်ုပ်တို့အထဲမရှိရလေအောင် (မဿဲ ၁၃း၂၂) ကိုဖတ်ကြည့်ပါ။

ဒုတိယအချက်အနေဖြင့် ယေရှုသည် ကျွန်ုပ်တို့ကိုသတိပေးထား သည်မှာ “ကြွယ်ဝချမ်းသာခြင်း၏လှည့်ဖြားမှု” (မဿဲ ၁၃း၂၂) ချမ်းသာကြွယ်ဝ ခြင်းသည် မကောင်းမှုတစ်ခုမဟုတ်သော်လည်း၊ ၎င်း၌လှည့်စားနိုင်သောတန်ခိုး



အင်အားအပြည့်အဝရှိနေသည်။ ကျွန်ုပ်တို့ကို ပျက်စီးခြင်းလမ်းသို့ပို့ဆောင် နိုင်သည်။

သင်၏ဘဝအသက်တာ၌ သင်မြင်တွေ့မိသမျှ ‘ကြွယ်ဝခြင်း၏ လှည့်ဖြားမှု’ များကိုဝေငှပါ။ လက်တွေ့ကျကျသင်ရှောင်ရှားနိုင်ရန် သင်ဘာ ကိုရွေးချယ်မည်နည်း။

**အင်္ဂါ** **ဇန်နဝါရီ ၉**

## တပ်မက်ခြင်း၏အဆင့်

အပြစ်ပြုခြင်းအားလုံး၏အခြေအမြစ်မှာ စိတ်နှလုံးမှထွက်လာသလို၊ တပ်မက်ခြင်းသည်လည်း နှလုံးသားမှဖြစ်တည်လာသည်။ အတွင်းမှစတင် ပြီး အပြင်သို့ထွက်လာခြင်းမျိုးဖြစ်သည်။ ဧဒင်ဥယျာဉ်မှစတင်လာခဲ့သည်။

ကမ္ဘာဦး ၃း၁–၆ ကိုဖတ်ကြည့်ပါ။ စာတန်သည် ဧဝကိုဘာမက်လုံး ပေးခဲ့ပါသနည်း။ ကျွန်ုပ်တို့ကိုလည်း ထိုမက်လုံးမျိုးဖြင့် ယခုတိုင်တောက် လျှောက်လှည့်ဖြားနေဆဲဖြစ်နေပါသလား။

---

“ထိုအပင်သည် စားဖွယ်ကောင်းခြင်း၊ အဆင်းလည်းလှခြင်း၊ ပညာ တိုးပွားစေလိုသောငှာ နှစ်သက်ဖွယ်သောအပင်ဖြစ်ခြင်းကို မိန်းမသည်မြင် လျှင်၊ အသီးကိုယူ၍စား၏။ မိမိခင်ပွန်းအားလည်းပေး၍ သူသည်လည်း စား၏” (ကမ္ဘာဦး ၃း၆)။

ယနေ့စီးပွားရေးကူးသန်းရောင်းဝယ်ရေးကုမ္ပဏီများသည် ဧဒင်ဥယျာဉ် ၏ရာဇဝင်ကိုသိပြီး အတုယူလုပ်ဆောင်နေကြသည်။ ကြော်ငြာကောင်းကောင်း ဖြင့် ပစ္စည်းများကိုရောင်းချနေရသည်။ စာတန်သည် ကောင်းမကောင်းသိကျွမ်း ရာအပင်၏အသီးကို အမွှမ်းတင်ကြေညာပေးပြီး ဧဝ၏စိတ်နှလုံးထဲ၌ မိမိ

ရှိရင်းစွဲအခြေအနေထက် ကောင်းမကောင်းသိကျွမ်းရာအသီးက ဖန်တီးပေးနိုင်ကြောင်း ယုံကြည်သွားစေအောင်လှည့်ဖြားနိုင်ခဲ့သည်။ သူမ၌မရှိသေးသောအရာကို ပိုင်ဆိုင်နိုင်သောနည်းလမ်းကို စာတန်က ဖန်တီးပေးမည်။ အင်မတန်ပါးနပ်သောလုပ်ရပ်ပင်ဖြစ်သည်။ အဆင့်သုံးဆင့်ခြေလှမ်းသုံးလှမ်းဖြင့် ဧဝကျရှုံးခဲ့သကဲ့သို့ ကျွန်ုပ်တို့သည်လည်း တပ်မက်ခြင်းကြောင့် ထိုခြေလှမ်းသုံးလှမ်း၊ အဆင့်သုံးဆင့်ဖြင့် ကျရှုံးနေကြရသည်။ ကျွန်ုပ်တွေ့သည်၊ ကျွန်ုပ်လိုချင်သည်။ ကျွန်ုပ်ယူသည်။

တပ်မက်ခြင်းသည် လျှို့ဝှက်အပြစ်တစ်ခုဖြစ်ကောင်းဖြစ်မည်။ တပ်မက်မှုသည် ဇာတိစိတ်၏နောက်ကွယ်တွင်အမြဲရှိသည်။ သို့သော်ရုတ်တရက် အသီးအပွင့်ထွက်လာလျှင် ပျက်စီးမှုကိုဖြစ်ပေါ်စေလိမ့်မည်။ ပေါင်းသင်းဆက်ဆံရေးကို ပျက်ပြားစေမည်။ ချစ်ခင်သူအချင်းချင်းကြားအမာရွတ်ကြီးသဖွယ် ထင်ကျန်စေနိုင်သည်။ မကောင်းသောရလဒ်ကိုသာကျွန်ုပ်တို့ကိုတွန်းပို့နိုင်ပါသည်။

အာဟပ်မင်းသည် တပ်မက်ခြင်းနတ်ဆိုးအစီးခံရသောကြောင့် နာဗုတ်၏ပိုင်သောစပျစ်ဥယျာဉ်ကို အလွန်လိုချင်လာသည်။ မိဖုရား၏ကောက်ကျစ်သောအကြံနှင့် နာဗုတ်ကိုသတ်သည်အထိ အပြစ်ကိုလုပ်ခဲ့သည်။ (၃ရာ ၂၁)။ အာခန်သည်လည်း ဝတ်ရုံနှင့်ပိုက်ဆံများကိုမြင်သောအခါ လောဘတပ်မက်စိတ်ဖြင့်ယူခဲ့မိသည်။ (ယောရှု ၇း၂၀–၂၂) တပ်မက်ခြင်းသည်တစ်နည်းအားဖြင့် တစ်ကိုယ်ကောင်းစိတ်ပင်ဖြစ်သည်။

"တစ်ကိုယ်ကောင်းစိတ်သည် အပြစ်ဟုပေါ်လွင်နေလျှင်၊ တပ်မက်ခြင်းသည် တစ်ကိုယ်ကောင်းဆန်ခြင်းအဖြစ်ပေါ်လွင်နေမည်။ "ခဲယဉ်းသောကာလအချိန်" နှင့်ပတ်သက်ပြီး ရှင်ပေါလုက (၂တိ ၃း၁) ဖော်ပြန်ခြင်းကိုတစ်ကိုယ်ကောင်းစိတ်ကြံစည်ခြင်းဟုသတ်မှတ်က၊ တစ်ကိုယ်ကောင်းကြံစည်ခြင်းစိတ်ကို အပြစ်အားလုံး၏ဖြစ်တည်လာရာအခြေအမြစ်ဟုတင်စားကာ တစ်ကိုယ်ကောင်းစိတ်ကြောင့် တပ်မက်ခြင်းဝင်လာသည်ဟု သြဝါဒပေးထား



ပါသည်။ "လူတို့သည် ကိုယ်ကိုကိုယ်ချစ်သောသူ၊ တပ်မက်သောသူ" (၂တိ ၃း၂)။ - John Harris, Mammon, (New York: Lane & Scott, 1849) p. 52.

တပ်မက်ခြင်းလမ်းနှင့်နီးစေသောလမ်းသို့မလိုက်မိရန် ဘာကြောင့်အရေးကြီးသနည်း။

**ဗုဒ္ဓဟူး** **ဇန်နဝါရီ ၁၀**

**လောဘ=ကိုယ့်နည်းကိုယ့်ဟန်ဖြင့်အရယူခြင်း**

ဟေရှာယ ၅၆း၁၁ ဖတ်ကြည့်ပါ။ မည်သို့သောအပြစ်မျိုးကိုသတိပေးထားသနည်း။

---

---

အပြစ်၌ကျဆုံးနေသောလူသားများအတွက် လောဘစိတ်သည်အလွယ်တကူဝင်ရောက်နိုင်သည်။ သဘာဝအလျောက်သာလျှင်ဖြစ်သည်။ လူသားများသည် သခင်ခရစ်တော်၏စာရိတ္တတော်အတိုင်း ကြိုးစားအတုယူနေထိုင်သောအခါ လောဘစိတ်ကိုချုပ်တည်းခြင်းထက် ခရစ်တော်ကိုအတုယူရန်ခက်ခဲသောအရာမရှိတော့ပါ။ "အကြောင်းမူကား၊ ငါတို့သခင်ယေရှုခရစ်သည် စည်းစိမ်ရှိသော်လည်း၊ ဆင်းရဲတော်မူခြင်းအားဖြင့် သင်တို့သည်စည်းစိမ်ရှိစေခြင်းငှာ သင်တို့အတွက်ကြောင့် ဆင်းရဲခြင်းကိုခံတော်မူသောကျေးဇူးတော်ကို သင်တို့သိကြ၏။ (၂ကော ၈း၉)။

ရာဇဝင်တစ်လျှောက် လောဘစိတ်ကြောင့်ပျက်စီးရသူများကိုကိုယ်တော်ရှင်သာသိတော်မူသည်။ လောဘကြောင့် စစ်ပွဲများဖြစ်ကြရသည်။ လောဘစိတ်ကြောင့် လူတို့သည် ရာဇဝတ်မှုခင်းများကျူးလွန်ကြသည်။ မိမိကိုယ်တိုင်နှင့်မိသားစုပါ ဘဝပျက်ကြရသည်။ လောဘသည် ကူးစက်ရောဂါပိုးကဲ့သို့ ကိုယ်ခန္ဓာမှကောင်းသောပိုးမွှားများကို လိုက်လံကိုက်စားကာ လောဘတကြီး ဆက်ခါဆက်ခါစားနေသည်။ လောဘသည် မြင်သမျှအရာအားလုံး

ကိုလိုချင်သည်။ အာဏာ၊ တန်ခိုး၊ ပစ္စည်းဥစ္စာများရရှိလေ လိုချင်နေလေဖြစ်သည်။ ကျွန်ုပ်တွေ့သည်၊ ကျွန်ုပ်လိုချင်သည်၊ ကျွန်ုပ်ယူသည်။

မဿဲ ၂၆း၁၄–၁၆ ကိုဖတ်ကြည့်ပါ။ ဝမ်းနည်းဖွယ်ကောင်းသော လောဘ၏အကျိုးရလဒ်မှ ဘာသင်ခန်းစာရရှိသနည်း။

________________________________________

________________________________________

ယုဒရှကာရုတ်၏စကားကိုသတိပြုပါ။ အကျွန်ုပ်ယေရှုကို ကိုယ်တော်တို့လက်သို့အပ်လျှင် အဘယ်မျှလောက်ပေးပါမည်နည်း။ (မဿဲ ၂၆း၁၅)။ လောဘကိုအခြားအရာများထက် ဦးစားပေးနေခြင်းဖြစ်သည်။ ယုဒသည် ရှားပါးသောအခွင့်အရေးကြီးကို ရရှိခဲ့သူဖြစ်သည်။ လူဇာတိခံယူလာသော ယေရှုနှင့်အတူနေရသည်။ ယေရှုပြသောနိမိတ်လက္ခဏာများကို မြင်ခဲ့ရသည်။ အသက်လမ်းအတွက် ကိုယ်တော်ဟောပြောတော်မူသမျှကို ကြားခွင့်ရခဲ့သည်။ ထိုသို့ရှားပါးသောအခွင့်အရေးကိုရရှိနေသည့်တိုင် လောဘတပ်မက်ခြင်းကို ဦးစားပေးခဲ့သူဖြစ်သည်။

"ကိုယ်တော်သည် သူ့ကိုအပ်နှံမည့်သူနှင့် ကြင်နာယုယစွာပေါင်းဖော်ခဲ့ပါသည်။ ကိုယ်တော်၏သွန်သင်ချက်များ၌ တပ်မက်စိတ်မရှိဘဲ ရက်ရောသောစိတ်ရှိကြရန် အစဉ်ဆုံးမလေ့ရှိသည်။ ကိုယ်တော်သည် စက်ဆုပ်ဖွယ်ရာကောင်းသော တပ်မက်ခြင်းလောဘအကြောင်းကို ယုဒရှကာရုတ်၏ရှေ့တွင် အစဉ်ပြောကြားလေ့ရှိသည်။ ထိုသို့ပြောဆိုဆုံးမသောကြောင့် ယုဒရှကာရုတ်၏အကျင့်ဆိုးကြီးဖြစ်သော လောဘကြီးခြင်းသည် ပြောင်းလဲသွားပြီဟု အခြားတပည့်တော်များထင်နေခဲ့ကြသည်။ သူ၏အပြစ်ကိုထောက်ပြပေးသည်။ သို့သော်ယုဒရှကာရုတ်သည် နောင်တရပြောင်းလဲခြင်း၊ မသမာမှုစိတ်များကို စွန့်လွှတ်ခြင်းမရှိခဲ့ချေ။ (DA, p. 295).

သတိမပြုလျှင် လောဘကိုမည်သူရှောင်နိုင်မည်နည်း။ ဘုရားရှင်၏ကျေးဇူးတော်အားဖြင့် ဇာတိစိတ်ကိုမည်သို့ချုပ်တည်းနိုင်မည်နည်း။



**ကြာသပတေး** **ဇန်နဝါရီ ၁၁**

**ကိုယ်ကိုချုပ်တည်းခြင်း**

အောက်ပါကျမ်းချက်များကိုဖတ်ကြည့်ပါ။ လူအများသည် ဆင်းရဲချမ်းသာမရွေး လောဘနှင့်တပ်မက်ခြင်းကို မည်သို့ကျော်လွှန်နိုင်မည်၊ ငွေကိုတပ်မက်ခြင်းနှင့်ဥစ္စာပစ္စည်းစွဲလမ်းခြင်းများသည် ခရစ်ယာန်များအတွက် စုံစမ်းစရာများဖြစ်မည် ဆိုသည်မှာဟုတ်ပါသလား။

တမန်တော် ၂၄း၂၄–၂၆ ____________________________

________________________________________

ဂလာတိ ၅း၂၂–၂၅ ______________________________

________________________________________

၂ပေ ၁း၅–၉ __________________________________

________________________________________

ဤကျမ်းချက်များသည် ဘုရားသခင်၏သတိပေးချက်နှင့် ကျွန်ုပ်တို့မည်သို့အသက်ရှင်နေထိုင်ရမည်ကို သွန်သင်ပါသည်။ သို့သော် အထူးသိစေရန်တစ်ခုမှာ ကိုယ်ကိုချုပ်တည်းခြင်းအကြောင်းပင်ဖြစ်သည်။ ဤအချက်သည် လောဘစိတ်ဝင်ရောက်လာသောအခါ ကျော်လွှန်ရန်မလွယ်ကူသောအရာဖြစ်သည်။ ကျွန်ုပ်တို့စိတ်ထဲမှတစ်ဆင့် လုပ်ဆောင်လာမည့်အမှုအရာအားလုံးကို စိတ်ကိုချုပ်တည်းခြင်းဖြင့်သာ ထိန်းချုပ်နိုင်မည်ဖြစ်သည်။ ကိုယ်ကိုချုပ်တည်းခြင်းသာလျှင် အန္တရာယ်ကိုကာကွယ်သွားနိုင်မည်။

ကိုယ်တော်၏တန်ခိုးကို မှီခိုအားကိုးပြီး၊ မိမိစိတ်ကိုအပ်နှံမှသာလျှင် တွန်းလှန်နိုင်မည်ဖြစ်သောကြောင့် လေ့ကျင့်ယူရပါမည်။ လူသားတစ်ဦးတလေမျှ ထိုအပြစ်လမ်းမျိုးကိုမရင်ဆိုင်၊ မတွန်းလှန်နိုင်ပါ။ အထူးသဖြင့် ရှည်ကြာစွာအပြစ်၌ပျော်မွေ့ခဲ့သူများအတွက် ပို၍ပင်ဆိုးရွားပါသည်။ ထိုတန်ခိုးကြီးသောလှည့်ဖြားခြင်းကိုအောင်မြင်ရန် သန့်ရှင်းသောဝိညာဉ်တော်၏သဘာဝလွန်တန်ခိုးကို ကျွန်ုပ်တို့အမှန်လိုအပ်နေပါသည်။ လူ၌ဖြစ်တတ်သောစုံစမ်း

နှောင့်ယှက်ခြင်းကိုသာ သင်တို့သည်ခံရကြ၏။ ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံတော်မူသည်ဖြစ်၍၊ သင်တို့မခံနိုင်သောစုံစမ်းနှောင့်ယှက်ခြင်းကို သင်တို့၌ရောက်စိမ့်သောငှာအခွင့်ပေးတော်မမူ။ သင်တို့သည်ခံနိုင်မည်အကြောင်း စုံစမ်းနှောင့်ယှက်ခြင်းအရာနှင့်တကွ ထွက်မြောက်သောလမ်းကိုလည်း စီရင်ပြုပြင်တော်မူလိမ့်မည်။ (၁ကော ၁၀း၁၃)။

၂ပေ ၁း၅–၉ ကိုတစ်ကြိမ်ပြန်ဖတ်ကြည့်ပါ။ ရှင်ပေတရုညွှန်ပြသောလမ်းသည် မည်သည့်လမ်းဖြစ်သနည်း။ မည်သည့်ခြေလှမ်းမျိုးကို သင်ယူလိုက်လျှောက်ရမည်နည်း။ အထူးသဖြင့် လောဘနှင့်တပ်မက်မှုကိုတွန်းလှန်နိုင်ရန် မည်သို့ပြုရမည်နည်း။

**သောကြာ** **ဇန်နဝါရီ ၁၂**

## ထပ်ဆင့်လေ့လာရန်

လူသားတို့၏ရည်မှန်းချက်မှာ ပျော်ရွှင်မှုရရန်၊ စိတ်ကျေနပ်မှုရရှိရန်သာရှိသည်။ ထိုရည်မှန်းချက်ရောက်ရှိနိုင်ရန် ဥစ္စာပစ္စည်းကိုလိုချင်စွဲလမ်းနေရုံမျှနှင့်မရောက်ရှိနိုင်သည်မှာသေချာပါသည်။ ထိုကဲ့သို့မရရှိနိုင်မှန်းကို လူသားများသည် သိနေပါသော်လည်း ပိုင်ဆိုင်လိုချင်စိတ်သို့သာ တရွေ့ရွေ့ယိမ်းယိုင်နေသည်။ ကျွန်ုပ်တွေ့သည်၊ ကျွန်ုပ်လိုချင်သည်၊ ကျွန်ုပ်ယူသည်၊ ဒီထက်ရှင်းတာရှိဦးမည်လား။ မြော်လင့်ခြင်းအသင်းသားများဖြစ်ဖြစ်၊ မည်သူမဆို ဥစ္စာပစ္စည်းစွဲလမ်းသောဝါဒသဘောဖြင့် စုံစမ်းခြင်းခံနေရကြသည်။ ပစ္စည်းဥစ္စာရရှိလာပြန်လျှင်လည်း ပျော်ရွှင်မှုမရှိသေးပါ။ ကျေနပ်ရောင့်ရဲမှုမရှိသေးပါ။ အလားတူပြဿနာမျိုးပင် သူဌေးလေးသည် ယေရှုရှင်၏ထံတော်မှ ပြင်းတွဲလေးလံသောခြေလှမ်းဖြင့် စိတ်မသာမယာ၊ စိတ်ပျက်နုံးချည့်သောအမူအရာဖြင့် ထွက်သွားခဲ့ပြီ။ အကြောင်းမှာ ယေရှုရှင်ထံမှကြားခံရသောစကားသည် သူ၏ရင်ကိုမသက်သာစေသောစကားဖြစ်သည်။ မကြားချင်သောစကားမျိုးလည်းဖြစ်သည်။ ရုပ်ဝတ္ထုပစ္စည်းတပ်မက်စွဲလမ်းခြင်း၏နောက်ကွယ်မှ ယှဉ်တွဲပါလာသောအရာများမှာ



မပျော်ရွှင်မှု၊ မရောင့်ရဲနိုင်မှု၊ စိတ်ဓာတ်ကျမှု၊ စိတ်မငြိမ်သက်မှုဖြစ်စေသည်သာမက ကိုယ်ကာယကိုပါထိခိုက်စေပြီး၊ ခေါင်းကိုက်ခြင်းဝေဒနာ၊ ကိုယ်ဟန်အနေအထားပျက်ယွင်းခြင်းဝေဒနာ၊ အတ္တပေမဝါဒနှင့်ပေါင်းသင်းဆက်ဆံရေးအမူအကျင့်များကို ပျက်စီးစေပါသည်။ - Tim Kasser, The High Price of Materialism (Cambridge, mass: The MIT Press 2002), p. 22.

ဥစ္စာပစ္စည်းတပ်မက်သောခရစ်ယာန်တို့သည် ကြွယ်ဝမှုရေတွင်းမှရေကိုအားရပါးရဂုဏ်ယူစွာသောက်သုံးနေချိန်မှာ ဝိညာဉ်ရေးရာဖက်၌ အရည်ခန်းခြောက်သောရောဂါခံစားနေရသူနှင့်တူနေ၏။ ယေရှုရှင်ပေးသောရေကိုသောက်သောသူမှာ ဘယ်သောအခါမျှရေမငတ်ရတော့ပါ။ (ယောဟန် ၄း၁၄)။

## ဆွေးနွေးရန်မေးခွန်းများ

(၁) ကြွယ်ဝချမ်းသာစေသောဧဝံဂေလိတရားခံယူချက်ကို ပြန်လည်ဆန်းစစ်ပါ။ မည်သည့်ကျမ်းချက်သည် ထိုသို့သောခံယူချက်ကို အထောက်အကူပေးစေနိုင်သနည်း။ တစ်ချိန်တည်းမှာပင် ထိုသို့မှားယွင်းသောသွန်သင်ချက်ကို ပြန်လည်ချေပနိုင်သော သမ္မာကျမ်းစာမှသစ္စာရှိပုဂ္ဂိုလ်များအကြောင်းကို ဥပမာပေးချေပနိုင်ပါမည်လား။

(၂) ဖခင်တစ်ဦးက သူ၏သားငယ်သည် နှစ်အနည်းငယ်အသက်ရလာသောအခါ ဒီကလေးကိုကြည့်ပြီး၊ ကျွန်တော်ကျမ်းစာ၏မှန်ကန်ချက်ကိုသင်ခန်းစာနှစ်ခုယူနိုင်ပါတယ်။ နံပါတ် (၁) က၊ ကျွန်တော်တို့အားလုံးဟာအပြစ်သားဘဝနဲ့မွေးဖွားလာတယ်။ နံပါတ် (၂) က၊ ကျွန်တော်တို့မွေးဖွားလာကတည်းက လောဘစိတ်ပါလာတယ်။ ကလေးများလောဘစိတ်ရှိပုံနှင့်လူသားများသဘာဝအလျောက် လောဘရှိခြင်းအကြောင်းဆက်နွှယ်ပုံကိုနှိုင်းယှဉ်နိုင်ပါမည်လား။ ထိုကြောင့် ဘုရား၏ကျေးဇူးကရုဏာတော်လိုအပ်ကြောင်း မည်သို့သင်ခန်းစာရနိုင်မည်နည်း။

(၃) လူတစ်ဦးက "အကယ်၍ကျွန်ုပ်တို့၏ပြဿနာအားလုံး၏ အရင်းအမြစ်ကိုစစ်ကြည့်ချင်လျှင်" ဟုရေးသားခဲ့ဖူးသည်။ "လူသားများကို မူးယစ်ဆေးသုံးမသုံး၊ သုံးစွဲခြင်းရှိမရှိဖြင့် စစ်ဆေးခြင်းမပြုဘဲ မိုက်မဲခြင်း၊ လျစ်လျူရှုတတ်ခြင်း၊ လောဘကြီးခြင်း၊ အာဏာတပ်မက်ခြင်းဖြင့် စမ်းသပ်ရန်လိုပါသည်။ လောဘကြီးခြင်းသည် ဘာကြောင့်ပျက်စီးမှုဖြစ်စေသနည်း။ ကိုယ့်အတွက်တစ်ကိုယ်ရေတစ်ကာယသာ လောဘစိတ်သည် ပျက်စီးခြင်းမဟုတ်ဘဲ မိမိ၏ပတ်ဝန်းကျင်ရှိလူကို ထိခိုက်စေသလား။ လောဘကြောင့် ကြောက်မက်ဖွယ်ပျက်စီးခြင်းဖြစ်စေသည့်အကြောင်း ဥပမာပေးပြောပြနိုင်ပါသလား။

–၀–



# သင်ခန်းစာ (၃)
# ဘုရားလား၊ ဥစ္စာစနလား
## ဇန်နဝါရီ ၁၃ – ၁၉

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဇန်နဝါရီ ၁၃**

**ဖတ်ရန်ကျမ်းချက်များ။** ဆာလံ ၃၃း၆–၉။ မဿဲ ၁၉း၁၆–၂၂။ ၁ပေ ၁း၁၈။ ဟေဗြဲ ၂း၁၄၊၁၅။ ထွက် ၉း၁၄။ ဆာလံ ၅၀း၁၀။

**အလွတ်ကျမ်းချက်**

**"ထိုကြောင့် ဘုရားသခင်သည် ကိုယ်တော်ကိုအလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက်ကြီးမြတ်သောဘွဲ့နာမကို ပေးသနားတော်မူ၏။ အကြောင်းမူကား ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်၌ရှိသောသတ္တဝါတည်းဟူသော ခပ်သိမ်းသောသတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတော်ကိုဒူးထောက်၍ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့်ဝန်ခံသဖြင့်၊ ခမည်းတော်ဘုရား၏ဘုန်းအသရေတော်ကို ထင်ရှားစေမည်အကြောင်းတည်း" (ဖိလိပ္ပိ ၂း၉–၁၁)။**

ပစ္စည်းဥစ္စာနှင့်ပိုက်ဆံမှိုင်းမိနေသူများကို ဘုရားသခင်သည် ရည်ရှည်ဝေးဝေးရှင်းပြနေခြင်းမပြုပါ။ လောဘဇောတိုက်နေသောသူဌေးကြီးသည် မိမိ၏ဥစ္စာပစ္စည်းသည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာဟုသတ်မှတ်ကာ အဆမတန်သိုလှောင်မြဲသိုလှောင်ချင်သည်။ ဘုရားသခင်ကိုကြောက်ရွံ့သင့်သည်။ "ထိုသို့အကြံရှိစဉ်တွင် ဘုရားသခင်က အချင်းလူမိုက်၊ ယနေ့ညပင် သင်၏ဝိညာဉ်ကိုရုပ်သိမ်းရာအချိန်ရောက်လိမ့်မည်။ သို့ဖြစ်၍သင်သည် ပြင်ဆင်သိုထားသောဥစ္စာကို အဘယ်သူပိုင်မည်နည်းဟု သူဌေးအားမိန့်တော်မူ၏။ ထို့အတူကိုယ်အဖို့ဘဏ္ဍာများကိုဆည်းပူး၍၊ ဘုရားသခင်ရှေ့တော်၌ ဆင်းရဲသောသူမည်

သည်ကား ထိုသူဌေးနှင့်တူသည်ဟု မိန့်တော်မူ၏။ (လုကာ ၁၂း၂၀၊၂၁)။ ဘုရားသခင်၏နောက်တော်သို့လိုက်ခြင်းနှင့် ငွေ၏နောက်သို့လိုက်ခြင်းနှစ်မျိုးသည် ပေါင်းစပ်၍မရနိုင်ပါ။ တစ်မျိုး သို့မဟုတ် အခြားတစ်မျိုးကိုသာ ရွေးချယ်ရမည်။ ဘုရားကိုရွေးမည်လား၊ ဥစ္စာဓနကိုရွေးချယ်မည်လား။ ကျွန်ုပ်တို့သည် ဘုရားနှင့်ငွေကိုတစ်ပြိုင်တည်းထားရှိနိုင်သည်ဟု အထင်ရှိတတ်ကြသည်။ နှစ်ဖက်ခွထားသောအခြေအနေသည် မကြာခင်ဒုက္ခကိုဖြစ်စေလိမ့်မည်။ ကျွန်ုပ်တို့သည် အခြားသူကိုလှည့်ဖြားနိုင်သည်၊ ကိုယ့်ကိုကိုယ်လှည့်ဖြားနိုင်သည်။ သို့သော်လည်း ဘုရားသခင်ကိုမူ မလှည့်ဖြားနိုင်ပါ။ နောက်ဆုံးတစ်နေ့တွင် ဘုရားသခင်၏ရှေ့တော်၌ ပြန်လည်ဖြေရှင်းရလိမ့်မည်။

ထိုကြောင့် ကျွန်ုပ်တို့ရွေးချယ်ရမည်။ အချိန်ကိုဆွဲထားလေလေ၊ ကျွန်ုပ်တို့၏ဝိညာဉ်သည် ငွေကိုတပ်မက်ခြင်းအားပို၍သန်မာလေလေဖြစ်မည်။ ယုံကြည်ခြင်းအတွက် ဆုံးဖြတ်ချက်တစ်ခုချရန်လိုပါသည်။

ကျွန်ုပ်တို့၏ဆုံးဖြတ်ချက်သည် ဘုရားသခင်ကိုမျက်ခြည်မပြတ်ကြည့်နေရန်၊ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက်ဘာလုပ်ပေးခဲ့သည်၊ ကျွန်ုပ်တို့က ဘုရားရှင်ကိုအကြွေးမည်မျှဆပ်ရမည် စသည်တို့ကိုအစဉ်သတိပြုပါ။

**တနင်္ဂနွေ** **ဇန်နဝါရီ ၁၄**

**ခရစ်တော်၊ ဖန်ဆင်းရှင်**

ကမ္ဘာဦး ၁း၁။ ဆာလံ ၃၃း၆–၉။ ဟေရှာယ ၄၅း၁၁၊၁၂။ ယေရမိ ၅၁း၁၅ နှင့် ယောဟန် ၁း၃ ကိုဖတ်ကြည့်ပါ။ လောကဥစ္စာပစ္စည်း၏ကောင်းကြောင်းကို ထိုကျမ်းချက်များက မည်ကဲ့သို့ဖော်ပြထားသနည်း။

________________________________________

________________________________________

ခရစ်တော်သည် မိုးမျက်နှာကြက်ကိုဖြန့်ချတော်မူသည်၊ မြေကြီး၏အမြစ်ကိုတည်တော်မူခဲ့သည်။ လေဟာပြင်၊ အာကာသကောင်းကင်၌ရှိသမျှ



အရာအားလုံးသည် ကိုယ်တော်၏လက်ရာတော်သာဖြစ်သည်။ ကွင်းပြင်၌ရှိသောပန်းရောင်စုံတို့ကို မွှေးရနံ့ဖြင့်သင်းစေတော်မူသည်။ “အားကြီး၍တောင်များကိုတည်စေတော်မူ၏။” “ပင်လယ်ကိုလည်းဖန်ဆင်း၍ပိုင်တော်မူ၏။” ဆာလံကျမ်း ၆၅း၆။ ၉၅း၅။ လောကကြီးကို အလှအပများဖြင့်ဖွဲ့စည်းပေးထားပြီး၊ လေပြည်လေညင်းကလေးများအတွင်း သီချင်းသံဖြင့်ပြည့်စေပါသည်။ ကမ္ဘာပေါ်ရှိရှိသမျှအရာ၊ လေထုနှင့်အာကာသအတွင်း ခမည်းတော်ဘုရားရှင်၏မေတ္တာတော်အကြောင်းကို ရေးဖွဲ့ထားပါသည်။

ပစ္စည်းဥစ္စာမူလတည်ရှိရာ၌ ဘာတစ်ခုမျှအပြစ်ပြော၍မရပါ။ လောကဥစ္စာပစ္စည်းသည် မကောင်းကြောင်း၊ ဆိုးယုတ်ကြောင်း သွန်သင်တတ်သည့်ဘာသာရေးနှင့်လည်းမတူပါ။ ဘာသာရေး၏သွန်သင်မှုမှာ ဝိညာဉ်သဘောသာလျှင်အကောင်းဆုံးဟု အမြဲသွန်သင်လေ့ရှိသည်။ ကျမ်းစာသည် လောကရှိဖန်ဆင်းခြင်းလက်ရာတော်များကို တန်ဖိုးထားသည်။

စကားအကုန်ပြောရလျှင် ထိုအရာအားလုံးကို သခင်ခရစ်တော်ကိုယ်တိုင်ဖန်ဆင်းထားတော်မူသည်။ မည်သို့မကောင်းဘဲနေမည်နည်း။ လူသားများသာ ဘုရားသခင်ပေးထားသောလက်ဆောင်ကို တလွဲအသုံးပြုပြီး ပျက်စီးခြင်းလမ်းသို့သက်ဆင်းနေကြသည်။ နဂိုဘုရားရှင်ပေးထားစဉ်အချိန်က ဘာတစ်ခုမျှလိုအပ်နေခြင်း၊ ပျက်စီးခြင်းမရှိပါ။ သမ္မာကျမ်းစာမှသတိပေးနေသောအရာမှာ ဘုရားရှင်ဖန်ဆင်းထားသောအရာများကို အလွဲသုံးစားပြုနေခြင်းကိုသာ သတိပေးနေပါသည်။ ထိုအရာများမကောင်းပါဟုမဆိုလိုပါ။

ဆင်ခြင်ကြည့်သော် ဘုရားရှင်သည် လောကရုပ်ဝတ္ထုပစ္စည်းအားလုံးကို ဖန်ဆင်းထားသည်မှာ သူ၏သားသမီးများပျော်ရွှင်စွာအသုံးပြုခံစားစေရန်အတွက်ဖြစ်သည်။ “သင်၏ဘုရားသခင်ထာဝရဘုရားသည် သင်နှင့်သင်၏အိမ်သူအိမ်သားတို့အား ပြုတော်မူသမျှသောကျေးဇူး၌ သင်သည် သင်နှင့်အတူတည်းခိုသောလေဝိသားမှစ၍ တစ်ပါးအမျိုးသားတို့နှင့်တကွ ပျော်မွေ့ခြင်းကိုပြုရမည်” (တရားဟော ၂၆း၁၁)။ အခန်း ၁၄း၂၆ ကိုလည်းဖတ်ကြည့်ပါ။

ယေရှုသည် ဖန်ဆင်းရှင်ဖြစ်သည်။ (ယောဟန် ၁း၁–၃)။ ဤကမ္ဘာသည် ကိုယ်တော်၏လက်ရာတော်ပုံစံနမူနာဖြစ်သည်။ ကိုယ်တော်၏ဖန်ဆင်းခြင်းစွမ်းရည်သည် ဖန်ဆင်းထားသောဤကမ္ဘာကြီးနှင့် ကမ္ဘာပေါ်နေထိုင်သူအားလုံးက အံ့သြချီးကျူးမကုန်နိုင်ဖြစ်နေသည်။ ကျွန်ုပ်တို့အကျိုးခံစားရရန်၊ ပျော်ရွှင်နိုင်ရန်၊ ကိုယ်တော်စီရင်ထားတော်မူပါသည်။ လူသားများမည်သို့တလွဲအသုံးပြုနေသည်ကိုလည်း ကိုယ်တော်သိတော်မူပါသည်။ ဘုရားရှင်ပေးထားသောလက်ဆောင်ကောင်းလက်ဆောင်မြတ်များကို တလွဲအသုံးပြုပြီး၊ မိမိတို့ကိုယ်ကိုအဆုံးစီရင်နေကြသည်။ လောကဉစ္စာပစ္စည်းများကို ကျွန်ုပ်တို့အသုံးပြုရာ၌ ကိုယ်တော်၏ဘုန်းတော်ကိုထင်ရှားစေဖို့ရန်အတွက်သာ အသုံးပြုရန်ဖြစ်သည်။

ကျွန်ုပ်တို့နေထိုင်နေသော အံ့ဖွယ်မဆုံးလောကကမ္ဘာကြီးကို လှည့်ပတ်ကြည့်ပါ။ အပြစ်ဝင်လာသည့်နောက်မှာပင်လျှင် လှပတင့်တယ်လျက်ရှိနေဆဲအရာများစွာကျန်နေသေးသည်။ ဖန်ဆင်းတော်မူသောလက်ရာရှင်သည် မည်မျှကောင်းမြတ်ကြောင်းကို ဖော်ပြနေပါသလား။

**တနင်္လာ** **ဇန်နဝါရီ ၁၅**

## ဘုရားသား/လူသား

ကျွန်ုပ်တို့ခရစ်ယာန်များအနေဖြင့် ယေရှုသည် ဘုရားလည်းအပြည့်အဝဖြစ်ကြောင်း၊ လူလည်းအပြည့်အဝဖြစ်ကြောင်း ယုံကြည်လက်ခံကြပါသည်။ ဘုရားဇာတိနှင့်လူဇာတိကို ပေါင်းစပ်ထားရခြင်းသဘောမှာ ယေရှုရှင်သည် လောကကမ္ဘာမြေအတွက်အရေးကြီးသကဲ့သို့၊ ထာဝရနိုင်ငံတော်အတွက်လည်းအရေးကြီးကြောင်းကို သတ်မှတ်ထားခြင်းဖြစ်သည်။ ဘုရားဇာတိနှင့်လူသားဇာတိကို တစ်ပြိုင်တည်းပေါင်းစပ်ယူတင်ထားသော ခရစ်တော်၏ဘဝကို လူသားများအနေဖြင့် ပြည့်စုံစွာနားလည်နိုင်စွမ်းမရှိပါ။ “အဲရိုးဒိုင်းနမစ်”





ဟုခေါ်သော အာကာသအတွင်းလှုပ်ရှားမှုတစ်ခုခုကြောင့် လေယာဉ်ပျံမပျံသန်းနိုင်ခြင်းသဘောကိုနားမလည်နိုင်ခြင်းနှင့် အလားသဏ္ဍာန်တူညီနေပါသည်။

“နက်နဲသောအရာနှစ်ခုရှိသည်မှာ ပထမအရာမှာ တစ်ဆူတည်းသောဘုရား၌ပေါင်းစည်းထားသော ဘုရားသုံးပါးဖြစ်ပြီး၊ ဒုတိယအရာမှာ လူဇာတိနှင့်ဘုရားဇာတိကိုပေါင်းစပ်ပိုင်ဆိုင်ထားသော ယေရှုရှင်ပင်ဖြစ်သည်။ အကြံအဖန်ဟန်ဆောင်ခြင်းသဘောမျိုးမဟုတ်ဘဲ ထူးဆန်းစွာပင်ခရစ်တော်သည် လူ့ဇာတိကိုဆင်းသက်ခံယူခဲ့သည်။” J. I Packer, Knowing God (Downers Grove, Illinois: InterVarsity Press 1973), p. 53.

ယေရှုဘုရားလူဇာတိကိုခံယူရခြင်းအကြောင်းမှာ ခမည်းတော်ဘုရား၏စကားတော်ကို မည်မျှနာခံတော်မူကြောင်းနှင့် လူသားဖြစ်သောကျွန်ုပ်တို့ကိုမည်မျှချစ်တော်မူကြောင်းကို ပြသရန်အတွက်ဖြစ်သည်။ စကြဝဠာ၏တစ်ဖက်ဘုရားရှင်ပလ္လင်တော်ရှိရာနေရာမှ နိမ့်ကျလှသောဤကမ္ဘာမြေသို့သက်ဆင်းလာခြင်းသည် မိမိ၏ခမည်းတော်မေတ္တာတော်ကိုလည်းကောင်း၊ စာရိတ္တတော်အစစ်အမှန်ကိုလည်းကောင်း ဖော်ပြရန်အတွက်သာဖြစ်သည်။

စာတန်သည် လူသားများကို ဘုရားရှင်နှင့်ကွဲကွာစေရန်ကြိုးစားသည်။ စာတန်သည် သခင်ခရစ်တော်၏ကိုယ်ကာယအားဖြင့်သော်လည်းကောင်း၊ စာရိတ္တအားဖြင့်သော်လည်းကောင်း ကျွန်ုပ်တို့ကိုအရေးမစိုက်သည့်သဘောမျိုးပေါ်လွင်အောင်ကြိုးစားသည်။ စာတန်သည် တတ်နိုင်သမျှ၊ ရှိသမျှအင်အားကိုအသုံးပြုပြီး အဖျက်လုပ်ငန်းကိုလုပ်နေသည်။ ကျွန်ုပ်တို့ဘုရားရှင်၏ကောင်းမြတ်ခြင်းကိုမသိရအောင်၊ မမြည်းစမ်းရအောင်၊ ကရုဏာတော်ကိုမခံစားကြရအောင် တတ်နိုင်သမျှနည်းမျိုးစုံဖြင့် ဟန့်တားထားသည်။ မမြဲသောဉစ္စာပစ္စည်းများနှင့်ဆွဲဆောင်ခြင်းဖြင့် စာတန်သည် တပ်မက်မှုကိုခင်းပြကာ အနိုင်ယူလေ့ရှိသည်။

မဿဲ ၁၉း၁၆–၂၂ ကိုဖတ်ကြည့်ပါ။ စာတန်သည် ကျွန်ုပ်တို့အားဉစ္စာပစ္စည်းတပ်မက်ခြင်းသဘောသွတ်သွင်းကာ ဘုရားနှင့်ဝေးကွာရအောင်သမ္မာကျမ်းစာမှအကြောင်းအရာက ဘာသွန်သင်ထားသနည်း။

ယေရှုသခင်ကိုယ်တိုင်သည် လူ၏အသွေးအသားကိုခံယူထားသော ဘုရားတစ်ပါးဖြစ်သည်။ ယေရှုကိုထူးမြတ်သောပုဂ္ဂိုလ်ဟု ခံယူထားသော သူဌေးကလေးသည် ဘာဖြစ်သွားသနည်း။ များလှသောပိုင်ဆိုင်မှုများ၊ ဥစ္စာပစ္စည်းများကို စွဲလမ်းမြတ်နိုးသောစိတ်ကြောင့် သူကိုယ်တိုင်မှထူးမြတ်သောပုဂ္ဂိုလ်ဟုခံယူထားသော ယေရှုဘုရားနှင့်ဝေးရာသို့ထွက်သွားခဲ့သည်။ လောကကိုချစ်ခြင်း၊ ပစ္စည်းဥစ္စာစွဲလမ်းခြင်းသည် သူ၏မျက်စိကိုကန်းစေပြီ။ ဝမ်းနည်းကြေကွဲလျက်ရှိသော်လည်း၊ ထိုကြေကွဲဝမ်းနည်းခြင်းသည် မှန်ရာသို့မပို့ဆောင်နိုင်တော့ပါ။ သူပိုင်ဆိုင်သောဥစ္စာပစ္စည်းကိုလက်လွှတ်ဆုံးရှုံးရသောကြောင့် ကြေကွဲခြင်းမျိုးမဟုတ်ဘဲ ထိုဥစ္စာပစ္စည်းကြောင့် ဆုံးရှုံးရသောဝိညာဉ်အတွက် ကြေကွဲရခြင်းဖြစ်သည်။

ကျွန်ုပ်တို့အနေဖြင့် ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ လောကရှိအရာနှင့် မည်သို့မှန်ကန်စွာဆက်နွယ်လုပ်ဆောင်သွားမည်နည်း။

**အင်္ဂါ** **ဇန်နဝါရီ ၁၆**

## ခရစ်တော်၊ ရွေးနုတ်ရှင်သခင်

အကြွေးယူခြင်းစနစ်သည် ကောင်းကင်နိုင်ငံ၌မရှိပါ။ သို့သော် အာဒံနှင့်ဧဝသည် အပြစ်လုပ်ပညတ်တော်ချိုးဖောက်သောကြောင့် သေခြင်းဝင်ရောက်လာသည်။ သို့ဖြင့် လူသားတစ်ရပ်လုံး အကြွေးပတ်လည်ဝိုင်းခြင်းခံရသည့်ဘဝသို့ရောက်သွားသည်။ ဘုရားရှင်၏တရားဆုံးဖြတ်ခြင်းကိုခံကြရတော့မည်။ ကျွန်ုပ်တို့ဒေဝါလီခံရသောအခြေအနေသို့ရောက်ရှိနေသည်။ ဝိညာဉ်ရေးရာ၌ ဘုရားသခင်ကိုဘယ်သောအခါမျှ ပြန်၍မဆပ်နိုင်သောအကြွေးတင်ရှိသွားပြီ။



ဘုရားရှင်သည် ကျွန်ုပ်တို့ကိုအလွန်ချစ်သနားတော်မူသောကြောင့် ရွေးနုတ်ခြင်းစီမံကိန်းတစ်ရပ်ကို ပြုလုပ်တော်မူခဲ့သည်။ ယေရှုရှင်သည် ကျွန်ုပ်တို့အတွက် "အာမခံ" ဖြစ်လာသည်။ (ဟေဗြဲ ၇း၂၂)။ ခရစ်တော်၏ရွေးနုတ်ခြင်းသည် အရေးကြီးသောပြောင်းလဲမှုကြီးတစ်ရပ်ဖြစ်လာစေပါသည်။ ဘုရားသခင်၏ရှေ့တော်၌ လူသားများဖြောင့်မတ်ခြင်းကို ပြန်လည်ရရှိရန် ယေရှု၏အသွေးတော်ကိုပူဇော်ခြင်းမှတစ်ပါး မည်သည့်အရာမျှမလုပ်ဆောင်နိုင်ပါ။ ယေရှုဘုရားရှင်သည် ကပ်တိုင်ပေါ်တက်ကာ သူ၏ဖြောင့်မတ်ခြင်းနှင့်ကရုဏာတော်အားဖြင့် ကျွန်ုပ်တို့၌တင်ရှိနေသောအပြစ်ကြွေးကို ပေးဆပ်ပေးခဲ့သည်။ လူသားများကိုရွေးနုတ်ကယ်တင်ရခြင်းအတွက် ပေးဆပ်ရသောထိုကြွယ်ဝချမ်းသာခြင်းမျိုး၊ စကြဝဠာတစ်ခွင် မြင်တွေ့ဖူးခဲ့သူမရှိ၊ သက်သေခံခဲ့ဖူးသူလည်းတစ်ယောက်မျှမရှိခဲ့ပါ။ (ဧဖက် ၅း၂)။

"ကောင်းကင်ဘဏ္ဍာတော်တိုက်ထဲမှ ရှိသမျှဘဏ္ဍာများကို လောကသို့သွန်ချကာ၊ ခရစ်တော်ကိုပေးလိုက်ရခြင်းသည် ကောင်းကင်တစ်ခွင်၌ရှိသမျှသော ကြွယ်ဝချမ်းသာခြင်းအကုန်အစင်ကို ဘုရားသခင်ပေးဆပ်ကာ လူသားတို့၏စိတ်ဝိညာဉ်နှင့် သူတို့၏သက်ဆိုင်သမျှအရာအားလုံးကို ပြန်လည်ဝယ်ယူခဲ့ရသည်။" (COL, p. 326).

အောက်ပါကျမ်းချက်များကိုဖတ်ကြည့်ပါ။ ခရစ်တော်သည် ကျွန်ုပ်တို့ကို မည်သည့်အထဲမှကယ်တင်တော်မူခဲ့သနည်း။ ကောလောသဲ ၁း၁၃။ ၁သက် ၁း၁၀။ ၁ပေ ၁း၁၈။ ဟေဗြဲ ၂း၁၄၊၁၅။ ဂလာတိ ၃း၁၃။ ဗျာဒိတ် ၁း၅။

မူရင်းဂရိဘာသာဖြင့်ရေးသားထားသော ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၉း၃၀ မှာ "တီတီလက်စတိုင်း" ဆိုသောစကားလုံးကိုတွေ့ရသည်။ အလွန်အရေးကြီးပြီး အများဆုံးသုံးသောစကားလည်းဖြစ်သည်။ အဓိပ္ပါယ်မှာ "အမှု

ပြီးပြီ” ဟုအခိပ္ပါယ်ရှိပါသည်။ ထိုစကားကို သခင်ခရစ်တော်ကပ်တိုင်ထက်၌ ဟစ်ကြွေးခဲ့သောစကားပင်ဖြစ်သည်။ ခရစ်တော်အသက်တော်ကိုမစွန့်မီ နောက်ဆုံးပိတ်ကြွေးကြော်ခဲ့သောစကားတစ်ခွန်းသည် သူ၏အမှုတော်ဆောင်ခြင်းအောင်မြင်စွာပြီးဆုံးသွားပြီဖြစ်ကြောင်း လူသားများအားလုံးတင်ရှိသမျှအကြွေးကို အပြည့်အဝဆပ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း အဓိပ္ပါယ်သက်ရောက်သွားပါသည်။ မျှော်လင့်ချက်မရှိသောသူတစ်ယောက်၏နှုတ်မှထွက်လာသောစကားသံမျိုးမဟုတ်ဘဲ၊ ပျောက်ဆုံးနေသောလောကကို ပြန်လည်ရွေးနုတ်အောင်မြင်သောသူတစ်ဦးကဲ့သို့ ကြွေးကြော်သံပြုလိုက်ခြင်းမျိုးဖြစ်သည်။ ကပ်တိုင်တော်ထက်မှ ရွေးနုတ်ခြင်း၊ ကယ်တင်ခြင်းသည် အတိတ်၊ ပစ္စုပ္ပန်နှင့်အနာဂတ်အချိန်များအတွက်ဖြစ်ခဲ့သမျှ၊ သက်ရောက်သောအကျိုးနှင့်မျှော်လင့်ခြင်းကို အကုန်အစင်ပြည့်စုံအောင် စီစဉ်ပေးခဲ့ပြီးဖြစ်သည်။ အပြစ်ကိုချေမှုန်းပစ်ရန် ယေရှုရှင်သည် မိမိ၏အသက်ကိုစတေးခံခဲ့သည်။ သေခြင်းတရားနှင့်စာတန်၏လုပ်ဆောင်ချက်အားလုံး အလုံးစုံပျက်သုဉ်းသွားအောင် ယေရှုရှင်အသေခံခဲ့သည်။ အဓိပ္ပါယ်မှာ ကျွန်ုပ်တို့အားလုံးသည် မထိုက်မတန်သော်လည်းရွေးနုတ်ခြင်းခံကြရသည်။ (ဖေက် ၁း၇)။ အံ့ဖွယ်သောကယ်တင်ခြင်းအကြောင်းကိုမျှော်ကြည့်ခြင်းသည် သန့်ရှင်းရာမြေပေါ်သို့ခြေကိုချလှမ်းလိုက်ခြင်းဖြစ်သည်။

ခရစ်တော်ယေရှုသည် ရွေးနုတ်သောအရှင်အဖြစ် ဘုရားရှင်၏ပုံရိပ်ကိုပေါ်လွင်စေပါသည်။ ခရစ်တော်၏စိတ်ထဲ၌ အမြင့်ဆုံးသောစိတ်ဝင်စားသည်အရာမှာ ကျွန်ုပ်တို့ကိုရွေးနုတ်ကယ်တင်ရန်သာဖြစ်သည်။ လူသားတစ်ရပ်လုံးကို မည်မျှစိတ်ဝင်စားကြောင်း မည်သို့တန်ဖိုးထားဆက်သွယ်လုပ်ဆောင်ခဲ့ကြောင်းကို ပြသနေပါသည်။ ခရစ်တော်သခင်သည် သူ၏ရွေးနုတ်ပူဇော်ခြင်းအား ကျွန်ုပ်တို့အားလုံးက မည်သို့တုံ့ပြန်ကြမည်ကို အလွန်စိတ်ဝင်စားနေပါသည်။



စဉ်းစားကြည့်ပါ။ ခရစ်တော်သည် ကျွန်ုပ်တို့ပြုခဲ့သမျှမကောင်းမှု၊ အပြစ်၏အကြွေးအားလုံးကို ပြည့်ဝစုံလင်စွာပေးဆပ်ခဲ့ပြီ။ ကျွန်ုပ်တို့မည်သို့ပြန်လည်တုံ့ပြန်မှုမျိုးကို ပြုလုပ်မည်နည်း။ (ယောဘ ၄၂း၅၊၆ ကိုဖတ်ကြည့်ပါ။)

**ဗုဒ္ဓဟူး** **ဇန်နဝါရီ ၁၇**

## သဝန်တိုသောဘုရား

ဘုရားရှင်သည် ဖာရောမင်းနှင့်အချေအတင်ရင်ဆိုင်သောအချိန်၌ ကြေညာလိုက်သောစကားအမိန့်တော်မှာ “ယခုကာလအခါ သင်၏နှလုံး၌လည်းကောင်း၊ သင်၏ကျွန်များ၊ လူများ၌လည်းကောင်း ငါ၏ဘေးဒဏ်အလုံးစုံတို့ကို သက်ရောက်စေမည်။ မြေကြီးတစ်လျှောက်လုံး၌ ငါကဲ့သို့သောသူမရှိကြောင်းကို သင်သည်သိရလိမ့်မည်” (ထွက် ၉း၁၄)။

“မြေကြီးတစ်ပြင်လုံး၌ ငါကဲ့သို့သောသူမရှိ” ဟူသောဘုရားသခင်၏စကားတော်သည် ဘာကိုဆိုလိုသနည်း။

________________________________________

________________________________________

အကန့်အသတ်နှင့်သာရှိသောလူတို့၏စဉ်းစားဆင်ခြင်ဉာဏ်သည် အကန့်အသတ်မဲ့သောဘုရားသခင်၏အကြံအစည်တော်ကို မည်သည့်နည်းနှင့်မျှ နားလည်နိုင်စွမ်းမရှိပါ။ အစူးရှဆုံးသောဉာဏ်တော်၊ အမြင့်ဆုံးသောတန်ခိုးတော်နှင့်ပညာအစွမ်းသည် ဘုရားသခင်၌ရှိတော်မူသောကြောင့် ပြုလေသမျှသည် လျှို့ဝှက်နက်နဲလှပါသည်။ (Testimonies for the Church, vol. 5, pp. 698, 699).

ဘုရားသခင်နှင့်ညီမျှသောအခြားတစ်ပါးသောဘုရားမရှိ။ (၃ရာ ၈း၆၀)။ ဘုရား၏အထင်၊ အတွေးနှင့်သတိရလုပ်ဆောင်သောလမ်းတို့ကို ကျွန်ုပ်တို့နားလည်သဘောပေါက်နိုင်ခြင်းမရှိပါ။ ဘုရားရှင်၏လမ်းမညီမျှပါ။ ဘုရားရှင်နှင့်တူအောင် မည်မျှပင်ကျွန်ုပ်တို့ကြိုးစားနေပါစေ၊ ဘုရားသခင်သည်

သူဖြစ်နေသောနဂိုမူရင်းအတိုင်းသာရှိနေဆဲဖြစ်သည်။ နှင်းပွင့်ကလေးများကို ဖန်ဆင်းထားသလို အတွေးအခေါ်ရှိသောလူ၏ဦးနှောက်ကို ဖန်ဆင်းထား တော်မူ၏။ လူ၏မတူညီသောမျက်နှာကိုဖန်ဆင်းထားသလို တစ်ဦးချင်းစီ စာရိတ္တကိုလည်း တစ်ခရီးစီပေးထားသည်။ "အခြားတစ်ပါးသောဘုရားသခင် မရှိ" (၃ရာ ၈း၆၀)။ စကားအကုန်ပြောရလျှင် ဘုရားသခင်သည် ဖန်ဆင်းရှင် ဖြစ်သောကြောင့် ဖန်ဆင်းခြင်းခံရသောအရာများနှင့် လုံးလုံးမျှမတူပါ။ မညီမျှနိုင်ပါ။

ဘုရားသခင်နှင့်ဖန်ဆင်းခြင်းခံရသောအရာများ လုံးဝခြားနားကြောင်း ကို ဤကျမ်းချက်များက မည်သို့ဖော်ပြသနည်း။ ၁ရာ ၂း၂။ ဆာလံ ၈၆း၈။ ဟေရှာယ ၅၅း၈၊၉။ ယေရမိ ၁၀း၁၀။ တိတု ၁း၂။

ဘုရားရှင်၏တည်ရှိတော်မူခြင်းအကြောင်း၊ ဘုရားရှင်၏ပိုင်ဆိုင်သမျှ အရာများအကြောင်း၊ ဘုရားရှင်ပြုတော်မူသမျှအရာအကြောင်းကို စဉ်းစားမိ သော် သူနှင့်ပြိုင်ဆိုင်နေသူများရှိမည်ဟု ထင်နေရသည်။ အမှန်တကယ်လည်း ရှိနေပါသည်။ အခြားသူများမဟုတ်ပါ။ လူသားများနှင့်ချစ်ခြင်းမေတ္တာအရာ ကိုပြိုင်ဆိုင်နေသည်။ ထို့အတွက်ကြောင့် သူသည် "သဝန်တို" သောဘုရား ဟု မိမိကိုယ်ကိုခေါ်ဆိုနေခြင်းဖြစ်မည်။ (ထွက် ၃၄း၁၄) ဘုရားသခင်သည် လူကိုဖန်ဆင်းရာ၌ လူကိုလွတ်လပ်ခွင့်ပေးထားသည်။ သူ့ကိုချဉ်းကပ်ကိုးကွယ် နိုင်သည်။ သို့မဟုတ် အခြားအရာကိုလည်း ချဉ်းကပ်ကိုးကွယ်ခွင့်ရှိသည်။ လူသားများသည် အခြားဘုရားကိုချဉ်းကပ်ကိုးကွယ်ခြင်းကို ရွေးချယ်နေခြင်းဖြင့် သော်လည်းကောင်း သို့မဟုတ် ဘုရားနှင့်တစ်မျိုးတစ်မည်အားဖြင့် ဆန့်ကျင် နေသောအမှုကိုကျင့်နေကြခြင်းကြောင့် လူသားများဘေးဒုက္ခနှင့်တွေ့ကြုံခဲ့ ရသည်။ ဘုရားသခင်သည် စကြဝဠာကိုဖန်ဆင်းခဲ့ပြီးပိုင်သသူဖြစ်သည်။ ထိုကိစ္စမျိုးကြောင့် သဝန်တိုစရာအကြောင်းဖြစ်နေပါသည်။



သင်၏အသက်တာ၌ ဘုရားသခင်နှင့်ပြိုင်ဆိုင်ရွေးချယ်နေရသော အရာရှိပါသလား။

**ကြာသပတေး** **ဇန်နဝါရီ ၁၈**

## ပိုင်ဆိုင်မှုအစစ်အမှန်

ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်သာသက်ဆိုင်သည်။ အဘယ်ကြောင့် ဆိုသော် ဖန်ဆင်းပေးပြီး တစ်ဖန်ပြန်လည်ရွေးနုတ်ယူရပြန်သည်။ ဘုရားသခင်နှင့် ကျွန်ုပ်တို့သက်ဆိုင်ရုံသက်သက်မဟုတ်ဘဲ၊ ကျွန်ုပ်တို့ပိုင်ဆိုင်သမျှအားလုံး သည်လည်း ဘုရားသခင်နှင့်သာဆိုင်သည်။ ကျွန်ုပ်တို့၌ရွေးချယ်ခွင့်မှတစ်ပါး မည်သည့်အရာကိုမျှမပိုင်ဆိုင်ပါ။

လောကဝါဒ၏ခံယူချက်အရ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၌ရှိသော ပစ္စည်းများ၏ပိုင်ရှင်ဖြစ်သည်။ အမှန်မှာ လှည့်ဖြားခြင်းတစ်မျိုးမျှသာဖြစ်သည်။ ခရစ်ယာန်များအနေဖြင့် မိမိတို့၌ရှိသောဥစ္စာပစ္စည်းကို ပိုင်ဆိုင်ခွင့်ရှိသလား၊ သို့မဟုတ် ဘုရားသခင်၏သွန်သင်ချက်နှုတ်ကပတ်တော်အရ စဉ်းစားဆင်ခြင် ဖွယ်ရာအခြားအကြောင်းရှိနေပါသေးသလား။

ကျွန်ုပ်တို့မည်သည့်အရာကိုမျှမပိုင်ပါ။ ဘုရားသခင်သာ အရာအားလုံး ကိုပိုင်ဆိုင်တော်မူသည်။ (ယောဘ ၃၈း၄-၁၁)။ ကျွန်ုပ်တို့သည် ဧည့်သည် အာဂန္တုများသာဖြစ်ကြသည်။ (ဝတ် ၂၅း၂၃)။ ကတိတော်ထားရာပြည်၌ ဣသရေလလူမျိုးများကဲ့သို့ပင်ဖြစ်သည်။ နောက်ထပ်ရှိုက်သက်တစ်ချက်ရှူနိုင် ရန် ဘုရားကိုသာမှီခိုနေရသည်။ (တမန်တော် ၁၇း ၂၅)။ ကျွန်ုပ်တို့ပိုင်ဆိုင် သမျှကို မည်သို့ပင်စဉ်းစားပါစေ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဘဏ္ဍာစိုး များသာဖြစ်သည်။ ပိုင်ဆိုင်ထားသမျှအရာအားလုံးကို ဘုရားသခင်၏ဘုန်းတော် အတွက်သာလျှင်ဖြစ်စေရမည်။

အောက်ပါကျမ်းချက်များမှ ဘုရားသခင်ပိုင်သောအရာများကိုရေးချ ပါ။ တရားဟော ၁၀း၁၄။ ဆာလံ ၅၀း၁၀။ ၁၀၄း၁၆။ ယေဇကျေလ

၁၈း၄။ ဟဂ္ဂဲ ၂း၈။ ၁ကော ၆း၁၉၊၂၀။ ဤကျမ်းချက်များက ကျွန်ုပ်တို့၌ရှိသောပစ္စည်းများကို မည်သို့ရှုမြင်ရမည့်အကြောင်း သွန်သင်ထားသနည်း။

"အရာခပ်သိမ်းသည် ဘုရားနှင့်သာသက်ဆိုင်သည်။ လူသားများသည် ဘုရားသခင်၏သတိပေးခြင်းကို လျစ်လျူရှုကြမည်။ ဘုရားရှင်သွန်းလောင်းပေးထားသောကောင်းချီးမင်္ဂလာများကို ကိုယ်ပိုင်ပျော်ရွှင်မှုအတွက်အသုံးပြုကြသည်။ သို့သော် တစ်နေ့သူတို့၏ဘဏ္ဍာစိုးဆိုင်ရာစာရင်းရှင်းတမ်းကို တင်ပြရမည်မှာအမှန်ပင်ဖြစ်သည်။ (Testimonies for the Church, vol. 9, p. 246).

ဘုရားသခင်၏ပိုင်ဆိုင်သမျှသည် ကျွန်ုပ်တို့၏ဘဏ္ဍာစိုးအရာနှင့်ဆက်စပ်နေသည်။ ကျွန်ုပ်တို့ကို တစ်နည်းတစ်လမ်းဖြင့်အသုံးပြုပြီး ကောင်းကင်နိုင်ငံတော်အတွက်ပြင်ဆင်မှုပြုစေကာ အခြားသောသူများကိုလည်း အကျိုးကျေးဇူးနှင့်ကောင်းချီးမင်္ဂလာကိုဖြစ်စေပါသည်။ သို့သော် သစ္စာမဲ့သောဘဏ္ဍာစိုးသည် မူလပိုင်ရှင်၏ပိုင်ဆိုင်မှုကို အလွဲသုံးစားပြုပြီး မိမိ၏ပိုင်ဆိုင်မှုကဲ့သို့ပြုလုပ်လေ့ရှိတတ်သည်။ လွန်ခဲ့သောရက်မှသင်ခန်းစာအတိုင်း ဘုရားသခင်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အဓမ္မနည်းဖြင့်သူ၏အလိုကို မလိုက်စေပါ။ ကျွန်ုပ်တို့ကိုဖန်ဆင်းပြီး ပစ္စည်းဥစ္စာများပေးထားခြင်းမှာ သူဤလောကသို့ပြန်ကြွလာသည့်အချိန်ထိ သူ၏ကိုယ်စားဘဏ္ဍာကိုထိန်းသိမ်းကွပ်ကဲပေးရန်သာဖြစ်သည်။ ကျွန်ုပ်တို့လုပ်ဆောင်နေသမျှအပြုအမူအားလုံးသည် ဘုရားရှင်နှင့်ဆက်စပ်ပြီး ပေါ်လွင်မှုဖြစ်စေပါသည်။

ကိုယ်၌ရှိသောပစ္စည်းဥစ္စာတို့သည် ကိုယ်မပိုင်သောကြောင့် ထိုပစ္စည်းများကိုမည်သို့အသုံးပြုမည်နည်း။



**သောကြာ** **ဇန်နဝါရီ ၁၉**

**ထပ်ဆင့်လေ့လာရန်။**

ဘဏ္ဍာစိုးဆိုင်ရာအသိစိတ်သည် ဘုရားသခင်က အာဒံနှင့်ဧဝကိုလှပပျော်ရွှင်သောဒေင်ဥယျာဉ်တော်ကိုပေးပြီး ထိန်းသိမ်းပြုစုစီမံစေသည့်အချိန်ကပင် စတင်ခဲ့သည်။ (ကမ္ဘာဦး ၂း၁၅)။ ဥယျာဉ်တော်ကို နေချင်စဖွယ်ဖြစ်အောင်လုပ်ဆောင်ရမည့်တာဝန်သည် ခက်ခဲသည့်တာဝန်မဟုတ်ပါ။ ဘုရားသခင်မှ သူတို့၏လုပ်ဆောင်ရန်တာဝန်ဝတ္တရားများကို သေချာစွာသင်ကြားပေးထားသည်။ ဧဒင်ဥယျာဉ်ကိုစောင့်ရှောက်ပြုစုခြင်းသည် မိသားစုအသစ်ရရှိလာမည့်သူတို့အတွက် ပျော်ရွှင်မှုကိုဖြစ်ပေါ်စေမည့်အကြောင်းသက်သက်သာဖြစ်သည်။

မူရင်းဟေဗြဲဘာသာဖြင့်ရေးသားထားသော ကမ္ဘာဦးကျမ်း ၁း၂၆၊၂၈မှ "အုပ်စိုးစေ" ဆိုသောဝေါဟာရသည် အုပ်ချုပ်ခြင်း၊ ထိန်းကျောင်းခြင်းဟူ၍ အဓိပ္ပါယ်သက်ရောက်ပါသည်။ ရက်စက်သော "အုပ်စိုးခြင်း" မျိုးမဟုတ်ဘဲ ကြင်နာစွာထိန်းကျောင်းခြင်းကိုဆိုလိုပါသည်။ ဘုရားသခင်၏ဖန်ဆင်းခြင်းအရာအားလုံးကို ကြင်နာယုယစွာထိန်းကျောင်းပေးရန်ဖြစ်သည်။ ၎င်းတာဝန်မျိုးသည် ရပ်တန့်ခြင်းမရှိသေးချေ။ ပတ်ဝန်းကျင်တစ်ခွင် အာဒံနှင့်ဧဝတို့သည် ဘုရားသခင်သာပိုင်ရှင်အစစ်အမှန်ဖြစ်ကြောင်းကို သင်ယူနိုင်ပြီး၊ သူတို့သည် စီမံကွပ်ကဲပေးသောသူသာဖြစ်ကြောင်း နားလည်သဘောပေါက်ရန်နှင့် ဘဏ္ဍာစိုးသက်သက်သာဖြစ်ပြီး ပိုင်ဆိုင်သူမဟုတ်ကြောင်း ဘုရားသခင်အပေါ်သစ္စာရှိရန်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန်တို့ဖြစ်သည်။

"အာဒံနှင့်ဧဝကို ဘုရားသခင်က ဧဒင်ဥယျာဉ်ကိုပေးထားကာ ကြည့်ရှုပြုစုစေသည်။ လှပသန့်ရှင်းစေရန် သူတို့လုပ်ဆောင်ရမည်။ သူတို့၏အလုပ်၌ သူတို့ပျော်ရွှင်နေကြသည်။ စိတ်၊ နှလုံးသားနှင့်လုပ်ဆောင်မှုများလည်း ဟန်ချက်ညီလှပါသည်။ အလုပ်လုပ်သောအခါ လုံးဝငြီးငွေ့ခြင်းစိတ်မရှိပါ။ ပင်ပန်းခြင်းမျိုးလည်းမရှိပါ။ သူတို့၏နေ့ရက်အချိန်များသည် တန်ဖိုးရှိသော

အလုပ်နှင့် တစ်ဦးနှင့်တစ်ဦးပေါင်းစည်းမှုကိုဖြစ်စေပါသည်။ သူတို့၏လုပ်ငန်းသည် ပျော်စရာရွှင်စရာနှင့်သာပြည့်နေခဲ့သည်။ ဘုရားသခင်နှင့်ခရစ်တော်သည်လည်း သူတို့ထံသို့အလည်လာကာ စကားပြောကြသည်။ လွတ်လပ်မှုအပြည့်အဝရရှိထားခဲ့သည်။. . . ဘုရားသခင်သည် သူတို့၏ဒေင်အိမ်ကလေးကိုပိုင်ဆိုင်သူဖြစ်သည်။ ဘုရားရှင်၏လက်အောက်၌ အမှုတော်ထမ်းရွက်ကြသည်။” E. G. White, Manuscript Releases, vol. 10, p. 327.

## ဆွေးနွေးရန်မေးခွန်းများ

(၁) ကမ္ဘာကြီးကိုဘုရားသခင်ပိုင်ဆိုင်ထားပြီး ကျွန်ုပ်တို့အနေဖြင့်နေထိုင်ရသောအခါ ပတ်ဝန်းကျင်၌ ကျွန်ုပ်တို့အတွက်ဘာတာဝန်ရှိကြောင်းသွန်သင်ထားသနည်း။ ဖန်ဆင်းခြင်းအရာများကိုကိုးကွယ်နေသော ပတ်ဝန်းကျင်၌ ခရစ်ယာန်တစ်ဦးထားရှိရမည့်စိတ်ထားသည် မည်သို့နည်း။ ထိုပတ်ဝန်းကျင်ကိုဆက်လက်ထိန်းသိမ်းရမည်လော။

(၂) ဘုရားသခင်သဝန်တိုတတ်ကြောင်းကိစ္စကို ဆက်လက်ဆွေးနွေးပါ။ မလွယ်ကူလှသောကိစ္စများ၊ လူသားတို့၏ဘာသာစကားအားဖြင့်နားလည်ရန် မဖော်ပြနိုင်သောကိစ္စများစွာရှိသည်။ သဝန်တိုသည်ဆိုသည့်စကားလုံးသည် လူ၏ဘာသာစကားဖြင့်ဆိုလျှင် ကြားရသည်မှာမကောင်းလှပါ။ မည်သို့ပင်ရှိသော်လည်း လောက၌ဘုရားမနှစ်သက်နိုင်သောအရာအကြောင်းကိုဆွေးနွေးပါ။

(၃) ဘုရားသခင်ဖန်ဆင်းထားသောအရာများကို မှန်ကန်စွာအသုံးပြုခြင်းနှင့်တလွဲအသုံးပြုခြင်းကို သင်မည်သို့နားလည်သနည်း။ ထိုနှစ်ခု၏ခြားနားချက်သည် ဘာကြောင့်အလွန်အရေးကြီးသနည်း။

–၀–



# သင်ခန်းစာ (၄)
# လောကလမ်းမှလွတ်မြောက်ခြင်း
### ဇန်နဝါရီ ၂၀ – ၂၆

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဇန်နဝါရီ ၂၀**

**ဖတ်ရန်ကျမ်းချက်များ။** ဆာလံ ၁၁၉း၁၁။ ဖေက် ၆း၁၈။ ရော ၈း၅၊၆။ ဟေဗြဲ ၁၁း၁–၆။ ၃ရာ ၃း၁၄။ ယေဇကျေလ ၃၆း၂၆၊၂၇။

**အလွတ်ကျမ်းချက်**

**“အမျက်ဒေါသထွက်သောကာလ၌ စည်းစိမ်ဥစ္စာသည် အကျိုးမပေးနိုင်။ ဖြောင့်မတ်ခြင်းပါရမီမူကား၊ သေခြင်းမှကယ်တင်တတ်၏။ . . . မိမိစည်းစိမ်ကိုကိုးစားသောသူသည် ရှုံးလိမ့်မည်။ ဖြောင့်မတ်သောသူမူကား၊ သစ်ခက်ကဲ့သို့စိမ်းလန်းလိမ့်မည်” (သုတ္တံ ၁၁း၄၊၂၈)။**

စာတန်သည် ယေရှုကိုသာရှုံးနိမ့်ခဲ့သော်လည်း လူတိုင်းကိုအောင်နိုင်ခဲ့သည်။ ကျွန်ုပ်တို့သည် လက်နက်စုံနှင့် လောက၏တပ်မက်ဖွယ်ရာမှလွတ်မြောက်စေနိုင်သော တစ်ဆူတည်းသောဘုရား၏တန်ခိုးကိုဝတ်ဆင်တိုက်ခိုက်ခြင်းမရှိလျှင် စာတန်မှဆက်လက်တိုက်ခိုက်နေမည်ဖြစ်သည်။

ထိုအကြောင်းကြောင့် ကျွန်ုပ်တို့သည် ကောင်းကင်မှပြင်ဆင်ပေးနေသူဘုရားသခင်ကို အာရုံစိုက်နေကြရမည်။ ဒါဝိဒ်မင်းကြီးက ဘဝ၏တန်ဖိုးကို ဤသို့ရေးစပ်ခဲ့သည်။ “ခြင်္သေ့တို့သည်ဆင်းရဲ၍ ငတ်မွတ်ခြင်းကိုခံရသော်လည်း၊ ထာဝရဘုရားကိုရှာသောသူတို့၌ ကောင်းသောအရာတစ်စုံတစ်ခုမျှမလိုရာ” (ဆာလံ ၃၄း၁၀)။ ရှောလမုန်မင်းကြီးက ဉာဏ်ပညာသည် ရွှေ၊ ငွေထက်သာလွန်ကောင်းမြတ်ကြောင်း လက်ခံထားသည်။ (သုတ္တံ ၃း၁၃၊၁၄)။ စစ်မှန်သောပျော်ရွှင်ခြင်းနှင့်မှန်ကန်စွာနေထိုင်ခြင်းသည် ကျွန်ုပ်တို့၏ပစ္စည်း

ဥစ္စာများမှမျက်နှာလွှဲပြီး အသက်ရှင်တော်မူသောခရစ်တော်ဘုရားကိုမျှော်ကြည့်ဖို့ရန်လိုသည်။ ခရစ်တော်ရှင်သည် ကျွန်ုပ်တို့ကိုပိုင်ဆိုင်တော်မူသည်။

လောက၏ဆွဲဆောင်ခြင်းလမ်းမှလွတ်မြောက်နိုင်ရန် တစ်ခုတည်းသောလမ်းမှာ ယေရှုရှင်နှင့်မိတ်သဟာယဖွဲ့ခြင်းပင်ဖြစ်သည်။ ယခုအပတ်လေ့လာရန်မှာ လောကတပ်မက်ခြင်း၏မျက်နှာဖုံးအနောက်ကွယ်မှ လက်ခံနိုင်စရာတန်ခိုးခွန်အားတစ်ခုဖြစ်သော အသက်ရှင်တော်မူသည့်သခင်ယေရှုကိုမြင်နိုင်ရန် အရေးအကြီးဆုံးဖြစ်သည့်သင်ခန်းစာဖြစ်သည်။

**တနင်္ဂနွေ** **ဇန်နဝါရီ ၂၁**

## ခရစ်တော်နှင့်ပတ်သက်ဆက်နွှယ်ခြင်း

လောကအရာကိုချစ်ခြင်းအမှုသည် ကျွန်ုပ်တို့၏ဝိညာဉ်ကို ခရစ်တော်နှင့်တွဲလျက်ထားရှိရမည့်အစား ခိုင်မာသောသံကြိုးကြီးဖြင့် လောကနှင့်တွဲလျက်ချည်ထားသကဲ့သို့ဖြစ်စေသည်။ ပိုင်ဆိုင်မှုပမာဏမများသည့်တိုင် ပစ္စည်းဥစ္စာလိုချင်သောဆန္ဒများလာလျှင် အမင်္ဂလာတစ်ပါးဖြစ်လာမည်။ ဘုရားသခင်၏ထိန်းချုပ်မှုအောက်၌မရှိလျှင် ထိုဝိညာဉ်သည် ကယ်တင်ခြင်းနှင့်ဝေးကွာသွားရလိမ့်မည်။ ထိုအကြောင်းကို စာတန်ကောင်းစွာသိထားသောကြောင့် လောကနှင့်ဆိုင်သောအရာများကို လိုချင်တပ်မက်ရန် ဆွဲဆောင်နည်းအမျိုးမျိုးဖြင့်ထောင်ချောက်ဖမ်းလျက်ရှိနေသည်။

ကျွန်ုပ်တို့၏အကာအကွယ်သည် ဘာဖြစ်မည်နည်း။

"မြေကြီးပေါ်မှာရှိသောအရာကို စွဲလမ်းသောစိတ်မရှိကြနှင့်" (ကောလောသဲ ၃း၂)။ ရှင်ပေါလုမှ ကျွန်ုပ်တို့ကိုလုပ်ဆောင်စေချင်သောအရာကို ကျွန်ုပ်တို့မည်သို့လုပ်ဆောင်မည်နည်း။ (ဆာလံ ၁၁၉း၁၁။ ဖေက် ၆း၁၈ ကိုလည်းဖတ်ကြည့်ပါ။)



အခြားကျမ်းချက်များကလည်း ကျွန်ုပ်တို့၏စိတ်ကို မည်သည့်အရာ၌စွဲလမ်းထားရမည်ဟု ဖော်ပြခြင်းရှိပါသလား။ (ဥပမာ၊ ဖိလိပ္ပိ ၄း၈)။

လောကစွဲလမ်းခြင်းစိတ်ကို ကုစားနိုင်သောနည်းလမ်းတစ်ခုသာရှိသည်။ ယေရှုခရစ်တော်ကို အစဉ်မပြတ်ချဉ်းကပ်ပါ။ (ဆာလံ ၃၄း၁)။ ကောင်းစားသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ ကိုယ်တော်ကိုအမြဲသတိရနေပါ။ "မောရှေသည် အဲဂုတ္တုပြည်၏စည်းစိမ်ထက် ခရစ်တော်ကြောင့်ကဲ့ရဲ့ခြင်းဒုက္ခသည် သာ၍မြတ်သည်" ဟု (ဟေဗြဲ ၁၁း၂၆) အခြားသောအရာများနှင့်မဆက်နွှယ်မိခင် ခရစ်တော်ကိုဦးဆုံးနေရာ၌ ဦးစားပေးရမည်။ ခရစ်တော်သည် မိမိကိုယ်ကိုဆက်ကပ်သောသူကိုအလိုရှိသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ထံတိုးဝင်ချဉ်းကပ်ရမည်။ အကြောင်းမှာ သူသည် ကျွန်ုပ်တို့အတွက်လုပ်ဆောင်ပေးခဲ့ပြီဖြစ်သည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်ဆက်ကပ်အပ်နှံခြင်းအသီးအပွင့်ကိုမျှော်ကိုးရန် မလိုတော့ပါ။

ကျွန်ုပ်တို့၏အသက်တာကို ယေရှုခရစ်၌မြုပ်နှံကာ သူ၏အကြံအစည်သည် ကျွန်ုပ်တို့၏အကြံအစည်ကဲ့သို့ဖြစ်လာစေရမည်။ စစ်မှန်သောအပ်နှံဆက်ကပ်ခြင်းသည် "နောက်လှည့်မကြည့်" စတမ်း ထွန်တုံးကိုင်ပြီးရှေ့သို့သာလှမ်းခြင်းဖြစ်သည်။ (လုကာ ၉း၆၂)။ ထိုသို့သောဆက်ကပ်ခြင်းမျိုးကိုကျွန်ုပ်တို့လုပ်ဆောင်လျှင် ယေရှုဘုရားက ကျွန်ုပ်တို့ကို ပြည့်ဝသောခွန်အားကို ထပ်မံဖြည့်ပေးလိမ့်မည်။ ကိုယ်တော်ထံလုံးလုံးအပ်နှံလိုက်သောအချိန်၌ကျွန်ုပ်တို့၏ဝိညာဉ်ကို လောကနှင့်တွဲချည်ထားသောသံကြိုးကြီးကို ဆွဲဖြတ်ပစ်လိုက်မည်။ မိမိအတ္တလိုချင်တပ်မက်စိတ်ကိုဗဟိုမထားဘဲ ခရစ်တော်ကိုသာဗဟိုပြုထားရှိခြင်းသည်သာလျှင် ပျက်ယွင်းနေသောကျွန်ုပ်တို့၏အသက်တာကိုပြန်လည်ဖြည့်ဆည်းပေးနိုင်မည်။

သင်လိုချင်လွန်းသောပစ္စည်းဥစ္စာတစ်ခုကို မရမကကြိုးစားယူနေသော အချိန်မျိုးကို ပြန်လည်စဉ်းစားပါ။ သင်၏ပျော်ရွှင်ခြင်းနှင့်အလိုဆန္ဒပြည့်ဝမှု မည်မျှကြာကြာရှိခဲ့သနည်း။ ထိုပစ္စည်းမပျက်မီ နဂိုလိုချင်စကစိတ်မျိုး ထိုပစ္စည်း အပေါ်ရှိသေးသလား။

**တနင်္လာ** **ဇန်နဝါရီ ၂၂**

## နှုတ်ထွက်စကားတော်၌

ယနေ့အချိန်ကမ္ဘာတစ်ဝန်းကို သမ္မာကျမ်းစာအအုပ်ပေါင်း သန်းခြောက်ထောင်ကျော်ဖြန့်ဝေထားနိုင်ပြီဖြစ်သည်။ သို့သော် လူပေါင်းမည်မျှက ဘုရားသခင်၏နှုတ်တော်ထွက်စကားဟု ရှုမြင်နိုင်သနည်း။ သမ္မာတရားကို မိမိနှလုံးတံခါးဖွင့်ကာ လိုလိုလားလားဖတ်ရှုသူအဘယ်မျှလောက်ရှိနေသနည်း။

သမ္မာကျမ်းစာကိုလေ့လာဖတ်ရှုသောအခါ ကမ္ဘာကြီးသည် မှားယွင်းရှုပ်ထွေးပျက်စီးနေကြောင်းသိလာရသည်။ သမ္မာကျမ်းစာသည် အသက်ကို ပေးနိုင်သော မူလနှုတ်ထွက်စကားတော်ဖြစ်သည်။ (ဟေဗြဲ ၄း၁၂)။ အခြားမည်သည့်နေရာတွင်မှ သမ္မာတရားကိုရှာဖွေ၍မရနိုင်ပါ။ သမ္မာကျမ်းစာသည် ဘုရားရှင်၏လမ်းပြမြေပုံဖြစ်ပြီး နေ့စဉ်အသက်ရှင်လှုပ်ရှားနိုင်ရန် အလင်းကို ပေးတော်မူသည်။ ဉာဏ်ပညာကိုပို၍ကျယ်ပြန့်စေပြီး၊ စာရိတ္တကိုလည်းပြုပြင်ပေးသည်။

ယောဟန် ၅း၃၉။ ၁၄း၆ နှင့် ၂၀း၃၁ ကိုဖတ်ကြည့်ပါ။ သမ္မာကျမ်းစာအထူးစီမံထားသော ဝမ်းမြောက်ဖွယ်ဧဝံဂေလိတရားသည် ကျွန်ုပ်တို့အား ယေရှုရှင်အကြောင်းကိုပြောပြတော်မူသည်။ ရှင်ယောဟန်မှဖော်ပြသည့် အထူးအရေးကြီးသောစကားများသည် ဘာကြောင့်ကျွန်ုပ်တို့အတွက်နှင့်အခြားသူများအတွက် အထူးအရေးကြီးနေပါသနည်း။

---

---



သမ္မာကျမ်းစာကိုလေ့လာရခြင်းအကြောင်းမှာ ထိုသမ္မာကျမ်းစာသည် အမှန်တရား၊ သမ္မာတရား၏မူလ၊ ဘူတ၊ အစဖြစ်တည်လာရာနေရာဖြစ်သောကြောင့်ဖြစ်သည်။ ၎င်းပြင် ကျမ်းစာကိုဖတ်ရှုလေ့လာခြင်းကြောင့် ယေရှုရှင်ကိုသိလာရသည်။ ယေရှုရှင်ကျွန်ုပ်တို့အတွက်ဘာလုပ်ပေးခဲ့သည်ကို မြင်လာရသည်။ ဓမ္မဟောင်းနှင့်ဓမ္မသစ်အဖြစ်ပေါင်းစည်းထားသော သမ္မာကျမ်းစာကို သင်ယူလေ့လာခြင်းသည် ခရစ်တော်ယေရှုသည် မည်သူဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့အတွက်ဘာတွေလုပ်ပေးခဲ့ကြောင်း နားလည်လာရသည်။ ထိုနောက်တွင် ယေရှုကိုကျွန်ုပ်တို့ချစ်လာပြီး၊ ကျွန်ုပ်တို့၏အသက်တာကို လုံခြုံစိတ်ချရသော ယေရှုရှင်၏ထိန်းသိမ်းခြင်းအောက်သို့ ဆက်ကပ်အပ်နှံကြသည်။ ယေရှုရှင်၏စကားတော်ကိုနာခံခြင်း၊ လိုက်လျှောက်ခြင်းဖြင့် အပြစ်၏ချည်နှောင်ထားခြင်းမှ လွတ်မြောက်နိုင်သည်နည်းတူ လောက၏ချည်နှောင်ခြင်းမှလည်း လွတ်မြောက်နိုင်သည်။ ထိုကြောင့် သားသည်သင်တို့ကိုလွှတ်လျှင်၊ သင်တို့သည် ဧကန်အမှန်လွတ်ကြလိမ့်မည်။ (ယောဟန် ၈း၃၆)။

ရောမ ၈း၅၊၆ ကိုဖတ်ကြည့်ပါ။ ကျွန်ုပ်တို့ကိုဘာသတိပေးထားသနည်း။ စိတ်ရှုပ်ထွေးစေသောအရာများကို ကျမ်းစာဖတ်ရှုလေ့လာခြင်းဖြင့် မည်သို့ရှင်းလင်းစေနိုင်သနည်း။

---

---

လောကကိုချစ်ခြင်း၊ အထူးသဖြင့် လောကပိုင်ဆိုင်မှုကိုစွဲလမ်းခြင်းသည် လွယ်လွယ်နှင့်ကျွန်ုပ်တို့ကို ဘုရားထံတော်ပါးမှဝေးကွာစေနိုင်ပါသည်။ သို့ဖြစ်သောကြောင့် သမ္မာကျမ်းစာကိုဖတ်ရှုရမည်။ ညွှန်ပြသောထာဝရအသက်လမ်းနှင့်ဝိညာဉ်ရေးအစစ်အမှန်သည် ခရစ်ယာန်များအတွက် အထူးတန်ဖိုးအကြီးဆုံးသောအရာဖြစ်သည်။

လောကအရာကိုချစ်ခင်စွဲလမ်းခြင်းသည် ဝိညာဉ်စိတ်သဘောကို ဘယ်သောအခါမျှမမြင့်မားစေနိုင်ပါ။ ၎င်းအပြင် သမ္မာကျမ်းစာသွန်သင်ချက်

၏နေရာ၌ လောဘ၊ အတ္တပေမနှင့်တပ်မက်ခြင်းသဘောကိုသာ ထည့်သွင်း နေရာပေးကြမည်ဖြစ်သည်။ သမ္မာကျမ်းစာမှဖော်ပြသော ချစ်ခြင်းမေတ္တာ အကြောင်းသည် ကျွန်ုပ်တို့ကိုအခြားသောသူများနှင့်ရင်းနှီးချစ်ခင်ဖော်ရွေမှုကို ဖြစ်စေသည်။ အချုပ်အားဖြင့်ဆိုရသော် လောကလမ်းသည် မိမိကိုယ်ကိုသာ ချစ်စိတ်ကိုဖြစ်ပေါ်စေပြီး၊ ယေရှုရှင်သွန်သင်သောတရားနှင့် လုံးဝဆန့်ကျင် ဘက်ဖြစ်သည်။

**အင်္ဂါ** **ဇန်နဝါရီ ၂၃**

## ဆုတောင်းခြင်းအသက်တာ

"ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင်တစ်ဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကိုလည်းကောင်း၊ စေလွှတ်တော်မူသောယေရှုခရစ်ကိုလည်းကောင်း သိကျွမ်းခြင်းတည်း" (ယောဟန် ၁၇း၃)။ ခရစ်ယာန်များက ယုံကြည်ခြင်းအကြောင်းပြောသောအခါ ဘုရားသခင်နှင့်အဆက်အသွယ်ရှိကြောင်းပြောတတ်ကြသည်မှာ အံ့သြစရာမဟုတ်ပါ။ ဘုရားသခင်သည် ထာဝရအသက်ဖြစ်ကြောင်းသိလာသောတစ်နေ့၌ သူနှင့်အမြဲဆက်သွယ်တော့မည်။ လွန်ခဲ့သောရက်၏သင်ခန်းစာမှာ ဘုရားသည် ကျွန်ုပ်တို့ကိုသမ္မာကျမ်းစာအားဖြင့်ဆက်သွယ်ကြောင်း လေ့လာခဲ့ရသည်။ ကျွန်ုပ်တို့အလှည့်ပြန်ရောက်လာသောအခါ ဆုတောင်းခြင်းဖြင့် ဘုရားကိုပြန်၍ဆက်သွယ်ရမည်။

ကျွန်ုပ်တို့၏စိတ်ကို အထက်အရပ်မှရှိသောအရာကိုသာဆက်သွယ်ပြီး ဆန့်ကျင်ဘက်ဖြစ်သောလောကအရာကိုရှောင်ရန် သိရှိလာသောအခါ ဆုတောင်းခြင်းသည် အလွန်အရေးပါလာသည်။ ဆုတောင်းခြင်းသဘောသည် လောကအရာကိုဘေးဖယ်ကာ အထက်အရပ်သို့သာညွှန်ပြပေးနေသည်။

ဤနေရာ၌ပင်သတိပြုရန်အကြောင်းမှာ မကြာခဏကျွန်ုပ်တို့၏ ဆုတောင်းချက်များသည် အတ္တသဘောဆောင်လေ့ရှိတတ်သည်။ ထို့ကြောင့် ကိုယ်တော်၏အလိုတော်အတိုင်းသာဟု ဆုတောင်းရန်လိုပါသည်။





အမျိုးသမီးတစ်ဦးက သီချင်းတစ်ပုဒ်စပ်ဆိုသည်မှာ "အို၊ ဘုရား၊ ကျွန်မကို မာစီဒီးဘင့်ကားတစ်စီးဝယ်မပေးနိုင်ဘူးလား" ဘုရားကိုယုံကြည်သူများအား လောကရုပ်ဝတ္ထုပစ္စည်းများက တိုက်ခိုက်လေ့စမြဲရှိသည်။ ကျွန်ုပ်တို့ဆုတောင်းသောအခါ ဘုရားသခင်၏အလိုတော်အတိုင်းဖြစ်ပြီး ကျွန်ုပ်တို့၏အလိုမဖြစ်ပါစေနှင့်။

ဟေဗြဲ ၁၁း၁–၆ ကိုဖတ်ကြည့်ပါ။ ဆုတောင်းသောအခါအရေးကြီး၍ ပေါင်းစပ်ပါဝင်တောင်းလျှောက်ရန် မည်သည့်အရာတို့ကိုထည့်သွင်းရန် လိုသနည်း။ ယုံကြည်ခြင်းနှင့်ဘုရားသခင်ထံရောက်လာသည်။ ယုံကြည်ခြင်းနှင့် ဆုတောင်းကြရမည်ဆိုသောအဓိပ္ပါယ်သည် ဘာကိုဆိုလိုပါသနည်း။

ဆုတောင်းခြင်း၌ ယုံကြည်ခြင်းမပါရှိပါက စာတန်ပေးသောအတုအယောင်ယုံကြည်ခြင်းမျိုးသာဖြစ်မည်။ "ဆုတောင်းခြင်းနှင့်ယုံကြည်ခြင်းသည် နီးကပ်စွာယှဉ်တွဲလျက်ရှိသည်။ နှစ်မျိုးလုံး၏အကြောင်းကို လေ့လာရန်လည်း လိုအပ်ပါသည်။ ယုံကြည်ခြင်း၏ဆုတောင်းပတ္တနာသည် ဘုရား၏သိပ္ပံသဘောတရားတစ်ခုဖြစ်သည်။ အသက်တာ၌ အောင်မြင်ခြင်းရရှိစေရန် လူသားများသိပ္ပံပညာကိုရှာဖွေလေ့လာကြသည်။ ခရစ်တော်က "ထို့ကြောင့် ငါဆိုသည်ကား၊ သင်တို့သည် ဆုကျေးဇူးကိုရမည်ဟု ယုံကြည်သောစိတ်နှင့်ဆုတောင်းသမျှတို့ကို ရကြလိမ့်မည်။ (မာကု ၁၁း၂၄)။ ယေရှုဘုရားက ရှင်းရှင်းလင်းလင်းပင် ကျွန်ုပ်တို့၏ဆုတောင်းခြင်းသည် ဘုရားသခင်၏အလိုတော်အတိုင်းဖြစ်ရမည်ဟု မိန့်တော်မူပါသည်။ ဘုရားကတိတော်ထားသောအရာများကိုသာ တောင်းလျှောက်ရမည်။ ၎င်းနောက် ကျွန်ုပ်တို့တောင်းလျှောက်ရရှိသော ဆုမင်္ဂလာအပေါင်းကို ကိုယ်တော်၏အလိုတော်အတိုင်း အသုံးပြု

ကြရမည်။ ဘုရားသခင်၏ကတိတော်အပေါ် ယုံမှားသံသယကင်းရှင်းနိုင်ပါသည်။ (E. G. White, Prayer, p. 57).

သင်၏ကိုယ်တိုင်ဆုတောင်းခြင်းအသက်တာကို ပြန်ဆန်းစစ်ကြည့်ပါ။ သင်ဘာအတွက်ဆုတောင်းခဲ့သနည်း။ သင်၏ဆုတောင်းချက်များသည် ဘာကိုဦးစားပေးနေတတ်သနည်း။ အခြားဆုတောင်းရန်ကျန်နေသေးသည့်အရာများရှိပါသလား။

**ဗုဒ္ဓဟူး** **ဇန်နဝါရီ ၂၄**

## ပညာသတိနှင့်ယှဉ်သောအသက်တာ

သမ္မာကျမ်းထဲမှအကြောင်းအရာများစွာပါရှိသည့်အနက် ရှောလမုန်မင်းကြီးမှ ဘုရားသခင်အားပညာဉာဏ်တောင်းလျှောက်ခြင်းအကြောင်းသည် အလွန်ပင်ချစ်စရာကောင်းလှသည်။ အခြားသောအရာများအားလုံးအထက်၌ “သို့ဖြစ်၍ ကိုယ်တော်ကျွန်သည် ကိုယ်တော်၏လူတို့ကို တရားစီရင်နိုင်မည်အကြောင်း၊ ကောင်းမကောင်းကိုပိုင်းခြား၍သိတတ်သောဉာဏ်ကို ပေးသနားတော်မူပါ” ဟုတောင်းလျှောက်ခဲ့ပါသည်။ (၃ရာ ၃း၉)။

ဘုရားသခင်မှရှောလမုန်မင်းကြီးကို သတိပေးစကား၌ မည်သို့နေထိုင်မှုသူ၏အသက်နှင့်ပိုင်ဆိုင်ခြင်းများကို ပို၍ကြာရှည်စေမည်နည်း။ ရှောလမုန်မင်းကြီးကိုမိန့်တော်မူသော ဘုရားရှင်၏စကားတော်သည် ကျွန်ုပ်တို့အတွက် အဘယ်ကြောင့်အလွန်အရေးကြီးသနည်း။ (၃ရာ ၃း၁၄။ ၁ယော ၅း၃။ ၁ပေ ၄း၁၇ ကိုလည်းဖတ်ကြည့်ပါ။)

---

---

ရှောလမုန်သည် မြင့်မားသောဉာဏ်ပညာကိုပိုင်ဆိုင်ထားသည်။ သို့သော် ထိုဉာဏ်ပညာသည် သူ့အတိုင်းသာရှိနေလျှင်၊ လုပ်ဆောင်မှုမရှိလာလျှင် သတင်းအချက်အလက်တစ်ခုမျှသာရှိသည်။ လုပ်ဆောင်မှုမပါလာသောပညာသည် ပညာအစစ်အမှန်မဟုတ်။ သိနေသော်လည်း လုပ်ဆောင်



မှုမပါသောကြောင့် ဘုရားသခင်၏အကြောင်းနှင့် ဘုရားသခင်၏အလိုတော်ကိုမသိနားမလည်နိုင်။ ရှောလမုန်မင်းကြီးသည် နားထောင်မှုမရှိခြင်းကြောင့် ဘုရားသခင်ခေါ်တော်မူသောလမ်းမှလွဲချော်ခဲ့သည်။ နောက်ဆုံးပိုင်းအသက်တာတွင်မှသာ ပြန်လည်သတိရပြီး နှိမ့်ချစွာဖြင့် ဤသို့သောစာကိုရေးသားခဲ့သည်။ “အကြောင်းမူကား၊ ပညာသည် ပတ္တမြားထက်သာ၍မြတ်၏။ နှစ်သက်ဖွယ်သမျှသောအရာတို့သည် ထိုရတနာကိုမပြိုင်နိုင်ကြ” (သုတ္တံ ၈း၁၁)။

ပညာသည် နားလည်မှု၊ သိခြင်းအမှုကိုဖြစ်စေပါသည်။ သိရှိမှုသည် အချက်အလက်ကိုတင်ပြပြီး နားလည်မှုသည် ပြုလုပ်ရမည့်အရာကိုသဘောပေါက်စေသည်။ ထိုကြောင့် ပညာအားဖြင့် အဆင့်ဆင့်သိရှိမှုနှင့်နားလည်သဘောပေါက်မှုများကို ကျွန်ုပ်တို့၏အသက်တာ၌ဖြစ်စေသည်။ ပညာရှိသောဘဏ္ဍာစိုးတစ်ဦးသည် သိရုံ၊ နားလည်ရုံနှင့်မပြည့်စုံသေးပါ။ သိရှိနားလည်ပြီးသောအရာအပေါ်၌ အတွေ့အကြုံရရှိရန် လုပ်ဆောင်မြည်းစမ်းကြည့်ရန်လိုသည်။

ရှောလမုန်မင်းကြီးမှလူတစ်ဦးသည် ပညာအရှိဆုံး၊ အရာရာကိုနားလည်ဆုံးသူဖြစ်သည့်တိုင်အောင် အကယ်၍ ထိုသိရှိနားလည်ထားသောအရာများကို အသက်တာ၌အသုံးမပြုလျှင် ရှိသမျှပိုင်ဆိုင်မှုအားလုံးပျောက်ဆုံးသွားမည်ဖြစ်ကြောင်း ဥပမာပေးထားချက်ရှိသည်။

၁ကော ၃း၁၉ နှင့် သုတ္တံ ၂၄း၃၊၁၄ ကိုနှိုင်းယှဉ်ဖတ်ကြည့်ပါ။ ဤကျမ်းချက်များမှာ ပညာဉာဏ်နှစ်မျိုး၏ကွာခြားပုံကို မည်သို့ဆိုထားသနည်း။ ဥပုသ်စာဖြေအတန်းသားများကို သင်ဘယ်လိုနားလည်ကြောင်း ဝေမျှဖြေကြားပေးပါ။

**ကြာသပတေး** **ဇန်နဝါရီ ၂၅**

## သန့်ရှင်းသောဝိညာဉ်တော်

အမှားနှင့်အမှန်တိုက်ပွဲသည် အမှန်တကယ်ပင်ဆင်နွှဲနေသည်။ နှစ်ဖက်သောအင်အားစုတို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ကိုလုနေကြသည်။

တစ်ဖက်က ကျွန်ုပ်တို့ကို ခရစ်တော်ဘက်သို့ဆွဲနေယူနေသည်။ (ယောဟန် ၆း၄၄)။ ကျန်တစ်ဖက်က ကျွန်ုပ်တို့ကို လောကဘက်သို့ဆွဲယူနေသည်။ (၁ယော ၂း၁၆)။ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးသည် အမှန်တရားဘက်သို့ ဆွဲယူနေသည်။ သို့သော် ကျွန်ုပ်တို့၏အသက်တာကို သူ့အားဆက်ကပ်အပ်နှံရန်လိုသည်။ "သမ္မာတရားနှင့်ပြည့်စုံသော ထိုဝိညာဉ်တော်သည်ရောက်လာသောအခါ၊ သမ္မာတရားကိုသင်တို့အား အကြွင်းမဲ့သွန်သင်ပြသလိမ့်မည်။ (ယောဟန် ၁၆း၁၃။ ယောဟန် ၁၄း၁၆ ကိုလည်းဖတ်ကြည့်ပါ။) သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို တရားသောလမ်းဖြင့်လည်းကောင်း၊ ယုံကြည်ခြင်းဖြင့်လည်းကောင်း လျှောက်လှမ်းနိုင်ရန် တန်ခိုးကိုပေးတော်မူသည်။ ကောင်းကင်နိုင်ငံတော်၌နေထိုင်နိုင်ရန် အောင်မြင်သောပြင်ဆင်ခြင်းသည် လောက၌အသက်ရှင်စဉ်ခါ သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏လမ်းပြမှုကို သစ္စာရှိစွာလိုက်လျှောက်နေထိုင်ခြင်းပင်ဖြစ်သည်။ လောက၌ဖြစ်တတ်သော ပေါကြောင်ကြောင်စိတ်ခံစားမှုမျိုးမဟုတ်ပါ။

ရှင်ပေါလု၏အကြံပေးချက်မှာ "သင်တို့၏ယုံကြည်ခြင်းသည် လူပညာအားဖြင့်မတည်၊ ဘုရားသခင်၏တန်ခိုးတော်အားဖြင့်တည်စေခြင်းငှာ" (၁ကော ၂း၅) ဟူ၍ဖော်ပြထားသည်။ လောက၏ဆွဲဆောင်မှုသည် ဥစ္စာပစ္စည်းပိုင်ဆိုင်လိုခြင်းဖြစ်ပြီး ကျွန်ုပ်တို့ကိုသခင်ဘုရားထံတော်မှ ဆွဲယူလေ့ရှိသည်။ သန့်ရှင်းသောဝိညာဉ်တော်ကို အတားအဆီးမပြုလျှင် ကျွန်ုပ်တို့ကို သူ၏တန်ခိုးနှင့် လောကကိုရင်ဆိုင်တိုက်လှန်နေရသော ကျွန်ုပ်တို့၏တပ်မက်ခြင်း၊ စွဲလမ်းခြင်းအားလုံးကို အောင်မြင်စေလိမ့်မည်။ (ယေဇကျေလ ၃၆း၂၆၊၂၇။ ယောဟန် ၁၄း၂၆။ ဖေက် ၃း၁၆၊၁၇ ကိုဖတ်ကြည့်ပါ။) သန့်ရှင်းသောဝိညာဉ်တော်အား ကျွန်ုပ်တို့ကိုပိုင်ဆိုင်စေလိုလျှင် ဝိညာဉ်ရေး၌အောင်မြင်ခြင်းကိုပေးမည်ဟု ဘုရားရှင်က မည်သို့အာမခံထားသနည်း။

---

---



"များယွင်းသောတွေ့ရှိချက်နှင့်ထုံးတမ်းဓလေ့များအားဖြင့် စာတန်သည် လူ၏စိတ်ကို သူ၏တန်ခိုးနှင့်ဖမ်းစားထားသည်။ လူကိုမှားသောအခြေအနေသို့ရောက်ရှိရန် စာရိတ္တကိုတစ်ဖက်လှည့် ပုံပြောင်းပေးလိုက်သည်။ သမ္မာကျမ်းစာအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်သည် လူတို့၏စိတ်ကိုစကားပြောနေသည်။ လူတို့၏နှလုံးသားကို အမှန်တရားသွတ်သွင်းပေးတော်မူသည်။ သို့ဖြင့်အမှားအယွင်းအားလုံးကို လူ၏စိတ်ထဲမှဖယ်ထုတ်ဖြစ်သည်။ စစ်မှန်သောဝိညာဉ်တော်သည် သမ္မာတရားအားဖြင့် လုပ်ဆောင်တော်မူသည်။ သို့ဖြင့် ခရစ်တော်သည် မိမိရွေးကောက်တော်မူသောလူများကို ငြိမ်သက်ခြင်းပေးတော်မူပြီး၊ အထံတော်သို့ခေါ်သွင်းတော်မူသည်။" (E. G. White, DA, p. 671).

ယေရှုရှင်ကောင်းကင်သို့ပြန်လည်တက်ကြွသွားပြီးနောက်ပိုင်း မိမိ၏ကိုယ်စား သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်တော်မူသည်။ သန့်ရှင်းသောဝိညာဉ်တော်ဘုရားသာ ကျွန်ုပ်တို့ကို လောကတပ်မက်စွဲလမ်းခြင်းအရာအားလုံးကို ကျော်လွှန်အောင်မြင်နိုင်သောတန်ခိုးတော်ကို ပေးနိုင်ပါသည်။

ကျွန်ုပ်တို့အားလုံးသည် လောက၏ဆွဲဆောင်ခြင်းခံနေကြရသည်မဟုတ်လား။ သင်မည်သို့သောရွေးချယ်မှုမျိုးကိုပြုလုပ်မည်နည်း။ သန့်ရှင်းသောဝိညာဉ်တော်ဘုရားထံသို့ သင့်ကိုယ်သင်အပ်နှံမည်လား။ ကူညီနိုင်သူမှာ သန့်ရှင်းသောဝိညာဉ်တော်ဘုရားသာဖြစ်ပြီး လောကကိုရင်ဆိုင်တိုက်လှန်နိုင်ရန် တန်ခိုးကိုလည်းပေးနိုင်သူမှာ သူပင်မဟုတ်ပေဘူးလား။

## **သောကြာ** **ဇန်နဝါရီ ၂၆**

## **ထပ်ဆင့်လေ့လာရန်**

ဘဏ္ဍာစိုးတစ်ဦး၏စီမံခန့်ခွဲမှု၌ တာဝန်နှင့်မေတ္တာသည် ဒွန်တွဲလျက်ရှိသည်။ သတိပြုပါ။ တာဝန်ဝတ္တရား၌ အမြွာညီအစ်မတစ်ယောက်ရှိကြောင်းကို သတိရပါ။ ထိုအမြွာညီအစ်မမှာ "မေတ္တာ" ဖြစ်သည်။ အမြဲဒွန်တွဲထား

ရမည်။ ခွဲခြားထားလျှင် မည်သည့်ကောင်းမှုတစ်ခုမျှမပြုလုပ်နိုင်ပါ။ (Testimonies for the Church, vol. 4, p.62). တာဝန်သည် မေတ္တာပါသောလုပ်ဆောင်ခြင်းဖြစ်သည်။ ခရစ်တော်၏ဆက်ကပ်ပူဇော်ခြင်း၌ တည်နေချင်သောကြောင့် ကျွန်ုပ်တို့လုပ်ဆောင်ရမည့်တာဝန်ကို မေတ္တာနှင့်နှီးနှောစွာလုပ်ဆောင်ကြရမည်။

လောက၏နိယာမတရားအရ၊ မုန်းတီးခြင်း၏အမြွှာညီအစ်မသည် ပုန်ကန်ခြင်းဖြစ်သည်။ ပုန်ကန်ထကြွခြင်းသည် မုန်းတီးမှုကြောင့် ထ၍ပြုလုပ်သောအမှုအရာဖြစ်သည်။ လူစီဖာသည် ဘုရားကိုဆန့်ကျင်ပုန်ကန်ခဲ့သည်။ (ယေဇကျေလ ၂၈း၁၆၊၁၇)။ ထိုပုန်ကန်ခြင်းကိုလည်း အဆုံးသတ်မည်မဟုတ်ဘဲ ဖျက်ဆီးခြင်းခံရသည့်တိုင် လုပ်ဆောင်သွားလိမ့်မည်။ ချစ်ခြင်း၏တန်ခိုးကို တန်ခိုးအာဏာကိုချစ်ခင်တပ်မက်ခြင်းဟု ပြောင်းပြန်ပြန်ပြီးပြောင်းလိုက်သည်။ ဣသရေလ၏ဘာသာရေးခေါင်းဆောင်များသည် ယေရှုပိုင်ဆိုင်ထားသောတန်ခိုးအာဏာကို မုန်းတီးကြသည်။ (မဿဲ ၂၂း၂၉)။ ယေရှုရှင်၏အမျက်တော်ကိုမခံနိုင်၍ ဗိမာန်တော်မှထွက်ပြေးကြရသော်လည်း ထိုဣသရေလခေါင်းဆောင်များသည် သူတို့၏လမ်းစဉ်ကိုမပြောင်းလဲခဲ့ပါ။

**ဆွေးနွေးရန် မေးခွန်းများ**

(၁) တာဝန်နှင့်မေတ္တာကို အယ်လင်ဝှိုက်က အမြွှာညီအစ်မဟုတင်စားရာ၌၊ မည်သည့်အဓိပ္ပါယ်ရှိသနည်း။ တစ်ပါးမရှိလျှင် တစ်ပါးတည်းဖြင့်ကောင်းမှုမပြုနိုင်ဟုဆိုလိုပါသလား။ မေတ္တာမပါသောတာဝန်ဆောင်ရွက်မှုနှင့် တာဝန်မဲ့သောမေတ္တာစိတ်ကို သင်မည်သို့နားလည်သနည်း။ ဘာကြောင့်ထိုနှစ်ပါးသည် အမြဲဒွန်တွဲနေရမည်နည်း။

(၂) ယခုအပတ်အလွတ်ကျမ်းချက်မှာ “အမျက်ဒေါသထွက်သောကာလ၌ စည်းစိမ်ဥစ္စာသည် အကျိုးမပေးနိုင်။ ဖြောင့်မတ်ခြင်းပါရမီမူကား၊ သေခြင်းမှကယ်တင်တတ်၏။. . . မိမိစည်းစိမ်ကို ကိုးစားသောသူသည် ရှုံးလိမ့်မည်။ ဖြောင့်မတ်သောသူမူကား၊ သစ်ခက်ကဲ့သို့စိမ်းလန်းလိမ့်မည်။



(သုတ္တံ ၁၁း၄၊၂၈)။ ဤကျမ်းချက်၏အဓိပ္ပါယ်သည် မည်သို့ရှိသနည်း။ စည်းစိမ်နှင့်ပတ်သက်၍ ဘာပြောထားသနည်း။ ထိုစည်းစိမ်နှင့်ပတ်သက်၍ ဘာကိုပြောမထားသနည်း။

(၃) ရှောလမုန်မင်းကြီး၏အသက်တာအကြောင်းကိုဆွေးနွေးပါ။ မည်မျှအထိဖြောင့်ဖြူးသာယာခဲ့သနည်း။ ဘာကြောင့်ဒေသနာကျမ်းထဲ၌ လောကဆိုင်ရာ၊ ပိုင်ဆိုင်သမျှအရာအားလုံးသည် အနတ္တာဟုသူကြွေးကြော်ခဲ့သနည်း။ ယခုအပတ်ဆုတောင်းခြင်းအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့သင်ယူလေ့လာရရှိသောအရာသည် အဘယ်အရာဖြစ်သနည်း။ ကျမ်းစာလေ့လာခြင်း၊ ခရစ်တော်နှင့်ဆက်စပ်ခြင်းသည် ဝိညာဉ်ရေးလမ်းမှန်သို့ ပို့ဆောင်ပေးနိုင်ပါသလား။

(၄) ပစ္စည်းဥစ္စာများများစားစားမရှိသောသူများတို့သည်လည်း စာတန်၏ထောင်ချောက်ထဲသို့ မည်ကဲ့သို့ရောက်နိုင်သနည်း။

(၅) ဗုဒ္ဓဟူးနေ့သင်ခန်းစာ၌လေ့လာခဲ့ရသော မတူညီသည့်ပညာနှစ်မျိုးအကြောင်း သင်မည်သို့သုံးသပ်သနည်း။

–၀–

## သင်ခန်းစာ (၅)
## ဓေဒင်ဥယျာဉ်တော်ကျဆုံးပြီးနောက်ပိုင်းဘဏ္ဍာစိုးများ
**ဇန်နဝါရီ ၂၇ – ဖေဖော်ဝါရီ ၂**

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဇန်နဝါရီ ၂၇**

**ဖတ်ရန်ကျမ်းချက်များ။** ဟေရှာယ ၂၂း၁၄–၁၈။ ၁ကော ၄း၁၊၂။ ကောလောသဲ ၂း၂၊၃။ ဧဖက် ဖ်း၁၃–၁၇။ ၂ကော ၅း၁၀။

**အလွတ်ကျမ်းချက်**

**"ဧဝံဂေလိတရားကိုစောင့်ထိုက်သောသူဟု ငါတို့ကိုဘုရားသခင်လက်ခံတော်မူသည်နှင့်အညီ၊ လူကိုနှစ်သက်စေသကဲ့သို့မဟုတ်၊ ငါတို့စိတ်နှလုံးကိုစစ်ကြောစုံစမ်းတော်မူသော ဘုရားသခင်ကိုနှစ်သက်စေသကဲ့သို့ ဟောပြောကြ၏" (၁သက် ၂း၄)။**

အာဒံနှင့်ဧဝတို့၏ပထမဦးဆုံးအလုပ်မှာ ဘဏ္ဍာကိုထိန်းသိမ်းရသောအလုပ်ပါဝင်သည်။ ဥယျာဉ်တော်နှင့်တကွ ဖန်ဆင်းသမျှအရာအားလုံးကို ဘုရားရှင်သူတို့လက်သို့အပ်ထားတော်မူခဲ့သည်။ ပျော်ရွှင်ခြင်းနှင့်အုပ်စိုးခွင့်ရရန်အတွက်ဖြစ်သည်။ (ကမ္ဘာ ၂း၁၅)။ ထိုအရာအလုံးစုံကို တစ်ခုမျှမပိုင်ရသော်လည်း ဘုရားသခင်က သူတို့ကိုဘဏ္ဍာစိုးအဖြစ်ရွေးချယ်ခန့်ထားတော်မူခဲ့သည်။

ယခုအပတ်ဘဏ္ဍာစိုးတစ်ဦးဖြစ်ရခြင်းအကြောင်းကို လေ့လာသွားသောအခါ အထူးသဖြင့် ဧဒင်ဥယျာဉ်တော်ကျဆုံးပြီးနောက်ပိုင်း ကျွန်ုပ်တို့၏မိဦးဖဦးဥယျာဉ်တော်အတွင်းမှ နှင်ထုတ်ခံရပြီးသည့်အချိန်ကို လေ့လာရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင်သည်လည်း ဘဏ္ဍာစိုးများဖြစ်ကြရမည်။



ပတ်ဝန်းကျင်ကိုထိန်းသိမ်းရသောဘဏ္ဍာစိုးသာဖြစ်ပြီး ကနဦးအာဒံဧဝတို့၏ပျော်ရွှင်မှုများနှင့် ကွာဟနေပါသည်။

ဘဏ္ဍာကိုထိန်းသိမ်းခြင်းဆိုသည်မှာ မည်သည့်အဓိပ္ပါယ်ကိုဆောင်နေသနည်း။ သမ္မာကျမ်းထဲမှပုဂ္ဂိုလ်ကြီးများသည် သူတို့၏နေထိုင်မှုစာရိတ္တဖြင့် ဘဏ္ဍာစိုး၏အဓိပ္ပါယ်ကို ထင်ဟပ်ပြသခဲ့သည်။ အချို့ကျမ်းချက်များကပို၍ရှင်းလင်းသောစကားလုံးများဖြင့် ဘဏ္ဍာစိုးအကြောင်းကိုရေးသားထားသည်။ ဘုရားသခင်၏ဘဏ္ဍာစိုးတစ်ဦးဖြစ်လာလျှင် ကျွန်ုပ်တို့၏စွဲလမ်းမှုသည် လောကဥစ္စာပစ္စည်းမဟုတ်တော့ဘဲ၊ ဖန်ဆင်းရှင်နှင့်သူ၏အမှုတော်ကိုသာ စွဲလမ်းမှုရှိတော့သည်။ အာဒံနှင့်ဧဝကဲ့သို့ပင် ဘုရားရှင်က ကျွန်ုပ်တို့အားလုံးကို မူလတာဝန်၊ ဘုရားပေးတာဝန်တစ်ရပ်ဖြစ်သော ဘဏ္ဍာစိုးရာထူးကိုပေးထားသည်။ ဧဒင်ဥယျာဉ်ကျဆုံးသောအချိန်မှစ၍ ဘဏ္ဍာစိုး၏တာဝန်ပုံစံမှာ ပြောင်းလဲလာခဲ့သည်။ လောကရှိအရာများကိုလည်း ကြည့်ရှုပြုစုရမည့်တာဝန်ရှိလာသည့်အပြင် ကောင်းသောဝိညာဉ်ရေးအမှန်တရားကိုထိန်းသိမ်းသည့် ဘဏ္ဍာစိုးကောင်းတစ်ဦးဖြစ်ရန် တာဝန်ပေးခံရသည်။

**တနင်္ဂနွေ** **ဇန်နဝါရီ ၂၈**

**ဓမ္မဟောင်းအချိန်ဘဏ္ဍာစိုးများ**

ဘဏ္ဍာစိုးဟူသည့်စကားလုံးကို ဓမ္မဟောင်းတွင် အကြိမ်အနည်းငယ်ပြန်ဆိုထားသည်ကိုတွေ့ရသည်။ များသောအားဖြင့် "အိမ်ကိုထိန်းသိမ်း" ကြည့်ရှုရသောတာဝန်နှင့်သက်ဆိုင်သော စာကြောင်းများ၌တွေ့ရပြီး၊ အိမ်ကိုစီမံကွပ်ကဲရသောသဘောကို "ဘဏ္ဍာစိုး" ဟုခေါ်ဆိုဘာသာပြန်ထားသည်။ (ကမ္ဘာ ၄၃း၁၉။ ၄၄း၁၊၄။ ၃ရာ ၁၆း၉။) ဘဏ္ဍာစိုးတို့၏တာဝန်များမှာ သခင်၏အိမ်ကို စီမံအုပ်ချုပ်ကွပ်ကဲပေးရပြီး၊ သခင်၏ခိုင်းစေမှုမှန်သမျှကိုလုပ်ဆောင်ရသည်။ ဓမ္မဟောင်းကျမ်းမှရေးသားထားသော ဘဏ္ဍာစိုးစကားအခေါ်သည် ဘဏ္ဍာစိုးတစ်ဦး၏ပြုမူနေထိုင်ရသောအလုပ်ကို အရင်းခံပြီး

ခေါ်ဆိုရေးသားထားသည်။ ဘဏ္ဍာစိုးများသည် ဘဏ္ဍာကိုထိန်းသိမ်းရခြင်း အလုပ်နှင့် ခွဲခြားထား၍မရပါ။ အကြောင်းမှာ သူတို့၏သဏ္ဍာန်ရုပ်လုံးကို ပေါ်လွင်ပြသနေသောအရာဖြစ်သောကြောင့်ဖြစ်သည်။

သာ၍ရှင်းလင်းသောဘဏ္ဍာစိုး၏ရုပ်လုံးပေါ်လွင်မှုကို ဓမ္မဟောင်းကျမ်း၌ဖော်ပြပုံမှာ ပထမဦးစွာ ဘဏ္ဍာစိုးရာထူးကို ကြီးလေးသောတာဝန်တစ်ရပ်အဖြစ် သတ်မှတ်သည်။ (ကမ္ဘာဦး ၃၉း၄)။ ဘဏ္ဍာစိုးများအဖြစ်ရွေးချယ်ခံရခြင်းသည် သူတို့၏အရည်အချင်းများ၊ လေးစားခံရခြင်း၊ ပိုင်ရှင်မှယုံကြည်ရခြင်းနှင့် ပေးအပ်သမျှအလုပ်တာဝန်ကို ပြီးမြောက်အောင်မြင်အောင် လုပ်ဆောင်နိုင်ခြင်းတို့ကြောင့်ဖြစ်သည်။ ဒုတိယအနေဖြင့် ဘဏ္ဍာစိုးတို့သည် သူတို့အားအပ်ပေးသမျှသောအရာသည် သူတို့နှင့်မဆိုင်ဘဲ ပိုင်ရှင်နှင့်သာ သက်ဆိုင်ကြောင်းကို ကောင်းစွာနားလည်တတ်ကြသည်။ (ကမ္ဘာ ၂၄း၃၄–၃၈)။ ၎င်းအကြောင်းကိစ္စများကြောင့် ပိုင်ဆိုင်သူနှင့်ဘဏ္ဍာစိုးသည် လုံးလုံးခြားနားနေကြောင်း မြင်တွေ့ရပါသည်။ ဘဏ္ဍာစိုးများသည် သူတို့မည်သည့်နေရာ၌ရှိနေသည်ကို သဘောပေါက်ထားကြသည်။ တတိယအချက်မှာ၊ ဘဏ္ဍာစိုးများသည် သူတို့အားအုပ်ချုပ်စီမံခွင့်ပေးထားသော ဥစ္စာပစ္စည်းများကို ကိုယ်ကျိုးအတွက်အသုံးပြုမိလျှင် ပိုင်ဆိုင်သူပိုင်ရှင်နှင့် ဘဏ္ဍာစိုးတို့အကြား ယုံကြည်စိတ်ချမှုများ ပြိုကွဲသွားသည်။ ဘဏ္ဍာစိုးများလည်း အလုပ်ပြုတ်၊ ရာထူးပြုတ်သွားတော့သည်။ (ကမ္ဘာဦး ၃း၂၃။ ဟောရှေ ၆း၇)။

ဟေရှာယ ၂၂း၁၄–၁၈ ကိုဖတ်ကြည့်ပါ။ ဟေဇကိမင်းနန်းစံသောအချိန်၌ ရှေဗနကိုဘဏ္ဍာတော်စိုးနှင့်နန်းတော်အုပ်အရာကို ပေးထားသည့်ရာထူးနှစ်မျိုးလုံးသည် အလွန်အရေးကြီးသောရာထူးများဖြစ်သည်။ သူ၏ရာထူးကိုအလွဲသုံးစားလုပ်သောကြောင့် ဘာဖြစ်သွားသနည်း။



ဘဏ္ဍာစိုးသည် သူ၏သခင်နှင့်ထပ်တူညီသောသဘောပေါ်လွင်ရန်လိုပါသည်။ ဘဏ္ဍာစိုးတာဝန်ကို သူသည် လက်ခံထားသောကြောင့် သခင်၏စေခိုင်းမှုကိုလုပ်ဆောင်ရမည်။ သခင်စိတ်ဝင်စားသောအရာကို သူစိတ်ဝင်စားလာရမည်။ ဘဏ္ဍာစိုးတစ်ဦး၏ရာထူးသည် သခင်က ယုံကြည်စိတ်ချရသောဂုဏ်သိက္ခာရှိခြင်းကြောင့်ဖြစ်သည်။ တစ်ကိုယ်ကောင်းစိတ်နှင့် သခင်၏ဥစ္စာပစ္စည်းကို တစ်နည်းတစ်ဖုံအားဖြင့် မိမိကိုယ်ကျိုးအတွက်သုံးလျှင် သခင်၏ယုံကြည်မှုကိုပျက်ပြားစေလိမ့်မည်။” (E. G. White, Testimonies for the Church, vol. 9, p. 246).

ယနေ့ကျွန်ုပ်တို့အသက်တာ၌ရှိသော ဥစ္စာပစ္စည်းများကို ကွပ်ကဲစီမံရသောဘဏ္ဍာစိုးဖြစ်ကြောင်း မည်သို့ပို၍လေ့လာရန်လိုသေးသနည်း။ ပြုလုပ်သမျှအရာတို့၌ သေချာစဉ်းစားသင့်ပါသလား။

**တနင်္လာ** **ဇန်နဝါရီ ၂၉**

## ဓမ္မသစ်အချိန်ဘဏ္ဍာစိုးများ

ဘဏ္ဍာစိုးနှင့်ပတ်သက်သောစကားလုံးနှစ်လုံးကို ဓမ္မသစ်ကျမ်း၌တွေ့ရသည်မှာ “အပိထရိုပေါ့စ်” (epitropos) စကားလုံးကို သုံးကြိမ်တွေ့ရပြီး၊ “အွိုင်ကိုနိုမော့” (oikonomos) ကို (၁၀) ကြိမ်တွေ့ရသည်။ စကားလုံးတိုင်းမှာ ပိုင်ရှင်နှင့်တွဲဖက်ပြီး စီမံအုပ်ချုပ်ပေးရန် ဘဏ္ဍာစိုးအရာကိုခန့်အပ်ထားခြင်းဖြစ်ကြောင်း အဓိပ္ပါယ်သက်ရောက်သည်။

ဓမ္မသစ်မှာသော်လည်းကောင်း၊ ဓမ္မဟောင်းမှာသော်လည်းကောင်း၊ ဘဏ္ဍာစိုးများသည် မိမိတို့လုပ်ဆောင်နေသောအလုပ်အမျိုးအစားကိုအကြောင်းပြုပြီး အတည်ပြုခေါ်ဆိုခံထားရကြသည်။ ဓမ္မသစ်ကျမ်း၏ဖော်ပြချက်အရ၊ ဘဏ္ဍာစိုးကို ဥစ္စာအပ်နှင်းခြင်းခံရသူ (လုကာ ၁၂း၄၈)၊ ယုံကြည်အားထားခံရသူ (၁ကော ၄း၂) ဟုဖော်ပြပါသည်။ ဓမ္မဟောင်းမှ ဘုရားရှင်သည် အရာခပ်သိမ်းကိုပိုင်တော်မူပြီး ကျွန်ုပ်တို့ကိုဘဏ္ဍာစိုးအဖြစ် ခန့်အပ်ထားကြောင်း

ဖော်ပြသည်။ ထို့အတွက်ကြောင့် ဘဏ္ဍာစိုး၏သဘောသဘာဝသည် ခမ္မသစ်နှင့်ခမ္မဟောင်းနှစ်ရပ်လုံးမှ တူညီသောအလားသဏ္ဍာန်ကိုဖော်ညွှန်းထားနေခြင်းပင်ဖြစ်သည်။ ခမ္မသစ်ကျမ်းက အိမ်နှင့်ပစ္စည်းကိုသာ စီမံကွပ်ကဲရသောသဘောထက် ပိုမိုကျယ်ပြန့်သောသဘောကို ထားရှိပါသည်။

သစ္စာမဲ့သောဘဏ္ဍာစိုးပုံပမာ၌ (လုကာ ၁၆း၁–၁၅)၊ ယေရှုရှင်သည် ဘဏ္ဍာစိုး၏အဓိပ္ပါယ်ရှင်းလင်းချက်ကို အကျယ်တဝင့်ဖော်ပြခဲ့သည်။ ကိုယ်တော်၏သင်ခန်းစာ၌ ဘဏ္ဍာစိုးတစ်ဦးသည် ငွေကြေးပြဿနာထက် အခြားကိစ္စများ၌လည်းလွတ်ကင်းဖို့ရန် အထူးသဖြင့်ဝိညာဉ်ရေးကိုဖျက်ဆီးမည့်ကိစ္စမျိုးကိုလည်း ရှောင်ရှားနိုင်ရန်အရေးကြီးပါသည်။ ပညာရှိသောဘဏ္ဍာစိုးသည် ယေရှုကြွလာမည့်အချိန်ကိုမျှော်လင့်ပြီး၊ ယခုလောလောဆယ်လတ်တလောကိစ္စများကိုသာ ဖြေရှင်းခြင်းမျိုးမဟုတ်၊ အနာဂတ်ကိုမျှော်ကိုးပြီးမိမိကိုယ်ကိုပြင်ဆင်ထားတတ်သည်။ (မဿဲ ၂၅း၂၁)။

၁ကော ၄း၁၂။ တိတု ၁း၇ နှင့် ၁ပေ ၄း၁၀ ကိုဖတ်ကြည့်ပါ။ ဘဏ္ဍာစိုးနှင့်ဘဏ္ဍာစိုးနှင့်ဆိုင်သောအရာများအကြောင်း ဘာပြောထားသနည်း။

---

---

"ဘုရားသခင်မှငါ့ကိုယုံကြည်ပြီးအပ်နှင်းတော်မူမည့်စွမ်းရည်များ၊ တန်ခိုးများ ပိုမိုများပြားလာအောင် သန့်ရှင်းသောဝိညာဉ်တော်ဘုရားကို ငါ၏စိတ်နှလုံးဖွင့်ထားရမည်လား။ ငါသည် သခင်ခရစ်တော်မှပိုင်သောပစ္စည်းဖြစ်သည်။ သူ၏အမှုတော်၌ပါဝင်လုပ်ဆောင်နေသူဖြစ်သည်။ သူ၏ကျေးဇူးကရုဏာတော်၌ ငါသည် ဘဏ္ဍာစိုးရသောအခွင့်ကိုရသည်။ (Ellen G. White, Fundamentals of Christian Education, p. 301).

လုကာ ၁၂း၃၅–၄၈ တွင်လည်း ယေရှုရှင်ကိုယ်တော်တိုင်မှ ဘဏ္ဍာစိုးဟုခေါ်ဆိုသောအသုံးအနှုန်းကို သုံးထားသည်။ ယေရှုရှင်က ပညာရှိသောဘဏ္ဍာစိုးသည် ပြန်လည်ကြွဆင်းလာမည့်လူသားကိုမျှော်လင့်လျက် အဆင်သင့်



ပြင်ဆင်ထားသည်ဟုမိန့်တော်မူပြီး သစ္စာမရှိသောဘဏ္ဍာစိုးကိုမူ သခင်ပြန်လာခြင်းသည် နှောင့်နှေးလှသည်ဟုခံယူကာ နမော်နမဲ့သာနေသည်။ သစ္စာမရှိသောဘဏ္ဍာစိုးသည် မိမိပတ်ဝန်းကျင်ရှိလူများကို မတရားဖိနှိပ်မှုများပြုလျက်ရှိသည်။ ကောင်းမှုမပြု၊ ကရုဏာသနားခြင်းမရှိသော စီမံအုပ်ချုပ်သူတစ်ဦးဖြစ်နေတော့သည်။

ခရစ်တော်ကိုကျွန်ုပ်တို့လက်ခံသောအချိန်မှာ ကျွန်ုပ်တို့သည် ဘဏ္ဍာစိုးများဖြစ်လာကာ ဘုရားသခင်၏လုပ်ငန်းကြီးကို စီမံကွပ်ကဲကြရသည်။ ပို၍အရေးကြီးသည့်အရာမှာ ဝိညာဉ်ရေးရာကိစ္စများကိုစီမံကွပ်ကဲပြီး ကောင်းကင်နိုင်ငံတော်အတွက်ပြင်ဆင်သော ခရစ်ယာန်အသက်တာကို ပိုင်ဆိုင်ထားရန်လိုပါသည်။

လုကာ ၁၂း၄၅ ကိုဖတ်ကြည့်ပါ။ ကျွန်ုပ်တို့မျှော်လင့်ခြင်းအသင်းသားများသည် မကြာခဏပင်သခင်၏ပြန်လာခြင်းသည် အလွန်နှောင့်နှေးပါသည်ဟုခံစားကြရပြီး လိမ်လည်လှည့်ဖြားခြင်းခံနေကြရပါသလား။

**အင်္ဂါ** **ဇန်နဝါရီ ၃၀**

## ဘုရားသခင်၏လျှို့ဝှက်သောဘဏ္ဍာစိုးများ

ကောလောသဲ ၂း၂၃ နှင့် ၁တိ ၃း၁၆ ကိုဖတ်ကြည့်ပါ။ ဤကျမ်းချက်များမှ "လျှို့ဝှက်နက်နဲ" သောစကားသည် ဘာကိုအဓိပ္ပါယ်ဆောင်နေသနည်း။ ထို"နက်နဲ" သောအရာကို ကျွန်ုပ်တို့က အကန့်အသတ်နှင့်သာ နားလည်နိုင်ကြောင်း မည်သို့ပြောထားသနည်း။

---

---

နေမတ်အမျိုး ဇောဖာသည် ယောဘအား "သင်သည် ဘုရားသခင်၏ဇာတိတော်ကို စစ်၍တွေ့နိုင်သလော" (ယောဘ ၁၁း၇)။ "နက်နဲ" ဟုဆိုသောစကားသည် ရှုပ်ထွေးနေခြင်း၊ ကောင်းစွာမသိခြင်း၊ နားမလည်ခြင်း၊

ရှင်းပြမတတ်ခြင်း၊ နားလည်နိုင်ရန်မဖြစ်နိုင်ခြင်း စသည်တို့ဖြစ်သည်။ ဘုရားသခင်၏နက်နဲလျှို့ဝှက်ခြင်းအကြောင်းကို သမ္မာကျမ်းစာ၌ဖော်ပြထားသည်။ နားလည်သိရှိပါပြီဟုထင်နေသည့်တိုင် များစွာကျန်နေသေးသည်။ ထို့အတွက်ကြောင့် နက်နဲပါသည်ဟုခေါ်ဆိုရခြင်းဖြစ်သည်။ အဝေးမှုန်သောမျက်စိဖြင့် ကောင်းကင်သို့လှမ်းကြည့်ပြီး သေးငယ်သောအရာဝတ္ထုတစ်ခုကို အသေးစိတ်လေ့လာမည်ဟု မျှော်လင့်နေသူနှင့်တူညီနေသည်။ ဘုရားသခင်ကသာဖော်ပြခြင်းမရှိလျှင် ကျွန်ုပ်တို့လုံးဝမြင်နိုင်စွမ်းမရှိနိုင်ပါ။

တရားဟောရာကျမ်း ၂၉း၂၉ မှ ကျွန်ုပ်တို့ကိုဖော်ပြခြင်းအကြောင်းနှင့်ပတ်သက်ပြီး ဘာပြောထားသနည်း။

ကျွန်ုပ်တို့နားမလည်နိုင်သောအရာများကို ဘဏ္ဍာစိုးလုပ်နေရသည်။ ကျမ်းစာဖော်ပြသောအရာလောက်သာ ကျွန်ုပ်တို့သိရှိထားပါသည်။ အဓိကဘဏ္ဍာစိုးနှင့်ဆိုင်သောအသက်တာမှာ “ငါတို့ကိုခရစ်တော်၏အစေအပါးကဲ့သို့လည်းကောင်း၊ ဘုရားသခင်၏နက်နဲသောအရာတို့ကို စောင့်သောဘဏ္ဍာစိုးကဲ့သို့လည်းကောင်း” (၁ကော ၄း၁) ဟူ၍ဖော်ပြထားပါသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့ကိုဘဏ္ဍာစိုးအဖြစ် ခန့်အပ်ထားခြင်းအရာမှာ မိမိဖော်ပြသောအမှန်တရားကို ထိန်းသိမ်းထားရန်၊ သွန်သင်ပေးရန်၊ ကာကွယ်ပေးရန်နှင့်စောင့်ရှောက်ရန်အတွက်ဖြစ်သည်။ ၎င်းအရာတို့သည် ဘဏ္ဍာစိုးဆိုင်ရာလုပ်ငန်းစဉ်ပင်ဖြစ်သည်။ ပို၍လေးနက်သောအဓိပ္ပါယ်မှာ “ကိုယ်ကိုကိုယ်သိသောစိတ်စင်ကြယ်သည်နှင့် ယုံကြည်ခြင်း၏နက်နဲသောအရာကို စွဲလမ်းသောသူဖြစ်ရကြမည်။ (၁တိ ၃း၉)။

အကြီးမြတ်ဆုံးနက်နဲသောအရာမှာ ကျွန်ုပ်တို့သည် ခရစ်တော်ဘုရားကိုမြည်းစမ်းကြည့်ရန်ဖြစ်သည်။ ကိုယ်တော်ရှင်သည် “ဘုန်းတော်၏မျှော်လင့်ခြင်းဖြစ်သည်။ ကယ်တင်ခြင်းစီမံကိန်းကြီးသည် သဘာဝဖြစ်စဉ်ထက်လွန်ပြီး ကျွန်ုပ်တို့အပြည့်အဝနားလည်ရန် မဖြစ်နိုင်သောအရာဖြစ်သည်။ အရာခပ်သိမ်းကို မိမိ၏လက်တော်နှင့်ဖန်ဆင်းသော ဖန်ဆင်းရှင် (ယော ၁း၁–၃) သည်



ဤလောကသို့ကြွဆင်းပြီး “လူ၏အသွေးအသားကိုခံယူ” မည်။” (Ellen G . White, Manuscript Releases, vol. 6, p. 112). လူသားတစ်ရပ်လုံး၏အပြစ်အားလုံးအတွက် မိမိကိုယ်ကိုဆက်ကပ်ပူဇော်ရန်အကြောင်းသည် ဖန်ဆင်းခြင်းခံသတ္တဝါများ ဘယ်နည်းနှင့်မျှသဘောပေါက်နားလည်နိုင်မည့် ကိစ္စတစ်ခုမဖြစ်နိုင်ပါ။ ကောင်းကင်တမန်များပင်လျှင် ဘာကြောင့်ယေရှုရှင်လောကသို့ကြွလာရသော နက်နဲသည့်အကြောင်းကိုနားလည်ရန် လေ့လာနေရသည်။ (၁ပေ ၁း၁၂)။ မည်သည့်အကြောင်းကြောင့်ပင်ဖြစ်ပါစေ၊ ကောင်းကင်တမန်များသည် ကိုယ်တော်၏ကောင်းမြတ်ခြင်းနှင့် ဘုန်းတော်ကြီးခြင်းကိုသာချီးမွမ်းကြရန် ကျွန်ုပ်တို့ကိုတိုက်တွန်းပါသည်။ (ဗျာဒိတ် ၅း၁၃ ကိုဖတ်ကြည့်ပါ။)

သင်သည် ဧဝံဂေလိတရားအတွက် ဘဏ္ဍာစိုးဖြစ်ရန် ခေါ်တော်မူခြင်းခံရပြီ။ သင်၌အလိုအလျောက် မည်သည့်တာဝန်ဝတ္တရားရှိနေပြီနည်း။

**ဗုဒ္ဓဟူး** **ဇန်နဝါရီ ၃၁**

## ဝိညာဉ်ရေးရာသမ္မာတရား၏ဘဏ္ဍာစိုးများ

ဘဏ္ဍာစိုးဆိုင်ရာအကြောင်းကို စဉ်းစားသောအခါ လက်တွေ့ရှိရင်းစွဲအမှန်ကိုပေါ်လွင်စေရန်သာ စဉ်းစားလေ့ရှိသည်။ သို့သော် ကျွန်ုပ်တို့မမြင်နိုင်သောအတိုင်းအတာထက် ဝေးသည့်နေရာအထိ ဘဏ္ဍာစိုးအရာသည် ရောက်ရှိနေတတ်သည်။ မျက်မြင်ရသောဥစ္စာပစ္စည်းနှင့် မမြင်နိုင်သောကောင်းချီးနှစ်ရပ်လုံးသည် ဘုရားသခင်ထံမှလာသည်။ ထိုမျက်မြင်မရ၊ ကိုင်တွယ်၍မရသော ဝိညာဉ်ရေးပိုင်ဆိုင်ခွင့်ကို ဘုရားသခင်မှကျွန်ုပ်တို့အားပေးသနားထားသည်။ (၁ပေ ၄း၁၀)။ ထို့ကြောင့် သခင်ခရစ်တော်၌ ကျွန်ုပ်တို့သည် ခရစ်ယာန်၏စာရိတ္တကိုမြှင့်တင်နိုင်ပြီး ကိုယ်တော်၌တစ်လုံးတစ်ဝတည်းဖြစ်စေနိုင်သော လူသားများဖြစ်လာသည်။ ထို့ကြောင့် မျက်မြင်ကိုင်တွယ်၍ရသော ဥစ္စာပစ္စည်းကို စီမံအုပ်ချုပ်ကွပ်ကဲရသည်ထက် မျက်မြင်မရ၊ ကိုင်တွယ်

မရနိုင်သော ကောင်းချီးလက်ဆောင်ကို ပိုမိုအလေးထားစီမံအုပ်ချုပ်ထိန်းသိမ်းရန်လိုသည်။ အကြောင်းမှာ ၎င်းတို့သည် အကန့်အသတ်မရှိ၊ တန်ဖိုးဖြတ်၍မရသောအရာဖြစ်သည်။

ဖေက် ၆း၁၃–၁၇ ကိုဖတ်ကြည့်ပါ။ ကျွန်ုပ်တို့ကိုဘဏ္ဍာစိုးများဖြစ်စေရန် ဘုရားသခင်မှဘာများပေးထားသနည်း။ ထိုအရာများကို မှန်ကန်စွာစီမံထိန်းသိမ်းရန် ကျွန်ုပ်တို့အတွက်ဘာကြောင့်အလွန်အရေးကြီးသနည်း။

---

---

ဘုရားသခင်ပေးသောကျေးဇူးတော်လက်ဆောင်ကား၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း။ (ရောမ ၆း၂၃)။ လောကနှင့်လောကရှိအရာများအားလုံးသည် ခရစ်တော်ပေးသောရွေးနုတ်ခြင်းမျိုးကို မစွမ်းဆောင်နိုင်ပါ။ ရွေးနုတ်ခြင်းသည် ဘုရားသခင်မှကျွန်ုပ်တို့အားပေးသောဆုလက်ဆောင်ဖြစ်သည်။ ကျွန်ုပ်တို့ပိုင်ဆိုင်သမျှ၌ တန်ဖိုးအကြီးဆုံးဖြစ်သည်။ ထိုရွေးနုတ်ခြင်းလက်ဆောင်ကို ကျွန်ုပ်တို့တန်ဖိုးထားခြင်းဖြင့် အခြားသောဘုရားရှင်ပေးထားသော ဥစ္စာပစ္စည်းအားလုံးကိုလည်း အမြော်အမြင်နှင့်ထိန်းသိမ်းစောင့်ရှောက်နိုင်ပေမည်။

"ကပ်တိုင်တော်ထက်မှ ဖြာဆင်းလာသောအလင်းတော်အားဖြင့်သာ လောကကြီး၏အကြောင်းကို ရှင်းလင်းကြည်လင်စွာဖတ်ရှုနိုင်ပါမည်။ ဗက်လင်မြို့၏ရာဇဝင်နှင့် ကပ်တိုင်၏မှတ်တမ်းများမှာ ရန်သူစာတန်ကို အကောင်းဆုံးမည်သို့တိုက်လှန်ရမည်ကို သင်ခန်းစာပေးနိုင်သည်။ ကျွန်ုပ်တို့ထံရောက်လာသမျှသော ကောင်းချီးမင်္ဂလာများသည် ရွေးနုတ်ခြင်း၏လက်ဆောင်ပင်ဖြစ်သည်။ (Ellen G . White, Education, p. 101).

ရွေးနုတ်ခြင်းကို ကျွန်ုပ်တို့ရရှိပိုင်ဆိုင်ရခြင်းမှာ ခရစ်တော်သည် လိုသမျှအဖိုးကိုပေးဆပ်ပေးပြီးဖြစ်သောကြောင့်ဖြစ်သည်။ ရှင်ပေါလုက "ထိုသားတော်၏အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနုတ်





တော်မူခြင်းကျေးဇူးကို ငါတို့သည်ခံရကြ၏။ (ဖေက် ၁း၈)။ "ငါတို့ခံရကြ၏" ဟူသောစကားသည် ငါတို့ "ရွေးနုတ်ခံရပြီ" နှင့်တူညီနေပါသည်။ ကျွန်ုပ်တို့ခံရသော်လည်း ဘုရားသခင်ကပေးကြောင်းကို သတိရပါ။ "ဘုရားသခင်ပြင်ဆင်တော်မူသောလက်နက်စုံကို" မည်သို့ဝတ်ဆင်ရန်စိတ်ဆုံးဖြတ်မည်နည်း။ (ဖေက် ၆း၁၁)။ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့အလေးမထား၊ ဂရုမစိုက်လျှင် စာတန်သည် ကျွန်ုပ်တို့ကိုအနိုင်တိုက်သွားလိမ့်မည်။ (ဖေက် ၆း၁၇)။ ကျွန်ုပ်တို့၏အလုံခြုံဆုံးကွယ်ကာရာအရပ်သည် နားထောင်လိုက်လျှောက်ခြင်း၊ ယုံကြည်ခြင်းဖြင့်ရရှိထားသောအလင်းကို စွဲကိုင်ထားခြင်းဖြစ်သည်။

ဖေက် ၆း၁၃–၁၇ ကိုဖတ်ကြည့်ပါ။ ဘုရားသခင်၏လက်နက်စုံကို မည်သို့ဝတ်ဆင်မည်နည်း။ ထိုလက်နက်စုံများကြောင့် ကျွန်ုပ်တို့ဘဏ္ဍာစိုးကောင်းများ မည်သို့ဖြစ်နိုင်မည်နည်း။

**ကြာသပတေး** **ဖေဖော်ဝါရီ ၁**

## ဘဏ္ဍာစိုးများကဲ့သို့ ကျွန်ုပ်တို့၏တာဝန်များ

ပညာရှိသောဘဏ္ဍာစိုးများသည် ၎င်းတို့၏လိုအင်ဆန္ဒနှင့်တာဝန်တာထမ်းစိတ်ထားစည်းကမ်းများကို အစစ်ဆေးခံနိုင်သည်။ ကိုယ်ပိုင်တာဝန်ဝတ္တရားကိုလက်ခံခြင်းသည် ကျွန်ုပ်တို့၏ရွေးချယ်ခြင်းနှင့်လုပ်ဆောင်မှုကိုပေါင်းစပ်ထားသည်။ ဖြစ်လာမည့်အကြောင်းနှင့်အကျိုးဆက်ကို သဘောတူလက်ခံထားခြင်းဖြစ်သည်။ တာဝန်ကိုလက်ခံလိုစိတ်သည် ဘဏ္ဍာစိုးတစ်ဦးလျစ်လျူရှု၍မရသောအရာဖြစ်သည်။ ဘဏ္ဍာစိုးသည် အတွေးကိုတစ်လမ်းတည်းသွားရမည်။ ထိုအတွေးမှာ ပိုင်ရှင်အတွက်အကောင်းဆုံးဖြစ်စေရမည်ဟု စိတ်ထဲအမြဲထားရမည်။ ဘုရားသခင်နှင့်ဖက်စပ်လုပ်ဆောင်သောဘဏ္ဍာစိုးမည်သည် ထိုကဲ့သို့သောစိတ်မျိုးသာရှိရမည်။

“ဘုရားသခင်သည် လူသားများကို သူ၏အထံတော်သို့တိုက်ရိုက်ရောက်လာစေချင်သည်။ လူသားများနှင့်ဆက်ဆံရာ၌ ကိုယ်ပိုင်တာဝန်ယူမှုကိုအလေးထားသည်။ တစ်ဦးတစ်ယောက်စီတိုင်းကို ဘုရားသခင်ကိုသာမှီခိုတတ်ရန်၊ လမ်းပြခြင်းကိုခံရန် အားပေးတိုက်တွန်းပါသည်။ ကိုယ်တော်၏ဆုလာဘ်တော်သည် လူတိုင်းကိုကိုယ်စီအပ်နှင်းထားတော်မူ၏။ သန့်ရှင်းသောကိုးစားမှုရှိသည့်ဘဏ္ဍာစိုးအဖြစ် လူတိုင်းကိုဘုရားသခင်ပြုပြင်ထားပြီးဖြစ်သည်။ ဆုလာဘ်တော်ကိုပေးသောသူနှင့် ဆက်သွယ်သောအခါ ကိုးစားယုံကြည်မှုအပြည့်ရှိရမည်။ ဘဏ္ဍာစိုးနှင့်ဆိုင်သောအင်္ဂါအတာအားလုံးကို ဘုရားသခင်အားအပ်နှင်းဆက်ကပ်ထားရမည်။ (Ellen G . White, Testimonies for the Church, vol. 7, p. 176).

ဘဏ္ဍာစိုး၏တာဝန်ကို ကျွန်ုပ်တို့လက်ခံရရှိပြီးချိန်၌ ထိုတာဝန်ကိုအခြားသူတစ်ဦးဦး၊ အဖွဲ့အစည်းတစ်ခုခုဆီသို့ လွှဲပြောင်းခြင်းမပြုရပါ။ ကျွန်ုပ်တို့၏ကိုယ်ပိုင်တာဝန်ဝတ္တရားဆောင်ရွက်ခြင်းသည် ဘုရားသခင်၏ဘုန်းကိုထင်ရှားစေရန်၊ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိလူများကို အကျိုးသက်ရောက်စေရန်သာရှိသည်။ (ကမ္ဘာဦး ၃၉း၉)။ ဒံယေလ ၃း၁၆ ကိုလည်းဖတ်ကြည့်ပါ။ ကျွန်ုပ်တို့၏တာဝန်ကို အကောင်းဆုံးအရည်အချင်းများနှင့် ကိုင်စွဲထားနိုင်မည်။ ဘုရားရှင်၏ရှေ့တော်၌ အောင်မြင်သူဖြစ်ရန်မှာ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုမှီခိုရန်လိုအပ်သည်။ ကျွန်ုပ်တို့၏သန့်ရှင်းဖြောင့်မတ်ခြင်း၊ ဉာဏ်ပညာအစွမ်းကိုအားကိုး၍မရနိုင်ပါ။

၂ကော ၅း၁၀ ကိုဖတ်ကြည့်ပါ။ ပညာရှိဘဏ္ဍာစိုးတစ်ဦး၏အကြောင်းကို သင်မည်သို့နားလည်သနည်း။

---

---

“စိတ်ဆန္ဒ၏လွတ်လပ်ခွင့်” အကြောင်းနှင့်ပတ်သက်သော ခက်ခဲသည့်မေးခွန်းကို ရာစုနှစ်ပေါင်းများစွာ ဘုရားအကြောင်းလေ့လာသူနှင့်အတွေး



အခေါ်ပညာရှင်တို့ တစ်ဖက်နှင့်တစ်ဖက်အချေအတင်ဖြစ်ကြသည်။ သို့သော်သမ္မာကျမ်းစာသည် အလွန်ရှင်းလင်းလှပါသည်။ ကျွန်ုပ်တို့လူသားများဖြစ်သောကြောင့် လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်၊ စိတ်ဆန္ဒအတိုင်းလွတ်လပ်ခွင့်ကိုဘုရားသခင်ပေးထားပါသည်။ ကျွန်ုပ်တို့၏စိတ်ဆုံးဖြတ်ချက်သာလျှင် အဓိကဖြစ်ပါသည်။ ကျွန်ုပ်တို့မှာ ကိုယ်ပိုင်တာဝန်ဝတ္တရားရှိကြ၏။ ဘုရားသခင်၏ကျေးဇူးကရုဏာတော်ကြောင့် ကျွန်ုပ်တို့လုပ်ဆောင်လေသမျှသည် မှန်ကန်သောရွေးချယ်မှု၊ မှန်ကန်သောဆုံးဖြတ်ချက်ကိုရရှိသည်။ သခင်ပိုင်သောအရာအားလုံးကို သစ္စာရှိစွာစီမံရန်အခွင့်လည်း ကျေးဇူးတော်ကြောင့်ကျွန်ုပ်တို့ရရှိနေရသည်။

**သောကြာ** **ဖေဖော်ဝါရီ ၂**

**ထပ်ဆင့်လေ့လာရန်။**

ဘဏ္ဍာစိုးဟု ဓမ္မဟောင်းမှဖော်ပြသောစကားသည် စကားလုံးတစ်လုံးတည်းမှာဘာသာပြန်ထားခြင်းမဟုတ်ဘဲ၊ စကားစုတစ်ခုမှဘာသာပြန်ဆိုထားသည်။ “အရှာအယ်ဘိတ်” (asher al bayt) သည် အိမ်ကိုစောင့်သောသူသို့မဟုတ် အိမ်ကိုအုပ်စိုးသောသူဟု အဓိပ္ပါယ်ရှိသည်။ ဥပမာ၊ ကမ္ဘာဦးကျမ်း ၄၃း၁၉ ကို ဤကဲ့သို့ဘာသာပြန်ဆိုနိုင်သည်။ ယောသပ်၏ “အိမ်ကိုစီမံသောဘဏ္ဍာစိုး” အနီးသို့ချဉ်းကပ်၍ တံခါးနားမှာနှုတ်ဆက်လျက်ဟု ပြန်ဆိုနိုင်သည်။ မိသားစုမနေထိုင်သောအိမ်တစ်လုံးသည် အိမ်တစ်လုံးမျှသာဖြစ်သည်။ လူမနေသောအိမ်ကိုပိုင်ဆိုင်ရသော်လည်း ဘာအကျိုးထူးမည်နည်း။ ဘဏ္ဍာစိုးသည် တန်ဖိုးရှိသည့်လူနေသောအိမ်ကိုစီမံကွပ်ကဲရန် ယုံကြည်စွာအပ်နှင်းခြင်းခံထားရသူဖြစ်သည်။ သို့သော် ဥစ္စာပစ္စည်းများကို သူမပိုင်ရပါ။ တစ်ဦးတစ်ယောက်မှယုံကြည်စိတ်ချ၍ ထိုပစ္စည်းများထက် သူ့ကိုတန်ဖိုးထားကာထိုပစ္စည်းဥစ္စာများကို အုပ်စိုးခွင့်ပေးထား၏။

ထိုအတွေးအခေါ်အတိုင်းပင် ဓမ္မသစ်အချိန်၌လည်း ဓမ္မဟောင်းမှ အတွေးအခေါ်ကိုယူပြီး ပထမရာစုနှစ် ခရစ်ယာန်အသင်းတော်များပုံတူကူး အတုယူခဲ့ကြသည်။ အယူအဆများနှင့်စကားအသုံးအနှုန်းကို ပိုမိုကြွယ်ဝ ဆန်းသစ်လာကာ ကျယ်ကျယ်ပြန့်ပြန့်ဘဏ္ဍာစိုးဆိုင်ရာအကြောင်းကို သွန်သင်ခဲ့သည်။ ဂရိစကား၏ဝေါဟာရမှ ဘဏ္ဍာစိုးနှင့်ဆက်နွယ်နေသည့်စကားလုံးမှာ "အိုင်းခေါစ်" သို့မဟုတ် "အိုင်းခိုယား" ဖြစ်ပြီး၊ "အိမ်" ဟုအဓိပ္ပါယ်ရှိပါသည်။ "အိုင်ခိုနိုမော့စ်" စကားသည် အိမ်ကိုကြည့်ရှုသူဟုအဓိပ္ပါယ်ရှိသည်။ သို့မဟုတ် ဘဏ္ဍာစိုး၊ မန်နေဂျာဖြစ်သည်။ "အိုင်ခိုနိုးမီယား" အိမ်ကိုအုပ်ချုပ်ခြင်းဟု အဓိပ္ပါယ်ရပါသည်။ အခြားကျယ်ပြန့်သောအဓိပ္ပါယ်များလည်းရှိပါသည်။ Handbook of Seventh-day Adventist Theology (Hagerstown, Md: Review and Herald Publishing Association, 2000), p. 653.

## ဆွေးနွေးရန် မေးခွန်းများ

(၁) အာဒံသည် ကောင်းမကောင်းသိကျွမ်းရာအပင်၏အသီးကို စားမိပြီးသည်နောက် မိမိ၏အမှားကိုတာဝန်ယူရမည့်အစား ဘုရားသခင်ကို ဘာစကားပြောခဲ့သနည်း။ (ကမ္ဘာဦး ၃း၁၂)။ ပထမဦးဆုံးလူသားများသည် မိမိတို့ယူရမည့်တာဝန်ကိုမယူဘဲ တစ်ဦးအပေါ်တစ်ဦးလွဲချခဲ့သည်မှာ အလွန်စိတ်ဝင်စားစရာကောင်းလှသည်။ မိမိတို့၏ပြုလုပ်ခဲ့သောအပြုအမူကြောင့် တာဝန်ယူရတော့မည့်အချိန်တွင် သူတို့ဘယ်ကဲ့သို့တုံ့ပြန်ခဲ့သနည်း။ ကျွန်ုပ်တို့၏ကိုယ်ပိုင်ဆန္ဒတာဝန်သိမှု မည်သို့ရှိသင့်သနည်း။ ကျွန်ုပ်တို့ပြုလုပ်မိသောအမှားကြောင့် အခြားသူကိုအပြစ်မတင်မိရန် ရှောင်ရှားသင့်ပါသလား။

(၂) မျက်မြင်မရသောဝိညာဉ်ရေးကို ဘဏ္ဍာစိုးနေရခြင်းနှင့်ပတ်သက်၍ သင်မည်သို့နားလည်သနည်း။ သင်မည်သို့စီမံအုပ်ချုပ်မည်နည်း။



(၃) ဗျာဒိတ်ကျမ်း ၁၄း၆–၁၂ အထိဖော်ပြသော ကောင်းကင်တမန်သုံးပါး၏သတင်းစကားကို စဉ်းစားပါ။ ဘဏ္ဍာစိုးနှင့်ပတ်သက်သောတာဝန်ဝတ္တရားတစ်မျိုးတစ်မည်ကို ကျွန်ုပ်တို့အားပေးထားပါသလား။

(၄) ဝိညာဉ်ရေးရာနှင့်ပတ်သက်သောအရာကိုသင်ယူလေ့လာရန် ကျွန်ုပ်တို့အတွက်ဘာကြောင့်အလွန်အရေးကြီးသနည်း။ ကျွန်ုပ်တို့အပြည့်အဝနားမလည်သော်လည်း လောက၏လမ်းကို တစ်နည်းမဟုတ်တစ်နည်းအားဖြင့် ကျွန်ုပ်တို့လိုက်လျှောက်နေသလား။

–ဝ–

## သင်ခန်းစာ (၆)
# ဘဏ္ဍာစိုးတစ်ဦး၏အမှတ်လက္ခဏာ
## ဖေဖော်ဝါရီ ၃ – ၉

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဖေဖော်ဝါရီ ၃**

**ဖတ်ရန်ကျမ်းချက်များ။** ဟေဗြဲ ၁၁း၈–၁၂။ ရောမ ၄း၁၃၊၁၈–၂၁။ မဿဲ ၆း၂၄။ ဟေဗြဲ ၉း၁၄။ ၁ယော ၅း၂၊၃။ လုကာ ၁၆း၁၀–၁၂။

**အလွတ်ကျမ်းချက်**

**"ခရစ်တော်၏အစေအပါးကဲ့သို့လည်းကောင်း၊ ဘုရားသခင်၏နက်နဲသောအရာတို့ကိုစောင့်သော ဘဏ္ဍာစိုးကဲ့သို့လည်းကောင်း၊ သူတစ်ပါးသည်ငါတို့ကိုမှတ်ပါစေ။ ထိုမှတစ်ပါး၊ ဘဏ္ဍာစိုးမည်သည်ကား၊ သစ္စာရှိရမည်" (၁ကော ၄း၁၊၂)။**

ဘဏ္ဍာစိုးများကို သူတို့၏တံဆိပ်ကြောင့်လည်းကောင်း၊ ပေါ်လွင်သောအမှတ်အသားတစ်မျိုးမျိုးကြောင့်လည်းကောင်း သိရှိနိုင်သည်။ ဥပမာ၊ အရောင်းဝန်ထမ်းများသည် အရောင်းတံဆိပ်အမှတ်အသားကြောင့် သူတို့ကိုခွဲခြားသိရှိနိုင်သလိုဖြစ်သည်။ ထိုအမှတ်တံဆိပ်ကြောင့် လူများစွာတို့သည် ကျော်ကြားမှုကိုရရှိကြသည်။

ခရစ်ယာန်ဘဏ္ဍာစိုး၏အမှတ်အသား၊ တံဆိပ်သည် ခရစ်တော်၏မေတ္တာတော်ကိုထင်ဟပ်စေခြင်းဖြစ်သည်။ ခရစ်တော်အတိုင်း ကျွန်ုပ်တို့လေ့ကျင့်နေထိုင်လျှင် ကျွန်ုပ်တို့၏အမှတ်လက္ခဏာသည် ပေါ်လွင်လာလိမ့်မည်။ ကျွန်ုပ်တို့၏အမှတ်အသားသည် ခရစ်တော်၏အမှတ်အသားပင်ဖြစ်သည်။ ကျွန်ုပ်တို့၌ပေါ်လွင်သမျှသည် ခရစ်တော်နည်းတူဖြစ်လိမ့်မည်။ (၁ကော ၆း၁၇)။



ယခုအပတ်လေ့လာရန်သင်ခန်းစာသည် ဘုရားသခင်၏ဘဏ္ဍာစိုးများ၌ ပေါ်လွင်သောအမှတ်အသားနှင့်အမည်များအကြောင်းဖြစ်သည်။ ထိုအရာများသည် ခရစ်တော်ပြန်လည်ကြွလာဖို့ရန် ကျွန်ုပ်တို့မျှော်လင့်ရင်း အမှန်တရားအတွက်ပေးအပ်ထားသော ဘဏ္ဍာစိုးအရာကို သစ္စာရှိစွာလုပ်ဆောင်ရန်ဖြစ်သည်။ ပေါ်လွင်ထင်ရှားသောအရာမှန်သမျှသည် လောကကိုကြွဆင်းကာ ပျောက်ဆုံးသူများကိုကယ်တင်ခဲ့သော ခရစ်တော်ရှင်ကိုသာထင်ရှားစေရန်အတွက်ဖြစ်သည်။ ထိုပေါ်လွင်လာသော ကိုယ်တော်၏အစွမ်းကိုလေ့လာလေလေ၊ ကျွန်ုပ်တို့၏အတ္တပေမဝါဒကို စွန့်လွှတ်နိုင်လေလေဖြစ်မည်။ ဘုရား၏စာရိတ္တတော်သည် ချစ်ခြင်းမေတ္တာပင်ဖြစ်သည်။ ကိုယ်တော်၏တန်ခိုးတော်အင်အားအလုံးစုံသည် ကျွန်ုပ်တို့ကိုလွှမ်းမိုးလာပြီး ယနေ့အသက်တာမှသည် ထာဝရငြိမ်းချမ်းသောအချိန်အထိ လျှောက်လှမ်းသွားနိုင်ပါလိမ့်မည်။

**တနင်္ဂနွေ** **ဖေဖော်ဝါရီ ၄**

**သစ္စာရှိခြင်း**

ထိုမှတစ်ပါး၊ ဘဏ္ဍာစိုးမည်သည်ကား သစ္စာရှိရမည်။ (၁ကော ၄း၂)။ တိုက်ခိုက်ရန်နှင့်အောင်မြင်ရန် "ကောင်းသောယုံကြည်ခြင်း၏တိုက်လှန်ခြင်း" သည် (၁တိ ၆း၁၂)၊ ဘဏ္ဍာစိုးတစ်ဦးဆုံးဖြတ်ရမည့်အရာဖြစ်သည်။ "သစ္စာ" ရှိခြင်း၌ ဘုရားသခင်သည် မည်သို့ရှိပြီး ကျွန်ုပ်တို့၏အထဲ၌ မည်သို့ဝင်ရောက်လုပ်ဆောင်နေကြောင်းကိုပြသသည်။ သစ္စာထားသည်၊ သစ္စာစောင့်သည်ဟုပြောဆိုရာ၌ ကျွန်ုပ်တို့အတွက်မှန်သည်ဟု ယူဆသောအရာဘက်သို့လိုက်ခြင်းကိုဆိုလိုပါသည်။ အထူးသဖြင့် ဝိညာဉ်ရေးတိုက်ပွဲများတွင်ဖြစ်သည်။

အမှားနှင့်အမှန်စပ်ကြား ဝိညာဉ်ရေးရှုပ်ထွေးမှုများတွင် အကောင်းနှင့်အဆိုးသည် အမြဲပါလာစမြဲဖြစ်သည်။ ၎င်းတို့သည် ယုံကြည်ခြင်းတိုက်ပွဲတွင် ဝင်ရောက်ပါဝင်လေ့ရှိသည်။ မည်သည့်အခြေအနေမျိုး၌မဆို ဘဏ္ဍာစိုး

တစ်ဦး၏ဆုံးဖြတ်ချက်အမှတ်လက္ခဏာမှာ "သစ္စာရှိခြင်း" ပင်ဖြစ်သည်။ သင်သည် ကြွယ်ဝချမ်းသာခြင်းကိုခင်တွယ်လျှင် ဘုရားသခင်မှသတိပေးထားသောငွေကို တပ်မက်ခြင်း၏အန္တရာယ်အကြောင်းကိုသတိရပြီး ဘုရားသခင်ကိုသစ္စာရှိပါ။ နာမည်ကျော်ကြားခြင်းကိုသင်နှစ်သက်လျှင် ဘုရားသခင်၏နှုတ်တော်ထွက်စကားမှ နှိမ့်ချခြင်းအကြောင်းကိုသတိရပြီး ဘုရားသခင်အပေါ်သစ္စာရှိပါ။ တပ်မက်ခြင်းနှင့်သင်ရန်းကန်တိုက်ပွဲဝင်နေရလျှင် သန့်ရှင်းခြင်း၏ကတိတော်ကိုသတိရပြီး ဘုရားရှင်ကိုသစ္စာရှိပါ။ အာဏာတန်ခိုးလိုချင်လျှင်၊ ဘုရားသခင်မိန့်မှာထားသော တစ်ပါးသူ၏အစေကိုခံလော့ကိုသတိရပါ။ သစ္စာရှိမည်လား၊ သစ္စာမဲ့မည်လား။ ထိုရွေးချယ်ခြင်းသည် စက္ကန့်ပိုင်းအတွင်းဆုံးဖြတ်နိုင်သော်လည်း ၎င်း၏အကျိုးဆက်မှာ ထာဝရအထိသက်ရောက်သွားသည်။

ဟေဗြဲ ၁၁း၈–၁၂၊၁၇–၁၉ နှင့် ရောမ ၄း၁၃၊၁၈–၂၁ ကိုဖတ်ကြည့်ပါ။ ထိုကျမ်းချက်များသည် ကျွန်ုပ်တို့ကိုသစ္စာရှိရန်အကြောင်း မည်သို့သွန်သင်သနည်း။

ဟေဗြဲဝေါဟာရ၌ "သစ္စာရှိခြင်း" ၏အဓိပ္ပါယ်မှာ "ယုံကြည်ကိုးစားခြင်း" ဟူ၍လည်းပြန်ဆိုနိုင်သည်။ "အာမင်" ဟုဟေဗြဲစကားကို ကျွန်ုပ်တို့အသုံးပြုလေ့ရှိသောအခါ၌လည်း "အစိုင်အခဲ" ကြီးဖြစ်စေခြင်း၊ "ခိုင်ခံ့" မြဲမြံစေခြင်းဟု အဓိပ္ပါယ်ရသည်။ သစ္စာရှိခြင်းဆိုသည်မှာ ကျွန်ုပ်တို့စမ်းသပ်ခံ၊ စုံစမ်းခံရသော်လည်း ခိုင်ခိုင်မြဲမြဲရှိသည်။ ဘုရားရှင်ကိုသာအမြဲကိုးစားယုံကြည်သည်ဟု အဓိပ္ပါယ်ရှိသည်။

ဇက္ကရာဇ်မင်း၏ရှေ့၌ စကားပြောရန်အတွက် မာတင်လူးသာသည် "ကျမ်းစာဖတ်ခြင်း၊ သူ၏ရေးသားထားသောအရာများကို ပြန်၍လေ့လာခြင်းဖြင့် သင့်လျော်သလိုပြန်၍ချေပပြောဆိုရန်အတွက် အဆင်သင့်ပြင်ဆင်



ထားသည်။. . . သန့်ရှင်းသောနှုတ်ကပတ်တော်ကို ချဉ်းကပ်သည်။. . . မိမိ၏လက်ဝဲဘက်ကို သမ္မာကျမ်းအားညွှန်ပြပြီး၊ မိမိ၏လက်ယာဘက်လက်ဖြင့် ကောင်းကင်သို့ညွှန်ပြကာ ဧဝံဂေလိတရားအပေါ်သစ္စာရှိရှိ၊ ယုံကြည်ခြင်းအားနည်းခဲ့လျှင် မရှက်မကြောက်ဝန်ချတောင်းပန်ရုံမကဘဲ သူ၏သွေးဖြင့်ပင်သက်သေခံခဲ့သည်။" J. H Merle d' Aubigne, History of the Reformation (New York : The American Tract Society, 1846), vol. 2, book 7, p. 260.

ဗျာဒိတ် ၂း၁၀ ကိုဖတ်ကြည့်ပါ။ ဘုရားသခင်နှင့်ကျွန်ုပ်တို့လျှောက်လှမ်းခြင်းအသက်တာ၌ "သေသည်တိုင်အောင်သစ္စာစောင့်လော့" ဟုဆိုသောစကားသည် မည်သည့်အဓိပ္ပါယ်ဆောင်သနည်း။

**တနင်္လာ** **ဖေဖော်ဝါရီ ၅**

**ကျေးဇူးစောင့်သိခြင်း**

"အဘယ်သူမျှသခင်နှစ်ဦးအစေကိုမခံနိုင်။ သခင်တစ်ဦးကိုမုန်း၍တစ်ဦးကိုချစ်မည်။ သခင်တစ်ဦးကိုမှီခို၍၊ တစ်ဦးကိုမခန့်မညားပြုမည်။ သင်တို့သည် ဘုရားသခင်၏အစေကိုလည်းကောင်း၊ လောကီစည်းစိမ်၏အစေကိုလည်းကောင်း မခံနိုင်ကြ" (မဿဲ ၆း၂၄)။ ဤကျမ်းချက်မှ ကျွန်ုပ်တို့ကိုဘုရားသခင်အားကျေးဇူးစောင့်သိရန် အထူးလိုအပ်ကြောင်း ဘာသွန်သင်ထားသနည်း။

ဘုရားသခင်၏နာမတော်အနက်အဓိပ္ပါယ်မှာ "သဝန်တိုသော" ဟု (ထွက် ၃၄း၁၄) ၌ဖော်ပြထားကြောင်းကိုသိရသည်။ ဘုရားသခင်ကိုကျေးဇူးစောင့်သိရန် ပြတ်ပြတ်သားသားပြောထားသည်။ သဝန်တိုသောဘုရားကို ကျေးဇူးစောင့်သိရန်မှာ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာအရာ၌ ကျေးဇူးစောင့်တော်မူသည်။ ယုံကြည်ခြင်းတိုက်ပွဲ၌ ကျေးဇူးသိခြင်းသည် ကျွန်ုပ်တို့ကိုမည်သူ

မည်ဝါဖြစ်ကြောင်းနှင့် တိုက်ပွဲတွင်ဆက်လက်ရှိနေနိုင်ရန် ခွန်အားကိုဖြစ်စေပါသည်။

ဘုရားအတွက် ကျွန်ုပ်တို့၏ကျေးဇူးစောင့်ခြင်းသည် အရေးပါလှသည်။ (၃ရာ ၈း၆၁)။ ဖြစ်နိုင်ခြေရှိသောအရာများကို လှမ်းမျှော်နေခြင်းမျိုးမဟုတ်။ စည်းကမ်းများကိုမှတ်သားထားသောအချက်လည်းမဟုတ်ပါ။ ကျေးဇူးစောင့်သိခြင်းသည် ကျွန်ုပ်တို့၏ယုံကြည်မှုဖြင့် ဆက်ကပ်အပ်နှံခြင်းကိုဖော်ပြခြင်းပင်ဖြစ်သည်။

၅ရာ ၂၈း၉ ကိုဖတ်ကြည့်ပါ။ ဤကျမ်းချက်သည် ကျေးဇူးစောင့်သိခြင်း၏အရေးကြီးပုံကို မည်သို့သွန်သင်သနည်း။

---

---

ကျေးဇူးစောင့်သိရစဉ်မှာပင် ဖောက်ပြန်မှုရှိသောအရာများလည်းရှိနိုင်သည်။ ကျေးဇူးစောင့်သိခြင်းသည် မေတ္တာစိတ်အစစ်အမှန်သာဖြစ်ရမည်။ ရှေ့တန်းစစ်မျက်နှာပြင်မှရဲဘော်များသည် နောက်မဆုတ်တန်းကျားကုတ်ကျားခဲအတင်းအဓမ္မခိုင်းပြီး တိုက်ခိုက်စေရသောအချိန်မျိုးရှိသည်။ လိုအပ်လာလျှင် တပ်မှူးများကပစ်သတ်ရသောအဆင့်အထိရှိသည်။ ထိုသူတို့သည် သူတို့၏တာဝန်ကို ကျေပွန်အောင်လုပ်ရမည်။ သို့သော် ကျေးဇူးစောင့်သိခြင်းထက်လွန်ကဲသွားသည်။ ဘုရားသခင်က ထိုသို့သောကျေးဇူးစောင့်သိခြင်းမျိုးကို မတောင်းဆိုပါ။ ယောဘ၏အကြောင်းကိုပြန်သတိရပါ။ သူ၏မိသားစု၊ သူ၏ပိုင်ဆိုင်မှု၊ သူ၏ကျန်းမာရေးကိုဖျက်ဆီးမည့်ဘေးဆိုးကြီးကို ကြိုတင်မစဉ်းစားခဲ့ပါ။ ရင်ဆိုင်လာရသောအခါ ဘုရားကိုကိုးစားသည်၊ ချစ်သည်၊ အပ်နှံသည်။ သူ၏ကျေးဇူးစောင့်သိခြင်းသည် မယိမ်းမယိုင်သောစိတ်ထားဖြင့်ရပ်တည်နိုင်ခဲ့သည်။ ရိုးသားမှုအပြည့်ဖြင့် ကြောက်ရွံ့စိတ်မရှိဘဲ လူများ၏ရှေ့တွင် ဘုရားသခင်ကိုချီးမွမ်းမြဲချီးမွမ်းနေသည်။ ကျော်ကြားသောသူ၏စကားတစ်ခွန်းမှာ "ငါ့ကိုသတ်တော်မူ၍၊ ငါမျှော်လင့်စရာမရှိသော်လည်း ရှေ့တော်၌



ကိုယ်အပြစ်ဖြေရာစကားကို ငါလျှောက်ထားမည်။ (ယောဘ ၁၃း၁၅)။ ဒုက္ခနှင့်ရင်ဆိုင်နေရစဉ်မှာ သူသည် ကျေးဇူးစောင့်သိနိုင်ခဲ့သောကြောင့် ကျေးဇူးစောင့်သိရမည့်ဘဏ္ဍာစိုးများအားလုံးအတွက် အကောင်းဆုံးပုံသက်သေဖြစ်သည်။

သင့်ကိုယ်ကိုပြန်၍မေးခွန်းထုတ်ပါ။ "ငါသည် ဘုရားအပေါ်မည်မျှကျေးဇူးစောင့်သိနေပြီလဲ။ ငါ့အတွက်မည်သူအသေခံခဲ့ပြီလဲ။ မည်သည့်နည်းဖြင့်ငါသည် ကျေးဇူးစောင့်သိကြောင်း ဖော်ပြနိုင်မလဲ။

**အင်္ဂါ** **ဖေဖော်ဝါရီ ၆**

## သြတ္တပ္ပစိတ်ကင်းခြင်း

လောကမှာတန်ဖိုးကြီးသော ကျွန်ုပ်တို့ရရှိပိုင်ဆိုင်သည့်အရာများစွာရှိသည်။ ကျန်းမာခြင်း၊ ချစ်ခြင်းမေတ္တာ၊ မိတ်ဆွေသူငယ်ချင်း၊ ပျော်ရွှင်သောမိသားစုကြီး ထိုအရာအားလုံးသည် ကောင်းချီးမင်္ဂလာများပင်ဖြစ်သည်။ သို့သော်မတော်သြတ္တပ္ပစိတ်ကင်းခြင်းသည် အရေးကြီးဆုံးသောကောင်းချီးမင်္ဂလာဖြစ်ပါလိမ့်မည်။

ဟေဗြဲ ၁၀း၁၉–၂၂ နှင့် ၁တိ ၄း၁၊၂ ကိုဖတ်ကြည့်ပါ။ "ဝိစိကိစ္ဆာ" နှင့်သြတ္တပ္ပစိတ်တွင် သံပူခတ်ခြင်း၏အနက်အဓိပ္ပါယ်သည် ဘာကိုဆိုလိုသနည်း။

---

---

ကျွန်ုပ်တို့၏သြတ္တပ္ပစိတ်သည် အတွင်းမှနေ၍ ကျွန်ုပ်တို့၏ခန္ဓာအပြင်သဏ္ဍာန်ကို ထိန်းချုပ်ခိုင်းစေပေးသည်။ သြတ္တပ္ပစိတ်သည်မြင့်မား၍ အဆင့်အတန်းမီရန်လိုအပ်သည်။ ဘုရားသခင်၏ပညတ်ချက်ကို မီအောင်လိုက်ရမည်။ ဘုရားသခင်သည် သူ၏ပညတ်ချက်ကို အာဒံ၏နှလုံးသားပေါ်၌ရေးထားသည်။ သို့သော်လည်း အပြစ်က ၎င်းကိုကုန်စင်မတတ်ဖျောက်ဖျက်ပစ်နိုင်သည်။ သူတစ်ဦးတည်း၏နှလုံးသားမှမကဘဲ သူ၌ဆင်းသက်သော

မျိုးစဉ်ဘောင်ဆက်၏နှလုံးသားများ၌ပါ ဖျောက်ဖျက်ခံကြရသည်။ ပညတ်တော်၏အပိုင်းအစအကျိုးအပဲ့ကလေးသာ ကျန်နေခဲ့သည်။ "ကိုယ်ကိုကိုယ်သိသောစိတ်နှလုံးသည် သက်သေခံသဖြင့်လည်းကောင်း၊ အချင်းချင်းဆွေးနွေးဆင်ခြင်၍ အပြစ်တင်လျက်၊ လွတ်လျက်နေသဖြင့်လည်းကောင်း မိမိတို့စိတ်နှလုံးထဲ၌မှတ်သားသော တရား၏အကျိုးကို ထင်ရှားစွာပြကြ၏။ (ရောမ ၂း၁၅)။ အာဒံကျဆုံးခဲ့သောအရာကို ယေရှုသည် အောင်နိုင်ခဲ့ရခြင်းမှာ ဘုရားသခင်၏တရားသည် သူ၏နှလုံးထဲ၌ရှိသောကြောင့်ဖြစ်သည်။ (ဆာလံ ၄၀း၈)။

ရှင်ပေါလုပြောသော ကျွန်ုပ်တို့၌ရှိသည့်ဝိစိကိစ္စာဆိုသည်မှာ ဘာကို ဆိုလိုသနည်း။ (ဟေဗြဲ ၉း၁၄ ကိုဖတ်ကြည့်ပါ။)

---

---

"ပင့်ကူအိမ်ကဲ့သို့ ပါးလွှာသောသြတ္တပ္ပစိတ်မျိုးအထဲသို့ ဝင်ရောက်ရန်ဖြစ်ပြီး၊ ဝိညာဉ်၏ပြတင်းပေါက်များသည် ကမ္ဘာမြေနှင့်နီးကပ်ကာကောင်းကင်သို့မြင်နိုင်အောင် ခပ်ကျယ်ကျယ်ဖွင့်ထားရမည်။ သို့မှသာ တောက်ပသောတရားတော်နေမင်းကြီး၏ရောင်ခြည်တော်သည် လွတ်လပ်စွာဖြာဆင်းလာနိုင်မည်။ လူတို့၏စိတ်နှလုံးသည်လည်း ရှင်းလင်းသန့်ပြန့်စွာထားရှိမှသာ အကောင်းနှင့်အဆိုးကို ကောင်းမွန်စွာခွဲခြားသိမြင်တတ်မည်ဖြစ်သည်။" Ellen G. White, Mind, Character, and Personality, vol. 1, pp. 337, 338. ဘုရားသခင်၏ပညတ်တော်သည် ယုံကြည်သူ၏စိတ်နှလုံးသားပေါ်၌ရေးထိုးထား (ဟေဗြဲ ၈း၁၀) ပြီးနောက်၊ ယုံကြည်သူသည် ယုံကြည်ခြင်းဖြင့်ပညတ်တော်အတိုင်းလိုက်လျှောက်လျှင် ရှင်းလင်းပြတ်သားသောသြတ္တပ္ပစိတ်ကိုရခြင်းမှာ စစ်မှန်သောရလဒ်ဖြစ်သည်။

သင်သည် ညစ်ညူးသောသြတ္တပ္ပစိတ်နှင့် လုံးပန်းနေရလျှင် အလွန်ကြောက်စရာကောင်းပါသည်။ ရှေ့ဆက်သွားနိုင်ရန် သင့်ကိုအခွင့်ပေးလိမ့်



မည်မဟုတ်။ ထိုကြောင့် ယေရှုရှင်ကိုသင်မည်သို့မျက်ခြည်ပြုနိုင်မည်နည်း။ သခင်၏အသေခံခြင်း၊ ကပ်တိုင်မှသင်၏အပြစ်ကိုလွှတ်စေသောအကြောင်းသည် သင့်ကိုညစ်ညူးစေသောသြတ္တပ္ပစိတ်မှ မည်သို့လွတ်မြောက်ရန် ကူညီနိုင်မည်နည်း။

**ဗုဒ္ဓဟူး** **ဖေဖော်ဝါရီ ၇**

**နားထောင်ခြင်း**

အာဗေလသည် နားထောင်ခြင်းနှင့်အတူ ယဇ်ပလ္လင်၏ရှေ့၌ဒူးထောက်ခဲ့သည်။ ဘုရားသခင်တောင်းသောသိုးသငယ်ယဇ်ကိုကိုင်၍ ယဇ်ပူဇော်ခဲ့သည်။ ကာဣနကမူ သစ်သီးကိုကိုင်ပြီးဒေါသတကြီးနှင့် ယဇ်ပလ္လင်ရှေ့၌ဒူးထောက်ခဲ့ရသည်။ နှစ်ဦးလုံးမှလှူဖွယ်ပစ္စည်းများယူဆောင်လာခဲ့သော်လည်း နားထောင်ခြင်းရှိသောသူကိုသာ ဘုရားသခင်လက်ခံတော်မူခဲ့သည်။ အသေသတ်ခံရသောသိုး၏အလှူကိုသာ ဘုရားသခင်လက်ခံခဲ့သည်။ မြေမှထွက်သောအသီးအနှံများကို ဘုရားသခင်လက်မခံပါ။ ညီအစ်ကိုနှစ်ဦးလုံးသည် ပူဇော်ဆက်သခြင်း၏သဘောကိုနားလည်ပြီးသားဖြစ်သည်။ သို့သော် တစ်ဦးကသာ ဘုရားသခင်၏မိန့်မှာတော်မူချက်ကို နားထောင်လိုက်လျှောက်ခဲ့သည်။ (ကမ္ဘာ ၄း၁–၅)။

"အာဗေလ၏သေဆုံးရခြင်းသည် နားထောင်လိုက်လျှောက်မှုကို သင်ကြားပေးသောကျောင်းတော်မှ ကာဣန၏ဘုရားသခင်အကြံအစည်ကို ငြင်းပယ်ခြင်း၏အကျိုးရလဒ်ကြောင့်ဖြစ်သည်။ ယေရှုရှင်၏အသွေးတော်ကြောင့်သာလျှင် လူသားများကယ်တင်တော်မူခြင်းခံရမည်။ သခင်ခရစ်တော်ကိုသာညွှန်ပြနေသော ပူဇော်ခြင်းဖြစ်သည်။ ကာဣနသည် အသွေးသွန်းခြင်းကိုလက်မခံခဲ့ပါ။ အသွေးသွန်းခြင်းသည် ခရစ်တော်၏လောကအတွက် အသွေးတော်သွန်းလောင်းခံရမည်ဟု ပုံဆောင်ကာနိမိတ်ပေးထားခြင်းဖြစ်သည်။ (Ellen G. White, The SDA Commentary, vol. 6, p. 1109).

နားထောင်မှုသည် လူ၏စိတ်ထဲမှစတင်ဖြစ်ပေါ်လာသည်။ အထက်မှ ရောက်ရှိလာသောအမိန့်ကို ဝတ္တရားသိစိတ်ဖြင့် စိတ်မှအလိုလိုလက်ခံခြင်းကို ဆိုလိုပါသည်။ နားထောင်ခြင်းသည် အမိန့်အာဏာတစ်ခုနှင့်ယှဉ်တွဲပြီး ထိုအမိန့်အာဏာကို နာခံလိုက်လျှောက်ရန် စိတ်ဆန္ဒရှိခြင်းဖြစ်သည်။ ဘုရားရှင်နှင့်ရင်းနှီးဆက်သွယ်ရာ၌ ကျွန်ုပ်တို့၏နာခံလိုက်လျှောက်မှုသည် အလိုအလျောက်သာဖြစ်ရမည်။ ဘုရားကိုချစ်သောစိတ်ကြောင့် ပြုမူလုပ်ဆောင်ချက်သည် အမူအကျင့်ကိုဖြစ်စေပြီး တာဝန်ကိုပြီးဆုံးအောင်ဆောင်ရွက်သင့်သောစိတ်သို့ ပြောင်းလဲသွားသည်။

ဘုရားသခင်၏အမိန့်တော်ကိုနာခံခြင်းသည် ကိုယ်တော်၏ညွှန်ကြားချက်ကို အထူးလိုက်နာခြင်းဖြစ်သည်။ ကျွန်ုပ်တို့လိုချင်သောပုံစံမျိုးကို မဖြစ်စေရပါ။ ကာဣန၏ပြဿနာသည် ဘုရားရှင်ခိုင်းစေသည်အတိုင်းမလုပ်ဘဲ၊ မိမိသဘောဖြင့်လုပ်တတ်သူများအတွက် လုံလောက်သောဥပမာဖြစ်သည်။

၁ယော ၅း၂၃ နှင့် ရောမ ၁း၅။ ၁၀း၁၆၊၁၇ ကိုဖတ်ကြည့်ပါ။ ဤကျမ်းချက်များမှ ခရစ်ယာန်များအတွက်သွန်သင်ထားသော နားထောင်ခြင်းသည် မည်သို့ရှိသနည်း။ ပညတ်တော်ကြောင့်မဟုတ်ဘဲ ယုံကြည်ခြင်းကြောင့် ကယ်တင်တော်မူခြင်းခံခဲ့ရသောခရစ်ယာန်များ မည်သို့နားလည်ရမည်နည်း။

______________________________

______________________________

ကျွန်ုပ်တို့ကယ်တင်ခြင်းရဖို့ရန်အတွက် နားထောင်ခြင်းမဟုတ်၊ ကယ်တင်ခြင်းခံရပြီးသောကြောင့် နားထောင်လိုက်လျှောက်ခြင်းဖြစ်သည်။ နားထောင်ခြင်းသည် စိတ်ထဲမှထွက်လာသောယုံကြည်မှုကို လက်တွေ့လိုက်နာလုပ်ဆောင်ခြင်းဖြစ်သည်။ ရှမွေလက ရှောလုမင်းအား "ရှမွေလကလည်း၊ ထာဝရဘုရား၏အမိန့်တော်ကိုနားထောင်ခြင်း၌ အားရတော်မူသကဲ့သို့၊ မီးရှို့ရာယဇ်အစရှိသောယဇ်မျိုးတို့ကိုပူဇော်ခြင်း၌ အားရတော်မူမည်လော။ အလိုတော်သို့လိုက်ခြင်းသည် ယဇ်မျိုးထက်သာ၍ကောင်း၏။ နားထောင်ခြင်းသည် သိုးထီးဆီဥထက်သာ၍ကောင်း၏။ (၁ရာ ၁၅း၂၂)။



"နားထောင်ခြင်းသည် ပူဇော်ခြင်းထက်ကောင်းသည်" ဆိုသော ရှမွေလ၏စကားသည် ဘာအဓိပ္ပါယ်ကိုဆိုလိုပါသနည်း။ ၎င်းဆိုလိုရင်းအဓိပ္ပါယ်သည် ကျွန်ုပ်တို့ခရစ်ယာန်များအား ကရုဏာကိုအလေးမထားသော မှားယွင်းသည့်ဇဝံဂေလိသွန်သင်ခြင်းများကို ယုံမှားခြင်းမရှိစေရန် အထောက်အကူပြုနေပါသလား။

**ကြာသပတေး** **ဖေဖော်ဝါရီ ၈**

**ယုံကြည်စိတ်ချရခြင်း**

လုကာ ၁၆း၁၀-၁၂ ကိုဖတ်ကြည့်ပါ။ ယုံကြည်စိတ်ချခံရခြင်းအကြောင်းကို မည်သို့သွန်သင်သနည်း။ ၎င်းသည် သစ္စာရှိသောဘဏ္ဍာစိုးအတွက် ဘာကြောင့်အလွန်အရေးကြီးသနည်း။

______________________________

______________________________

ယုံကြည်စိတ်ချရခြင်း၏အကြောင်းကို သမ္မာကျမ်းစာက တောက်လျှောက်သွန်သင်ထားပါသည်။ ဥပမာအကြောင်းအရာတစ်ခု၌ လေဝိတံခါးစောင့်လေးဦးသည် ညအချိန်တွင် ဗိမာန်တော်ကိုစောင့်ရှောက်ရန် တာဝန်ပေးခံရကြသည်ဟု ဓမ္မဟောင်း၌ပါရှိသည်။ ဗိမာန်တော်ဘဏ္ဍာတိုက်အတွင်း၌ ဘဏ္ဍာများ၊ အဖိုးတန်ကျောက်မျက်ရတနာများနှင့် ပြည့်လျှံနေသည်။ သူတို့သည် နံနက်တိုင်းတံခါးများကိုဖွင့်ပေးရသောကြောင့် သော့တွဲကိုအမြဲကိုင်ထားရသည်။ (၅ရာ ၉း၂၆၊၂၇) ထိုတာဝန်အပ်နှင်းခံရခြင်းသည် ယုံကြည်စိတ်ချခံရခြင်းကြောင့်ဖြစ်သည်။

ယုံကြည်စိတ်ချခံနေရခြင်းသည် ကောင်းသောဘဏ္ဍာစိုးတစ်ဦး၏ ဝိသေသလက္ခဏာတစ်ပါးဖြစ်သည်။ အဓိပ္ပါယ်မှာ ယုံကြည်စိတ်ချခံရသောဘဏ္ဍာစိုးတစ်ဦးသည် မိမိ၏ထားရှိအပ်သောစိတ်ထားနှင့် လုပ်ဆောင်ရမည့်

တာဝန်ကဏ္ဍကို နားလည်ထားသောသူဖြစ်သည်။ ဘုရားသခင်သည် ယုံကြည်စိတ်ချရသောဘုရားဖြစ်ကြောင်း သိရှိထားသောကြောင့် သူသည်လည်း ထိုကဲ့သို့ဖြစ်အောင် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်သည်။ (တရားဟော ၃၂း၄။ ၃ရာ ၈း၅၆)။

ယုံကြည်စိတ်ချရခြင်းသည် စာရိတ္တအရာကို ရင့်ကျက်မှုဖြစ်စေသည်။ အမြင့်ဆုံးသောစာရိတ္တအဆင့်ဖြစ်ပြီး ဘေးပတ်ဝန်းကျင်မှကြည့်နေသူများ၏ အမြင်ကို နှစ်သက်စေသည်။ ဘုရားသခင်၏စာရိတ္တတော်ကို ထင်ဟပ်စေခြင်းသည် မိမိပြောသောစကားအတိုင်း လုပ်ဆောင်သွားခြင်းဖြစ်သည်။ ဘေးပတ်ဝန်းကျင်လူများ မည်သို့ပင်ဖိအားပေးစေကာမူ ဂရုမစိုက်ဘဲရည်မှန်းထားသည်အတိုင်းသာ လုပ်ဆောင်ခြင်းမျိုးဖြစ်သည်။ (၄ရာ ၁၂း၁၅)။

ဒံယေလသည် ကမ္ဘာကိုအုပ်စိုးခဲ့သောမင်းဆက်နှစ်ဆက်တို့၏ယုံကြည်စိတ်ချခြင်းခံခဲ့ရသည်။ ရှင်ဘုရင်၌ရှိသော ကဝိလက္ခဏာဗေဒင်ဆရာများကဲ့သို့ မဟုတ်၊ ဒံယေလသည် မိမိ၏အသက်တာ၌ ရှင်ဘုရင်၏စိတ်ချယုံကြည်နိုင်လောက်သောအရာကို ကြောက်ရွံ့စိတ်မရှိ၊ အမှန်ကိုအမှန်အတိုင်းပြောဆိုပြုမူခဲ့သည်။ ယုံကြည်စိတ်ချရခြင်းသည် စိတ်သဘောထား၏ရတနာစီခြယ်ထားသောသရဖူပင်ဖြစ်သည်။ သင်၏စိတ်နေသဘောထားကို သန့်ရှင်းသောကိုယ်နေဟန်ထားအမူအရာအားဖြင့် ဖော်ပြခြင်းဖြစ်သည်။ ထိုသို့သောဘဏ္ဍာစိုးတို့၏အရည်အချင်းသည် တစ်ညတာအတွက်သာ ကြာရှည်ခံခြင်းမျိုးမဟုတ်ဘဲ အချိန်တိုင်း၌ အသေးအမွှားကိစ္စမှအစ သစ္စာရှိနေလိမ့်မည်။

အခြားသူများသည် ကျွန်ုပ်တို့၏ယုံကြည်စိတ်ချရခြင်းကို သတိပြုနေကြသည်။ ကျွန်ုပ်တို့ကိုလေးစားပြီး ကျွန်ုပ်တို့ကိုအမှီတံကဲပြုလာသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် လွယ်လွယ်နှင့်အတွေးအခေါ်ပြောင်းမည်မဟုတ်ကြောင်း၊ ခြောက်လှန့်ခြင်းကိုကြောက်မည်မဟုတ်ကြောင်းနှင့် မြှောက်ပင့်ခြင်းကိုလည်း သဘောကျမည်မဟုတ်ကြောင်း သိထားသောကြောင့်ဖြစ်သည်။ ယုံကြည်စိတ်ချခံနေရခြင်းသည် ကမ္ဘာပေါ်၌လုပ်ဆောင်ရမည့်





တာဝန်ဝတ္တရားကို စာရိတ္တမဏ္ဍိုင်ထားပြီး မယိုင်မလဲကြံ့ကြံ့ခံကာ ကောင်းကင်နိုင်ငံတော်အတွက် လောကကြီး၌ပြင်ဆင်နေခြင်းဖြစ်သည်။ "ကျွန်ုပ်တို့သည် ခရစ်တော်၏နိုင်ငံတော်အတွက် သစ္စာရှိရမည်။ ယုံကြည်စိတ်ချခြင်းခံရသူဖြစ်ရမည်။ လောကပညာရှိဟုမှတ်ယူသင့်သောသူသည် ကြွယ်ဝခြင်း၊ ကောင်းမြတ်သောအရာများ၊ ယဉ်ကျေးမှုကရုဏာမုဒိတာများကိုပြသကာ ဘုရားသခင်၏နိုင်ငံတော်သားဖြစ်ကြောင်း ပြသကြရပါမည်။" Ellen G. White, Testimonies for the Church, vol. 6, p. 190).

သင်ယုံကြည်စိတ်ချရသောသူတစ်ဦးဦး၏အကြောင်းကို စဉ်းစားပါ။ သူ့ထံမှသင်ယူနိုင်သောအရာများ၊ သင်သည်လည်း ယုံကြည်စိတ်ချခံရသူဖြစ်အောင် မည်သို့အတုယူလုပ်ဆောင်နိုင်မည်နည်း။

**သောကြာ** **ဖေဖော်ဝါရီ ၉**

## ထပ်ဆင့်လေ့လာရန်။

ဘဏ္ဍာစိုးကောင်းတစ်ဦး၏အခြားလက္ခဏာတစ်ခုမှာ သီးခြားတာဝန်ယူနိုင်မှုပင်ဖြစ်သည်။

"စာတန်သည် လူတို့၏စိတ်ကို ခရစ်တော်ထံမှလူများဆီသို့ရောက်အောင် အမြဲဆွဲယူလေ့ရှိသည်။ လူတို့၏တာဝန်သိတတ်မှု၊ တာဝန်ယူနိုင်မှုကိုလည်း ဖျက်ဆီးရန်ကြံစည်သည်။ ဘုရားသခင်၏သားတော်ကိုစုံစမ်းသောအခါ စာတန်၏လုပ်ကွက်သည် ကျဆုံးခဲ့ရသည်။ သို့သော် ကျဆုံးနေသောလူများကို ထိုနည်းဖြင့်စုံစမ်းသောအခါ သိသိသာသာအောင်မြင်နေသည်။ ခရစ်ယာန်ထုတစ်ရပ်လုံးလည်း ပြိုပျက်သွားရသည်။" (Ellen G. White, Early Writings, p. 213).

ခရစ်တော်ကိုဗဟိုပြုပြီး လမ်းပြခွင့်ပေးလိုက်ပါ။ ရလဒ်အဖြစ်၊ ကျွန်ုပ်တို့၏ယုံကြည်ခြင်း၊ သစ္စာစောင့်ကျေးဇူးသိတတ်ခြင်း၊ နားထောင်ခြင်း၊ ကောင်းသောဩတ္တပ္ပစိတ်၊ ယုံကြည်စိတ်ချခံရခြင်းနှင့် တာဝန်ယူတတ်သော

စိတ်များသည် ကျွန်ုပ်တို့၏အသက်တာ၌ ပေါ်လွင်လာလိမ့်မည်။ ဤနည်းဖြင့် ကျွန်ုပ်တို့သည် ဘဏ္ဍာစိုးများကဲ့သို့ ကိုယ်တော်ဘုရားရှင်၏လက်တော်၌ စုံလင်ခြင်းရရှိလိမ့်မည်။ (ဆာလံ ၁၃၉း၂၃၊၂၄)။

ကိုယ်စီကိုယ်ငတာဝန်သိတတ်မှုသည် သမ္မာကျမ်းစာ၏မရှိမဖြစ်လိုအပ်သောစည်းမျဉ်းစည်းကမ်းဥပဒေဖြစ်သည်။ ခရစ်တော်ယေရှုလောက၌ရှိစဉ်အခါ ခမည်းတော်ဘုရားအပေါ် တာဝန်သိတတ်ခဲ့သည်။ (ယောဟန် ၈း၂၈)။ ကျွန်ုပ်တို့ပြောဆိုသောစကားလုံးတိုင်းအပေါ် တာဝန်ယူနိုင်ရမည်။ (မဿဲ ၁၂း၃၆)။ "အကြင်သူသည် များစွာသောကျေးဇူးကိုခံရ၏။ ထိုသူသည် အများကိုဆပ်ရ၏" (လုကာ ၁၂း၄၈)။ အခြားသူတစ်ဦးတစ်ယောက်ကို တာဝန်လွှဲခဲ့သော်လည်း ကျွန်ုပ်တို့ရင်ဆိုင်ရမည့်၊ တာဝန်ယူရမည့်ကိစ္စသည် အလွန်ကြောက်စရာအကောင်းဆုံးဖြစ်သည်။ "ကျွန်ုပ်တို့ကိုအပ်နှင်းထားသောပစ္စည်းဥစ္စာများသည် ကျွန်ုပ်တို့မပိုင်ဆိုင်ကြောင်းကို စိတ်ထဲအမြဲစွဲနေစေပါ။ တာဝန်ကြီးလွန်း၍ ကျွန်ုပ်တို့လုပ်ဆောင်နိုင်သောအင်အားမရှိသော် အခြားသူကိုလွှဲချတာဝန်ပေးကာ ဘဏ္ဍာစိုးအရာကိုပေးအပ်လိုက်ချင်သော်လည်း ဘုရားသခင်လက်မခံနိုင်ပါ။ အကြောင်းမှာ ဘုရားသခင်သည် ကျွန်ုပ်တို့ကို သူ၏သီးသန့်ဘဏ္ဍာစိုးအဖြစ် ခန့်ထားသောကြောင့်ဖြစ်သည်။" (Ellen G. White, Testimonies for the Church, vol. 7, p. 177).

## ဆွေးနွေးရန်မေးခွန်းများ

(၁) တစ်ပတ်တာလုံးကျွန်ုပ်တို့လေ့လာခဲ့သမျှသော ဘဏ္ဍာစိုး၏အမှတ်လက္ခဏာများကို ပြန်၍ကြည့်ပါ။ ကိုယ်စီကိုယ်ငတာဝန်ယူတတ်စိတ်၊ ကျေးဇူးသိတတ်ခြင်း၊ နားထောင်ခြင်း၊ ယုံကြည်စိတ်ချရခြင်း၊ ရှင်းလင်းသောသြတ္တပ္ပစိတ်၊ သစ္စာစောင့်ခြင်း စသည်တို့ဖြစ်သည်။ ၎င်းတို့သည် တစ်ခုနှင့်တစ်ခုမည်သို့ဆက်နွယ်နေသနည်း။ တစ်ခုခု၌အားနည်းကျန်ခဲ့လျှင် အခြားသော



အရာကို မည်သို့ထိခိုက်မှုဖြစ်စေသနည်း။ သို့မဟုတ် တစ်ခုခု၌ခိုင်ခံ့မြဲမြံနေခြင်းကြောင့် အခြားအရာများကို မည်သို့အထောက်အကူဖြစ်စေနိုင်သနည်း။

(၂) ဆိုးညစ်သောသြတ္တပ္ပစိတ်၊ ဝိစိကိစ္ဆာနှင့်ဆိုင်ပြိုင်ရုန်းကန်နေရသူများအတွက် ဧဝံဂေလိတရား၏ကတိတော်သည်ဘာနည်း။ ထိုကတိတော်များက မည်သို့လုပ်ဆောင်ပေးနိုင်သနည်း။

(၃) ကျေးဇူးစောင့်သိခြင်းသည် အလွန်ကောင်းကြောင်းကို ကျွန်ုပ်တို့လက်ခံထားကြသည်။ သို့သော် အမြဲတမ်းထိုသို့ဖြစ်ပါသလား။ မကောင်းသောအရာ၊ မှားယွင်းနေသောဘက်၌ ကျွန်ုပ်တို့ကျေးဇူးစောင့်သိရန်လိုပါသလား။ ဘာကြောင့်နည်း။ ကျေးဇူးခံရခြင်းကြောင့် ကျေးဇူးစောင့်သိတုံ့ပြန်ရမည်ဟူသော ခံယူချက်သည် အထူးသဖြင့် အကောင်းဘက်ဖြစ်စေသောကိစ္စနှင့် အမှားဘက်မလိုက်သွားရန်သာဖြစ်ရမည်ဟု ကျွန်ုပ်တို့နားလည်ထားပါသလား။

–o–

## သင်ခန်းစာ (၇)
# ဘုရားသခင်အပေါ် ရိုးသားမှုရှိခြင်း
**ဖေဖော်ဝါရီ ၁၀ – ၁၆**

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဖေဖော်ဝါရီ ၁၀**

**ဖတ်ရန်ကျမ်းချက်များ။** လုကာ ၁၆း၁၀။ ဝတ်ပြုရာကျမ်း ၂၇း၃၀။ ကမ္ဘာဦးကျမ်း ၂၂း၁–၁၂။ ဟေဗြဲ ၁၂း၂။ လုကာ ၁၁း၄၂။ ဟေဗြဲ ၇း၂–၁၀။ နေဟမိ ၁၃။

**အလွတ်ကျမ်းချက်**

**“ကောင်းသောမြေ၌ရှိသောသူကား၊ ဖြောင့်မတ်စင်ကြယ်သောစိတ်နှလုံးနှင့် တရားစကားကိုကြားလျှင် စွဲလမ်းသောအားဖြင့် မြဲမြဲစွာအသီးသီးသောသူကိုဆိုလိုသတည်း” (လုကာ ၈း၁၅)။**

ရိုးသားသောစိတ်ဆိုသည်မှာဘာနည်း။ မည်သို့ပေါ်လွင်သနည်း။

အများသောယဉ်ကျေးမှုလေ့တို့၌ ရိုးသားခြင်းကိုရှင်းစွာမဖော်ပြနိုင်ဘဲ၊ စိတ်နေစိတ်ထားဖြင့် ရောယှက်သဘောထားကြသည်။ အများစုသောသူတို့သည် အခြေအနေအရ ရိုးသားခြင်းမရှိကြပါ။ သို့သော် စည်းကမ်းကိုကြာကြာချိုးဖောက်လာသောအခါမှာ ထိုစည်းကမ်းသည် သိပ်အရေးမကြီးတော့ကြောင်း လက်ခံနိုင်စရာဖြစ်လာသည်။ ၎င်းအပြင် အထူးအခြေအနေများအတွက် မရိုးသားခြင်းကို ပြန်လည်ချိန်ကိုက်ကြည့်ရန် တောင်းဆိုခံရတတ်သည်။

အမှန်တရားနှင့်ရိုးသားခြင်းသည် အမြဲတွန်တွဲသည်။ ကျွန်ုပ်တို့မွေးဖွားလာကတည်းကပင် ရိုးသားခြင်းသည် တစ်ပါတည်းပါလာခဲ့သည်မဟုတ်ပါ။ ၎င်းသည် သင်ယူရသောဘဏ္ဍာစိုး၏စိတ်သဘောထားဖြစ်သည်။



ရိုးသားခြင်းကိုလေ့ကျင့်ယူသောအခါ ကောင်းသောအရာများစွာဝင်ရောက်လာသည်။ ဥပမာ ရိုးသားမှုကိုသင်ယူရရှိသောအခါ ဘယ်သောအခါမျှ လိမ်လည်ကောက်ကျစ်စဉ်းလဲခြင်း၊ ခိုးကြောင်ခိုးဝှက်လုပ်ခြင်းအမှုတို့ကိုပြုလုပ်မိရန် မစိုးရိမ်ရတော့ပါ။ ထိုထက်မက သာနေသောအချက်မှာ ရိုးသားခြင်းသည် လူတစ်ယောက်၏တန်ဖိုးကိုမြင့်လာစေနိုင်ပါသည်။ အထူးသဖြင့် အခြေအနေအရ လွယ်လွယ်ကူကူနှင့်ဝင်လာတတ်သော ရိုးသားမှုမရှိစေရန် စုံစမ်းခံရသောစုံစမ်းခြင်းကို ဟန့်တားနိုင်သည်။

ယခုအပတ်လေ့လာမည့်သင်ခန်းစာသည် ဆယ်ဖို့တစ်ဖို့ပေးခြင်း၏ ဝိညာဉ်ရေးရှုထောင့်နှင့် ဆယ်ဖို့တစ်ဖို့ပေးခြင်းသည် ဘဏ္ဍာစိုးနှင့်ဘဏ္ဍာစိုးအရာအတွက် အလွန်အရေးကြီးသည့်အကြောင်းကို လေ့လာသွားမည်ဖြစ်သည်။

**တနင်္ဂနွေ** **ဖေဖော်ဝါရီ ၁၁**

**ရိုးသားခြင်း၏သဘော**

ကျွန်ုပ်တို့၌တူညီသောစိတ်ထားတစ်ခုမှာ မရိုးသားခြင်းကို မနှစ်သက်ကြခြင်းဖြစ်သည်။ အထူးသဖြင့် မရိုးမသားလုပ်နေခြင်းအမှုကိုမြင်နေရလျှင် လုံးဝမနှစ်သက်ကြပါ။ မလွယ်ကူလှသောကိစ္စတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့စိတ်၌ မရိုးသားကြောင်း၊ ကျွန်ုပ်တို့အခါအားလျော်စွာပြုမိခဲ့သော မရိုးသားမှုများသတိပြုတိုင်းတာမိသောအခါ၌ တစ်ဖက်လှည့်ကစားချင်စိတ်ဝင်လာသည်။ အို၊ သိပ်မဆိုးသေးပါဘူး။ ဒါဟာအသေးအမွှားကိစ္စလေးပါ။ သိပ်အရေးမကြီးပါဘူးဟု သဘောထားချင်ကြသည်။ ကိုယ်ကိုကိုယ်အရူးလုပ်လှည့်စားနိုင်သော်လည်း ဘုရားရှင်ကိုဘယ်သောအခါမျှအရူးလုပ်လှည့်စား၍မရကြောင်း သဘောပေါက်ထားပါ။

“ရိုးသားမှုမရှိခြင်းဟူသောအရာသည် ကျွန်ုပ်တို့အားလုံးတွင်ရှိကြသည်။ အမှန်တရားကိုယုံကြည်နေသူများအတွက်ပင်လျှင် မပူ၊ မအေး၊ နွေးရုံ

သာနွေးသော တိုက်ခိုက်မှုမျိုးကိုခံနေရသည်။ ခရစ်တော်နှင့်ဆက်သွယ်မှုမပြုဘဲ သူတို့၏စိတ်ကို ပြန်၍လိမ်လည်နေကြသည်။ (Ellen G. White, Testimonies for the Church, vol. 4, p. 310).

လုကာ ၁၆း၁၀ ကိုဖတ်ကြည့်ပါ။ အသေးအဖွဲကိစ္စကလေးများ၌ ပင်လျှင် ကျွန်ုပ်တို့သစ္စာရှိရန် ယေရှုရှင်မည်သို့သွန်သင်ထားသနည်း။

______________________________________________

______________________________________________

ဘုရားသခင်သည် ကျွန်ုပ်တို့ရရှိထားသောဥစ္စာပစ္စည်းကြောင့် လွယ်လွယ်နှင့်မရိုးမသားလုပ်ဆောင်မည်ကို ကြိုတင်သိထားသည်။ ထို့ကြောင့် မရိုးသားခြင်း၊ တစ်ကိုယ်ကောင်းအတ္တကိုဖြေစေနိုင်သောအဆိပ်ဖြေဆေးကြီးကို ကျွန်ုပ်တို့အားပေးထားပါသည်။ ဥစ္စာပစ္စည်းကိုပိုင်ဆိုင်လာပြီဆိုလျှင် ထိုအဆိပ်ဖြေဆေးကြီးကို ဘုရားသခင်ပေးထားတော်မူသည်။

ဝတ်ပြုရာကျမ်း ၂၇း၃၀ နှင့် မာလခိ ၃း၈ ကိုဖတ်ကြည့်ပါ။ ဤကျမ်းချက်များမှ ကျွန်ုပ်တို့ကိုရိုးသားခြင်းရှိစေနိုင်ရန် မည်သို့အကူအညီပေးနိုင်သနည်း။

______________________________________________

______________________________________________

"ကျေးဇူးတုံ့ပြန်ခြင်း သို့မဟုတ် ရက်ရောစိတ်ရှိရန်တောင်းဆိုမှုမပြုပါ။ ရိုးသားခြင်း၏သဘောထားကိုသာ ဖော်ပြထားသည်။ ဆယ်ဖို့တစ်ဖို့သည် ဘုရားသခင်သာပိုင်သည်။ သူကိုယ်တိုင်ပိုင်ဆိုင်သောအရာကို သူ့ထံပြန်ယူလာရန်သာ အသိပေးခြင်းဖြစ်သည်။. . . အသက်တာ၌ စီးပွားရေးလုပ်ဆောင်မှုတွင် ရိုးသားခြင်းသည် မရှိမဖြစ်လိုအပ်သောအရာဖြစ်လျှင် ဘုရားသခင်နှင့်လည်းကောင်း၊ လူနှင့်လည်းကောင်း ချည်နှောင်ထားသော အရာကို စိတ်ထဲစွဲနေရမည်မှာ မည်မျှသေချာသနည်း။



**တနင်္လာ** **ဖေဖော်ဝါရီ ၁၂**

## ယုံကြည်ခြင်း၏အသက်တာ

ကမ္ဘာဦးကျမ်း ၂၂း၁–၁၂ ကိုဖတ်ကြည့်ပါ။ စစ်မှန်သောအာဗြဟံ၏ယုံကြည်ခြင်းအကြောင်းကို မည်သို့ဖော်ပြသနည်း။

______________________________________________

______________________________________________

ယုံကြည်ခြင်း၏အသက်တာသည် တစ်ကြိမ်တစ်ခါတည်းဖြင့်ပြီးမြောက်သည်မဟုတ်။ တစ်ကြိမ်တစ်ခါတည်းဖြင့် ယုံကြည်ခြင်း၏အစွမ်းကိုပြ၍မရနိုင်ပါ။ ကျေးဇူးသိတတ်ပြီး သစ္စာစောင့်သောခရစ်ယာန်များသည် ဘုရားသခင်၏ကရုဏာတော်နှင့် သခင်ခရစ်တော်၏အသွေးတော်အားဖြင့် လွှမ်းခြုံခြင်းခံကြရသည်။

ဥပမာ၊ ဘာသာရေးလောက၌ အာဗြဟံမှ မိမိ၏တစ်ဦးတည်းသောသားဣဇာက်ကို မောရိယတောင်ပေါ်၌ ယဇ်ပူဇော်ခြင်းကိစ္စသည် နှစ်ပေါင်းထောင်ချီပြီး အာဗြဟံ၏ယုံကြည်ခြင်းကို အလွန်အံ့အားသင့်ကြသည်။ (ကမ္ဘာ ၂၂)။ အာဗြဟံ၌ရှိသောထိုယုံကြည်ခြင်းသည် လိုအပ်သောအချိန်မှသာ ဖြုန်းကနဲပေါ်လာခြင်းမျိုးမဟုတ်ပါ။ သူ၏အသက်တာတစ်လျှောက်လုံးမှ သင်ယူလာခဲ့သောသစ္စာစောင့်မှု၊ နာခံမှုသည် ထိုကဲ့သို့သားကို ပူဇော်နိုင်သောအမှုကို ပြုလုပ်နိုင်ခြင်းဖြစ်သည်။ ထိုကိစ္စမတိုင်မီအချိန်များ၌လည်း အာဗြဟံသည် သစ္စာမဲ့ခြင်းမရှိ၊ စုံစမ်းခံရသမျှ တစ်ကြိမ်မျှကျဆုံးခြင်းမရှိခဲ့ဘူးလားဟု မေးစရာမလိုပါ။ အသက်တာတစ်လျှောက် ယုံကြည်ခြင်းဖြင့်သာအသက်ရှင်လာခဲ့သည်။

အရေးကြီးသောအရာမှာ ဘဏ္ဍာစိုးတစ်ဦး၏ယုံကြည်ခြင်းသည် တစ်ကြိမ်တစ်ခါအတွက်သာမဟုတ်ပါ။ လူတစ်ဦး၏ဘဝအသက်တာ အတက်၊ အကျ၊ အနိမ့်၊ အမြင့်သည် သူ၏ယုံကြည်ခြင်းကိုကျင့်သုံးမှုအပေါ်မူတည်ပါသည်။

ဟေဗြဲ ၁၂း၂ ကိုဖတ်ကြည့်ပါ။ ယုံကြည်ခြင်းကို ဘယ်ကရရှိနိုင်သနည်း။ ဘယ်လိုရနိုင်သနည်း။

သစ္စာရှိသောဘဏ္ဍာစိုးများမျှော်ကြည့်ရန် "ယေရှုရှင်" တစ်ပါးတည်းသာရှိသည်။ သူသည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို အစပျိုးပေးသူ၊ အဆုံးသတ်ပေးသူဖြစ်သည်။ "ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင်စေတော်မူသောသခင်ယေရှုကို စေ့စေ့ထောက်ရှုကြကုန်အံ့။ ထိုသခင်သည် မိမိရှေ့၌ထားသော ဝမ်းမြောက်ခြင်းအကြောင်းကြောင့်၊ ရှက်ကြောက်သောအရာကိုမမှတ်ဘဲ၊ လက်ဝါးကပ်တိုင်၌အသေခံပြီးမှ ဘုရားသခင်၏ပလ္လင်တော်လက်ယာဘက်၌ ထိုင်နေတော်မူ၏" (ဟေဗြဲ ၁၂း၂)။ "စုံလင်စေတော်မူသောသခင်" ဟုအသုံးပြုထားသည့်စကားလုံးကို "ပြည့်စုံစေသောသခင်" ဟုလည်း ဘာသာပြန်နိုင်သည်။ အဓိပ္ပါယ်မှာ ယေရှုရှင်သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ကြီးထွားရှင်သန်စေပြီး ပြည့်စုံခြင်းရောက်သည်အထိ ပို့ဆောင်ပေးသည်။ (ဟေဗြဲ ၆း၁၊၂)။ သို့ဖြင့် ယုံကြည်ခြင်းနှင့်ယုံကြည်ခြင်း၏အသက်တာသည် အားကြီးသောအတွေ့အကြုံဖြစ်သည်။ အပင်ပေါက်လာသည်၊ ရှင်သန်လာသည်၊ ပွားများသည်ထက် ပွားများလာသည်။

မည်သည့်နည်းလမ်းအားဖြင့် သင်၏ယုံကြည်ခြင်းကြီးပွားရှင်သန်လာကြောင်း မြင်တွေ့ခဲ့သနည်း။ သို့မဟုတ် ထိုသို့ရှိခဲ့ပါသလား။

**အင်္ဂါ** **ပေဖေါ်ဝါရီ ၁၃**

## ယုံကြည်ခြင်း၏ဖော်ပြချက်

လွန်ခဲ့သောရက်မှယုံကြည်ခြင်းသည် အဆင့်ဆင့်ပွားများရခြင်း၊ အားကြီးသောအတွေ့အကြုံကိုအရင်းခံပြီး ကြီးထွားရှင်သန်လာရကြောင်း လေ့လာခဲ့ကြရသည်။ တစ်ခုတည်းသောနည်းလမ်းဖြစ်သည့် ဘုရားသခင်သည်



စုံလင်စေခြင်းနှင့်ပြည့်စုံစေခြင်းအမှုကို ဆယ်ဖို့တစ်ဖို့ပေးခြင်းဖြင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ပြုစုပျိုးထောင်ပါသည်။ မှန်ကန်စွာနားလည်ရမည်မှာ ဘုရားသခင်ကိုဆယ်ဖို့တစ်ဖို့ပြန်ပေးခြင်းသည် ဥပဒေပြဋ္ဌာန်းထားခြင်းမျိုးမဟုတ်ပါ။ ဆယ်ဖို့တစ်ဖို့ပြန်လည်ပေးခြင်းဖြင့် ကောင်းကင်နိုင်ငံကိုရရှိမည်ဟူသောသဘောမဟုတ်ပါ။ ဆယ်ဖို့တစ်ဖို့ပြန်ပေးခြင်းသည် ယုံကြည်ခြင်း၏ဖော်ပြချက်တစ်ခုသာဖြစ်သည်။ ကျွန်ုပ်တို့၏စိတ်အတွင်း၌ရှိနေသောအရာကိုအပြင်သို့မြင်နိုင်အောင်ဖော်ပြသော ကျွန်ုပ်တို့၏ကိုယ်ပိုင်သဘောထားပင်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင်၊ လူတိုင်းလူတိုင်း ဘုရားသခင်ကိုယုံကြည်ကြောင်း၊ ခရစ်တော်ကိုယုံကြည်ကြောင်း မိမိတို့၏ယုံကြည်ခြင်းကို ဖော်ပြနိုင်သည်။ ကျွန်ုပ်တို့သိရှိသည်အတိုင်း "နတ်ဆိုးများပင် ဘုရားသခင်ကိုယုံကြည်ကြသည်" (ယာကုပ် ၂း၁၉)။ သို့သော် သင်၏ဝင်ငွေအားလုံး၏ ၁၀% ကိုယူပြီး ဘုရားကိုပြန်ပေးရမည်လား။ ယုံကြည်ခြင်း၏လုပ်ရပ်ဖြစ်သည်။

လုကာ ၁၁း၄၂ ကိုဖတ်ကြည့်ပါ။ ယေရှုရှင်၏သွန်သင်ချက်၌ ဆယ်ဖို့တစ်ဖို့ပြန်ပေးရာ၌ မည်သည့်အရာကိုချန်လှပ်၍မထားရန် သတိပြုရမည်နည်း။ အလေးနှင့်ချိန်ရသောပစ္စည်းများနှင့် ဆယ်ဖို့တစ်ဖို့မည်သို့ဆက်စပ်နိုင်မည်နည်း။

ဆယ်ဖို့တစ်ဖို့ပေးခြင်းသည် ဘုရားသခင်ကိုမှီခိုအားကိုးပြီး စိတ်နှိမ့်ချခြင်းသဘောကိုပြသသော အမှုအရာဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ရွေးနုတ်ရှင်ဖြစ်ကြောင်းကို ကိုးစားယုံကြည်ကြောင်း ပြသလုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့ကောင်းချီးမင်္ဂလာရရှိထားပြီးကြောင်းကို အသိအမှတ်ပြုခြင်းသဘောဖြစ်သည်။ သခင်ခရစ်တော်၌ ဝိညာဉ်ကောင်းချီးခံရကြောင်းလက်ခံသည့်သဘောဖြစ်သည်။ (ဧဖက် ၁း၃)။

ကမ္ဘာဦး ၂၈း၁၄–၂၂ ကိုဖတ်ကြည့်ပါ။ ယာကုပ်သည် ဘုရားသခင်၏ကတိတော်ကို မည်သို့တုံ့ပြန်သနည်း။

“ဆယ်ဖို့တစ်ဖို့နှင့်ပတ်သက်သည့် ဘုရားသခင်၏အကြံတော်သည် ရိုးစင်းပြီးညီမျှမှုရှိသော လှပသည့်အစီအစဉ်တစ်ခုဖြစ်သည်။ ယုံကြည်ခြင်းနှင့် သတ္တိကိုပေါင်းစပ်ထားကာ ကိုင်ဆွဲထားနိုင်သည်။ ဘုရားမှမူလချမှတ်သော အရာဖြစ်သည်။ ဆယ်ဖို့တစ်ဖို့ပေးခြင်းသည် ရိုးသားခြင်းနှင့်အကျိုးရှိခြင်း နှစ်မျိုးကို ပေါင်းစည်းထားသည်။ နက်နက်နဲနဲရှာဖွေလေ့လာရန်လည်းမလိုအပ်ပါ။ လူတိုင်းက ဘုရားသခင်၏အမှုတော်ကို ပါဝင်သယ်ပိုးဆောင်ရွက်ရကြောင်း နားလည်နိုင်သည်။ ယောကျ်ား၊ မိန်းမ၊ လူငယ်၊ ကလေးများအားလုံးသည် ဘုရားသခင်၏ဘဏ္ဍာများဖြစ်ကြသည်။ ဘုရားသခင်၏ပိုင်ဆိုင်သောဘဏ္ဍာအတွက် တောင်းဆိုခံရသောကိုယ်စားလှယ်များလည်းဖြစ်နိုင်သည်။ (Ellen G. White, Counsels on Stewardship, p. 73).

သင့်အနေဖြင့် ဆယ်ဖို့တစ်ဖို့ပြန်ပေးခြင်းကြောင့် တွေ့ထိခံစားရသော ဝိညာဉ်ရေးဆုမင်္ဂလာတစ်မျိုးမျိုးရှိပါသလား။ ဆယ်ဖို့တစ်ဖို့ပေးခြင်းဖြင့် သင်၏ယုံကြည်ခြင်းကို မည်သို့တိုးပွားစေပါသနည်း။

**ဗုဒ္ဓဟူး** **ဖေဖော်ဝါရီ ၁၄**

**ရိုးသားသောဆယ်ဖို့တစ်ဖို့သည် ဘုရားသခင်အတွက်သန့်ရှင်းသည်**

ကျွန်ုပ်တို့မကြာခဏ ဘုရားသခင်ကိုဆယ်ဖို့တစ်ဖို့ပြန်ပေးခြင်းအကြောင်းကိုပြောကြသည်။ သို့သော် ကျွန်ုပ်တို့ရရှိထားသောအရာကို ဘုရားသခင်အားမည်သို့ပြန်၍ပေးသနည်း။

ဝတ်ပြုရာကျမ်း ၂၇း၃၀ ကိုဖတ်ကြည့်ပါ။ ဆယ်ဖို့တစ်ဖို့အကြောင်းနှင့်ပတ်သက်သော အရေးကြီးသည့်အချက်နှစ်ချက်သည်မည်သည့်အရာဖြစ်သနည်း။



“ဆယ်ဖို့တစ်ဖို့သည် ဘုရားသခင်နှင့်ဆိုင်သောကြောင့် သန့်ရှင်း၏။ ကတိအားဖြင့်လည်းကောင်း၊ ဆက်ကပ်သောကြောင့်လည်းကောင်း သန့်ရှင်းသည်မဟုတ်ပါ။ နဂိုကတည်းက သန့်ရှင်းပြီးသားဖြစ်သည်။ ဘုရားသခင်နှင့်ဆိုင်သောကြောင့် သန့်ရှင်းခြင်းဖြစ်သည်။ ဘုရားသခင်မှလွဲပြီး မည်သူတစ်ဦးတစ်ယောက်နှင့်မျှမသက်ဆိုင်ပါ။ မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှလည်း သန့်ရှင်းအောင်ဆက်ကပ်ဆုတောင်းပေး၍မရပါ။ အကြောင်းမှာ ဆယ်ဖို့တစ်ဖို့သည် လူသားများပိုင်ဆိုင်သောအရာထဲ၌ မပါဝင်ပါ။” Angel Manuel Rodriguez, Stewardship Roots (Silver Spring, Md. : Stewardship Ministries Department, 1994, p. 52.

ကျွန်ုပ်တို့ ဆယ်ဖို့တစ်ဖို့ကို သန့်ရှင်းအောင်မလုပ်နိုင်ပါ။ ဘုရားသခင်ကိုယ်တိုင်က ပုံစံချထားပြီးသားဖြစ်သည်။ သူသာလျှင်လုပ်ပိုင်ခွင့်ရှိသည်။ ကျွန်ုပ်တို့သည် ဘဏ္ဍာစိုးများကဲ့သို့ ဘုရားသခင်နှင့်ဆိုင်သောအရာကို ဘုရားသခင်အားပြန်၍ပေးခြင်းသာလျှင်ဖြစ်သည်။ ဆယ်ဖို့တစ်ဖို့သည် ဘုရားသခင်ကိုဆက်ကပ်ထားသော အထူးအရာဖြစ်သည်။ လက်ထဲ၌မည်သည့်ရည်ရွယ်ချက်နှင့်မဆိုထားရှိခြင်းသည် မရိုးသားခြင်းပင်ဖြစ်သည်။ သန့်ရှင်းသောဆယ်ဖို့တစ်ဖို့ကို ပြန်၍ဘုရားသခင်အားပေးခြင်းအလုပ်ကို ဘယ်သောအခါမျှမပြတ်တောက်ပါစေနှင့်။

ဟေဗြဲ ၇း၂–၁၀ ကိုဖတ်ကြည့်ပါ။ ရှင်ပေါလုဆွေးနွေးထားသည့် အာဗြဟံမှမေလခိဇေဒက်အားပေးသော ဆယ်ဖို့တစ်ဖို့အကြောင်းနှင့်ပတ်သက်၍ ပိုမိုလေးနက်သောအရေးပါသည့်အချက်ဘာရှိသနည်း။ အာဗြဟံအမှန်တကယ်မည်သူ့ကိုဆယ်ဖို့တစ်ဖို့ပေးသနည်း။

သို့ဖြင့်ဥပုသ်နေ့သည်သန့်ရှင်း၏။ ဆယ်ဖို့တစ်ဖို့သည်လည်းသန့်ရှင်းသည်။ "သန့်ရှင်း" ဆိုသောဝေါဟာရသည် "သန့်ရှင်းသောကိစ္စအတွက် သီးသန့်ဖယ်ထားခြင်း" ဟု အဓိပ္ပါယ်ပေါ်ပါသည်။ ဥပုသ်နေ့နှင့်ဆယ်ဖို့တစ်ဖို့သည် အပြန်အလှန်ဆက်နွှယ်မှုရှိသည်။ သတ္တမနေ့ကို သန့်ရှင်းစွာ ခွဲခြားကန့်သတ်ထားသကဲ့သို့ ဆယ်ဖို့တစ်ဖို့ကို ဘုရားသခင်ပိုင်သောသန့်ရှင်းသည့်အရာဟု ကျွန်ုပ်တို့သတ်မှတ်ကြသည်။ ထိုအရာနှစ်ပါးလုံးသည် သန့်ရှင်း၏။

"ဘုရားသခင်သည် သတ္တမနေ့ကိုသန့်ရှင်းစေတော်မူသည်။ ထိုအချိန်အကန့်အသတ်ကို ဘုရားသခင်ကိုယ်တိုင်သတ်မှတ်ထားသည်။ ဘာသာရေးဝတ်ပြုခြင်းများအတွက် ယနေ့ထိတိုင်သန့်ရှင်းနေဆဲဖြစ်သည်။ ဖန်ဆင်းရှင်မှ ကောင်းချီးပေးထားခြင်းဖြစ်သည်။

"ထိုနည်းတူစွာ ကျွန်ုပ်တို့ရရှိသမျှကောင်းချီးမင်္ဂလာ၏ဆယ်ဖို့တစ်ဖို့သည် 'ဘုရားသခင်အတွက်သန့်ရှင်းခြင်း' ရှိသည်။ ဓမ္မသစ်ကျမ်းက ဆယ်ဖို့တစ်ဖို့ကိစ္စကို ပြန်၍မွမ်းမံပြင်ဆင်မှုမပြုပါ။ နဂိုအတိုင်းအတည်ပြုထားသည်။ ဥပုသ်တော်နေ့ကိုလည်း ပြန်လည်ပြုပြင်မွမ်းမံခြင်းမပြုပါ။ ထိုနှစ်ပါးသည် နဂိုကတည်းက အတည်ချထားသောအရာများဖြစ်သည်။ ထိုနှစ်ပါး၏အထဲမှ နက်နဲသောဝိညာဉ်တန်ခိုးပါရှိထားပြီးသားဖြစ်သည်။ . . ဘုရားသခင်သတ်မှတ်ထားသောအချိန်၊ သူ၏ကိုယ်ပိုင်အချိန်ဟုမှတ်ယူထားသောအချိန်ကို ကျွန်ုပ်တို့သစ္စာရှိစွာပြန်လည်ဆက်ကပ်လိုပါလျှင် ကျွန်ုပ်တို့ခံစားရသောကောင်းချီးမင်္ဂလာလည်း သူပြန်၍တောင်းသည့်အတိုင်း ပမာဏကို ပြန်လည်ပေးအပ်ရပါမည်။" (Ellen G. White, Counsels on Stewardship, p. 66).

သင်၏နှလုံးသားနှင့်စိတ်ထဲမှ သင်၏ဆယ်ဖို့တစ်ဖို့သည် "သန့်ရှင်း" ပါကြောင်း သင်မည်သို့ထုတ်ဖော်ပြသမည်နည်း။



**ပြန်လည်နိုးကြားခြင်း၊ ပြန်လည်ပြုပြင်ပြောင်းလဲခြင်းနှင့်ဆယ်ဖို့တစ်ဖို့ပေးခြင်း**

ဟေဇကိမင်း၏နန်းသက်ရှည်ကြာရခြင်းသည် ယုဒအနွယ်တို့အဖို့ ကောင်းကျိုးဖြစ်စေသည်ဟု မှတ်ယူနိုင်သည်။ ရှင်ဘုရင်ဒါဝိဒ်နှင့်ရှောလမုန်မင်းကြီးလက်ထက်၌ ဣသရေလလူမျိုးများ ကြီးကျယ်စွာဘုရားသခင်၏ ကောင်းချီးမင်္ဂလာအတွက် ပျော်ရွှင်ရေတွက်ပြီး ပွဲများခင်းကျင်းကာ အကြီးအကျယ်မြူးထူးပျော်ရွှင်ကြသည်။ ထိုသို့သောလုပ်ရပ်ကို ဟေဇကိမင်းက ပြန်လည်ပြုလုပ်ခဲ့သည်။ ဗရာ ၂၉–၃၁ အထိ ဟေဇကိမင်း၏ပြန်လည်နိုးကြားခြင်းအစီအစဉ်၊ ပြန်လည်ပြုပြင်ခြင်းအစီအစဉ်ကို မြင်တွေ့ရသည်။ "ထိုမင်းသည် အဘဒါဝိဒ်ကျင့်သမျှအတိုင်း ထာဝရဘုရားရှေ့တော်၌ တရားသောအမှုကိုပြု၏" (ဗရာ ၂၉း၂)။ "ထိုသို့ဗိမာန်တော်ဝတ်ပြုခြင်းကို စီရင်သတည်း" (ဗရာ ၂၉း၃၅)။ "ပသခါပွဲကိုခံစေခြင်း" (ဗရာ ၃၀း၅)။ "ထိုသို့ယေရုရှလင်မြို့၌ ကြီးစွာသောဝမ်းမြောက်ခြင်းရှိကြ၏" (ဗရာ ၃၀း၂၆)။ "ရုပ်တု၊ အာရှရုပင်၊ မြင့်သောအရပ်၊ ယဇ်ပလ္လင်တို့ကိုရှင်းရှင်းဖျက်ဆီး၏" (ဗရာ ၃၁း၁)။ ရုတ်တရက် ပြုပြင်ပြောင်းလဲနိုးကြားခြင်းကိုပြုလုပ်သောအခါ ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများ အဆမတန်ရရှိခဲ့သည်။ (ဗရာ ၃၁း၄၊၅၊၁၂)။

နေဟမိသည်လည်း အခြားတစ်ခုသောနိုးကြားပြုပြင်ခြင်းနှင့်ဆယ်ဖို့တစ်ဖို့ပေးခြင်းကို ပြုလုပ်ခဲ့သည်။ နေဟမိ ၉း၂၊၃ ကိုဖတ်ကြည့်ပါ။ နိုးကြားလာသောနှလုံးသား၏အဓိပ္ပါယ်ကားအဘယ်နည်း။ နေဟမိ ၁၃ ကိုဖတ်ကြည့်ပါ။ နေဟမိသည် "ဘုရားသခင်၏အိမ်တော်" ကိုပြုပြင်ပြီး (နေဟမိ ၁၃း၄)၊ ယုဒလူမျိုးများဘာယူဆောင်လာခဲ့ကြသနည်း။ (နေဟမိ ၁၃း၁၂)။

ပြန်လည်နိုးကြားခြင်းနှင့်ပြန်လည်ပြုပြင်ပြောင်းလဲခြင်းသည် မတူညီကွဲပြားသောအရာနှစ်ခုဖြစ်သည်။ ပြန်လည်နိုးကြားခြင်းသည် ဝိညာဉ်ရေးပြန်လည်

ဆန်းသစ်ခြင်းဖြစ်သည်။ စိတ်ဝိညာဉ်တန်ခိုးအင်အားကို မြန်မြန်ဆန်ဆန် ပြန်လည်အားသွင်းခြင်းဖြစ်သည်။ သေနေသောဝိညာဉ်ပြန်လည်ရှင်ပြန်ထမြောက်လာခြင်းဖြစ်သည်။ ပြန်လည်ပြုပြင်ပြောင်းလဲခြင်းဆိုရာ၌ ပြန်လည်ဖွဲ့စည်းခြင်း၊ အတွေးအခေါ်အယူအဆနှင့်တွေ့ရှိထားချက်ကို ပြန်လည်ပြောင်းလဲခြင်း၊ ဝါသနာနှင့်အကျင့်ကိုပြောင်းလဲခြင်းကို ဆိုလိုပါသည်။” (Ellen G. White, Christian Service, p. 42).

ပြန်လည်နိုးကြားခြင်း၊ ပြန်လည်ပြုပြင်ပြောင်းလဲခြင်းနှင့်ဆယ်ဖို့တစ်ဖို့ပေးခြင်းသည် အလိုအလျောက်တစ်ခုနှင့်တစ်ခုဆက်နွှယ်နေသည်။ ဆယ်ဖို့တစ်ဖို့ ပြန်မပေးလျှင် ပြန်လည်နိုးကြားခြင်းနှင့်ပြုပြင်ပြောင်းလဲခြင်းသည် နွေးနွေးလေးသာရှိနေမည်။ အဓိပ္ပါယ်မှာ လုံးဝနိုးကြားမှုမရှိနိုင်ပါ။ ကျွန်ုပ်တို့ခရစ်ယာန်များ မကြာခဏဖြစ်တတ်ကြသည်မှာ၊ ဘုရားရှင်ဘက်၌ တက်ကြွစွာပါဝင်လှုပ်ရှားရမည့်အစား ဘေးထွက်ပြီးပျင်းရိစွာထနေတတ်ကြသည်။ ပြန်လည်နိုးကြားခြင်းနှင့်ပြန်လည်ပြုပြင်ပြောင်းလဲခြင်းသည် ဆက်ကပ်မှုကိုတောင်းဆိုနေသည်။ ဆယ်ဖို့တစ်ဖို့ပေးခြင်းသည်လည်း ဆက်ကပ်အပ်နှံခြင်းအပိုင်းတွင် ပါဝင်ပါသည်။ ဘုရားသခင်တောင်းသောအရာကို ကျွန်ုပ်တို့ပြန်၍ယူထားလျှင် ကျွန်ုပ်တို့ ဘုရားသခင်ထံမှတောင်းသောအရာမှန်သမျှကို ဘုရားသခင်က ပြန်၍တုံ့ပြန်ဖို့ရန်မမျှော်လင့်ပါနှင့်။

ပြန်လည်နိုးကြားခြင်းနှင့်ပြုပြင်ပြောင်းလဲခြင်းသည် အသင်းတော်အတွင်းမှာသာနေရာယူထားသည်။ အခြားမည်သည့်နေရာ၌မျှမရှိပါ။ (ဆာလံ ၈၅း၆)။ ပြန်လည်နိုးကြားစိတ်နှင့် ဘုရားသခင်ကိုရှာရမည်။ (ဆာလံ ၈၀း၁၉) ပြီးလျှင် ပြုပြင်ပြောင်းလဲရမည်။ “ရှေးဦးစွာသောအကျင့်” (ဗျာဒိတ် ၂း၅)။ ပြန်လည်ပြုပြင်ပြောင်းလဲခြင်းသည် ကျွန်ုပ်တို့ယူထားသောပမာဏနှင့် ကျွန်ုပ်တို့ ဘုရားကိုပြန်ပေးသောပမာဏအပေါ် တည်နေပါသည်။

ခြားနားသောလုပ်ဆောင်ချက်နှင့်မဆိုင်ပါ။ စိတ်၏ဆုံးဖြတ်ချက်ဖြင့် ဆက်ကပ်သောသဘောအနေအထားပေါ်လွင်ခြင်း၌တည်သည်။ ရလဒ်မှာ



ယုံကြည်ခြင်းကိုတိုးပွားစေမည်။ ဝိညာဉ်ရေးအမြင်ကို ပို၍စူးရှစေမည်။ ရိုးသားဖြောင့်မတ်ခြင်းကို အသစ်တစ်ဖန်သွတ်သွင်းပေးမည်။

**သောကြာ** **ဖေဖေါ်ဝါရီ ၁၆**

**ထပ်ဆင့်လေ့လာရန်။**

သမ္မာကျမ်းစာ၏မှတ်တမ်းအရ ဘုရားသခင်သည် သူ၏လူမျိုးနှင့် ပဋိညာဉ်ထား၍ ထိုပဋိညာဉ်အတိုင်း သူ၏လူမျိုးကိုပို့ဆောင်တော်မူသည့် (ဟေဗြဲ ၈း၁၀) ကတိတော်ဆိုင်ရာပဋိညာဉ်သည် ကိုယ်တော်၏ကရုဏာ၊ မေတ္တာ၊ ကျွန်ုပ်တို့ကိုကယ်တင်လိုသောဆန္ဒကို ထင်ဟပ်နေပါသည်။

ဘုရားသခင်၏ပဋိညာဉ်မှာ များစွာပါဝင်ပါသည်။ ဘုရားသခင်ကိုယ်တိုင် ရရှိသူ၊ ပဋိညာဉ်၏အခြေအနေ၊ နှစ်ဦးနှစ်ဖက်၏ဆက်ကပ်မှု အခြေအနေ၊ ပဋိညာဉ်ကိုဖျက်ခြင်းကြောင့်ခံရမည့်အကျိုး၊ ရည်ရွယ်ချက်လမ်းဆုံးနှင့်ပြင်ပလိုအင်ဆန္ဒ စသည်တို့ပါဝင်ပါသည်။ ဆယ်ဖို့တစ်ဖို့ပေးခြင်း၏ခံယူချက်သည် ထိုသို့သောပဋိညာဉ်နှင့်ပင်တူညီနေသည်။ (မာလခိ ၃း၉၊၁၀)။ ဤကျမ်းချက်သည် ဘုရားသခင်နှင့်သူ၏ဘဏ္ဍာစိုးများအကြား အထူးပဋိညာဉ်ပြုချက်မှာ ဆယ်ဖို့တစ်ဖို့ပြန်လည်ပေးခြင်းဖြစ်သည်။ ကျွန်ုပ်တို့ထိုပဋိညာဉ်ထဲ၌ပါဝင်လာပြီဆိုလျှင် ဥစ္စာပစ္စည်းနှင့်သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းကို ထင်ထင်ပေါ်ပေါ်လုပ်ဆောင်သွားရမည်။ ပြုထားသောပဋိညာဉ်အတိုင်းမဟုတ်ဘဲ၊ ပြောင်းလဲကျင့်သုံးလျှင်ပိုကောင်းမည်ဟူသောအကြံမျိုးသည် စိတ်ထဲသို့ အပြစ်ဝင်လာပြီဖြစ်သည်။

“တစ်ကိုယ်ကောင်းစိတ်သည် ဘုရားသခင်ပိုင်သောပစ္စည်းကို ဘုရားအားပြန်၍မပေးရန်တားဆီးသည်။ သခင်ဘုရားသည် လူသားများနှင့်ပဋိညာဉ်ပြုထားပါသည်။ ခရစ်တော်၏နိုင်ငံတော်အတွက် မိမိတို့၏ပိုင်ဆိုင်မှုကို မှန်မှန်ကန်ကန်ခွဲခြားအသုံးပြုလျှင် သခင်ဘုရားသည် သူတို့ကိုများစွာ ကောင်းချီးပေးလိမ့်မည်။ ထိုကောင်းချီးလက်ဆောင်များထားသိုစရာ

အခန်းမလောက်သည်အထိ ရရှိပိုင်ဆိုင်ခွင့်ပေးမည်။ သို့သော် လူသားများသည် ဘုရားနှင့်ဆိုင်သောအရာကို မိမိတို့အတွက်ပြန်လည်ယူထားလျှင် ဘုရားသခင်က ရှင်းလင်းပြတ်သားစွာကြေညာထားချက်မှာ "ကျိန်ခြင်းအမင်္ဂလာကိုခံရမည်" (Ellen G. White, Counsels on Stewardship, p. 77).

ဘုရားရှင်နှင့်ပဋိညာဉ်ဖွဲ့ထားသောအသက်တာဖြင့် အသက်ရှင်နေခြင်းသည် တာဝန်များစွာရှိပါသည်။ ထိုပဋိညာဉ်၌ ကျွန်ုပ်တို့ဝမ်းမြောက်ပျော်ရွှင်လျက်ရှိသည်။ သို့သော် ဘုရားသခင်အမိန့်နှင့် ကျွန်ုပ်တို့၌ရှိသောတာဝန်များကို အခါအားလျော်စွာမနှစ်သက်ကြချေ။ ပဋိညာဉ်သည် အစွန်းနှစ်ဖက်ဖြင့်စီစဉ်ထားသည်။ ဆယ်ဖို့တစ်ဖို့ပေးခြင်းသည် ကျွန်ုပ်တို့၏အသက်တာ၌ ပဋိညာဉ်ဖွဲ့၍ အသက်ရှင်နေထိုင်ခြင်းဖြစ်သည်။

**ဆွေးနွေးရန် မေးခွန်းများ**

(၁) ဆယ်ဖို့တစ်ဖို့ပြန်ပေးခြင်းသည် ကျွန်ုပ်တို့၏အသက်တာ၌ ဘာကြောင့်ယုံကြည်ခြင်းကိုဖော်ဆောင်ရာမှာအရေးကြီးသည်ဟုထင်သနည်း။

(၂) "ငါဆယ်ဖို့တစ်ဖို့ပြန်ပေးရန်အဆင်မပြေသေးဘူး" ဟုပြောသောသူကိုတွေ့လျှင် သင်ဘယ်လိုပြောမည်နည်း။ ထိုသို့မိမိကိုယ်ကိုထင်နေသူတစ်ယောက်ကို သင်ဘယ်ကဲ့သို့ကူညီနိုင်မည်နည်း။ သင်ပြောမည့်စကားအပြင် မည်သို့ကူညီနိုင်မည်နည်း။

(၃) ဗုဒ္ဓဟူးနေ့နောက်ဆုံးမေးခွန်းအပေါ် မည်သို့သက်သေပြမည်နည်း။ သင်၌နောက်ထပ်အဖြေရှိပါသေးသလား။ ၎င်းသည် သန့်ရှင်းသောကြောင့် သင်၏ပြန်လည်ပေးဆပ်ခြင်းကို မည်သို့သက်ရောက်မှုရှိစေသနည်း။

–၀–





## သင်ခန်းစာ (၈)
## ဆယ်ဖို့တစ်ဖို့ပေးခြင်း၏အကျိုး
### ဖေဖေါ်ဝါရီ ၁၇ – ၂၃

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဖေဖေါ်ဝါရီ ၁၇**

**ဖတ်ရန်ကျမ်းချက်များ။** မာကု ၁၆း၁၅။ ၁ပေ၃း၈၊၉။ ၁ကော ၉း၁၄။ ရောမ ၃း၁၉–၂၄။

**အလွတ်ကျမ်းချက်**

**"ဓမ္မကိစ္စအမှုကိုဆောင်ရွက်သောသူတို့သည် ဗိမာန်တော်ကို အမှီပြု၍စားရသည်ကိုလည်းကောင်း၊ ယဇ်ပူဇော်ခြင်းအမှုကိုဆောင်ရွက်သောသူတို့သည် ယဇ်ပလ္လင်နှင့်ဆက်ဆံ၍စားရသည်ကိုလည်းကောင်း သင်တို့မသိကြသလော။ ထိုနည်းတူ၊ ဧဝံဂေလိတရားကိုဟောသောသူတို့သည် ဧဝံဂေလိတရားကိုအမှီပြု၍ အသက်မွေးရမည်အကြောင်း သခင်ဘုရား၏ပညတ်တော်မူချက်ရှိ၏" (၁ကော ၉း၁၃၊၁၄)။**

လွန်ခဲ့သောအပတ်မှသင်ခန်းစာတွင် ဆယ်ဖို့တစ်ဖို့ပေးခြင်းသည် အရေးကြီးကြောင်း လေ့လာခဲ့ရပါသည်။ ၎င်းသည် ယုံကြည်ခြင်းကိုဖော်ပြခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏စိတ်ကိုဖော်ပြသော စမ်းသပ်သည့်တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။ "သင်တို့သည် ယုံကြည်ခြင်း၌တည်သလော၊ မတည်သလောဟု ကိုယ်ကိုကိုယ်စစ်ကြောကြလော့။ ကိုယ်ကိုကိုယ်စုံစမ်းကြလော့။ သင်အစစ်မခံနိုင်လျှင် မမှန်သေး၊ သင်တို့၌ယေရှုခရစ်တည်တော်မူသည်ကို သင်မသိသလော။ (၂ကော ၁၃း၅)။

ပထမဦးဆုံးကျမ်းစာမှဖော်ပြသော ဆယ်ဖို့တစ်ဖို့အကြောင်းမှာ အာဗြဟံမှမေလခိဇေဒက်ကို ဆယ်ဖို့တစ်ဖို့ပေးခြင်းအကြောင်းဖြစ်သည်။

(ကမ္ဘာဦး ၁၄း၁၈–၂၀။ ဟေဗြဲ ၇း၄)။ လေဝိသားများတို့သည်လည်း ဗိမာန်တော်၌အမှုတော်ထမ်းရသောအလုပ်ကြောင့် ဆယ်ဖို့တစ်ဖို့ကိုယူသည်။ (ဖြော ၃၁း၄–၁၀)။ ယနေ့ဆယ်ဖို့တစ်ဖို့သည် ဧဝံဂေလိတရားကိုထောက်ပံ့ရန်အတွက် အသုံးပြုသည်။ မှန်ကန်စွာနားလည်ထားရမည်မှာ ကျွန်ုပ်တို့ဘုရားသခင်နှင့် ဖက်စပ်ပါဝင်ပြီး ဝိညာဉ်ရေးရာလုပ်ငန်းမှာပါဝင်ခြင်းဖြစ်သည်။

အကျိုးရှိပုံ၊ အသုံးပြုပုံ၊ အရေးကြီးပုံနှင့် ဆယ်ဖို့တစ်ဖို့ဝေငှသုံးစွဲခြင်းမှာ ဝိညာဉ်ရေးကြီးထွားရန်အတွက် ဘုရားသခင်၏အမှုတော်ကိုကူညီပြီး ဧဝံဂေလိတရားဟောပြောရန် ငွေကြေးများကိုစီစဉ်ဆောင်ရွက်ထားရှိရန်ဖြစ်သည်။ ဘုရားသခင်၏အကြံအစည်ဖြစ်ပြီး သစ္စာရှိသောဘဏ္ဍာစိုးများအတွက် ပထမခြေလှမ်းဟုခေါ်ဆိုထားသည်။

ယခုအပတ်မှာလည်း ဆယ်ဖို့တစ်ဖို့ပေးခြင်းအကြောင်းကို ဆက်လက်လေ့လာပါမည်။ ၎င်းဆယ်ဖို့တစ်ဖို့ပေးခြင်းဖြင့် အခြားသူအတွက်သော်လည်းကောင်း၊ ကျွန်ုပ်တို့၏ဝိညာဉ်ရေးအသက်တာအတွက်သော်လည်းကောင်း မည်သည့်အကျိုးရှိသနည်း။

**တနင်္ဂနွေ** **ဖေဖော်ဝါရီ ၁၈**

**အတူတကွသာသနာပြုရန်ပံ့ငွေထည့်ဝင်ခြင်း**

ယေရှုရှင်မိန့်တော်မူသည်မှာ "ဧဝံဂေလိတရားကိုဟောပြောလော့" (မာကု ၁၆း၁၅)။ ယင်းနောက် "ငါ့တပည့်ဖြစ်စေလော့" "ပေးသမျှသောပညတ်တို့ကိုစောင့်ရှောက်စေခြင်းငှာ ဆုံးမသြဝါဒပေးကြလော့" (မဿဲ ၂၈း၁၉၊၂၀)။ ဘုရားသခင်သည် အရေးကြီးသောအမှုတော်လုပ်ငန်း၌ ကျွန်ုပ်တို့ကိုပါဝင်စေချင်သည်။ လူများကိုခရစ်တော်ဆီသို့ခေါ်ဆောင်လာရန် ရန်ပုံငွေစုထားခြင်းသည် အမှုတော်လုပ်ငန်းအတွက် ဘုရားသခင်က ကျွန်ုပ်တို့အားလုံးကို ဘဏ္ဍာစိုးအဖြစ်ခန့်ထားပြီး တာဝန်အပ်နှင်းပါသည်။ ပါဝင်လုပ်ဆောင်ခြင်းထက် မိမိကိုယ်ကိုဆက်ကပ်အပ်နှံပြီး သခင်ခရစ်တော်အကြောင်း



ကိုတင်ဆက်ဟောပြောသက်သေခံရန်အတွက်ဖြစ်သည်။ တပည့်တော်တိုင်း၊ ဘဏ္ဍာစိုးတိုင်းသည် ယင်းအမှုတော်အတွက် မိမိတို့၌ရှိသောဆယ်ဖို့တစ်ဖို့အားလုံးကို ပြန်ယူလာကြရမည်။ အမှုတော်အတွက် စည်းလုံးခြင်းစိတ်ရှိရန် ကျွန်ုပ်တို့ဆုတောင်းရန်လိုသည်။ အောင်မြင်သောအမှုတော်သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းစည်းလုံးမှုကို အင်အားဖြစ်စေပါသည်။

ဘုရားသခင်သည် ငွေကြေးအစီအစဉ်အားဖြင့် အမှုတော်အောင်မြင်ရန် မည်သို့အားပေးထားသနည်း။ "ဆယ်ဖို့တစ်ဖို့ရှိသမျှ" ဟုဆိုသောစကားသည် မည်သည့်အဓိပ္ပါယ်ရှိသနည်း။ (မာလခိ ၃း၁၀)။ "ငါ၏အိမ်တော်၌စားစရာရှိစေခြင်းငှာ" ဆိုသောစကားစုသည် မည်သည့်အဓိပ္ပါယ်ရှိသနည်း။ (မာလခိ ၃း၁၀)။

---

---

ကျွန်ုပ်တို့သိပြီးသည့်အတိုင်း လူများတို့သည် အာဗြဟံ၊ ယာကုပ်အချိန်မှစပြီး ဆယ်ဖို့တစ်ဖို့ကိုပေးခဲ့ကြသည်။ (ကမ္ဘာဦး ၁၄း၂၀။ ၂၈း၂၂)။ မတော်ထိုထက်စောလျှင်လည်းစောနိုင်ပါသည်။ ဆယ်ဖို့တစ်ဖို့သည် ဘုရားသခင်၏အသင်းတော်အတွက် ရန်ပုံငွေတစ်စိတ်တစ်ဒေသဖြစ်သည်။ အကြီးမားဆုံးရန်ပုံငွေရရှိသောနေရာဖြစ်ပြီး သာသနာပြုလုပ်ငန်းလုပ်ဆောင်ရာ၌ အထိရောက်ဆုံးနည်းဖြစ်သည်။

"ယနေ့ခေတ်ရောက်လာသောအခါ အများစုသောခရစ်ယာန်များသည် ဘုရားသခင်၏အမှုတော်အတွက် ရန်ပုံငွေများကို အနည်းအကျဉ်းသာထည့်ဝင်ကြတော့သည်။ အကယ်၍သာ ခရစ်ယာန်များအားလုံး ရိုးသားစိတ်နှင့်ဆယ်ဖို့တစ်ဖို့ပေးလျှင် ရရှိလာမည့်အဖြေသည် "မခန့်မှန်းနိုင်တော့သည့်အထိ၊ အံ့အားသင့်နေရမည်။ မျှော်မှန်းထားသည်ထက် ကျော်လွန်သွားလိမ့်မည်။" Christian Smith and Michael O. Emerson, Passing the Plate (New York : Oxford University Press, 2008, p. 27).

ခေတ်အဆက်ဆက်မှာ ဘုရားသခင်၏လူမျိုးတို့သည် အမှုတော်အတွက်ရန်ပုံငွေပေးလိုသူရှိတတ်စမြဲဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ ထိုတာဝန်ကြီးကိုလုပ်ဆောင်ရန် ကျွန်ုပ်တို့အားလုံး၌တာဝန်ရှိကြောင်း လူတိုင်းနားလည်ထားပါသည်။ သာသနာအတွက် ရန်ပုံငွေထားရှိခြင်းကိစ္စကို ကျွန်ုပ်တို့မည်သည့်နည်းနှင့်မျှပြိုပျက်သွားအောင် လျစ်လျူရှုခြင်း၊ နှောင့်ယှက်ခြင်းမပြုလုပ်နိုင်ပေ။ ကျွန်ုပ်တို့အတွက်စိန်ခေါ်မှုသည် လေဝိသားများမှနေဟမိကိုပြောခဲ့သောစကားထက် ကြီးကျယ်နေပါသည်။ "ငါတို့၏ဘုရားသခင်အိမ်တော်ကို ငါတို့သည် စွန့်ပစ်မထားရကြ" (နေဟမိ ၁၀း၃၉)။ ၁၈၀၀ ခုနှစ်ဝန်းကျင်လိုမျိုး ယုံကြည်သူများတို့၏ကြောက်ခမန်းလိလိရင်ဆိုင်ရမှုမျိုးထက် စိန်ခေါ်မှုက ပို၍ကြီးနေသည်။ ယနေ့အသင်းသားများနှင့်ဓမ္မဆရာတို့သည် ဝိညာဉ်ရေးရာ၌ပေါင်းစည်းမှုပြုပြီး ငွေကြေးကဏ္ဍ၌လည်း ညီညာစွာရန်းကန်ကာ ကမ္ဘာလုံးဆိုင်ရာအမှုတော်သာသနာရန်ပုံငွေကို ထားရှိကြရမည်။

မြော်လင့်ခြင်းအသင်းတော်၏ ကမ္ဘာကိုပြောကြားရမည့်တာဝန်ကို စဉ်းစားကြည့်ပါ။ (ဗျာဒိတ် ၁၄း၆၊၇ ကိုဖတ်ကြည့်ပါ။) ကျွန်ုပ်တို့အယောက်တိုင်း သာသနာအမှုတော်အတွက် ရန်ပုံငွေပါဝင်ထည့်လှူရမည့်တာဝန်ရှိကြောင်း မည်ကဲ့သို့နားလည်ရမည်နည်း။

**တနင်္လာ** **ဖေဖော်ဝါရီ ၁၉**

## ဘုရားသခင်၏ကောင်းချီးများ

ကျွန်ုပ်တို့ မာလခိ ၃း၁၀ ၌တွေ့ရှိရသည့် ဘုရားသခင်မှမိမိကိုသစ္စာရှိသောသူတို့သည် ဆယ်ဖို့တစ်ဖို့ထည့်ခြင်းအားဖြင့် ကောင်းချီးသွန်းလောင်းမည်ဟု ကတိတော်ရှိပါသည်။ ဘုရားရှင်၏ကောင်းချီးသည် လားရာတစ်ဖက်တည်းရှိသည်မဟုတ်ပါ။ ကျွန်ုပ်တို့ပိုင်ဆိုင်ရသောဥစ္စာပစ္စည်း၊ အသုံးပြုလျက်ရှိသောအသုံးအဆောင်များ၊ ထိုအရာများကို ဘုရားသခင်၏ကောင်းချီးဟုသတ်မှတ်သောအခါ အလွန်ကျဉ်းမြောင်းသောအမြင်သာရှိသေးသည်။



မာလခိကျမ်းမှဖော်ပြသောကောင်းချီးသည် ဝိညာဉ်ရေးရာကောင်းချီးအပြင် လတ်တလောရရှိသောပစ္စည်းဥစ္စာငွေကြေးအပါအဝင်ဖြစ်သည်။ ဘုရားသခင်၏ကောင်းချီးဟုသတ်မှတ်သောအခါ ကယ်တင်တော်မူခြင်း၊ အသက်တာ၌ရွှင်လန်းဝမ်းမြောက်ခြင်း၊ စိတ်၏ငြိမ်သက်ခြင်း၊ ကိုယ်၏ချမ်းသာခြင်းစသည်ဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့အတွက်အမြဲတမ်းကောင်းမြတ်သောအရာကိုသာ ချပေးတော်မူသည်။ ဘုရားသခင်ထံမှကောင်းချီးမင်္ဂလာရရှိလျှင် ကျွန်ုပ်တို့မျှလောက်အခြေအနေမလှသူများကို ပြန်လည်ဝေငှပေးကြရမည်။ အခြားသူများအတွက်ကောင်းချီးဖြစ်စေရန်၊ ကျွန်ုပ်တို့ကောင်းချီးခံစားကြရသည်။ ကျွန်ုပ်တို့မှတစ်ဆင့် ဘုရားသခင်သည် မိမိ၏ကောင်းချီးမင်္ဂလာကို ဆက်လက်ပြန့်ပွားစေပါသည်။

၁ပေ ၃း၈၊၉ ကိုဖတ်ကြည့်ပါ။ ရှင်ပေတရုမှကျွန်ုပ်တို့အား ကောင်းချီးခံစားရ၍ အခြားသူများအတွက်ကောင်းချီးဖြစ်စေပါဟုပြောသောစကားသည် မည်သည့်အဓိပ္ပါယ်ဆောင်သနည်း။

---

---

ဆယ်ဖို့တစ်ဖို့ပေးခြင်းဖြင့် ကောင်းချီးနှစ်ဆရရှိသည်။ ကျွန်ုပ်တို့ကောင်းချီးခံရ၍ ထိုကောင်းချီးမင်္ဂလာကို အခြားသူများထံဝေမျှခြင်းဖြင့် ကောင်းချီးကိုထပ်ဆင့်ပြန့်ပွားနိုင်သည်။ ကျွန်ုပ်တို့ကိုပေးထားသောကောင်းချီးများအား အခြားသူထံဆက်လက်ပေးကမ်းခြင်းပြုရမည်။ ကျွန်ုပ်တို့အထဲသို့ ဘုရားသခင်၏ကောင်းချီးဝင်ရောက်လာ၍ အခြားသူများကိုပြန်လည်ဝေမျှခြင်းသည် အပြင်၌ပေါ်လွင်သောကောင်းချီးဖြစ်လာသည်။ "သူတစ်ပါးအားပေးကြလော့။ ပေးလျှင်သူတစ်ပါးသည် သင်တို့အားပေးကြလိမ့်မည်။. . . အကြောင်းမူကား အကြင်ချိန်၊ တင်းပမာဏနှင့် သင်တို့သည် သူတစ်ပါးအားပေး၏။ ထိုပမာဏအတိုင်းကိုယ်ခံရကြမည်။ (လုကာ ၆း၃၈)။

တမန်တော် ၂၀း၃၅ ကိုဖတ်ကြည့်ပါ။ ဆယ်ဖို့တစ်ဖို့ပေးခြင်းနှင့် မည်သို့အလားသဏ္ဍာန်တူညီနေသနည်း။

---

---

ဆယ်ဖို့တစ်ဖို့ပေးခြင်း၏အကြီးမားဆုံးရရှိမည့် ကောင်းချီးမင်္ဂလာသည် ထာဝရဘုရားအားကိုးစားခြင်းကို သွန်သင်ပေးသောကောင်းချီးဖြစ်သည်။ (ယေရမိ ၁၇း၇)။ "ဆယ်ဖို့တစ်ဖို့ပေးခြင်း၏အထူးအစီအစဉ်မှာ ဘုရားသခင်၏ပညတ်တော်ကို ကြိုးစားနားထောင်ခြင်းဖြစ်သည်။ ထိုဆယ်ဖို့တစ်ဖို့အစီအစဉ်သည် ဂျူးလူမျိုးများကိုကောင်းချီးဖြစ်စေပါသည်။ သို့မဟုတ်ပါက ဘုရားသခင်မှ ၎င်းအစီအစဉ်ကို ဘုရားရှင်ပေးတော်မူလိမ့်မည်မဟုတ်။ နောက်ဆုံးသောအချိန်၌ အသက်ရှင်နေသောသူများအတွက်လည်း ဆယ်ဖို့တစ်ဖို့ပေးခြင်းအစီအစဉ်သည် ကောင်းချီးဖြစ်စေမည်မှာ အမှန်ပင်ဖြစ်သည်။ ကောင်းကင်ခမည်းတော်သည် စည်းကမ်းသတ်မှတ်ထားသော ရက်ရောတတ်သည့်သဘောကို ပုံစံချပေးထားခြင်းမှာ မိမိအတွက်ကြွယ်ဝချမ်းသာစေချင်သောသဘောဖြင့်မဟုတ်ဘဲ လူသားများ၏ကောင်းချီးမင်္ဂလာအတွက်ကြောင့်သာဖြစ်သည်။ လူသားများလိုအပ်သောအကျိုးထူးသည် အစီအစဉ်တစ်ရပ်ဟု ကိုယ်တော်ရှင်မြင်တော်မူခဲ့ခြင်းကြောင့် ထားရှိပေးခြင်းဖြစ်သည်။ (Ellen G. White, Testimonies for the Church, vol. 3, pp. 404,405).

လူပုဂ္ဂိုလ်တစ်ဦးမှ သင့်ကိုဘုရားရှင်၏ကောင်းချီးလမ်းအကြောင်း လာရောက်ဝေငှပေး၍ သင်သည် ကောင်းချီးခံရသောအချိန်ကို ပြန်လည်စဉ်းစားပါ။ ထိုပုဂ္ဂိုလ်ကဲ့သို့ အခြားသူများကိုသင်မည်သို့ဝေငှနိုင်မည်နည်း။

**အင်္ဂါ** **ဖေဖော်ဝါရီ ၂၀**

## ဆယ်ဖို့တစ်ဖို့၏ရည်ရွယ်ချက်

ရှင်ပေါလု၏သက်သေခံရေးသားချက်အရ၊ "အကြောင်းမူကား၊ စပါးနင်းနယ်သောနွား၏နှုတ်ကိုမချုပ်တည်းရဟု ကျမ်းစာလာ၏။ တစ်ချက်ကား၊



လုပ်ဆောင်သောသူသည် အခကိုခံထိုက်ပေသည်ဟုလာပြန်၏" (၁တိ ၅း၁၈)။ တရားဟောရာကျမ်း ၂၅း၄ မှမောရှေရေးခဲ့သောနွားအကြောင်းနှင့် လုကာ ၁၀း၇ မှခရစ်တော်ယေရှုမိန့်တော်မူခဲ့သော လုပ်ဆောင်သူ၏အကြောင်းကို ယူပြီး ပြန်ပြောခြင်းဖြစ်သည်။ နွားအကြောင်းကိုဖော်ပြသောစကားစုမှာ ပုံမှာ ခိုင်းနှိုင်းပြီး၊ အဓိပ္ပါယ်မှာ ထိုနွားသည် အလုပ်လုပ်ရစဉ် စပါးအသီးအနှံကို စားရသောအခွင့်ရှိသင့်သည်ဟု ဆိုလိုပါသည်။ ထိုနည်းတူ ဒုတိယခိုင်းနှိုင်းချက်မှာ ဧဝံဂေလိတရားကိုဟောသောသူများသည် လုပ်ဆောင်သည့်တန်ဖိုး၏အဖိုးအခဆုလာဘ်ကိုခံယူသင့်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဘုရားသခင်သည် အရာခပ်သိမ်းကိုဖန်ဆင်းပြီး စနစ်တကျစီမံထိန်းကျောင်းထားသည်။ နေ၊ လ၊ ကြယ်တို့လည်ပတ်သွားလာခြင်း၊ ပတ်ဝန်းကျင်သက်ရှိသက်မဲ့တို့၏လှုပ်ရှားနေထိုင်မှု၊ အစာခြေအင်္ဂါအဖွဲ့အစည်း၊ အာရုံကြောအဖွဲ့အစည်းနှင့် အခြားများစွာရှိပါသေးသည်။ ဆယ်ဖို့တစ်ဖို့ကို လေဝိများက ဦးဆောင်စီမံအသုံးပြုရသည်။ ဗိမာန်တော်၌အသုံးပြုရန်နှင့် သူတို့ကိုထောက်ပံ့ရန်အတွက်ဖြစ်သည်။ (တောလည် ၁၈း၂၆)။ ယနေ့ခေတ်အချိန်၌ ဧဝံဂေလိတရားကိုဟောပြောသောသူကို လေဝိသားများဟု ခိုင်းနှိုင်းထားပါသည်။ ဘုရားသခင်မှ ဆယ်ဖို့တစ်ဖို့အစီအစဉ်ထားရှိပေးခြင်းသည် အမှုတော်ကိုထောက်ပံ့ရန်အတွက်ဖြစ်သည်။ ကယ်တင်ခြင်းစီမံကိန်းသမိုင်းတစ်လျှောက်မှာလည်း ဆယ်ဖို့တစ်ဖို့ကို အသုံးပြုပြီးဖြစ်သည်။ လုပ်ဆောင်သူများကို ဆယ်ဖို့တစ်ဖို့ဖြင့်ထောက်ပံ့ခြင်းသည် ဘုရားသခင်၏အခြေခံအုတ်မြစ်သွန်သင်ချက်ပင်ဖြစ်သည်။

ရှင်ပေါလုရေးသားထားသောအချက်ကို ကျွန်ုပ်တို့မည်သို့သဘောထားနိုင်မည်နည်း။ "ထိုနည်းတူ ဧဝံဂေလိတရားကိုဟောသောသူတို့သည် ဧဝံဂေလိတရားကိုအမှီပြု၍ အသက်မွေးရမည်အကြောင်း ဘုရားသခင်၏ပညတ်တော်မူချက်ရှိ၏" (၁ကော ၉း၁၄)။ ဧဝံဂေလိကိုဖြန့်ချိသောသူ

များကို ထောက်ပံ့ရန်လိုကြောင်းကို ၂ကော ၁၁:၇-၁၀ က ဘာသွန်သင်ထားသနည်း။

---

---

ရှင်ပေါလုမှ "သင်တို့အမှုကိုဆောင်ရွက်မည်အကြောင်း၊ အခြားသောအသင်းတော်များပေးသောစရိတ်ကိုငါခံ၍ သူတို့ကိုလုယူရာသို့ရောက်လေပြီတကား။ (၂ကော ၁၁:၈)။ ရှင်ပေါလုသည် ဆင်းရဲသောမာကေဒေါနိအသင်းတော်မှ အသင်းသားများပေးသောအလှူကိုခံယူပြီး ကြွယ်ဝချမ်းသာသော ကောရိန်သုအသင်းသားများအတွက် အမှုတော်ဆောင်ရွက်ပေးရကြောင်း ခိုင်မာစွာပြောခဲ့ခြင်းဖြစ်သည်။ သူ၏ရည်ရွယ်ချက်မှာ ကောရိန်သုအသင်းသားများအား ဧဝံဂေလိအမှုတော်ကိုဆောင်သောသူများကို ထောက်ပံ့ပေးရန်သင်ပေးခြင်းဖြစ်သည်။

ဆယ်ဖို့တစ်ဖို့သည် သီးသန့်အသုံးပြုရန် ရည်ရွယ်ထားသောကိစ္စရှိသည်အတိုင်း ဆက်လက်လုပ်ဆောင်ရမည်။ "ဆယ်ဖို့တစ်ဖို့သည် အထူးသီးသန့်ဖယ်ရှားထားပြီး အသုံးပြုရန်ဖြစ်သည်။ ဆင်းရဲသားအတွက်အလှူဟုသဘောမထားရ။ ထိုဆယ်ဖို့တစ်ဖို့သည် လောကကမ္ဘာကြီးကို ဘုရားသခင်၏သတင်းစကားအားပြောကြားပေးနေသူများကို ထောက်ပံ့ရန်အတွက် သက်သက်သာအသုံးပြုရမည်။ ၎င်းရည်ရွယ်ချက်မှလွဲ၍ အခြားကိစ္စ၌အသုံးပြုရန်မသင့်လျော်ပေ။" (Ellen G. White, Counsels on Stewardship, p. 103).

ဝတ်ပြုရာကျမ်း ၂၇:၃၀ ကိုဖတ်ကြည့်ပါ။ ယနေ့ကျွန်ုပ်တို့ကိုမည်သို့သောနည်းလမ်းဖြင့် သွန်သင်ထားသနည်း။

**ဗုဒ္ဓဟူး** **ဖေဖော်ဝါရီ ၂၁**

## ဘဏ္ဍာတိုက်

သိုလှောင်ထားရန်အတွက် ဘုရားသခင်၌ဘဏ္ဍာတိုက်ရှိသည်။ လေ (ယေရမိ ၁၀:၁၃)၊ ရေ (ဆာလံ ၃၃:၇)၊ ဆီးနှင်းနှင့်မိုးသီး (ယောဘ ၃၈:၂၂)၊ အရာခပ်သိမ်းကို ဘုရားသခင်ထိန်းချုပ်ထားတော်မူသည်။ သို့သော်များစွာသောဘဏ္ဍာတိုက်များထဲမှ ဆယ်ဖို့တစ်ဖို့ဘဏ္ဍာတော်တိုက်သည် တန်ဖိုးအကြီးဆုံးဖြစ်သည်။ လေဝိသားတို့သည် ပရိသတ်စည်းဝေးရာတဲတော်အမှုကို ဆောင်ရွက်သောကြောင့်၊ သူတို့အမွေခံစရာ ဣသရေလအမျိုးတို့၏ဥစ္စာဆယ်ဖို့တစ်ဖို့ကိုငါပေးပြီ။ (တောလည် ၁၈:၂၁)။ ဤကျမ်းချက်သည် ယနေ့ "ဆယ်ဖို့တစ်ဖို့၏ဘဏ္ဍာတိုက်မည်သည့်နေရာမှာရှိကြောင်း" ကို ဖော်ပြထားသော ပထမဦးဆုံးကျမ်းပိုဒ်ဖြစ်သည်။ ဆက်လက်ပြီးဘုရားသခင်က ဣသရေလလူမျိုးများကို သူကိုယ်တိုင်ရွေးချယ်ထားသောနေရာသို့ ဆယ်ဖို့တစ်ဖို့ကိုယူဆောင်သွားရန် တိုက်တွန်းခဲ့သည်။ (တရားဟော ၁၂:၅၊၆)။

ရှောလမုန်မင်းကြီး၏လက်ထက်၌ ဆယ်ဖို့တစ်ဖို့အားလုံးကို ယေရုရှလင်ဗိမာန်တော်သို့ပြန်ယူလာရသည်။ ဣသရေလလူမျိုးများသည် ဆယ်ဖို့တစ်ဖို့သိုထားရန် ဘဏ္ဍာတိုက်ဘယ်မှာရှိကြောင်းကို မာလခိပုရောဖက်က ပြောသောအခါ ကောင်းစွာနားလည်ထားကြသည်။ ဆယ်ဖို့တစ်ဖို့ရှိသမျှတို့ကို ဘဏ္ဍာတိုက်ထဲသို့သွင်း၍" (မာလခိ ၃:၁၀) ဟုဆိုထားပါသည်။ ဘဏ္ဍာတိုက်ဟုဆိုရာ၌ ဘာသာရေးအမှုများထားရှိသောနေရာ၊ လေဝိသားများအမှုတော်ထောက်ပံ့သောနေရာကိုဆိုလိုသည်။

သမ္မာကျမ်းစာမှဘဏ္ဍာတိုက်ကို အခြားအမည်ဖြင့်ခေါ်ထားခြင်းရှိပါသလား။ ၅ရာ ၂၆:၂၀။ ၆ရာ ၃၁:၁၁-၁၃။ နေဟမိ ၁၀:၃၈။

---

---

သန့်ရှင်းသောဆယ်ဖို့တစ်ဖို့ကို ဘဏ္ဍာတိုက်သို့ယူဆောင်လာရန်မှာ နှုတ်ကပတ်တော်မှတစ်ခုတည်းသောပုံစံချထားခြင်းဖြစ်သည်။ အခြေအနေအမျိုးမျိုးရှိသော်လည်း ဘုရားသခင်က ဆယ်ဖို့တစ်ဖို့ကိုထားရှိစီမံရန်အတွက် ဗဟိုဘဏ္ဍာတိုက်ထားရှိထားသည်။ သတ္တမနေ့မြော်လင့်ခြင်းအသင်းသားများသည် ကမ္ဘာလုံးဆိုင်ရာဘာသာရေးနှင့် အသင်းတော်ဗဟိုဘဏ္ဍာတိုက်ထားရှိ

ခြင်းစနစ်ကို ကျင့်သုံးလက်ခံထားသည်။ အသင်းသားအားလုံး သူတို့၌ရှိသောဆယ်ဖို့တစ်ဖို့များကို သာသနာဌာနချုပ်သို့ ပြန်လည်ပေးပို့ကြသည်။ နယ်သာသနာအသင်းတော်မှ ထိုဆယ်ဖို့တစ်ဖို့များကိုကောက်ခံပြီးပေးပို့ရသည်။ သာသနာဌာနချုပ်ရှိရာသည် ဓမ္မအမှုတော်ဆောင်များ လစာရရှိမည့်နေရာဖြစ်သည်။

ဘုရားသခင်၏အမှုတော်ကျယ်ပြန့်လာသည်နှင့်အမျှ အကူအညီများပို၍ပို၍လိုအပ်လာပါသည်။ ထို့ကြောင့် ခရစ်ယာန်များအားလုံး ဘုရားရှင်တောင်းဆိုသော ခေါ်တော်မူခြင်းအမိန့်ကို တုံ့ပြန်သတိပြုကြရမည်။ "ဆယ်ဖို့တစ်ဖို့ရှိသမျှကို ဘဏ္ဍာတိုက်သို့သွင်း၍၊ ငါ့အိမ်တော်၌ စားစရာရှိစေခြင်းငှာပြုကြလော့။ (မာလခိ ၃း၁၀)။ ခရစ်ယာန်များသည် သူတို့၏ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေကို ဘုရားသခင်ထံပြန်ယူလာလျှင် ကိုယ်တော်၏ဘဏ္ဍာတိုက်သည် ပြည့်လျှံသွားလိမ့်မည်။ ဈေးပွဲတော်များကျင်းပခြင်း၊ ကံစမ်းမဲဖောက်ထီထိုးခြင်း၊ ပျော်ပွဲရွှင်ပွဲကျင်းပပြီးရန်ပုံငွေရှာကာ ဘုရားသခင်၏ဧဝံဂေလိတရားကိုထောက်ပံ့မည်ဟု ကြံစည်ရန်လုံးဝမလိုပါ။ (Ellen G. White, The Acts of Apostles, p. 338).

လူများတို့သည် ဆယ်ဖို့တစ်ဖို့ကိုပေးချင်သူအားလျှောက်ပေးနေလျှင်၊ မည်သို့ဖြစ်မည်ကိုစဉ်းစားပါ။ လူတိုင်းသာ ထိုသို့လုပ်မည်ဆိုလျှင် ဘုရားသခင်၏အမှုတော်မည်သို့ဖြစ်မည်နည်း။ သို့ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ဆယ်ဖို့တစ်ဖို့ကို သက်ဆိုင်သောနေရာသို့ရောက်အောင်ပို့ဆောင်ရန် ဘာကြောင့်အရေးကြီးသနည်း။

**ကြာသပတေး** **ဖေဖော်ဝါရီ ၂၂**

**ယုံကြည်ခြင်းအားဖြင့်သာဆယ်ဖို့တစ်ဖို့ပေးနိုင်သည်။ ယုံကြည်ခြင်းအားဖြင့်သာကယ်တင်ခြင်းရရှိမည်။**

ရောမ ၃း၁၉–၂၄ ကိုဖတ်ကြည့်ပါ။ စစ်မှန်သောအရာ၊ ယုံကြည်ခြင်း၏ဗဟိုအကြောင်း သင်ကြားထားသည်။ ဤသွန်သင်ချက်ကို ကျွန်ုပ်တို့၏ယုံကြည်မှုအုတ်မြစ်အဖြစ် အမြဲထားရန်ဘာကြောင့်လိုအပ်သနည်း။



သမ္မာကျမ်းစာ၏ဖော်ပြချက်အရ ကျွန်ုပ်တို့အားလုံးသည် ရွေးနုတ်ခြင်းနှင့်မထိုက်တန်ပါ။ (အသရေပျက်ကြပြီ) (ရောမ ၃း၂၃)။ ကျွန်ုပ်တို့ထိုက်တန်ပါသည်ဟုသဘောထားလျှင်၊ ကိုယ်ကုသိုလ်ကြောင့်၊ ကိုယ့်အကျင့်ကြောင့်သာဖြစ်မည်။ ထိုအတွေးမျိုးသည် နှုတ်ကပတ်တော်နှင့်မကိုက်ညီပါ။

ရောမ ၄း၁–၅ ကိုဖတ်ကြည့်ပါ။ ၎င်းကျမ်းချက်သည် ကရုဏာတော်ကိုသာ သင်ကြားထားပြီး ဘာကြောင့်သီလကုသိုလ်အကျင့်ကျင့်ခြင်းကို ဆန့်ကျင်သနည်း။

သို့ဖြစ်၍ ကယ်တင်ခြင်းသည် ဆုလာဘ်လက်ဆောင်သက်သက်ဖြစ်သည်။ (ဖေက် ၂း၈၊၉)။ မထိုက်မတန်သော်လည်း ပေးခြင်းဖြစ်သည်။ ကယ်တင်ခြင်းသည် ခရစ်တော်၏ပြည့်စုံသောဆက်ကပ်ခြင်း၏သီလဖြင့် ကျွန်ုပ်တို့ကိုပေးသနားခြင်းဖြစ်သည်။ ဆယ်ဖို့တစ်ဖို့သည်လည်း ဘုရားသခင်ကိုပြန်ပေးခြင်းကြောင့် ဘုရားသခင်၌ဘာတစ်ခုမျှပို၍များလာသည်မရှိပါ။ ဘုရားသခင်ထံမှလာသော ထိုဆယ်ဖို့တစ်ဖို့ကိုပြန်ပေးခြင်းအတွက် ကျွန်ုပ်တို့အဖို့ ကောင်းမှုသီလဘယ်နည်းဖြင့်ဖြစ်စေနိုင်မည်နည်း။

ဆယ်ဖို့တစ်ဖို့ပေးခြင်းသည် ကယ်တင်ခြင်းကိုမရရှိနိုင်ပါ။ "အဘယ်ကြောင့်နည်းဟူမူကား၊ ငါတို့သည် ကောင်းသောအကျင့်တို့ကိုကျင့်ရမည်အကြောင်း၊ ယေရှုခရစ်၌ပြုပြင်၍ ဖန်ဆင်းတော်မူရာဖြစ်၏။ ထိုကောင်းသောအကျင့်တို့၌ ငါတို့သည် ကျင်လည်ရမည်အကြောင်း ဘုရားသခင်သည် ငါတို့ကိုပြင်ဆင်တော်မူနှင့်ပြီ" (ဖေက် ၂း၁၀)။

မည်သည့်အကြောင်းမျိုးပင်ရှိစေကာမူ၊ ဆယ်ဖို့တစ်ဖို့ပြန်ပေးခြင်းသည် ကျွန်ုပ်တို့၏နှိမ့်ချခြင်းစိတ်၊ ဆက်ကပ်မှုရှိခြင်းစိတ်ရှိခြင်း သို့မဟုတ် ဘုရားသခင်မှခိုင်းစေသောအရာကို ကျွန်ုပ်တို့စိတ်နှလုံးခိုင်မာစွာငြင်းပယ်ခြင်း၊ လုံးဝနာခံမှုမရှိဘဲ ဆန့်ကျင်ခြင်းကိုဖော်ပြပါသည်။ ဘုရားသခင်ကိုချစ်လျှင် သူ၏စကားကိုနားထောင်လိမ့်မည်။ ဆယ်ဖို့တစ်ဖို့ပေးခြင်းသည် အပြင်သဏ္ဍာန်အနေဖြင့် ကျွန်ုပ်တို့သည် ဘဏ္ဍာစိုးသာဖြစ်ကြောင်း၊ အရာရာကိုဘုရားသခင်အားပြန်ပေးရမည်ကိုခံယူကြောင်း ပြသပါသည်။ ဥပုသ်နေ့ရောက်ရှိလာတိုင်း ဘုရားရှင်သည် ဖန်ဆင်းရှင်၊ ရွေးနုတ်ကယ်တင်ရှင်ဖြစ်ကြောင်း ပြန်သတိရစေသည်နည်းတူ ဆယ်ဖို့တစ်ဖို့ပြန်ပေးခြင်းသည်လည်း ထိုသို့အလားသဏ္ဍာန်ပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုမိမိမပိုင်ဘဲ ဘုရားသခင်သာလျှင် ကျွန်ုပ်တို့ကိုပိုင်သကြောင်း သတိပေးနေပါသည်။ ကယ်တင်ခြင်းသည် ဘုရားသခင်မှပေးသောလက်ဆောင်သက်သက်ဖြစ်ကြောင်းနှင့် အစစ်အမှန်ကို ကျွန်ုပ်တို့သိရှိပြီး ယုံကြည်ခြင်းနှင့်အသက်ရှင်ရန်သာရှိသည်။ ဆယ်ဖို့တစ်ဖို့ ပြန်ပေးခြင်းသည် ထိုယုံကြည်ခြင်းမျိုးကို မျက်ဝါးထင်ထင်ပေါ်လွင်စေပါသည်။

လုကာ ၂၁း၁–၄ မှ ကျွန်ုပ်တို့ကိုယုံကြည်ခြင်းဖြင့်အသက်ရှင်ရမည်ဟု ပြောသောစကားအဓိပ္ပါယ်သည်ဘာနည်း။

**သောကြာ** **ဖေဖော်ဝါရီ ၂၃**

**ထပ်ဆင့်လေ့လာရန်။**

ဘုရားသခင်ထံမှရရှိသော အသက်ရှူရှိုက်ရခြင်းအခွင့်၊ နှလုံးသားလေးခုန်ရခြင်းအခွင့်နှင့် အချိန်တိုင်းစက္ကန့်တိုင်းမှာရရှိထားသောကောင်းချီးမင်္ဂလာများကို လွယ်ကူစွာမေ့လျော့တတ်ကြသည်။ တမန်တော် ၁၇ မှရှင်ပေါလုက အေသင်မြို့သားများကို စစ်မှန်သောဘုရားအကြောင်းပြောပြခဲ့သည်။ ကျွန်ုပ်တို့၏ဖန်ဆင်းရှင်သာမကဘဲ၊ "ကမ္ဘာကြီးနှင့်ရှိသမျှအရာအားလုံးကိုဖန်ဆင်းပြီးနောက်" (တမန်တော် ၁၇း၂၄) ရှိသမျှကိုထိန်းသိမ်းစောင့်ရှောက်သူဟူ၍



ဖော်ပြထားသည်။ "ငါတို့သည် ဘုရားသခင်အားဖြင့်အသက်ရှင်လျက်၊ လှုပ်ရှားလျက်၊ ဖြစ်လျက်ရှိကြ၏" (တမန်တော် ၁၇း၂၈)။ အေသင်မြို့သားတို့သည် မှန်သောဘုရားကိုမသိရှိခဲ့ကြပါ။ ကျွန်ုပ်တို့ခရစ်ယာန်များသည်လည်း အသက်ရှင်နေထိုင်သွားလာရခြင်း၏အရင်းအမြစ်ကို သေချာဆန်းစစ်ရန်လိုသည်။ ဘုရားသခင်သည် အရာများစွာကို ကျွန်ုပ်တို့အားပေးထားပါသည်။ ရလဒ်မှာ ထိုပေးထားသောအရာများအားဖြင့် အသက်ရှင်နေရသည်။

"ဘုရားသခင်ကျွန်ုပ်တို့ကိုပေးထားသောအရာ အမျိုးစုံလင်လှပါသည်။ သူ၏ဘဏ္ဍာကို လူသားများ၏လက်တွင်းသို့အပ်နှံထားသည်။ သူ၏တစ်ခုတည်းသောတောင်းဆိုခြင်းမှာ ဆယ်ဖို့တစ်ဖို့ကို သူ၏အမှုတော်အတွက် သီးသန့်ထားပေးရမည်။ ထိုဆယ်ဖို့တစ်ဖို့ပမာဏကို ဘဏ္ဍာတိုက်သို့ယူဆောင်သွားရမည်။ သူပိုင်ပြီးသားအရာကို သူ့အားပြန်ယူလာပေးခြင်းဖြစ်သည်။ ၎င်းသည်သန့်ရှင်း၏။ သန့်ရှင်းသောအမှုအတွက် ရည်ရွယ်ပြီးအသုံးပြုရမည်။ လောကီနိုင်ငံအရပ်ရပ်သို့ ဧဝံဂေလိသတင်းဟောနေသောသူများနှင့် ကယ်တင်ခြင်းသတင်းကိုသယ်ဆောင်သူများအတွက် ထောက်ပံ့ရန်ဖြစ်သည်။ ထိုဆယ်ဖို့တစ်ဖို့ပမာဏကိုတောင်းဆိုခြင်းမှာ ဘဏ္ဍာတိုက်ထဲသို့စီးဝင်စေပြီး သမ္မာတရား၏အလင်းတော်ကို နီး၊ ဝေးရပ်မှာရှိသောသူများဆီသို့ သယ်ဆောင်သွားစေရန်အတွက်ဖြစ်သည်။ ဘုရားသခင်၏အမိန့်တော်ကိုနာခံပြီး သစ္စာရှိစွာကိုယ်တော်နှင့်ဆိုင်သမျှကို ကိုယ်တော်အားပြန်လည်ဆက်ကပ်ပါ။ (Ellen G. White, Testimonies for the Church, vol. 6, p. 386).

**ဆွေးနွေးရန်မေးခွန်းများ**

(၁) "အချိန်သည် လျင်မြန်စွာထာဝရနိုင်ငံတော်သို့ ကုန်ဆုံးသွားနေသည်။ ကိုယ်တော်ပေးထားသော ကိုယ်တော်နှင့်ဆိုင်သည့်အရာကို ကျွန်ုပ်တို့ဆွဲယူ၍မထားပါနှင့်။ သီလကုသိုလ်အနေဖြင့်မဟုတ်ဘဲ ကိုယ်တော်တောင်းသောအရာကိုပေးရန် မငြင်းပယ်ပါနှင့်။ ကျွန်ုပ်တို့၏စိတ်နှလုံးသား

ကို ကိုယ်တော်တောင်းဆိုနေသည်။ ကိုယ်တော်ကိုပေးပါ။ ကိုယ်တော်ပေးထားသောအရာသာဖြစ်သည်။ ကိုယ်တော်ဖန်ဆင်း၍ ပြန်လည်ရွေးနုတ်ရသောအရှင်ဖြစ်တော်မူသည်။ သင်၏အတတ်ပညာများကို ကိုယ်တော်တောင်းနေသည်။ ကိုယ်တော်ကိုပေးလိုက်ပါ။ သူပေးထားသောအရာဖြစ်သည်။ သင်၏ရရှိထားသောငွေများကို ကိုယ်တော်တောင်းနေသည်။ ကိုယ်တော်ကိုပေးလိုက်ပါ။ ကိုယ်တော်ပေးထားသောအရာဖြစ်သည်။ (Ellen G. White, The Acts of the Apostles, p. 566). အယ်လင်ဂျီဝှိုက်က "ကိုယ်တော်ပိုင်သည့်အရာကို ကျွန်ုပ်တို့ပြန်၍ယူမထားပါနှင့်။ သိလကုသိုလ်အတွက်ကြောင့်ပေးခြင်းမျိုး မဟုတ်ဘဲ ကိုယ်တော်ကိုပြန်ပေးရန်ဖြစ်သည်။ ကျွန်ုပ်တို့ဆယ်ဖို့တစ်ဖို့မပေးလျှင် မိမိကိုယ်ကိုမည်သို့ပြန်၍လုယူမိသနည်း။

(၂) အသင်းသားများ မိမိတို့စိတ်ထင်သလို ဆယ်ဖို့တစ်ဖို့သုံးခြင်းကိစ္စကို ဆွေးနွေးပါ။ "ဘဏ္ဍာတိုက်" ရှိရာယူဆောင်လာခြင်းမဟုတ်သောကြောင့် မည်သည့်အကျိုးဆက်ရှိနိုင်သနည်း။ ထိုသို့ဆိုးသောအတွေးများဘာကြောင့်ရှိရသနည်း။ ကျွန်ုပ်တို့၏အသင်းတော်ကို မည်ကဲ့သို့ထိခိုက်နိုင်သနည်း။ ယင်းကဲ့သို့သောကိစ္စမျိုးဖြစ်ပေါ်လာလျှင် ကျွန်ုပ်တို့ကြောက်ရွံ့စရာမည်မျှကြီးသနည်း။

(၃) လုကာ ၂၁ တွင် သခင်ယေရှုသည် ဗိမာန်တော်၌အလှူပေးခဲ့သော မုဆိုးမ၏အကြောင်းကို မှတ်ချက်ပေးခဲ့သည်။ ထိုနေရာ၌ ပျက်စီးယိမ်းယိုင်နေသောစာရိတ္တများအကြောင်းကို ကိုယ်တော်ကောင်းစွာသိရှိထားသည်။ အချို့သောသူများက ဆယ်ဖို့တစ်ဖို့ကိုအသုံးပြုကြသူများအသုံးပြုပုံကို မေးခွန်းထုတ်စရာရှိနေသောကြောင့် မိမိ၏ဆယ်ဖို့တစ်ဖို့ငွေကို သိမ်းခြားခွဲထားချင်သောအခါ ထိုသူများကို မည်သို့သောစကားပြောသင့်သနည်း။

–၀–



# သင်ခန်းစာ (၉)
# ကျေးဇူးတင်ခြင်းအလှူ
## ဖေဖော်ဝါရီ ၂၄ – မတ် ၂

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဖေဖော်ဝါရီ ၂၄**

**ဖတ်ရန်ကျမ်းချက်များ။** မဿဲ ၆း၁၉–၂၁။ ဖေက် ၂း၈။ ၁ပေ ၄း၁၀။ လုကာ ၇း၃၇–၄၇။ ၂ကော ၈း၈–၁၅။ ၂ကော ၉း၆၊၇။

**အလွတ်ကျမ်းချက်**

**"ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏" (ယောဟန် ၃း၁၆)။**

ကျွန်ုပ်တို့ကိုးကွယ်သောဘုရားသခင်သည် တစ်ဖက်သတ်ပေးနေသောဘုရားဖြစ်သည်။ သခင်ခရစ်တော်၏ဆက်ကပ်ပူဇော်ခြင်းသည် ထိုအမှန်တရားကြီးကိုဖော်ပြနေသည်။ "ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏" (ယောဟန် ၃း၁၆)။ သို့မဟုတ် နောက်ကျမ်းချက်တစ်ပိုဒ်မှာ "သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ်သားတို့အား ကောင်းသောအရာကိုပေးတတ်လျှင်၊ ထိုမျှမက ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ဆုတောင်းသောသူတို့အား သန့်ရှင်းသောဝိညာဉ်ကို သာ၍ပေးတော်မူမည်မဟုတ်လောဟု မိန့်တော်မူ၏" (လုကာ ၁၁း၁၃)။

ဘုရားသခင်သည် ပေးပြီးပေး၍သာဖြစ်နေသည်။ ၎င်းသည် သူ၏သဘောထားပင်ဖြစ်သည်။ ဘုရားသခင်နှင့်စိတ်သဘောစာရိတ္တတူချင်သူသည် ကိုယ်တော်ပေးသကဲ့သို့ပေးသောသူဖြစ်ရမည်။ "တစ်ကိုယ်ကောင်းဆန်သောခရစ်ယာန်တစ်ဦး" ဟုခေါ်ဆိုသောစကားလုံးကို အဓိပ္ပါယ်ဖော်ရလျှင် အလွန်ခက်ခဲသောစကားလုံးတစ်လုံးဖြစ်လိမ့်မည်။

ကျွန်ုပ်တို့ကိုပေးထားသမျှအရာအားလုံးကို ပြန်ပြီးပေးဆပ်တုံ့ပြန်နိုင်ရန် တစ်ခုတည်းသောအရာသည် အလှူငွေပင်ဖြစ်သည်။ ကျွန်ုပ်တို့၏အလှူငွေသည် ကျေးဇူးကိုတုံ့ပြန်ခြင်းနှင့် ကိုယ်တော်ကိုချစ်ကြောင်းပြသပေးသောသင်္ကေတဖြစ်သည်။ ယေရှုရှင်သည် ကယ်တင်ခံရသူများကို ကြိုဆိုလက်ခံသောနေ့ကြီးတွင် အကြိုဆိုခံရသောသူများတို့သည် ကျေးဇူးသိတတ်သောသူနှင့် ပူဇော်လှူဒါန်းတတ်သူများဖြစ်ကြောင်းကို မြင်တွေ့ရလိမ့်မည်။

ယခုအပတ်မှာ အလွန်အရေးကြီးသောအလှူငွေအကြောင်းကို လေ့လာကြရမည်ဖြစ်ပါသည်။ ရက်ရက်ရောရောပေးလှူခြင်းသည် ဘယ်အရာမဆိုအချိန် သို့မဟုတ် စွမ်းရည်လည်းဖြစ်နိုင်သည်။ အဓိပ္ပါယ်ပြည့်စုံသောစကားဖြင့် ယုံကြည်ခြင်းအပြည့်အဝဖြင့်အသက်ရှင်သည်။ ကျွန်ုပ်တို့ကိုးကွယ်သောဘုရားသခင်၏စာရိတ္တတော်ကိုပြသသည်ဟု ပြည့်စုံစွာဖော်ပြနိုင်သည်။

**တနင်္ဂနွေ** **ဖေဖော်ဝါရီ ၂၅**

## သင်၏ဘဏ္ဍာရှိသောအရပ်၌

မဿဲ ၆း၁၉–၂၁ ကိုဖတ်ကြည့်ပါ။ ဤကျမ်းချက်ကို မကြာခဏကျွန်ုပ်တို့ဖတ်ဖူးပါသည်။ လောကဘဏ္ဍာ၏ချုပ်နှောင်ခြင်းတန်ခိုးမှလွတ်မြောက်နိုင်ရန် မည်သို့ပြုမည်နည်း။ ကောလောသဲ ၃း၁၊၂။

____________________________________________________________

____________________________________________________________





"အကြောင်းမူကား၊ အကြင်အရပ်၌ သင်တို့၏ဘဏ္ဍာရှိ၏။ ထိုအရပ်သို့ သင်တို့၏စိတ်နှလုံးရောက်တတ်၏" (မဿဲ ၆း၂၁)။ ယေရှုရှင်မှတောင်းဆိုမှုတစ်ခုဖြစ်သည်။ ဤကျမ်းချက်ကိုပိုင်းခြားကြည့်ရာ၌ အချက်နှစ်ချက်တွေ့ရသည်။ ကောင်းကင်၌ဘဏ္ဍာဆည်းပူးခြင်းထက် မြေကြီး၌ဘဏ္ဍာဆည်းပူးခြင်းက ပို၍အားသာနေကြသည်။ စကားလုံးသုံးလုံးဖြင့် မြေကြီးဘဏ္ဍာကိုနှိုင်းယှဉ်ပြသည်မှာ သံချေး၊ ပိုးရွ၊ သူခိုးများအန္တရာယ်ရှိသည်။ (မဿဲ ၆း၁၉)။ အားလုံးသည် မြေကြီး၌ဘဏ္ဍာဆည်းပူးခြင်းသည် မတည်မြဲကြောင်း၊ ပျက်စီးတတ်ကြောင်း ဖော်ပြသည်။ မြေကြီးဘဏ္ဍာမတည်မြဲကြောင်း ငြင်းဆိုနိုင်သူရှိမည်လား။ "ကမ္ဘာပေါ်ရှိသောအရာမှန်သမျှ မတည်မြဲပါ။ မသေမချာ၊ မရေမရာနှင့် လုံခြုံမှုမရှိပါ။ ပုပ်ပျက်တတ်ကြသည်။ ပျက်စီးတတ်သည်။ သူခိုးခိုးယူနိုင်သည်။ သို့သော် ကောင်းကင်အရာသည် ဆန့်ကျင်ဘက်ဖြစ်သည်။ အရာအားလုံးထာဝရတည်မြဲ၏။ ရေရာသေချာ၏။ လုံခြုံမှုရှိ၏။ မပျက်စီးနိုင်ပါ။ ကောင်းကင်၌ဆုံးရှုံးတတ်သောအရာအလျဉ်းမရှိပါ။" C. Adelina Alexe, "Where your heart belongs" in Beyond Blessings, (Nampa, Idaho : Pacific Press, 2013) p. 22.

သင်ရရှိပိုင်ဆိုင်ထားသောအရာများကိုကြည့်ပါ။ အနည်းငယ်သာပိုင်ဆိုင်ထားသည့်တိုင် မကြာမီ သို့မဟုတ် နောက်လာမည့်အချိန်၌ ပစ်ထားရတော့မည်။ ပညာရှိသောဘဏ္ဍာစိုးသည် အထက်အရပ်ကောင်းကင်၌ ဘဏ္ဍာကိုဆည်းပူးလိမ့်မည်။ အကြောင်းမှာ လုံခြုံစိတ်ချရသောကြောင့်ဖြစ်သည်။ ထိုအရပ်၌ မြေကြီးပေါ်မှာကဲ့သို့ သံချေးမကိုက်၊ ပိုးရွမဖျက်ဆီး၊ သူခိုးမယူပါ။

မဿဲ ၆း၁၉–၂၁ တွင် ဘဏ္ဍာစိုးဆိုင်ရာ အရေးကြီးသောခံယူချက်တစ်ခုရှိသည်။ သင်၏ဘဏ္ဍာသည် ဆွဲငင်အားကောင်းသည်၊ အကျပ်ကိုင်တတ်သည်၊ လှည့်ဖြားတတ်သည်၊ သင့်ကိုချုပ်ချယ်ရန်၊ သင်၏စိတ်ကိုဖမ်းစားထားသောသဘောရှိသည်။ လောက၌ရှိစဉ် သင်၏စိတ်သည် သင်၏ဘဏ္ဍာရှိသောနေရာမှာသာ ရောက်နေတတ်သည်။ ထို့ကြောင့် သင်၏ဥစ္စာပစ္စည်းရှိသောနေရာသည် သင့်အတွက်အရေးကြီးသောနေရာဖြစ်သည်။ မြေကြီး

ပေါ်ရှိအရာများကို စွဲလမ်းလိုချင်လေ၊ ကောင်းကင်နှင့်ဆိုင်သောအကြောင်းအရာများအကြောင်းကို စဉ်းစားရမလွယ်ကူလေဖြစ်သည်။

ကောင်းကင်အရာကိုယုံကြည်သိရှိထားပါလျက်၊ မြေကြီးပေါ်၌ဘဏ္ဍာကို ရှာဖွေစုပုံထားလျှင် သူတော်ကောင်းယောင်ဆောင်သူသာဖြစ်သည်။ အပြောနှင့်အလုပ်ညီရမည်။ တစ်နည်းအားဖြင့် လောက၌ကျွန်ုပ်တို့ဘဏ္ဍာကို တွေ့မြင်နေရသော်လည်း ကျွန်ုပ်တို့၏အလှူငွေဘဏ္ဍာသည် ကောင်းကင်၌ ယုံကြည်စိတ်ချစွာထားရမည်။ (၂ကော ၅း၇)။ ကျွန်ုပ်တို့စားဖို့၊ နေဖို့ရန် ကြိုတင်ပြင်ဆင် (ပင်စင်ယူရန်) ရသည့်တိုင် ထာဝရကောင်းကင်နိုင်ငံတော်ကို သာမြင်ယောင်နေပြီး စိတ်စွဲထားရမည်။

ဟေဗြဲ ၁၀း၃၄ ကိုဖတ်ကြည့်ပါ။ ရှင်ပေါလုမှ မြေကြီးဘဏ္ဍာနှင့် ကောင်းကင်ဘဏ္ဍာအကြောင်း အရေးကြီးသောအချက် မည်သို့နှိုင်းယှဉ်ထားသနည်း။

**တနင်္လာ** **ဖေဖော်ဝါရီ ၂၆**

## ကရုဏာတော်၏ဘဏ္ဍာစိုးများ

ဧဖက် ၂း၈ ၏ဖော်ပြချက်အရ၊ ကျွန်ုပ်တို့ကို ဘုရားသခင်ဘာတွေ ပေးထားပြီလဲ။

ကရုဏာသည် "မထိုက်သော်လည်းမျက်နှာလိုက်" သောသဘောဆောင်သည်။ မရရှိသင့်သော်လည်း ဘုရားသခင်မှ အသားလွတ်သက်သက်မဲ့ပေးသောလက်ဆောင်ဖြစ်သည်။ ဘုရားသခင်သည် မိမိ၏ကရုဏာတော်ကို ကမ္ဘာမြေပေါ်သွန်းလောင်းပြီး ကျွန်ုပ်တို့မငြင်းပယ်လျှင်၊ ထိုကရုဏာတော်သည် ကျွန်ုပ်တို့၏အသက်တာ၌ ယခုမှစအစဉ်အမြဲတည်နေတော်မူမည်။ ကောင်းကင်ထက်မှရှိသမျှသောတန်ခိုးနှင့်ချမ်းသာခြင်းကို ထိုကရုဏာတော်၌ အပြည့်အဝ



ပါရှိနေပါသည်။ (၂ကော ၈း၉)။ ကောင်းကင်တမန်များပင်လျှင် ထိုကရုဏာဆုကျေးဇူးတော်ကို အံ့သြကြရသည်။ (၁ပေ ၁း၁၂)။

ဘုရားပေးသောကရုဏာတော်ဆုလက်ဆောင်များမှ သခင်ယေရှုကို ပေးခဲ့ခြင်းသည် အဖိုးအကြီးဆုံးဖြစ်ကြောင်းမှာ မည်သည့်မေးခွန်းမျှဖြင့် စောဒကတက်ရန်မလိုပါ။ ကရုဏာတော်မပါလျှင် ကျွန်ုပ်တို့အားလုံးမျှော်လင့်ခြင်းဆုံးရှုံးရကြမည်။ အပြစ်သည် လူသားများကိုချည်နှောင်ထားခြင်းမှာ အလွန်ခိုင်ခံ့နေသောကြောင့် လူသားများအနေဖြင့် လွတ်မြောက်ရန်မလွယ်ကူပါ။ ဘုရားသခင်၏ပညတ်တော်ကို နာခံလိုက်လျှောက်နေသည့်တိုင် ထာဝရအသက်ကိုမရနိုင်။ "သို့ဖြစ်၍ ပညတ်တရားသည် ဘုရားသခင်၏ပညတ်တော်နှင့်ဆန့်ကျင်ဘက်ဖြစ်သလော။ ထိုသို့မဖြစ်နိုင်ရာ။ အသက်ရှင်စေနိုင်ဖို့ ပညတ်တရားကိုပေးခြင်းမှန်လျှင်၊ အကယ်စင်စစ် ထိုတရားအားဖြင့်ဖြောင့်မတ်ခြင်းကိုရလိမ့်မည်" (ဂလာတိ ၃း၂၁)။ အချုပ်ဆိုရသော် ပညတ်တရားသည် ကျွန်ုပ်တို့ကိုကယ်တင်နိုင်လျှင်၊ ထိုပညတ်ချက်သည် ဘုရားသခင်၏ပညတ်သာဖြစ်ရမည်။ သို့သော် ရှင်ပေါလုက ထိုသို့လုံးဝမဖြစ်နိုင်ဟုဆိုခဲ့သည်။ ကျွန်ုပ်တို့ကယ်တင်တော်မူခြင်းခံရသည့်တိုင်အောင် ဘုရား၏ကရုဏာတော်အားဖြင့်သာဖြစ်ရမည်ဟု ရှင်ပေါလုက လုံးလုံးအတည်ပြုထားသည်။

၁ပေ ၄း၁၀ ကိုဖတ်ကြည့်ပါ။ ဘဏ္ဍာစိုးဆိုင်ရာကိစ္စများသည် ကရုဏာတော်နှင့် မည်သို့ပတ်သက်နေသနည်း။ ဘုရားသခင်၏ကရုဏာတော်ကို လူအများအားမည်သို့ဖော်ပြနိုင်ကြောင်းရှင်းပြပါ။

ရှင်ပေတရုက ကျွန်ုပ်တို့သည် ဘုရားသခင်၏ဆုလာဘ်ကရုဏာတော်ကိုခံရသောကြောင့် "ကျေးဇူးတော်ဘဏ္ဍာစိုးကဲ့သို့" ဖြစ်ကြရမည်။

(၁ပေ ၄း၁၀)။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဆုလာဘ်လက်ဆောင်ပေးထားသောကြောင့် ကျွန်ုပ်တို့ရရှိထားသောအရာကို အခြားသူများအား ပြန်လည်ပေးကမ်းရမည်။ ကရုဏာတော်ဖြင့် ကျွန်ုပ်တို့ရရှိထားသောကြောင့် ကိုယ်၏သာယာပျော်ရွှင်မှုအကျိုးအတွက်မဖြစ်စေဘဲ၊ ဧဝံဂေလိတရားအတွက်ဖြစ်စေပါ။ ကျွန်ုပ်တို့အဖိုးအခမပေးရဘဲ ရရှိထားသောကျေးဇူးကရုဏာတော်ကို ရက်ရက်ရောရောပြန်၍ဝေငှရန်ဖြစ်သည်။

ဘုရားသခင်မှ သင့်ကိုပေးထားသောအရာများကို ပြန်လည်စဉ်းစားပါ။ မည်သည့်နည်းဖြင့် သင်သည် ကရုဏာတော်ဘဏ္ဍာစိုးတစ်ဦးအဖြစ်ရရှိထားသော ကရုဏာတော်ကို လွတ်လွတ်လပ်လပ်အခြားသူများကိုပေးပြီးပါပြီလား။

**အင်္ဂါ** **ပေပေါ်ဝါရီ ၂၇**

## ကျွန်ုပ်တို့၏အမြတ်ဆုံးသောအလှူ

လုကာ ၇း၃၇–၄၇ ကိုဖတ်ကြည့်ပါ။ ဤအကြောင်းအရာမှ ကျွန်ုပ်တို့ကိုဘုရားရှင်အားပူဇော်သောအလှူအတွက် မည်သို့သဘောဖြင့်တိုက်တွန်းထားသနည်း။

---

---

မာရိသည် အိမ်ထဲသို့ဝင်လာသောအခါ စားပွဲ၌လျောင်းနေတော်မူသောယေရှုကိုတွေ့သည်နှင့် အလွန်အဖိုးထိုက်တန်သောဆီမွှေးပုလင်းကိုဖွင့်ကာ ကိုယ်တော်၏အပေါ်သို့သွန်းလောင်းလိုက်သည်။ အချို့တို့သည် မာရိ၏အပြုအမူသည် မမှန်ကန်ဟုထင်ကြသည်။ သူမနေထိုင်ခဲ့သောအသက်တာသည် ဒဏ်ရာဒဏ်ချက်နှင့်ပြည့်ဝနေသည်။

သို့သော် မာရိသည် နတ်ဆိုး၏ချုပ်နှောင်မှုမှလွတ်မြောက်ခဲ့ရသည်။ (လုကာ ၈း၂)။ လာဇရု၏ထမြောက်ခြင်းကိုမြင်တွေ့ရပြီးနောက် မာရိသည်



ယေရှုရှင်ကိုကျေးဇူးတုံ့ပြန်ခြင်းပင်ဖြစ်သည်။ သူမပိုင်သမျှပစ္စည်းဥစ္စာများတွင် ထိုဆီမွှေးသည် တန်ဖိုးအကြီးဆုံးဖြစ်သည်။ သူမ၏ကျေးဇူးတင်သောသဘောကိုပြသခဲ့သောနည်းတစ်နည်းဖြစ်သည်။

ဤအကြောင်းအရာသည် ကျွန်ုပ်တို့ကိုမည်သို့သောစိတ်သဘောဖြင့် ဘုရားသခင်ကိုကျေးဇူးတုံ့ပြန်ရမည့် သင်ခန်းစာပေးထားပါသည်။ အချုပ်အားဖြင့် အဖိုးအခမလိုဘဲ ဘုရားရှင်ပေးထားသောကရုဏာတော်လက်ဆောင်အတွက် ကျွန်ုပ်တို့မည်သို့ပြန်လည်တုံ့ပြန်သင့်သနည်း။ ကိုယ်တော်၏ရက်ရောတတ်သောသဘောသည် ကျွန်ုပ်တို့၏စိတ်ကို ပေးကမ်းရက်ရောတတ်ရန် တွန်းအားပေးပါသည်။ ကျွန်ုပ်တို့သိတတ်သောစိတ်နှင့်ကျေးဇူးတုံ့ပြန်ချင်သောသဘောမှ အဓိပ္ပါယ်ပြည့်ဝသောအလှူကို ဖြစ်စေပါသည်။ အချိန်၊ စွမ်းရည်၊ ဥစ္စာပစ္စည်းနှင့်ခန္ဓာကိုပါ ဆက်ကပ်နိုင်လိမ့်မည်။

ထွက် ၃၄း၂၆ ကိုဖတ်ကြည့်ပါ။ ဝတ်ပြုရာ ၂၂း၁၉–၂၄ နှင့် တောလည်ရာ ၁၈း၂၉ ကိုလည်းဖတ်ကြည့်ပါ။ ယနေ့ခေတ်အချိန်နှင့်မကိုက်ညီသောအချက်၊ ကျွန်ုပ်တို့အလှူထည့်ရာ၌ အတုယူဖွယ်သောအချက်များ ဘာရှိသနည်း။

---

---

ကျွန်ုပ်တို့ထည့်ဝင်သောအရာသည် ကျွန်ုပ်တို့မျက်စိ၌ ပြည့်စုံကျေနပ်စရာမရှိဟု မြင်နေသော်လည်း၊ ဘုရားသခင်အသိအမှတ်ပြုတော်မူသည်။ ကျွန်ုပ်တို့၏အကောင်းဆုံး၊ အမြတ်ဆုံးကိုပူဇော်ခြင်းမှာ အသက်တာ၌ ဘုရားသခင်ကိုဦးထိပ်ထားကြောင်း ပေါ်လွင်စေပါသည်။ မျက်နှာရဖို့ရန်အတွက် အလှူပေးခြင်းမျိုးမဟုတ်ဘဲ ခရစ်တော်ယေရှုကို ဘုရားသခင်ပေးခဲ့ခြင်းအတွက် ကျေးဇူးတင်သောအားဖြင့် ပြန်လည်ပေးခြင်းဖြစ်သည်။

"ဆက်ကပ်မှုနှင့်ရက်ရောခြင်းအားလုံးသည် မေတ္တာစိတ်မှပေါက်ဖွားလာပြီး၊ အသေးငယ်ဆုံးသောအလှူအထိ အကျိုးသက်ရောက်သွားလိမ့်မည်။

ပူဇော်ဆက်သလိုစိတ်၊ ကိုယ်တော်ကိုပူဇော်သောအမွှေးနံ့သာများသည် အဖိုးအခမဲ့ရရှိထားသောဆုလာဘ်အကြောင်းကြောင့်ဖြစ်သည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ကယ်တင်ရွေးနုတ်ရှင်ကို ကျွန်ုပ်တို့၌ရှိသောဥစ္စာပစ္စည်းများနှင့် ဆက်ကပ်လိုစိတ်၊ ကျွန်ုပ်တို့၌ရှိသောတန်ဖိုးကြီးအရာများ မည်မျှပင်ဖြစ်စေကာမူ၊ ဘုရားသခင်ကိုပေးဆပ်ရမည့်ကျေးဇူးအကြောင်းကို သေသေချာချာ သာစဉ်းစားမိလျှင် ကျွန်ုပ်တို့အတွက် မစုံမလင်၊ သေးငယ်သောအရာဟုသာ မြင်နေမည်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့၏အလှူကလေးများကို ကောင်းကင်တမန်များကလက်ခံ၍၊ ထိုမှတစ်ဆင့်ပလ္လင်တော်ရှေ့သို့ယူဆောင်သွားကာ အမွှေးရနံ့မွှေးကြိုင်သောအလှူအဖြစ် ပူဇော်ပေးလိမ့်မည်။ ကျွန်ုပ်တို့အဖို့ သေးငယ်သောအလှူဖြစ်သည်ဟု မြင်ရသော်လည်း ဘုရားရှင်လက်ခံတော်မူ၏။ (Ellen G. White, Testimonies for the Church, vol. 3, p. 397).

**ဗုဒ္ဓဟူး** **ဖေဖော်ဝါရီ ၂၈**

## စိတ်နေစိတ်ထားများ

လွန်ခဲ့သောသင်ခန်းစာမှ အလှူကိုရက်ရောသောစိတ်ဖြင့်ထည့်ဝင်သောမုဆိုးမ၏အကြောင်းကို လေ့လာခဲ့ရသည်။ အခြားထည့်ဝင်သူများ၏အလှူငွေနှင့်နှိုင်းစာကြည့်သော် အလွန်နည်းနေသော်လည်း၊ သူမ၏နှလုံးသားစိတ်ထားနှင့် စာရိတ္တသဘောကိုပြသနေသည်။ ယေရှုရှင်ကိုမပြောဘဲမနေနိုင်သည်အထိ နှိုးဆွပေးနိုင်ခဲ့သည်။ ". . . ငါအမှန်ဆိုသည်ကား၊ ထိုဆင်းရဲသောမုဆိုးမသည် အခြားသူအပေါင်းတို့ထက်သာ၍သွင်းချပြီ" (လုကာ ၂၁း၃)။

ဘုရားသခင်တစ်ပါးတည်း (ယာကုပ် ၄း၁၂) သာ ကျွန်ုပ်တို့၏စိတ်ထားကို သိမြင်နိုင်သည်။ (သုတ္တံ ၁၆း၂။ ၁ကော ၄း၅ ကိုလည်းဖတ်ကြည့်ပါ။) လူတို့သည် စိတ်ထဲမပါသော်လည်း ဟန်ဆောင်ပြီးလုပ်နိုင်ကြသည်။ အလှူများစွာပေးသော်လည်း ယုံကြည်စိတ်မရှိသူများစွာရှိသည်။ အမှန်



တကယ်ကောင်းမြတ်သောသဘောနှင့် ဆက်ကပ်ပေးလှူခြင်းသည် ကျွန်ုပ်တို့၏စိတ်နှလုံးသားမှပေါက်ဖွားလာသော တန်ခိုးအင်အားစုဖြစ်သည်။

၂ကော ၈း၈–၁၅ ကိုဖတ်ကြည့်ပါ။ ရှင်ပေါလုက ပေးလှူခြင်းနှင့်ပေးလှူလိုစိတ်၏သဘောသဘာဝကို မည်သို့ပြောထားသနည်း။ ဤကျမ်းချက်မှ ဘဏ္ဍာစိုးဆိုင်ရာသင်ခန်းစာကို ကျွန်ုပ်တို့မည်သို့ရယူနိုင်မည်နည်း။

မည်သို့သောစိတ်ထားဖြင့်မဆို သင်သည်ပေးလှူခြင်း၌ သင်၏အတွင်းစိတ်ခံစားချက်ဖြင့် တိုင်းတာချိန်ဆသွားနိုင်သည်။ ဝိညာဉ်ရေးတိုက်ပွဲတွင် တစ်ကိုယ်ကောင်းစိတ်ကိုတိုက်လှန်ရအခက်ခဲဆုံးဖြစ်သည်။ တစ်ကိုယ်ကောင်းစိတ်သည် တစ်ချိန်၌ဘုရားဘက်တွင်တောက်လောင်နေသော စိတ်အားကြီးခြင်းကို ငြိမ်းသတ်သွားစေမည်။ ခရစ်ယာန်၏အသက်တာအတွင်း တစ်ကိုယ်ကောင်းကြံစိတ်ဝင်လာလျှင် ပြဿနာများပေါ်ပေါက်လာမည်မှာ အမှန်ပင်ဖြစ်သည်။ ထိုအတွက်ကြောင့် မိမိကိုယ်ကိုစစ်ဆေးရန် လမ်းကိုရှာဖွေပြီး ခရစ်တော်၏နာမတော်ကိုထောက်၍ လုပ်ဆောင်နေထိုင်ရမည်။

အခြေခံအကျဆုံးသောစကားတစ်ခွန်းဖြင့် ပြုပြင်လုပ်ဆောင်နိုင်သည်။ ထိုစကားသည် "ချစ်ခြင်းမေတ္တာ" ပင်ဖြစ်သည်။ မိမိကိုယ်ကိုစွန့်လွှတ်နိုင်ခြင်းမရှိလျှင် "ချစ်ခြင်းမေတ္တာကိုမဖော်ပြနိုင်၊ ကိုယ်ကိုကိုယ်ဆက်ကပ်လိုသောဆန္ဒသဘော၊ ပူဇော်ခံနိုင်သည့်အထိစိတ်ထားနိုင်သော၊ အများအတွက်၊ တစ်ဦးတစ်ယောက်အတွက် အမှန်တရားဖြစ်လျှင် အသေခံရဲသောသဘောကို "ချစ်ခြင်းမေတ္တာ" ဟုခေါ်ဆိုနိုင်သည်။

ကျွန်ုပ်တို့၏အသက်တာ၌ ဘုရားသခင်၏ချစ်ခြင်းမေတ္တာမပေါ်လွင်နေသရွေ့၊ ကျွန်ုပ်တို့ပေးသမျှအားလုံးသည် ဘုရား၏မေတ္တာကို ထွန်းလင်းခြင်းမပြုနိုင်။ တစ်ကိုယ်ကောင်းကြံစိတ်သည် ကိုယ့်ကိုကိုယ်မှလွဲ၍ မည်သူ့ကိုမျှမချစ်နိုင်ပါ။ "ကျွန်ုပ်တို့၏စိတ်နှလုံးအရေဖျားအားလှီးဖြတ်ပေးပါရန်

ဘုရားသခင်ကိုတောင်းဆိုရမည်။ (တရားဟော ၁၀း၁၆)။ သို့မှသာ ကျွန်ုပ်တို့ကိုဘုရားသခင်ကချစ်တော်မူကြောင်းကို သင်ယူနိုင်မည်ဖြစ်သည်။

ချစ်ခြင်းမေတ္တာသည် စစ်မှန်သောအကျိုးကျေးဇူးအားလုံး၏အရင်းအမြစ်ဖြစ်ပြီး ခရစ်ယာန်တစ်ဦး၏ရက်ရောတတ်သောစိတ်ကို ဖမ်းစားထားသည်။ ဘုရားသခင်၏မေတ္တာတော်သည် ကျွန်ုပ်တို့ပြန်လည်ပေးလှူသောသဘောကို ဖြစ်စေပါသည်။ အမြင့်မားဆုံးသောပေးကမ်းခြင်းအနေအထားကို အမှန်အကန်ဖြစ်စေပါသည်။

မေတ္တာစိတ်မပါဘဲ မပေးမနေရဟူသောသဘောဖြင့် ပေးလှူရသောအလှူသည် မည်သည့်မှားယွင်းမှုပါရှိသနည်း။

**ကြာသပတေး** **မတ် ၁**

## ပေးကမ်းခြင်း၏အတွေ့အကြုံ

ခရစ်တော်ကြွဆင်းလာခြင်းသည် ဘုရားသခင်၏သဘောထားကို ဖော်ပြရန်အတွက်ဖြစ်နေလျှင်၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချစ်တော်မူ၏။ ကျွန်ုပ်တို့အတွက် အကောင်းဆုံးကိုပေးချင်၏။ ကျွန်ုပ်တို့အဖို့အကျိုးရှိသောအရာကိုသာ ကျွန်ုပ်တို့ကိုပြုလုပ်စေချင်သည်။ အကျိုးယုတ်စေသောအရာကို လုံးဝမခိုင်းပါ။ ကျွန်ုပ်တို့ကိုရက်ရောသောသူ၊ ပေးကမ်းခြင်းအရာမှာ ဝမ်းမြောက်ခြင်းရှိသောသူများကဲ့သို့ ဖြစ်စေချင်သည်။ ဆန္ဒရှိသလောက် ရက်ရက်ရောရော ပေးသောအလှူသည် ကျွန်ုပ်တို့အတွက် အကျိုးများစွာရှိစေပြီး၊ ပေးသူက ထိုသို့သောသဘောနှင့် ပြန်လည်ရရှိမည်ဖြစ်သည်။ ထိုနည်းအတိုင်း ပေးလှူသောသူအနေဖြင့် ပေးကမ်းခြင်းသည်ရယူခြင်းထက် ကောင်းချီးဖြစ်စေကြောင်းကို နားလည်သဘောပေါက်စေသည်။

၂ကော ၉း၆၊၇ ကိုဖတ်ကြည့်ပါ။ ဤကျမ်းချက်မှပေးကမ်းခြင်းအကြောင်းကို အပြတ်သားဆုံးမည်သို့ဖော်ပြသနည်း။



ရက်ရက်ရောရောပေးကမ်းခြင်းသည် တစ်ဦးတစ်ယောက်စီတိုင်း၌ရှိသော ဝိညာဉ်ရေးအပြုအမူဖြစ်သင့်သည်။ ၎င်းသည် ယုံကြည်ခြင်း၏အလုပ်ဖြစ်သည်။ ခရစ်တော်ဘုရားထံမှရရှိထားသောအရာများကို ကျေးဇူးတုံ့ပြန်သောအားဖြင့် ပြန်၍ပေးခြင်းဖြစ်သည်။

ယုံကြည်ခြင်းကြောင့်ပြုလုပ်ခြင်းဖြစ်သောကြောင့် ပေးလှူခြင်းသည် ယုံကြည်ခြင်းကိုပို၍တိုးပွားလာစေသည်။ အကြောင်းမှာ၊ အကျင့်မပါသောယုံကြည်ခြင်းသည် အသေဖြစ်၏။ (ယာကုပ် ၂း၂၀)။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုတိုးပွားစေရန် ထိုယုံကြည်ခြင်းအတိုင်း အသက်ရှင်နေထိုင်ရုံမှတစ်ပါး အခြားနည်းလမ်းမရှိပါ။ ယုံကြည်ခြင်းစမ်းရေတွင်းမှစီးထွက်လာသော ထိုယုံကြည်မှုကို လိုက်ပါဆောင်ရွက်ခြင်းဟူ၍ပင် အဓိပ္ပါယ်ထုတ်ဖော်ရမည်။ ရက်ရက်ရောရော၊ လွတ်လွတ်လပ်လပ်ပေးခြင်းဖြင့် ခရစ်တော်၏သဘောတော်ကို ထင်ဟပ်စေသည်။ ဘုရားသခင်ကို ကိုယ်တိုင်မြည်းစမ်းခြင်းဖြင့် သဘောတော်ကိုသိရသည်။ ထိုကြောင့် လှူဒါန်းမှုသည် ဘုရားသခင်အပေါ်ကိုးစားခြင်းကိုပြပြီး အခွင့်အရေးထူးကြီးဖြစ်သော "ထာဝရဘုရားသည် ကောင်းမြတ်တော်မူသည်အကြောင်းကို မြည်းစမ်း၍သိမှတ်ကြလော့။ ကိုယ်တော်ကိုခိုလှုံသောသူသည် မင်္ဂလာရှိ၏" (ဆာလံ ၃၄း၈)။

"ခရစ်တော်၏မျက်နှာတော်မှဖြာထွက်လာသော ဘုန်းတန်ခိုးရောင်ခြည်တော်သည် ချစ်ခြင်းမေတ္တာတော်နှင့် မိမိကိုယ်ကိုယူတင်ပူဇော်ခြင်းကြောင့် တောက်ပနေသည်။ ကပ်တိုင်ထက်မှအလင်းတော်သည် မေတ္တာတော်အကြောင်းကို မြေကြီးနှင့်ကောင်းကင်အတွက် မေတ္တာတော်၏ပညတ်ချက်ကို ကြေညာပြသခြင်းဖြစ်သည်။ ချစ်မေတ္တာသည် ဘုရားသခင်၏စိတ်တော်ထဲမှ မူလနေရာထားပြီးထွက်ပေါ်လာသည်။ အနိမ့်ခံ၊ အဖိနှိပ်ခံဘဝနှင့် အောက်ကျသည့်ဘဝကို ဆင်းသက်ယူတင်သောသူသည် မိမိနှင့်အတူရှိတော်မူသော မည်သူ

တစ်ဦးတစ်ယောက်မျှမချဉ်းကပ်ဘူးသော သူ၏စာရိတ္တတော်ကို လာရောက်ဖော်ပြခြင်းပင်ဖြစ်သည်။" (Ellen White, DA, p. 20).

သင်သည် ရရှိထားသောအရာများကြောင့် ရက်ရက်ရောရော၊ လွတ်လွတ်လပ်လပ်ပြန်လည်ပေးခြင်းဖြင့် ယုံကြည်ခြင်းရှင်သန်လာရကြောင်း အတွေ့အကြုံမည်သို့ရှိသနည်း။

**သောကြာ** **မတ် ၂**

**ထပ်ဆင့်လေ့လာရန်။**

"ရက်ရောသောစိတ်သဘောသည် ကောင်းကင်၌ရှိသောစိတ်ဖြစ်သည်။ တစ်ကိုယ်ကောင်းစိတ်ထားသည် စာတန်၏စိတ်ထားဖြစ်သည်။ သခင်ခရစ်တော်၏မိမိကိုယ်ကိုစွန့်လွှတ်ခြင်းမေတ္တာတော်သည် ကပ်တိုင်ပေါ်၌ ထင်ရှားခဲ့သည်။ သူ၌ရှိသမျှသောအရာအားလုံးကိုပေးခဲ့သည်။ သူ၏ကိုယ်ခန္ဓာကိုပင် ပေးလှူခဲ့သည်။ လူသားများကယ်တင်ခြင်းရရှိရန်အတွက်ဖြစ်သည်။ သခင်ခရစ်တော်၏ကပ်တိုင်သည် နောက်တော်သို့လိုက်နေသူများအားလုံးအတွက် ရက်ရောသောသဘောထားရှိရန် တောင်းဆိုနေပါသည်။ ကပ်တိုင်၏ ပုံသက်သေမှာ "ပေးကမ်းခြင်း၊ ပေးကမ်းခြင်း" ဖြစ်သည်။ ခရစ်ယာန်၏ စစ်မှန်သောအသီးအပွင့်ကိုဖြစ်စေသောအရာမှာ ရက်ရောခြင်းနှင့်ကောင်းစွာလုပ်ဆောင်ခြင်းပင်ဖြစ်သည်။ လောက၏နိယာမတရားအရ "ရယူရန်၊ ရယူရန်" သာဖြစ်သည်။ လောက၏မျှော်လင့်ခြင်းအရာမှာ ပျော်ရွှင်မှုဖြစ်သော်လည်း နောက်ဆုံးတွင် ဝမ်းနည်းကြေကွဲခြင်းနှင့်သေခြင်းသာလျှင် ရရှိကြမည်။" (Ellen G. White, In Advent Review and Sabbath Herald, Oct. 17, 1882).

**ဆွေးနွေးရန်မေးခွန်းများ**

(၁) တစ်ကိုယ်ကောင်းစိတ်သည် ခရစ်တော်၏သဘောတော်နှင့် မည်သို့ဆန့်ကျင်သနည်း။ ကျဆုံးသောလူသားများ၌ရှိနေသော သဘာဝစိတ်နေစိတ်ထားကို ကာကွယ်ရှောင်ရှားနိုင်ရန် မည်သို့စိတ်ထားမျိုးရှိရမည်နည်း။



(၂) "လူတိုင်းကိုယ်အလိုအလျောက်လှူရ၏။ နှမြောသောစိတ်နှင့် မလှူရ၊ မလှူဘဲမနေရဟုစိတ်ထင်နှင့်မလှူရ၊ အကြောင်းမူကား စေတနာစိတ်နှင့်လှူသောသူကိုသာ ဘုရားသခင်နှစ်သက်တော်မူ၏။ (၂ကော ၉း၇)။ ဂရိဘာသာစကားမှပြန်ဆိုသော "ပျော်ရွှင်သော" "စေတနာရှိသော" စကားလုံးသည် အင်္ဂလိပ်စကားလုံးအားဖြင့် "ကြည်နူးသော" "ရွှင်ပျသော" စိတ်ကို ရည်ညွှန်းထားပါသည်။ ဓမ္မသစ်ကျမ်း၌လည်း တစ်ကြိမ်တည်းသာဖော်ပြခဲ့သည်။ ၎င်းသည် ကျွန်ုပ်တို့ထားရှိရမည့် ပေးကမ်းခြင်းသဘောကို မည်သို့ဆိုလိုသနည်း။

(၃) သခင်ခရစ်တော်ထံမှ သင်ရရှိခဲ့သောကောင်းချီးများ၏စာရင်းကိုရေးချပါ။ သင်ရေးချသမျှသောအရာများအတွက် ဆုတောင်းပေးပါ။ ထိုစာရင်းဇယားသည် ကျွန်ုပ်တို့ရရှိသောအရာအားလုံးအတွက် မည်သို့ပြန်ပြီးတုံ့ပြန်ရမည်ကို သွန်သင်သနည်း။ တစ်ချိန်တည်း၌ ထိုစာရင်းကြီးကပင် ကျွန်ုပ်တို့မကြာခဏရရှိသော အကောင်းဆုံးဆုလက်ဆောင်ကို ဖော်ပြပါသည်။ အကောင်းဆုံးစိတ်ထားနှင့်ပြန်ပေးပါ။ ကျွန်ုပ်တို့ပေးသောအရာများသည် ကျွန်ုပ်တို့ရရှိသောအရာများနှင့်နှိုင်းယှဉ်ကြည့်သောအခါ အလွန်သေးငယ်ကြောင်း ပေါ်လွင်နေပါသလား။

(၄) တစ်ကိုယ်ကောင်းဆန်သောစိတ်ထားသည် သင့်ကိုဝမ်းနည်းကြေကွဲမှုကိုသာပေးမည်ဟု ဘာကြောင့်အာမခံထားသနည်း။

(၅) သင်၏အသင်းတော်မိသားစုအတွင်း အမှန်တကယ်အကူအညီလိုအပ်နေသူများကို စဉ်းစားကြည့်ပါ။ ယခုချက်ချင်းသူတို့အတွက် သင်ဘာလုပ်ပေးနိုင်သနည်း။ သင့်အတွက်နစ်နာသောဆက်ကပ်ခြင်းမျိုးဖြစ်စေမည့်အခြေအနေ၌ရှိနေသည့်တိုင်အောင် သင်ဘာလုပ်ပေးနိုင်မည်နည်း။

–၀–

## သင်ခန်းစာ (၁၀)
## ဘဏ္ဍာစိုးဆိုင်ရာအခန်းကဏ္ဍ
## မတ် ၃ – ၉

**ဥပုသ်နေ့မွန်းလွဲပိုင်း** **မတ် ၃**

**ဖတ်ရန်ကျမ်းချက်များ။** ကောလောသဲ ၁း၁၆–၁၈။ ဟေဗြဲ ၄း၁၄–၁၆။ ၃ယော ၃။ ကမ္ဘာဦး ၆း၁၃–၁၈။ ဗျာဒိတ် ၁၄း၆–၁၂။ ၁ပေ ၁း၁၅၊၁၆။

**အလွတ်ကျမ်းချက်**

**"ဘုရားသခင်သည် ညစ်ညူးစေခြင်းငှာ ငါတို့ကိုခေါ်တော်မူသည်မဟုတ်။ သန့်ရှင်းစေခြင်းငှာ ခေါ်တော်မူ၏" (၁သက် ၄း၇)။**

ဘဏ္ဍာစိုးဆိုင်ရာအကြောင်းအရာများကို အသေးစိတ်လေ့လာရင်း၊ လိုရင်းလမ်းစပျောက်သွားနိုင်သည်။ ဘဏ္ဍာစိုးဆိုင်ရာအကြောင်းသည် ရိုးစင်းလှသော်လည်း ရှုပ်ထွေးသွားနိုင်သည်။ လွယ်လွယ်နှင့်နားလည်မှုမှားယွင်းသွားနိုင်သည်။ သို့သော် ခရစ်ယာန်ဖြစ်စေ၊ အသင်းတော်ဖြစ်စေ ဘဏ္ဍာစိုးဆိုင်ရာအကြောင်းနှင့်လွတ်ကင်း၍မရပါ။ ခရစ်ယာန်တစ်ဦးဖြစ်ရန် ကောင်းသောဘဏ္ဍာစိုးတစ်ဦးဖြစ်ရန်လိုသည်။

"၎င်းသည် တွေ့ရှိချက်မှန်ကန်မှုလည်းမဟုတ်၊ အတွေးအခေါ်ပိုင်းဆိုင်ရာလည်းမဟုတ်၊ လက်တွေ့လုပ်ရမည့်အစီအစဉ်ဖြစ်သည်။ ခရစ်ယာန်အသက်တာ၌ နေထိုင်အသက်ရှင်သောအခါ သေချာသောပညတ်ချက်ရှိသည်။ အသက်တာကိုနားလည်ပြီး နေထိုင်ရန်လိုအပ်သည်။ အမှန်အတိုင်းနေထိုင်ရန် အလွန်အရေးကြီး၏။ ဘာသာရေးအတွေ့အကြုံသည် အလွန်အရေးကြီးသည်။ စိတ်ထဲထားနေရုံနှင့်မပြီးသေးပါ။ ဆန္ဒအတိုင်းသေချာအောင်ပြုလုပ်ခြင်း၊



အသက်တာတစ်ခုလုံးကို အသေအချာဆုံးဖြတ်ပြီး ထိတွေ့ခံစားသွားရန်ဖြစ်သည်။" LeRoy E. Froom, Stewardship in Its Larger Aspects (1929), p. 5.

ခရစ်ယာန်ဘဏ္ဍာစိုးတစ်ဦးဖြစ်လာနိုင်သော အဓိကအချက်အလက်များမှာ အဘယ်အရာများဖြစ်သနည်း။ ယခုအပတ်သင်ခန်းစာမှာ ခရစ်ယာန်အသက်တာ၌ ဘဏ္ဍာစိုးဆိုင်ရာလုပ်ဆောင်ချက်များအကြောင်းကို လေ့လာသွားပါမည်။ စိတ်ဝင်စားစရာအထဲမှ စိတ်ဝင်စားစရာကောင်းလှပါသည်။

**တနင်္ဂနွေ** **မတ် ၄**

**ခရစ်တော်ကို ဗဟိုထားပါ**

သမ္မာကျမ်းစာတစ်အုပ်လုံးမှအကြောင်းအရာ၏ဗဟိုသည် ခရစ်တော်ဖြစ်သည်။ (ယောဟန် ၅း၃၉)။ ကျွန်ုပ်တို့ခရစ်တော်နှင့်ပတ်သက်နေသမျှ မိမိကိုယ်ကိုသတိပြုရမည်။ သူသည် အပြစ်၏အကြွေးအားလုံးကို ပေးဆပ်ခဲ့သည်။ "လူများကိုရွေးခြင်းငှာ" (မာကု ၁၀း၄၅)။ ယေရှုသည် ကောင်းကင်၌လည်းကောင်း၊ မြေကြီး၌လည်းကောင်း၊ ဘုန်းတန်ခိုးကြီးတော်မူသည်။ (မဿဲ ၂၈း၁၈)။ အရာအားလုံးသည် သူ၏လက်ထဲ၌ရှိသည်။ (ယောဟန် ၁၃း၃)။ သူ၏နာမသည် အခြားအရာအားလုံးအပေါ်၌ရှိသည်။ နောက်ဆုံးတစ်နေ့၌ သူ၏ရှေ့တွင် ခပ်သိမ်းသောသတ္တဝါတို့သည် ဒူးထောက်ကြရမည်။ (ဖိလိပ္ပိ ၂း၉–၁၁)။

"ယေရှုသည် အရာခပ်သိမ်း၏ဗဟိုချက်မ၏အသက်ဖြစ်သည်။" (Ellen G. White, Evangelism, p. 186). ခရစ်တော်သည် ဘဏ္ဍာစိုးဆိုင်ရာနလုံးသည်းခြေ၊ အရာအားလုံး၏မူလနေရာဖြစ်သည်။ သူ့အားဖြင့်ကျွန်ုပ်တို့သည် တန်ဖိုးရှိသောအသက်ကိုရရှိသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အသက်တာ၏အဓိကဗဟိုဖြစ်သည်။ ရှင်ပေါလုသည် အခက်အခဲများစွာကို ကြုံတွေ့ရင်ဆိုင်ရဖူးသည်။ သို့သော် သူဘာပဲဖြစ်ခဲ့ဖြစ်ခဲ့၊ ဘာပဲကြုံတွေ့ရစေကာမူ၊ သူဦးစားပေးသောအရာမှာ "ငါအသက်ရှင်သည်အရာမှာ ခရစ်တော်ဖြစ်၏။ သေလျှင်မူကား သာ၍အကျိုးရှိ၏" (ဖိလိပ္ပိ ၁း၂၁)။

ကောလောသဲ ၁း၁၆–၁၈။ ရောမ ၈း၂၁ နှင့် ၂ကော ၅း၁၇ ကို ဖတ်ကြည့်ပါ။ သခင်ခရစ်တော်သည် အရာအားလုံး၏ဗဟိုနေရာ၌ရှိကြောင်း မည်သို့ဖော်ပြထားသနည်း။

____________________________________________

____________________________________________

ခရစ်တော်ဗဟို၌မရှိသော ဘဏ္ဍာစိုးအလုပ်ဟူသည် အကျိုးမဲ့လုပါသည်။ (ဂလာတိ ၂း၂၀)။ "မင်္ဂလာရှိသောမျှော်လင့်ခြင်း" သည် သခင်ခရစ်တော်၌သာဗဟိုပြုသည်။ (တိတု ၂း၁၃)။ "သားတော်သည်လည်း ခပ်သိမ်းသောအရာမဖြစ်မီဖြစ်တော်မူ၍၊ ခပ်သိမ်းသောအရာတို့သည် တန်ခိုးတော်အားဖြင့်သာတည်ကြ၏" (ကောလောသဲ ၁း၁၇)။ ဝင်ရိုးသည် ဘီး၏အလယ်ဗဟို၌ရှိပြီး လှည်းတစ်စီးလုံး၏အလေးချိန်ကို ထမ်းထားရသကဲ့သို့ ခရစ်တော်သည် ဘဏ္ဍာစိုး၏အလယ်ဗဟိုဖြစ်သည်။ ဝင်ရိုးကိုချောမွေ့နေအောင်ပွတ်သပ်ထားပြီး လှည်းဘီးကိုလည်စေသလို ခရစ်တော်သည် ကျွန်ုပ်တို့ခရစ်ယာန်အသက်ကို ထိုနည်းတူလုပ်ဆောင်ပေးရသည်။ (ဟေဗြဲ ၁၃း၈)။ ကျွန်ုပ်တို့လုပ်ဆောင်ရန်ကြံရွယ်သမျှကို ကိုယ်တော်အားလွှမ်းမိုးခွင့်ပေးရမည်။ ဘဏ္ဍာစိုးအရာကိုလည်ပတ်အသက်ရှင်စေရန် ခရစ်တော်ကိုဗဟိုထားရမည်။

"ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှမတတ်နိုင်" (ယောဟန် ၁၅း၅)။ ဘဏ္ဍာစိုး၏ဗဟိုချက်မသည် အခေါင်းပေါက်ကြီးမဟုတ်ဘဲ၊ ခရစ်တော်ရှိနေသည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏အထဲ၌ဝင်ရောက်ပြီး ကျွန်ုပ်တို့၏စာရိတ္တကိုပုံသွင်းကာ ယခုမျက်မှောက်မှထာဝရကာလအထိ ပြင်ဆင်ပေးတော်မူသည်။

ယေရှုရှင်သည် ကျွန်ုပ်တို့ဘဝအသက်တာ၏အဓိကဗဟိုဖြစ်ပြီး သူပါရှိလျှင် မည်သည့်အမှုမျိုးကိုမဆို ကျွန်ုပ်တို့လုပ်ဆောင်နိုင်သည်။ သင်၏အထဲ၌ ခရစ်တော်ယေရှုတည်ရှိကြောင်း သင်မည်သို့သိရှိမည်နည်း။



ကိုယ်တော်ကိုကျွန်ုပ်တို့၏အသက်တာအတွင်း ဝင်ရောက်ခွင့်ပေးလျှင် ကိုယ်တော်ဝင်ရောက်မည်ဟု ကတိပေးထားပါသလား။

**တနင်္လာ** **မတ် ၅**

**တဲတော်၏သွန်သင်ချက်**

ဘဏ္ဍာစိုးဆိုင်ရာအကြောင်းနှင့်ပတ်သက်၍ တဲတော်၏သွန်သင်ချက်ပါဝင်နေကြောင်းကို ကျွန်ုပ်တို့သတိမပြုမိကြပါ။ ဆက်နွှယ်နေသောအကြောင်းဖြစ်သော်လည်း တဲတော်အကြောင်းသည် ကျွန်ုပ်တို့၏အခြေခံယုံကြည်ချက်၌ အရေးကြီးဆုံးသောခံယူချက်၌ရှိနေသောကြောင့် ထိုဆက်နွှယ်မှုကိုသတိမမူမိတော့ပါ။ ဘဏ္ဍာစိုးဆိုင်ရာကိစ္စသည် တဲတော်၏အခန်းကဏ္ဍအတွင်း၌လည်းပါဝင်နေပါသည်။ "သခင်ခရစ်တော်၏အမှုတော်ဆောင်ရွက်ခြင်းအကြောင်းကိုသေချာစွာနားလည်သဘောပေါက်ရန်မှာ ယုံကြည်ခြင်းသည် အခြေခံဖြစ်သည်။ (Ellen G. White, Evangelism, p. 221). သမ္မာကျမ်းစာ၏ဖော်ပြသောအလင်းကြောင့်သာ ကျွန်ုပ်တို့သည် ဘဏ္ဍာစိုးဆိုင်ရာအကြောင်းကို နားလည်ရသည်။

၃ရာ ၇း၃၃ လှည်းဘီး၏ဝင်ရိုးအကြောင်းကို ဖော်ပြထားသည်။ တဲတော်၏သွန်သင်ချက်ကိုလည်း ဘီး၏ဗဟိုနေရာအဖြစ် ဥပမာပေးပြီးလေ့လာကြမည်။ လှည်းဘီးကြီးလည်ပတ်နိုင်အောင် ဝင်ရိုးသည် ဘီး၏ဗဟိုချက်နေရာ၌ရှိရမည်။ သေခြင်းကိုအောင်ပြီးရှင်ပြန်သော ခရစ်တော်၏အတွေ့အကြုံကိုရရှိသည်။ (၂တိ ၁း၁၀)။ တဲတော်၏လုပ်ဆောင်မှုအတွက် ခရစ်တော်၏အသေခံခြင်းသည် အုတ်မြစ်ဖြစ်သည်။ (ဟေဗြဲ ၆း၁၉၊၂၀)။ ယုံကြည်ခြင်းအတွက် သေချာသောစီရင်ပေးမှုတစ်ခုဖြစ်သည်။ ၎င်းသည် လောကတဲတော် ကျွန်ုပ်တို့ကိုယ်စားအမှုတော်ဆောင်ပေးနေခြင်းဖြစ်သည်။ (ဟေဗြဲ ၈း၁၊၂)။

"သမ္မာကျမ်းစာ၏သွန်သင်ချက်အတိုင်းသာရပ်တည်သော မြော်လင့်ခြင်းအသင်းတော်၏သွန်သင်ချက်သည် တဲတော်၏သွန်သင်ချက်ကိုသာ

အခြေခံထားသည်။" (Fernando Canale, Secular Adventism? Exploring the Link Between Lifestyle and Salvation, 2013) pp. 104, 105.

ဤကျမ်းချက်သည် သခင်ယေရှုတဲတော်အတွင်း အမှုတော်ဆောင်ရွက်နေကြောင်း မည်သို့ပြောထားသနည်း။ ၁ယော ၂း၁။ ဟေဗြဲ ၄း၁၄–၁၆။ ဗျာဒိတ် ၁၄း၇။

---

---

တဲတော်သွန်သင်ချက်အကြောင်းသည် အမှန်တရားကြီးနှစ်ခုဖြစ်သော ကယ်တင်ခြင်းနှင့်ရွေးနုတ်ခြင်းအကြောင်းကို ဖော်ပြထားသည်။ ၎င်းအရာသည် ခရစ်ယာန်တို့၏ဘုရားတရားရေးရာမှာ ဗဟိုလမ်းကြောင်းကြီးဖြစ်သည်။ တဲတော်မှကျွန်ုပ်တို့မြင်ရသောအရာမှာ ခရစ်တော်သည် ကျွန်ုပ်တို့အတွက် အသေခံရုံသာမဟုတ်ဘဲ၊ ကောင်းကင်တဲတော်အတွင်း ဆက်လက်အမှုတော်ဆောင်ရွက်သည်။ အသန့်ရှင်းဆုံးအခန်းအတွင်း၌ အရေးကြီးသောဘုရားသခင်၏ပညတ်တော်နှင့် နောက်ဆုံးတရားစီရင်ခြင်းပလ္လင်ရှိသည်။ အားလုံးသောလုပ်ဆောင်ချက်များ၏ဗဟိုချက်မမှာ ရွေးနုတ်ခြင်းကတိတော်အတိုင်း ကျွန်ုပ်တို့အတွက်သွန်းခြင်းခံရသော ယေရှုရှင်၏အသွေးတော်အကြောင်းပင်ဖြစ်သည်။

ဘဏ္ဍာစိုးဆိုင်ရာကဏ္ဍသည် ကယ်တင်ခြင်း၏ကြီးမားသောအမှန်တရားကို မီးမောင်းထိုးပြပေးသည်။ ခရစ်တော်သည် ကျွန်ုပ်တို့အတွက်ဘာတွေလုပ်ဆောင်ပေးပြီး၍၊ ယခုဘာတွေလုပ်နေသည်ကို ကျွန်ုပ်တို့ပို၍သိလေလေ၊ ခရစ်တော်နှင့်ကျွန်ုပ်တို့ပို၍နီးလာလေလေဖြစ်ပြီး သူ၏အမှုတော်နှင့်လည်းကောင်း၊ အမိန့်တော်ကိုလည်းကောင်း၊ သွန်သင်ခြင်းကိုလည်းကောင်း ဘဏ္ဍာစိုးစည်းမျဉ်းစည်းကမ်းအတိုင်း အသက်ရှင်ချင်သူများ၏အသက်တာများနှင့် ဆက်သွယ်နိုင်လေဖြစ်မည်။

ဟေဗြဲ ၄း၁၄–၁၆ ကျွန်ုပ်တို့အပြစ်နှင့်လုံးပန်းနေရခြင်း၊ တစ်ကိုယ်ကောင်းကြံစည်ခြင်း၊ အတ္တကြီးခြင်းများ၌ ဘာတွေ့ရသနည်း။ ကျွန်ုပ်တို့ကို





ပေးထားသောကတိတော်မှ ခွန်အားနှင့်မျှော်လင့်ခြင်းကို မည်သို့ဆွဲယူနိုင်သနည်း။

**အင်္ဂါ** **မတ် ၆**

## ခရစ်တော်ဗဟိုပြုသွန်သင်ချက်ယုံကြည်ခြင်း

တဲတော်သည် ဗဟိုဖြစ်သည့်အကြောင်းမှာ ကယ်တင်ခြင်း၏ကြီးမားသောအမှန်တရားကို တန်ခိုးအင်အားကြီးစွာဖော်ပြနေခြင်းဖြစ်သောကြောင့်ဖြစ်သည်။ ကပ်တိုင်ကိုအဓိပ္ပါယ်ဖော်ညွှန်းပြသနေသောအကြောင်းလည်းဖြစ်သည်။ သွန်သင်ချက်အားလုံး၏သဘောသည် ကယ်တင်ခြင်းနှင့်အားလုံးသက်ဆိုင်ပါသည်။ လှည်းဘီး၏ထောက်တိုင်ဒလက်များသည် လှည့်ပတ်နေသောဘီးတစ်ဘီးလုံးနှင့်ဆက်နေသကဲ့သို့ သွန်သင်ချက်တစ်ခုသည် အခြားတစ်ခုနှင့်ဆက်သွယ်နေခြင်းမှာ ယေရှုရှင်ကိုယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းရရှိကြောင်းအမှန်တရားကြီးကို မည်သည့်သွန်သင်ချက်မျှကျော်လွှန်၍မရပါ။

"ခရစ်တော်အပူဇော်ခံခြင်းသည် အပြစ်အားလုံးကိုဖြေစေနိုင်သော အမှန်တရားကြီးသည် အခြားမှန်သောအရာများနှင့်အတူ ပူးတွဲနေပါသည်။ . . . ရွေးနုတ်သောအရှင်၏အံ့ဖွယ်ဆက်ကပ်ခြင်းအကြောင်းကို လေ့လာသူတိုင်း ကရုဏာနှင့်ဉာဏ်ပညာ၌ ကြီးထွားသွားလိမ့်မည်။ (Ellen G. White Comments, The SDA Bible Commentary, vol. 5, p. 1137).

ယေရှုရှင်က မိမိသည် သမ္မာတရားဖြစ်သည်ဟုပြောသောစကားသည် ဘာအဓိပ္ပါယ်ရှိသနည်း။ ယောဟန် ၁၄း၆ ကို ယောဟန် ၁၇း၁၇ နှင့်နှိုင်းယှဉ်ကြည့်ပါ။ သမ္မာတရားနှင့်ပတ်သက်ပြီးကျွန်ုပ်တို့ဘာလုပ်ဆောင်ရမည်နည်း။ ၃ယော ၃။

---

---

ကျွန်ုပ်တို့၏အခြေခံယုံကြည်ချက်၌ ကျွန်ုပ်တို့သည် မည်သူများဖြစ်ကြောင်း ဘယ်ကိုဦးတည်သွားနေကြောင်း သွန်သင်ထားပါသည်။ သွန်သင်

ချက်များသည် စိတ်ထဲ၌သာတွေးသော ဘာသာရေးအတွေးအခေါ်မဟုတ်၊ မှန်သောသွန်သင်ချက်အားလုံးသည် ခရစ်တော်နှင့်ချိတ်ဆက်နေသည်။ ကျွန်ုပ်တို့နေထိုင်သောအသက်တာမတူညီချက်ကြောင့်သာ ပုံစံကွဲပြားနေသည်။ မြော်လင့်ခြင်းအသင်းတော်သည် အခြားအရာကိုအရေးမပေးဘဲ သွန်သင်ချက်ကိုသာအလေးပေးသည်ဟု ထင်ကြလိမ့်မည်။ ကျမ်းစာမှသွန်သင်သမျှကို အလေးထားခြင်းသည် ကျွန်ုပ်တို့မြော်လင့်ခြင်းအသင်းသားများ မည်သို့ရှိကြောင်းကို ပြသပေါ်လွင်စေပါသည်။

ဘဏ္ဍာစိုးဆိုင်ရာကိစ္စနှင့်သက်ဆိုင်သော သွန်သင်ချက်အမှန်တရားများသည် သခင်ယေရှု၌ရှိ၏။ ၎င်းအတိုင်းလိုက်နာကျင့်သုံးခြင်းသည် အသက်တာ၏စွမ်းရည်ကို အပြုသဘောဖြင့် ကောင်းသောအကျိုးကိုသက်ရောက်စေသည်။ “ခရစ်တော်၏စကားကို သင်စစ်စစ်ကြားနာရသည်ဖြစ်၍၊ ယေရှု၌သမ္မာတရားရှိသည်နှင့်အညီ၊ ထိုသခင်၌နည်းခံရကြပြီ။ ယခင်သင်ကျင်လည်ဖူးသည့်ဘဝမျိုးဖြစ်သော လိမ်လည်လှည့်ဖြားသောတပ်မက်ခြင်းနှင့် ယိုယွင်းပုပ်ပျက်သောလူဟောင်းကိုချွတ်ပယ်၍ စိတ်နှလုံးသဘောသစ်ကိုခံယူပြီးလျှင်၊ သန့်ရှင်းခြင်းပါရမီနှင့် မှန်သောဖြောင့်မတ်ခြင်း၌ ဘုရားသခင်နှင့်တူအောင် ဖန်ဆင်းသောလူသစ်ကို ယူတင်ဝတ်ဆောင်မည်အကြောင်းတည်း” (ဧဖက် ၄း၂၁–၂၄)။

ဤကျမ်းချက်၌ သမ္မာတရားကိုသိရုံသာမဟုတ်ဘဲ ထိုတရားအတိုင်းအသက်ရှင်ရန် သွန်သင်ပါသည်။ ဘဏ္ဍာစိုးတစ်ဦးသည် သွန်သင်ချက်ကိုယုံကြည်နေရုံနှင့်မပြီးသေးပါ။ မှန်ကန်သောသွန်သင်ချက်အတိုင်းအသက်ရှင်ပြီး အခြားသူများကိုလည်း ထိုအမှန်တရားကိုသက်ရောက်မှုဖြစ်စေရန်လိုပါသည်။

**မုဒ္ဒဟူး** **မတ် ၇**

**ကောင်းကင်တမန်သုံးပါးသတင်းစကား**

ကမ္ဘာကြီးကိုကျရောက်မည့်ကပ်ဆိုးဘေးကြီးအကြောင်းကို ဘုရားနှစ်ကြိမ်သတိပေးထားသည်။ ပထမတစ်ကြိမ် နောဧခေတ် (ကမ္ဘာဦး ၆း၁၃–၁၈။



မဿဲ ၂၄း၃၇)၊ အခြားတစ်ခုမှာ ကောင်းကင်တမန်သုံးပါးသတင်းစကားဖြစ်သည်။ (ဗျာဒိတ် ၁၄း၆–၁၂)။ ထိုသတင်းများသည် ကန့်လန့်ကာကိုဆွဲဖွင့်ပြီး အနာဂတ်ကမ္ဘာကြီး၏အခြေအနေကို ကြိုတင်ဖော်ပြပေးသည်။ ထိုသတင်းစကားနှင့်ပတ်သက်၍ နားလည်ခွင့်ရထားပါသည်။ သို့သော်လည်း ထိုသတင်းစကားနှင့် ဘုရားရှင်၏စေခိုင်းချက်များသည် သခင်ခရစ်တော်ကိုယုံကြည်ခြင်း၌ သန့်ရှင်းခြင်းရှိရမည်ဟု ယနေ့တိုင်အတည်ပြုဆဲဖြစ်သည်။ တတိယကောင်းကင်တမန်၏သတင်းစကားက အတည်ပြုထားသည်။” (Ellen G. White, Evangelism, p. 190). တစ်နည်းဖြင့်ဆိုရသော်၊ ကမ္ဘာကိုကြွေးကြော်ရန် ကျွန်ုပ်တို့ကိုခိုင်းစေသောသတင်းစကားမှာ ကျွန်ုပ်တို့အတွက် ခရစ်တော်ရပ်တည်ပေးမှုနှင့် သူ၏ကြီးမားလှသောဆက်ကပ်ပူဇော်ခြင်းအကြောင်းပင်ဖြစ်သည်။

ဗျာဒိတ် ၁၄း၆–၁၂ ကိုဖတ်ပါ။ ဤသတင်းစကားများမှ အထူးလိုအပ်သောအရာသည် မည်သည့်အရာဖြစ်သနည်း။ ကမ္ဘာကြီးကိုဘာပြောထားသနည်း။ ထိုသတင်းစကားအတွက် ကျွန်ုပ်တို့မှာဘာတာဝန်များရှိသနည်း။ ဘဏ္ဍာစိုးအကြောင်းအရာနှင့် မည်သို့ပတ်သက်နေသနည်း။

ကျွန်ုပ်တို့သည် မြော်လင့်ခြင်းအသင်းသားများဖြစ်နေသည့်အလျောက် ကောင်းကင်တမန်သုံးပါးသတင်းစကားကိုကြွေးကြော်၍ ခရစ်တော်ပြန်လည်ကြွဆင်းလာတော့မည့်အကြောင်းကို ကြိုတင်ပြင်ဆင်မှုပြုရမည်။ လူအများတို့သည် ထာဝရနိုင်ငံအတွက် မိမိကိုယ်ကိုပြင်ဆင်ရန် ဆုံးဖြတ်ကြရမည်။ ဘဏ္ဍာစိုးလုပ်ငန်းသည် ဘုရားသခင်နှင့်အတူ အမှုတော်၌ပါဝင်လုပ်ဆောင်နေခြင်းဖြစ်သည်။ (၂ကော ၅း၂၀။ ၆း၁–၄)။

“အထူးဖော်ပြရန်မှာ မြော်လင့်ခြင်းအသင်းသားများသည် ကင်းစောင့်နှင့်အလင်းကို ထွန်းလင်းသယ်ဆောင်သူများအဖြစ် ကမ္ဘာကြီးအတွက်ခန့်အပ်ထားသည်။ လောကကြီးပျက်စီးတော့မည့်သတင်းစကားကို ပြောကြား

ကြွေးကြော်ရန် တာဝန်ပေးခံထားရကြသည်။ ဘုရားသခင်၏နှုတ်တော်ထွက်စကားများက သူတို့နှင့်အတူရှိပြီး ကမ္ဘာကြီးကိုထွန်းလင်းပြသပေးနေသည်။ ပထမဦးဆုံး သန့်ရှင်း၍အလွန်အရေးကြီးသောသတင်းကို ကြွေးကြော်ရန် တာဝန်ပေးခံရပြီး၊ ဒုတိယမှာ ကောင်းကင်တမန်၏သတင်းကို ပြောကြားသက်သေခံရန်ဖြစ်သည်။ ထိုမျှလောက်အရေးကြီးသည့်အလုပ်တာဝန်တစ်ခုမျှ မရှိတော့ချေ။ အခြားဘာတစ်ခုမျှလည်းစိတ်ဝင်စားရန်မလိုအပ်ချေ။ (Ellen G. White, Testimonies for the Church, vol. 9, p. 19).

လှည်းဘီး၏ဘောင်သည် မြေကြီးနှင့်အနီးကပ်ဆုံးအပိုင်း၊ မြေကြီးနှင့်ထိစပ်သောအပိုင်းဖြစ်သည်။ ၎င်းကို ကောင်းကင်တမန်သုံးပါး၏သတင်းနှင့်ပုံဆောင်ထားသည်။ အသုံးပြုခံရသောအကြောင်းမှာ ပေါလောပေါ်မျောနေသောဘာသာရေးအတွေးအခေါ်များကိုကာကွယ်ရန်နှင့် နောက်ဆုံးနေ့ရက်ဆိုင်ရာကျွန်ုပ်တို့၏တာဝန်ကို ပေါ်လွင်စေပါသည်။ ကျွန်ုပ်တို့အားလုံးသည် ထိုသတင်းစကား၏ဘဏ္ဍာစိုးများဖြစ်ရကြမည်။ လောကကြီးကိုကြွေးကြော်သတိပေးရမည်။

နောက်ဆုံးနေ့ရက်ဖြစ်လာမည့်အရာများအကြောင်း စဉ်းစားသောအခါ အလွန်လွယ်ကူလှပါသည်။ ရုပ်ကားနှင့်တကွ၊ နေ့စွဲရက်စွဲများကို ကျွန်ုပ်တို့ရှင်းပြဟောပြောနိုင်သည်။ ၎င်းတို့မှာ မိမိတို့ကဏ္ဍနှင့်ရှိနေကြသည်။ လောကကြီးကို ထိုကောင်းကင်တမန်သုံးပါးသတင်းဟောပြောကြွေးကြော်ရန်မှာ ခရစ်တော်နှင့်သူ၏ဆက်ကပ်မှုကို ကျွန်ုပ်တို့အရှေ့၊ ကျွန်ုပ်တို့အလယ်ဗဟိုမှာထားနေပါသလား။

**ကြာသပတေး** **မတ် ၈**

## ဘဏ္ဍာစိုးအရာနှင့်ဆိုင်သော

ခရစ်တော်သည် ကျွန်ုပ်တို့ကိုသန့်ရှင်းသောအသက်တာနှင့်နေထိုင်ရန် အလိုတော်ရှိ၏။ ကိုယ်တော်၏အသက်တာသည်လည်း သန့်ရှင်းခြင်းရှိပြီး တကယ်စစ်မှန်သည့်ဘဏ္ဍာစိုးအရာနှင့်ဆိုင်သောအသက်တာကို ပြသပေး



ခဲ့သည်။ (ဟေဗြဲ ၉း၁၄)။ ဘုရားသခင်ကိုမြတ်နိုးသောအသက်တာဖြင့် ကျွန်ုပ်တို့၏အသက်တာကို ထိန်းသိမ်းစီမံနေထိုင်ရမည်။ ကျွန်ုပ်တို့ကိုအပ်နှင်းထားသောတာဝန်အားလုံးကို စီမံအုပ်ချုပ်ရမည်။ ဘဏ္ဍာစိုးအရာသည် သန့်ရှင်းခြင်းကိုဖော်ပြခြင်းဖြစ်သည်။

၁ပေ ၁း၁၅၊၁၆ ကို ဟေဗြဲ ၁၂း၁၄ နှင့်နှိုင်းယှဉ်ကြည့်ပါ။ "သန့်ရှင်းပါ" နှင့် "သန့်ရှင်းခြင်း" တို့သည် ဘာကွာခြားသနည်း။ ကျွန်ုပ်တို့ဘဏ္ဍာစိုးအရာနှင့် မည်သို့ပတ်သက်သနည်း။

ရောမလူမျိုးများတို့သည် လှည်းဘီးကို လှည်းဖနောင့်သံနှင့်ကွပ်ထားလျှင် ပိုမိုခိုင်ခံ့ကြောင်း တီထွင်တွေ့ရှိခဲ့သည်။ ပန်းဘဲဆရာက သံကိုမီးဖြင့်အပူပေးပြီး လှည်းဘီးဘောင်တစ်ပတ်ပတ်နိုင်သည်အထိ အရှည်ကိုဆန့်ထုတ်ရသည်။ လှည်းဖနောင့်သံကိုတပ်ဆင်ပြီးသည်နှင့် ရေအေးဖြင့်ထိုပူနေသောဖနောင့်သံကိုလောင်းလိုက်သည်နှင့်တစ်ပြိုင်တည်း လှည်းဖနောင့်သံရွှေကြီးသည် ဘီးကိုဆွဲကျုံ့ထားကာ ခိုင်ခံ့သွားစေသည်။ ဘီးလည်နေသည်နှင့်ထိုသံသည်သာမြေနှင့်ထိနေတော့သည်။

ထိုလှည်းဖနောင့်သံကို ဘဏ္ဍာစိုးဆိုင်ရာသဘောနှင့်ပုံဆောင်ထားသည်။ ကျွန်ုပ်တို့၏အသက်တာ၌ ပွတ်ကြိတ်နေရသောဝိညာဉ်ရေးအသက်တာကို သဘောဆောင်ပါသည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းအတက်၊ အကျ၊ အောင်မြင်ခြင်း၊ ကျရှုံးခြင်းနှင့်တူသည်။ နေ့စဉ်ကြမ်းတမ်းခက်ခဲသောအသက်တာဖြင့် ယုံကြည်ခြင်းကိုစမ်းသပ်ခံနေရသည်။ ဘဏ္ဍာစိုးဆိုင်ရာလုပ်ဆောင်ချက်သည် ကျွန်ုပ်တို့၏အပြင်ပန်း၌ ဘာဖြစ်နေသည်၊ ဘာလုပ်နေသည်ကို သက်သေခံနေသည်။ အသက်တာကိုမည်သို့စီမံနေထိုင်ကြောင်း၊ မည်သို့ဦးတည်နေကြောင်း သက်သေခံနေပါသည်။ ခရစ်တော်ကိုညွှန်ပြ

နေသော ကျွန်ုပ်တို့၏နေ့စဉ်အသက်တာ၌ လှည်းဘီး၏သံဖနောင့်ကဲ့သို့ ကြမ်းတမ်းသောလမ်းကို ရင်ဆိုင်ထိတွေ့နေရ၏။

"ကျွန်ုပ်တို့၏လုပ်ဆောင်ခြင်းများသည် အလွန်အင်အားတန်ခိုးကြီးပြီး ခရစ်တော်နှင့်အတူဆက်ကပ်ထိန်းချုပ်ထားရမည်။ ကိုယ်တော်၏ကတိတော်နှင့်အာမခံချက်အပေါ်မူတည်ပြီး အသက်ရှင်နေထိုင်ရမည်။ "ငါ့ကိုခွန်အားနှင့်ပြည့်စေတော်မူသောခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏" (ဖိလိပ္ပိ ၄း၁၃)။

"ခရစ်တော်၏စာရိတ္တတော်ကို လူတို့အထဲသို့ သန့်ရှင်းသောဝိညာဉ်တော်ဘုရားသည် သွန်းလောင်းသွတ်သွင်းသောအချိန်၌ လူတို့၏ဝိညာဉ်သည် သန့်ရှင်းဖြူစင်ရသောအခွင့်ရရှိသည်။ ဧဝံဂေလိတရားသည် သခင်ခရစ်တော်ပါရှိပြီး အသက်ရှင်လှုပ်ရှားသောသဘောဖြစ်သည်။ ခရစ်တော်၏ကရုဏာတော်သည် လူ၏စာရိတ္တ၌ပေါ်လွင်ပြီး ကောင်းသောအမှုကိုလုပ်ဆောင်ခြင်းမျိုးဖြစ်သည်။ ဧဝံဂေလိ၏သဘောတရားသည် အခြားသောလက်တွေ့အသက်တာသဘောများနှင့် အဆက်ပြတ်၍မရပါ။ ခရစ်ယာန်တစ်ဦး၏ပြုလုပ်သမျှ၊ ခံစားကြုံတွေ့ရသမျှသည် သခင်ခရစ်တော်၏အသက်တာကို ပုံဆောင်ထားပါသည်။" (Ellen G. White, COL, p. 384).

သင်၏နေ့စဉ်အသက်တာကိုပြန်ကြည့်ပါ။ သင်နေ့စဉ်နေထိုင်ရမှုကို သတိပြုပါ။ ခရစ်တော်သင်၏အထဲ၌ မည်သို့ပေါ်လွင်နေသနည်း။ သင်၌ ဘာတွေလုပ်ဆောင်နေသနည်း။ အသစ်သောသတ္တဝါဖြစ်စေပါသလား။ သင်၏အထဲ၌ သန့်ရှင်းခြင်းရှိရန် သင်၏ဩတ္တပ္ပစိတ်က မည်သည့်အရာကိုရွေးချယ်မည်နည်း။

**သောကြာ** **မတ် ၉**

**ထပ်ဆင့်လေ့လာရန်။**

လှည်းဘီး၏သံဖနောင့်သည် ကြမ်းတမ်းသောလမ်းကို နင်းကြိတ်နေရသည်။ ထိုသံဖနောင့်ကိုတပ်ဆင်ရသည်မှာ လွယ်ကူလှသောအရာမဟုတ်ပါ။



မီးရှို့၊ တူနှင့်ထု၊ သံကိုဆန့်ထုတ်ကွေးရခြင်းသည် မလွယ်ကူပါ။ ထိုသံဖနောင့်ကိုတပ်ဆင်ရခြင်းသည် ဘဏ္ဍာစိုးဆိုင်ရာလက်တွေ့သန့်ရှင်းသောအသက်တာရရှိရန်ကြိုးစားခြင်းကို ခိုင်းနှိုင်းပါသည်။ ကျွန်ုပ်တို့ဘဝအသက်တာ၌ ကြီးကျယ်သောအရာဖြစ်စေ၊ သေးငယ်သောအရာဖြစ်စေ၊ လွယ်ကူသောအရာဖြစ်စေ၊ ခက်ခဲသောအရာဖြစ်စေ ခရစ်တော်ကိုရောင်ပြန်ဟပ်စေနိုင်ရမည်။ ငွေကိုအသုံးပြုခြင်း၊ မိသားစုဆက်သွယ်ခြင်း၊ အမှုဆောင်အချင်းချင်းပေါင်းသင်းခြင်းတို့၌ ခရစ်တော်၏အလိုတော်ကိုဆောင်ရန် အထူးအရေးကြီးသည်။ တစ်ခါတစ်ရံ ယင်းကဲ့သို့သောသင်ခန်းစာကို ကျွန်ုပ်တို့နာကျင်ခက်ခဲစွာသင်ယူရသည်။

သံကိုပုံစံချရသည်မှာမလွယ်ကူပါ။ လူသားများ၏စာရိတ္တသဘောကိုလည်း ပြုပြင်ရန်မလွယ်ကူပါ။ ရှင်ပေတရု၏အတွေ့အကြုံကို သင်ယူကြည့်ပါ။ ယေရှုရှင်ရှိသောနေရာမှန်သမျှ ရှင်ပေတရုထက်ကြပ်မကွာလိုက်၏။ သို့သော် ခရစ်တော်၏နှုတ်မှ ဤသို့သောစကားမျိုးထွက်လာမည်ဟု သူမမျှော်လင့်ခဲ့။ "သင်၏ယုံကြည်ခြင်းမပျက်စေခြင်းငှာ ငါသည်သင့်အဖို့ဆုတောင်းလေပြီ။ သင်သည် သတိရပြန်သောအခါ သင်၏ညီအစ်ကိုတို့ကိုတည်ကြည်စေလော့" (လုကာ ၂၂း၃၂)။ ရှင်ပေတရုသည် သခင်ခရစ်တော်ကိုငြင်းပယ်မိပြီး မကြာမီတွင် သူ၏အသက်တာကိုပြောင်းလဲလိုက်သည်။ သို့သော် နာကျင်ခက်ခဲသောအတွေ့အကြုံကို သူရင်ဆိုင်ခဲ့ရသည်။ သူ၏ဘဏ္ဍာစိုးစိတ်ကို ပြန်ပြီးနေရာပြုပြင်လိုက်သည်။ ရှင်ပေတရုအသစ်တစ်ဖန်ပြန်လည်ပြောင်းလဲသွားသည်။ သူ၏အသက်တာသည်လည်း လားရာနေရာသစ်သို့ဦးတည်သွားသည်။ သို့သော် ထုထောင်း၊ ရိုက်စစ်ခံရပြီးမှသာ ပြောင်းလဲသွားခြင်းမျိုးဖြစ်သည်။

**ဆွေးနွေးရန်မေးခွန်းများ**

(၁) ယေရှုရှင်ပေးသောအကြံအတိုင်း ကျွန်ုပ်တို့သန့်ရှင်းစင်ကြယ်ခွင့်ရရှိရန် လက်တွေ့မည်သို့လုပ်ရမည်နည်း။ ငါ့ကိုဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ လုကာ ၉း၂၃ သည် မည်သည့်အဓိပ္ပါယ်ရှိ

သနည်း။ မည်သည့်အရာသည် ကပ်တိုင်၌ရိုက်ထားခံရပြီနည်း။ (ဂလာတိ ၆း၁၄)။ သန့်ရှင်းဖြူစင်ခြင်းနှင့်ပတ်သက်၍ ယင်းဥပမာသည် မည်သို့အထောက်အကူဖြစ်စေသနည်း။ လက်တွေ့ကျသောအသက်တာကို ဖြူစင်အောင်ဆေးကြောခြင်းသည် ဘုရားရှင်၏စိတ်သဘောမျိုးကိုသင်ယူရန် မည်သို့ကူညီနိုင်သနည်း။ (၁ကော ၂း၁၆)။

(၂) သခင်၏နောက်တော်သို့လိုက်ရန် ခါးသီးသောအတွေ့အကြုံမှအားကြီးသောတန်ခိုးအင်အားရရှိသည့်သင်ခန်းစာမျိုးရှိပါသလား။ အတန်းသားအချင်းချင်းဝေငှသက်သေခံပါ။ ကျွန်ုပ်တို့အချင်းချင်းထံမှ မည်သည့်အတွေ့အကြုံများရရှိနိုင်သနည်း။

(၃) ကျွန်ုပ်တို့မြော်လင့်ခြင်းအသင်းသားအနေဖြင့် အခြားကိုင်စွဲထားသောယုံကြည်ချက်များဖြစ်သည့် ဥပုသ်နေ့၊ သေလွန်ခြင်း၏အခြေအနေ၊ ဖန်ဆင်းခြင်း၊ ခရစ်တော်ဒုတိယကြွလာခြင်း စသည်တို့ကိုစဉ်းစားကြည့်ပါ။ ထိုယုံကြည်ချက်အားလုံးသည် ကျွန်ုပ်တို့၏အသက်တာကို မည်သို့သောသက်ရောက်မှုများရှိစေသနည်း။

–ဝ–



# သင်ခန်းစာ (၁၁)
# အကြွေး = နေ့စဉ်စိတ်ဆိုးဖြတ်ချက်
## မတ် ၁၀ – ၁၆

**ဥပုသ်နေ့မွန်းလွဲပိုင်း** **မတ် ၁၀**

**ဖတ်ရန်ကျမ်းချက်များ။** ဆာလံ ၃၇း၂၁။ မဿဲ ၄း၃–၁၀။ မဿဲ ၆း၃၃။ တရားဟော ၂၈း၁၂။ သုတ္တံ ၁၃း၁၁။ သုတ္တံ ၂၁း၅။ ၂ကော ၄း၁၈။

**အလွတ်ကျမ်းချက်**

**"ထိုကြောင့် လူအသီးအသီးခံထိုက်သည်အတိုင်း ပေးကြလော့။ အခွန်ကိုခံထိုက်သောသူအား အခွန်ကိုလည်းကောင်း၊ အကောက်ကိုခံထိုက်သောသူအား အကောက်ကိုလည်းကောင်း ပေးကြလော့။ ကြောက်ထိုက်သောသူကိုကြောက်ကြလော့။ ရိုသေထိုက်သောသူကိုရိုသေကြလော့။ အချင်းချင်းချစ်ခြင်းမေတ္တာမှတစ်ပါး အဘယ်ကြွေးမျှမတင်စေနှင့်။ သူတစ်ပါးကိုချစ်သောသူသည် အကျင့်တရားနှင့်ပြည့်စုံပြီ" (ရောမ ၁၃း၇)။**

တစ်ခါတစ်ရံမှာ သင်သည် ငွေကြေးလိုအပ်သဖြင့် ပိုက်ဆံချေးပေးမည့်သူကို လွယ်လွယ်ကူကူတွေ့ရှိနိုင်သည်။ ထိုသူသည် စိတ်စေတနာသန့်သန့်သဘောရိုးနှင့် သင့်ကိုပိုက်ဆံချေးပေးမည်။ ထိုသူသည် သင်၏ငွေရေးကြေးရေးအကျပ်အတည်းကို ကူညီချင်သောကြောင့်ဖြစ်သည်။ များသောအားဖြင့် လူများသည် သင့်ကိုစိတ်သဘောရိုးသားစွာ ငွေချေးချင်စိတ်မရှိကြပါ။ ငွေချေးပေးခြင်းမှာ သင့်ထံမှအဆမတန်ပြန်၍အမြတ်အစွန်းလိုချင်ကြသည်။

အရာရာတိုင်းအတွက် အကြွေးကိုရှောင်ကြပါ။ အိမ်ဝယ်ရန်၊ ကားဝယ်ရန်၊ ဘုရားကျောင်းဆောက်ရန်၊ ပညာသင်ရန်အတွက် ပိုက်ဆံငွေကြေး

ချေးရန်လိုသည်။ သို့သော် အကြွေးကိုလိမ္မာပါးနပ်စွာဆပ်ရမည်။ အကြွေးကိုမြန်သည်ထက်မြန်မြန်ပြန်ဆပ်ရမည်။

အထူးသတိပြုရမည်မှာ ငွေကိုသုံးသောအခါ စိတ်၏တပ်မက်ခြင်းနှင့် စာရိတ္တကိုဖျက်ဆီးစေနိုင်သော လောကပစ္စည်းဥစ္စာကိုမစွဲလမ်းမိစေရန် သတိပြုပါ။ ထိုသို့စိတ်ထားမျိုးရှိနေသရွေ့ ကယ်တင်ခြင်းနှင့်ကရုဏာတော်သည် အစဉ်လိုက်လာလိမ့်မည်။ (Ellen G. White, Early Writings, p. 267).

ကျွန်ုပ်တို့၏အစွမ်းနှင့်ကျွမ်းကျင်မှုကိုမြှင့်တင်ကာ စည်းကမ်းစနစ်ဖြင့် အကြွေးကိုရှောင်ရှားနိုင်ကြမည်။ ယခုအပတ်သမ္မာကျမ်းစာမှ အကြွေးနှင့် ပတ်သက်သောအကြောင်းများကို လေ့လာကြရပါမည်။

**တနင်္ဂနွေ** **မတ် ၁၁**

## ချေးယူသုံးစွဲခြင်း

ပုရောဖက်ဧလိရှဲတို့သည် ယော်ဒန်ကမ်းနဖူးမှပေါက်နေသောအပင်များကို ခုတ်ယူကြစဉ်၊ တစ်ယောက်သောသူသည်ခုတ်နေစဉ်တွင် ရေထဲသို့ပုဆိန်ကျသွား၏။ ခုတ်သောသူကလည်း ခက်လှပြီသခင်။ ထိုပုဆိန်သည် ငှားခဲ့သောဥစ္စာဖြစ်ပါ၏ဟုအော်ဟစ်လျှင် (၄ရာ ၆း၅)၊ "ငှားယူသည်" ဟုဆိုသောစကားသည် တစ်ဦးတစ်ယောက်၏ပိုင်သောပစ္စည်းကို အခွင့်ယူအသုံးပြုထားခြင်းကိုဆိုလိုသည်။ ထိုအခွင့်တောင်းယူထားခြင်းသည် မိမိ၌တာဝန်အပြည့်အဝရှိကြောင်း၊ ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း သိရှိရန်လိုသည်။ ပုဆိန်ကိုငှားယူအသုံးပြုခြင်းသည် ငွေချေးခြင်းနှင့်မထူးခြားပါ။ ငွေကိုအလွဲသုံးမိလျှင် ပို၍ကြီးလေးသောအပြစ်ဒဏ်ကိုခံရမည်ဖြစ်သည်။

ငွေကိုချေးယူခြင်း၏အကြောင်းမှာ အသုံးပြုရန်အတွက်ဖြစ်သည်။ ချေးယူသောငွေကို မှန်မှန်ကန်ကန်ပြန်လည်ပေးဆပ်နိုင်လျှင်၊ နောင်လိုအပ်လာမည့်အချိန်၌ အခက်အခဲမရှိ ထပ်မံချေးယူနိုင်သည်။ နောင်လာမည့်အချိန်



၏အခြေအနေကို ကျွန်ုပ်တို့မသိနားမလည်နိုင်ပါ။ (ဒေသနာ ၈း၇) ငွေချေးယူခြင်းသည် တာဝန်ကြီးလှပါသည်။

အောက်ပါကျမ်းချက်များမှ အကြွေးယူခြင်းအကြောင်း မည်သို့သွန်သင်သနည်း။

ဆာလံ ၃၇း၂၁ ____________________

____________________

ဒေသနာကျမ်း ၅း၅ ____________________

____________________

တရားဟော ၂၈း၄၄၊၄၅ ____________________

____________________

ငွေကိုချေးယူခြင်း၌ ကျွန်ုပ်တို့လိမ္မာပါးနပ်မှုရှိရမည်။ သို့သော် ငွေကိုအသုံးပြုသောအခါ စုံစမ်းခြင်းခံရတတ်သည်။ ငွေကိုချေးယူခြင်း၌ အခက်အခဲပြဿနာမကြာခဏပေါ်ပေါက်တတ်သည်။ ချေးယူထားသောငွေကိုအသုံးပြုသောအခါ ကျွန်ုပ်တို့အသက်တာ၌ အခက်အခဲများစွာကိုဖြစ်ပေါ်စေပါသည်။ ငွေကိုချေးယူသုံးစွဲခြင်းသည် လူဆင်းရဲ၊ လူချမ်းသာများတို့၏စိတ်၌ အမြဲနှလုံးခုန်နေရသောကိစ္စတစ်ခုဖြစ်သည်။ စုံစမ်းခြင်းဝင်လာသောအခါ ဘုရားရှင်၏ကရုဏာတော်ကိုသာရှာဖွေကြရမည်။ (၁ကော ၁၀း၁၃)။ ချေးယူသုံးစွဲမှုသည် ကျိန်ခြင်းတစ်ရပ်ဖြစ်စေနိုင်သည်။ (တရားဟော ၂၈း၄၃–၄၅)။

ငွေကိုချေးပြီးသုံးသောအကျင့်ဆိုးမျိုးကို အစလုပ်မပေးပါနှင့်။ သင်ငွေချေးထားလျှင် အမြန်ဆုံးပြန်ပေးဆပ်ပါ။ ငွေကိုလိမ္မာပါးနပ်စွာသုံးပြီး ဘုရားသခင်ပိုင်သောငွေစီမံသူသခင်ဖြစ်စေပါ။ လောကငွေကြေး၏တပ်မက်ခြင်းသခင်မဖြစ်စေပါနှင့်။

ချေးယူသုံးစွဲနေရမည့်အခြေအနေ လူတိုင်းမှာရှိပါသည်။ သို့သော် ချေးယူသုံးစွဲရသောအခါ အမြန်ဆုံးပြန်ပေးရမည်။ အကြွေးများသောသူသည် ဝိညာဉ်ရေးအတွက်မည်သည့်အန္တရာယ်များရှိသနည်း။

**တနင်္လာ** **မတ် ၁၂**

## ဘဏ္ဍာစိုးခြင်းနှင့်ရုတ်တရက်အလိုပြည့်ဝခြင်း

"ထိုအခါယာကုပ်သည် မုန့်နှင့်ပဲဟင်းကို ဧသောအားပေးသဖြင့် သူသည်စားသောက်ပြီးမှ ထွက်၍သွားလေ၏။ ထိုသို့ဧသောသည် မိမိနှင့်ဆိုင်သောသားဦးအရာကို မထီမဲ့မြင်ပြုသတည်း။ (ကမ္ဘာဦးကျမ်း ၂၅း၃၄)။ ဧသောသည် အပြင်မှပြန်ရောက်လာသောအခါ သူ၏ညီယာကုပ်ချက်သောဟင်းအနံ့ကိုရသည်နှင့် ချက်ချင်းမိမိ၏စိတ်ကိုအလိုလိုက်ချင်လာသည်။ ဆာလောင်၍သေမည့်ရုပ်မျိုးမရှိသော်လည်း အဖြစ်သည်းနေသည်။ သူ၏စိတ်အလိုနှင့်ခံစားမှုကို ထိန်းချုပ်ရမည့်အစား၊ တဒင်္ဂလတ်တလောကိစ္စကိုသာအရေးပေးချင်သည်။ ရုတ်တရက်အလိုပြည့်ဝရေးကိုသာဦးစားပေးပြီး သားဦးအရာကိုရောင်းချခဲ့သည်။ ထိုသားဦးအရာကိုပြန်ရယူလိုသောအခါ "မျက်ရည်ကျ၍ကောင်းချီးမင်္ဂလာကိုအလွန်ရှာသော်လည်း (ဟေဗြဲ ၁၂း၁၇) သူမရရှိတော့ပေ။

ခရစ်တော်ယေရှု၏ထံမှ သင်ခန်းစာကိုရယူနိုင်သည်။ အရက်လေးဆယ်အစာရှောင်ထား၍ ခရစ်တော်ဆာလောင်မွတ်သိပ်နေသောအချိန်တွင် စာတန်၏စုံစမ်းခြင်းကိုသုံးကြိမ်တိုင်တိုင်ခံရ၏။ (မဿဲ ၄း၃–၁၀)။ သို့သော် ယေရှုသည် ထိုစုံစမ်းခြင်းကို အားအင်နွမ်းနယ်နေသော်လည်း တွန်းလှန်နိုင်ခဲ့သည်။ မိမိ၏အလိုကို တဒင်္ဂအတွက်မဖြည့်ဆည်းခဲ့ပါ။ ယေရှုရှင်၏အသက်တာတစ်လျှောက် သာယာမှုနှင့်တဒင်္ဂအလိုကိုငြင်းခဲ့သည်။ ထိုသို့ပြုလုပ်ခြင်းအတွက် အပြစ်ကိုအောင်နိုင်ဖို့ရန်တန်ခိုးကို ဘုရားသခင်ပေးတော်မူခဲ့ပါသည်။ ထိုနောက်မှာ သူနှင့်အတူခံနိုင်ရည်ရှိသောသူများကို အမွေတော်ခံစားရန်ဖိတ်ခေါ်ခဲ့သည်။ (ရောမ ၈း၁၇။ တိတု ၃း၇)။ စုံစမ်းခြင်းခံရသောအခါ ယေရှုရှင်မှကျွန်ုပ်တို့ကိုပေးသောသင်ခန်းစာကိုယူပြီး ကျွန်ုပ်တို့ရထိုက်သည့်သားဦးအရာကိုကာကွယ်နိုင်ရမည်။ (၁ကော ၁၀း၁၃)။

လောက၏အကောင်းဆုံးအရာများဖြင့် ယနေ့ကျွန်ုပ်တို့ကိုဆွဲဆောင်နေသည်။ နောင်လာလတ္တံ့သောအချိန်၌ ထိုအရာများမရှိတော့ပါ။ သင်၏



အလိုအတိုင်းအသက်ရှင်ခြင်းသည် ဘုရားသခင်၏အလိုတော်နှင့်ဆန့်ကျင်ဘက်ဖြစ်သည်။

အောက်ပါကျမ်းချက်များမှ တဒင်္ဂအလိုကိုလိုက်ခြင်းကြောင့် သစ္စာရှိသောသူများအတွက်ပင် အန္တရာယ်ကြီးကြောင်း မည်သို့ဖော်ပြသနည်း။ ၂ရာ ၁၁း၂–၄။ ကမ္ဘာဦး ၃း၆။ ဖိလိပ္ပိ ၃း၁၉။ ၁ယော ၂း၁၆။ ရောမ ၈း၈။

တဒင်္ဂအလိုကိုလိုက်ခြင်းသဘောသည် ကိုယ်စိတ်ကိုမချုပ်တည်းခြင်းသဘောဖြစ်သည်။ သည်းခံခြင်း၏ရန်သူအမြဲချောင်းနေသည်။ ထိခိုက်ဒဏ်ရာပေးရန် အဆင်သင့်စောင့်နေ၏။ တဒင်္ဂအလိုကိုနှောင့်နှေးစေရန် စည်းကမ်းသတ်မှတ်ချက်များသင်ယူရမည်။ အသက်တာကိုဖိစီးလာသောအခြေအနေများကို ပါးနပ်စွာပြန်လည်ခုခံနိုင်သည်။ အထူးသဖြင့် လောက၏ဆွဲဆောင်မှု၊ ငွေချေးခြင်းကဲ့သို့သောစုံစမ်းခြင်းမျိုးကို သတိနှင့်ရှောင်ရန်ဖြစ်၏။ ယနေ့ငွေစုငွေချေးစနစ်သည် အလွန်ရေပန်းစားသော်လည်း၊ တဒင်္ဂအကျိုးအမြတ်ကိုမျှော်ကိုးလျက် ထိုချေးယူပေးဆပ်ခြင်းထဲ၌ပင် ဝဲတလည်လည်သာဖြစ်နေတော့သည်။ ဘုရားသခင်ပေးထားသောဘဏ္ဍာစိုးအရာ၏သဘောသည် ကျွန်ုပ်တို့ထောင်ချောက်အတွင်းရောက်သွားရန်အတွက်မဟုတ်ပါ။

**အင်္ဂါ** **မတ် ၁၃**

## သင့်အတိုင်းအတာနှင့်သင်နေထိုင်ပါ

"ပညာရှိသောသူ၏အိမ်၌ နှစ်သက်ဖွယ်သောဘဏ္ဍာနှင့်ဆီရှိတတ်၏။ မိုက်သောသူမူကား ကုန်စေတတ်၏" (သုတ္တံ ၂၁း၂၀)။ ဤကျမ်းချက်သည် ဥစ္စာရှာရာ၌ ပျော်ရွှင်မှုတပ်မက်ခြင်းနှင့် မှားယွင်းသောစီမံမှုကိုပြုသည့် ဘဏ္ဍာစိုးအကြောင်းကို ရေးသားထားပါသည်။ မိုက်သောသူတို့သည် မိမိတို့၌ရှိသောပစ္စည်းများကို မည်သို့စီမံကွပ်ကဲရမည်ကို အကြံအစည်မရှိကြ။ လောဘ

တကြီးချေးယူသုံးစွဲခြင်း၊ ငွေကြေးကြပ်မတ်သုံးစွဲရမည်ကို ပင်ပန်းသည်ဟု ထင်ကြ၏။ မစားချင်သောအာဟာရတစ်ခုကဲ့သို့မှတ်၏။ မဖြစ်မနေငွေချေးရန်ဖြစ်လာလျှင်လည်း ဥပမာ၊ အိမ်ဆောက်ရန်အတွက်ငွေချေးယူရလျှင်လည်း၊ ပညာရှိစွာကျွန်ုပ်တို့၏အခြေအနေကိုသုံးသပ်ပြီး ဆောက်လုပ်ချေးယူရမည်။

ချမ်းသာခြင်းသည် ၎င်း၌ရှိသောအတိုင်းအတာအတွင်း နေထိုင်ခြင်းဖြစ်သည်။ အတိုင်းအတာအပြင်ဘက်ရောက်သွားလျှင် ဆင်းရဲခြင်းဖြစ်သွားမည်။ ပြဿနာမှာ ပူပန်ဆင်းရဲစိတ်နှင့်အမြဲသွားလာနေရခြင်းကြောင့်ဖြစ်သည်။ မည်သို့ထားရမည်၊ မည်သို့လှောင်ရမည်ဒုက္ခရှိလာသည်။ ပစ္စည်းဥစ္စာမဲ့သောသူများသည် ချေးယူစားသုံးနေရ၍ ချေးလိုက်၊ ဆပ်လိုက်၊ ချေးလိုက်၊ ဆပ်လိုက်နှင့်လုံးပန်းနေရသည်။ အသက်ရှင်ရန်အတွက် လုံးလည်လိုက်ပူပန်နေကြရသည်။ သမ္မာကျမ်းစာမှအတိုင်းအတာအတွင်း နေထိုင်အသက်ရှင်ခြင်းအကြောင်းဖော်ပြထားပါသည်။ ကျွန်ုပ်တို့၌ မည်မျှပိုင်ဆိုင်မှုရှိသည်ကို သတိပြုရမည်ဟု သွန်သင်ခြင်းဖြစ်သည်။ ရှင်ပေါလုက ရိုးသားစွာကျင့်ကြံရမည်ဟု သွန်သင်ထားပါသည်။ "သို့ဖြစ်၍ စားရန်ဝတ်ရန်ရှိသမျှနှင့်၊ ရောင့်ရဲလျက်နေကြကုန်အံ့" (၁တိ ၆း၈)။ ရှင်ပေါလုက လောကဘဏ္ဍာအားလုံးသည် အရေးမကြီးဟုဆင်ခြင်မိနေသည်။ သူ၏အတွက်မှာ ခရစ်တော်နှင့်အတူနေခြင်းသည်သာလုံလောက်ပြီဟု ယုံကြည်ထားပြီးဖြစ်သည်။ (ဖိလိပ္ပိ ၁း၂၁)။

အလျင်အဦးဆုံးသတိရရမည့် ဦးစားပေးရမည့်အရာမှာ (မဿဲ ၆း၃၃)၊ ကျွန်ုပ်တို့၏အသက်တာဘဝ၌အသက်ရှင်နေခြင်းသည် မည်မျှသေချာနေပြီဟု ထင်ရသနည်း။

ကျွန်ုပ်တို့၏အတိုင်းအတာကိုသိရမည်အကြောင်းမှာ ဝင်ငွေမည်မျှရှိကြောင်းကိုမဆိုလိုပါ။ ကျွန်ုပ်တို့မည်မျှစီမံကွပ်ကဲနိုင်မည့်အတိုင်းအတာကိုဆိုလိုခြင်းဖြစ်သည်။ ရှိနေသောစီမံကိန်းငွေပမာဏသည် ထိုစီမံကိန်းတာဝန်ကို



ပြီးဆုံးအောင်လုပ်ရမည့်တာဝန်ဖြစ်သည်။ စီမံကိန်းတစ်ခုထားရှိထားသောငွေပမာဏကို အစီအစဉ်ချစီမံအသုံးပြုခြင်းသည် သေချာစိစစ်လေ့လာရန်လိုအပ်သည်။ စည်းကမ်းရှိရှိလုပ်ဆောင်ကြိုးစားခြင်းသည် ငွေကြေးရန်ပုံငွေကိုအောင်မြင်စွာစီမံအုပ်ချုပ်ကွပ်ကဲတတ်သော ကျွမ်းကျင်ခြင်းကိုဖြစ်စေသည်။ (သုတ္တံ ၁၄း၁၅)။ ကျွန်ုပ်တို့၏ငွေကြေးဘဏ္ဍာစိုးအကြံအစည်ကို ထမြောက်အောင်ဆက်ကပ်လုပ်ဆောင်နိုင်လျှင် ငွေကြေးကမောက်ကမပြုခြင်းမှလွတ်ကင်းပြီး အရှက်ကွဲခြင်းနှင့်ရင်ဆိုင်ရတော့မည်မဟုတ်။

ငွေကြေးစီမံအုပ်ချုပ်မှုနှင့် ပြဿနာတစ်စုံတစ်ရာရှိနေလျှင် သတ်မှတ်ထားသောရန်ပုံငွေနှင့်မလောက်မငဖြစ်နေလျှင် မရှုပ်ထွေးစေပါနှင့်။ သင်အသုံးပြုခဲ့သောငွေ၊ သင်၏ကုန်ကျစရိတ်အမှန်ကို ပြန်လည်စိစစ်ပါ။ အတိုင်းအတာနှင့်လုပ်ဆောင်နေထိုင်နေခြင်းသည် အရာအားလုံးကိုအောင်မြင်စွာလုပ်ဆောင်နိုင်ပြီး အကြွေးကိုလည်း ရှောင်ကြဉ်နိုင်မည်ဖြစ်သည်။

လုကာ ၁၄း၂၇–၃၀ကိုဖတ်ပါ။ ယေရှုရှင်၏ပုံပမာတော်၌ တပည့်တော်ဖြစ်ခြင်း၏တန်ဖိုးအကြောင်းကို ဆက်စပ်သွန်သင်ထားသည်။ အဆောက်အဦတစ်ခုကိုဆောက်လုပ်ရန် ကြိုတင်တွက်ချက်ထားသောငွေပမာဏအတိုင်းအပြီးသတ်ဆောက်လုပ်ခြင်းမပြုလုပ်နိုင်သောအခါ ဘာဖြစ်သွားသနည်း။ ဘဏ္ဍာစိုးနှင့်ဆိုင်သောသင်ခန်းစာ ကျွန်ုပ်တို့မည်ကဲ့သို့ရရှိနိုင်သနည်း။

**ဗုဒ္ဓဟူး** **မတ် ၁၄**

**အကြွေးပေးမည်ဆိုလျှင်လုံးဝငြင်းလိုက်ပါ**

တရားဟော ၂၈း၁၂ ဤကျမ်းချက်မှအကြွေးအဆမတန်တက်ခြင်းအကြောင်းကို မည်သို့သွန်သင်သနည်း။ မည်သို့စည်းမျဉ်းစည်းကမ်းထားရှိထားသနည်း။

အကြွေးကိုရှောင်နိုင်သမျှရှောင်ရမည်။ သမ္မာကျမ်းစာမှလည်း အခြားသူအတွက်အကြွေးကိုအာမခံမပေးရန် ကျပ်တည်းစွာသတိပေးထားပါသည်။ (သုတ္တံ ၁၇း၁၈။ ၂၂း၂၆)။ အကြွေးသည် ကျွန်ုပ်တို့၏ရေ့ရေးအတွက် ငွေကြေးအင်အားချည့်နဲ့စေခြင်းကို ဖြစ်ပေါ်စေပါသည်။ ခရစ်ယာန်များအသက်တာ၌ ခက်ခက်ခဲခဲရှာဖွေစီမံရခြင်းကို အသက်ဆက်ချောမွေ့စေသောအရာတစ်ခုဖြစ်သည်။ အကြွေးသည် အကျင့်ကိုယုတ်စေသည်မဟုတ်သော်လည်း ကျွန်ုပ်တို့၏ဝိညာဉ်ရေးခွန်အားကို မထောက်မပေးပါ။

"အကြွေးအတင်ခံခြင်းကိုရှောင်ရှားပြီး အလုပ်အကိုင်လုပ်ကိုင်ရာ၌ သတိကြီးစွာထားပါ။ သတ်မှတ်ထားသောအတိုင်းအတာအတွင်းသာလုပ်ဆောင်ပါ။ အကြွေးကိုအနူရောဂါရှောင်သကဲ့သို့ရှောင်ပါ" (Ellen G. White, Counsels on Stewardship, p. 272).

အကြွေးယူခြင်းသည် ကျွန်ုပ်တို့ကို "အကြွေးရှင်၏ကျွန်ဖြစ်စေပါသည်" (သုတ္တံ ၂၂း၇)။ အကြွေးစနစ်သည် ကမ္ဘာ့စီးပွားရေးမှုနှင့် အမြွာလို အမြဲတွဲနေတတ်သည်။ ၎င်းကိုပုံမှန်ကိစ္စဟုသာထင်နေကြသည်။ မကြာမီနိုင်ငံကြီးတစ်ခုလုံး အကြွေးတင်လာတော့သည်။ လူတိုင်းကိုယ်စီသတိထားရန် ဘာကြောင့်လိုအပ်သနည်း။ မှားယွင်းသောသဘောထားကြောင့်ဖြစ်သည်။

"သင်၏အကြွေးကိုပြန်ဆပ်ရန် ဘုရားသခင်နှင့်ကတိပဋိညာဉ်ပြုပါ။ မည်သူတစ်ဦးတစ်ယောက်ထံမှ အကြွေးကိုမကျန်ပါစေနှင့်။ သင်၏အစားအစာကိုပြင်ဆင်ရာ၌ ငွေကျပ် ၂၅ ကျပ်ခန့်အကြွေးကိုဂရုမစိုက်ဘဲ ပြင်ဆင်တတ်သည်။ ပိုက်ဆံပြားစေ့များလာလျှင် ကျပ်တန်ဖြစ်လာလိမ့်မည်။ ဟိုနေရာနည်းနည်းပိုသုံးမိသည်၊ သည်နေရာနည်းနည်းပိုသုံးမိသည်။ နောက်ဆုံးပေါင်းကြည့်မိသောအခါ သိန်းဂဏန်း၊ သောင်းဂဏန်းဖြစ်လာတော့သည်။ သင့်အကြွေးများလာကြောင်းသိသည်နှင့် ချီတုန်ချတုန်၊ တွန့်ရွံ့မနေပါနှင့်။ စိုးရိမ်စိတ်ထားပါ။ ချက်ချင်းပြန်ပေးရန်ကြိုးစားပါ။ သင်၏ပါးစပ်အရသာကိုအလိုမလိုက်ပါနှင့်။ သင်၏ငွေပြားစေ့မှအစ တန်ဖိုးထားပြီးစုပါ။ အကြွေးကိုပြန်ဆပ်ပါ။





မြန်သည်ထက်မြန်မြန် အကြွေးကိုရှင်းပစ်ပါ။ သင်၏အကြွေးမှလွတ်သွားပြီးလျှင်၊ အကြွေးမယူမိရန်သတိပြုပါ။ အောင်မြင်သောသူဖြစ်လာလိမ့်မည်။" (Ellen G. White, Counsels on Stewardship, p. 257).

အကြွေးသည် ခရစ်ယာန်များရပ်တည်နိုင်ရန် ခနော်ခနဲ့ဖြစ်သောအုတ်မြစ်တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့၏ဝိညာဉ်ရေးကို ပျက်စီးစေပါသည်။ ဘုရားသခင်၏အမှုတော်အတွက် ရန်ပုံငွေထည့်ဝင်နိုင်ရန်ကိုလည်း အဟန့်အတားဖြစ်စေပါသည်။ အခြားသူများ၏ယုံကြည်မှုနှင့် ဘုရားသခင်ထံမှအခွင့်အရေးကောင်းချီးများကို ဆုံးရှုံးစေပါသည်။

ယခုအချိန်သင်ပြုလုပ်နိုင်သော အကြွေးကိုရှောင်ကြဉ်နိုင်သည့်နည်းလမ်းများဘာရှိသနည်း။ သင်၏ကိုယ်ကိုမည်သို့ငြင်းပယ်ကာ အကြွေးတင်ခြင်းမှလွတ်ကင်းစွာနေနိုင်မည်နည်း။

**ကြာသပတေး** **မတ် ၁၅**

## ငွေစုခြင်းနှင့်အရင်းတည်ခြင်း

ဆောင်းရာသီအတွက်၊ မိုးရာသီအတွက် ပုရွက်ဆိတ်တို့သည် အစာကိုစုဆောင်းထားတတ်သည်။ ကျွန်ုပ်တို့ရည်ရွယ်ထားသောကိစ္စအတွက်ငွေစုလျှင် ထိုပုရွက်ဆိတ်များကို အတုယူကြရမည်။ စုဆောင်းခြင်းသည် သုံးဖြုန်းခြင်းနှင့်ဆန့်ကျင်ဘက်သဘောဆောင်ပါသည်။ ငွေကိုကိုင်တွယ်စီမံရာ၌ ပညာရှိလိမ္မာမှုရှိရမည်။ ငွေကြေးသုံးစွဲခြင်းကိုတွက်ချက်တတ်ရမည်။ စည်းကမ်းရှိရမည်။ ထိုအချက်များအားလုံးကိုလိုက်နာပြီး ကိုယ်ကျိုးအတွက်သာကြည့်နေလျှင် ဘုရားသခင်၏ဥစ္စာကို တစ်နည်းတစ်ဖုံဖြင့်ခိုးယူနေပြီ။ "မလိုအပ်ဘဲ ပိုက်ဆံကိုသုံးခြင်းသည် နှစ်ဆနှစ်ပြန်ဆုံးရှုံးမှုကိုဖြစ်စေပါသည်။ ပိုက်ဆံကုန်သွားရုံမကဘဲ၊ ပိုက်ဆံကိုရှာခဲ့ရသောအချိန်၊ အင်အား၊ အသီးများလည်း အလဟဿဖြစ်စေပါသည်။ မြေကြီးတွင်ပိုက်ဆံစုပြီး၊ ကောင်းကင်နိုင်ငံအတွက်ပေးရန် လုပ်ဆောင်ပြီလား။ ငွေစုဆောင်းခြင်းသည် ငွေအပေါ်သြဇာညောင်း

နိုင်ရန် စည်းကမ်းချက်တစ်ခုဖြစ်သည်။ ငွေမှကျွန်ုပ်တို့ကိုချုပ်ကိုင်စေခိုင်းနေမည့်အစား ကျွန်ုပ်တို့က ပြန်၍ထိန်းချုပ်နိုင်သည်။ Randy C. Alcorn, Money, Possessions and Enternity 2003, p. 328.

သုတ္တံ ၁၃း၁၁ ကိုဖတ်ကြည့်ပါ။ သုတ္တံ ၂၁း၅ နှင့် သုတ္တံ ၁၃း၁၈ ကိုလည်းဖတ်ပါ။ ငွေရေးကြေးရေးနှင့်ပတ်သက်၍ ပိုမိုကောင်းမွန်သော အကြံဉာဏ်ဘာပေးထားသနည်း။

---

---

ဘဏ္ဍာစိုးများသည် မိသားစုအတွက် မြေကြီး၌စုဆောင်းပြီး ကောင်းကင်နိုင်ငံတော်အတွက် ဘုရားသခင်၏အမှုတော်တွင် ထည့်ဝင်သိုလှောင်သည်။ ပမာဏအနည်းအများသည် အရေးမကြီးပါ။ သမ္မာကျမ်းစာ၏သွန်သင်ချက်အတိုင်း စီမံခြင်းပြုရန်သာအဓိကဖြစ်သည်။ မိသားစုအတွက်စုဆောင်းခြင်းကိစ္စ၌ လိမ္မာပါးနပ်မှုရှိပါ။ ဆုံးရှုံးခြင်းမှန်သမျှကိုကာကွယ်ပြီး အခြားသူများအတွက်ကောင်းကျိုးဖြစ်စေပါ။ (ဒေသနာ ၁၁း၁၊၂)။ သင်၏လိုချင်စိတ်ကို အတတ်နိုင်ဆုံးချုပ်တည်းပါ။ (သုတ္တံ ၂၄း၂၇)။ ထိုအချက်နှစ်ချက်သည် အောင်မြင်ခြင်းလမ်းမှန်သို့ပို့ဆောင်ပေးသည်။ ကျွန်ုပ်တို့ချမ်းသာကြွယ်ဝခြင်းရှိရန်လိုအပ်လာလျှင် သတိရပါ။ "သင်၏ဘုရားသခင်ထာဝရဘုရားကိုသာ အောက်မေ့ရမည်။ စည်းစိမ်ရတတ်သောအစွမ်းသတ္တိကို ဘုရားသခင်ပေးတော်မူ၏" (တရားဟော ၈း၁၈)။

ဘုရားသခင်၏ဘဏ္ဍာစိုးများ အရင်းတည်စုဆောင်းမှုများအားလုံးတွင် အလုံခြုံဆုံးသောနေရာမှာ "ကောင်းကင်နိုင်ငံတော်" ဖြစ်သည်။ (မဿဲ ၁၃း၄၄)။ ထိုနေရာ၌ သံချေး၊ ပိုးရွ၊ သူခိုးမရှိပါ။ ပိုက်ဆံအိတ်ကိုင်စရာမလိုသောနေရာလည်းဖြစ်သည်။ (လုကာ ၁၂း၃၃)။ ခရစ်တော်ကိုလက်ခံပြီး ငွေစာရင်းဖွင့်လိုက်ပါ။ ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေကိုပြန်ယူလာပါ။ ကောင်းကင်



ဘဏ္ဍာတိုက်၌စုပုံပါ။ လောကကိုစိတ်ဝင်စားပြီး ငွေကုန်ကြေးကျခံကာ အကြွေးများစွာအတက်ခံခြင်းသည် ကောင်းကင်နိုင်ငံ ထာဝရသမ္မာတရားမှလမ်းလွဲသွားလိမ့်မည်။

၂ကော ၄း၁၈ ကိုဖတ်ပါ။ ဘဏ္ဍာစိုးများအဖြစ် အသက်ရှင်နေထိုင်ရင်း သမ္မာတရားကိုမည်သို့ထွန်းလင်းပြသရမည့်တာဝန်ရှိပါသနည်း။

**သောကြာ** **မတ် ၁၆**

**ထပ်ဆင့်လေ့လာရန်။**

သဘာဝစွမ်းရည်၊ တတ်ကျွမ်းမှုနှင့်မည်သည့်ဆုလာဘ်မျိုးမဆို ဘုရားသခင်ပေးသနားတော်မူသည်။ မွေးစကတည်းကပင်ပါလာစေကာမူ ဘုရားသခင်ပေးထားသောအရာဖြစ်သည်။ ပတ်ဝန်းကျင်၏ပညာပေးခြင်းနှင့် ဩဇာလွှမ်းမိုးမှုကိုရစေပါသည်။ ညီမျှသောအကျိုးကိုဖြစ်လာစေမည်မှာ ကျွန်ုပ်တို့တတ်ကျွမ်းမှုနှင့်စွမ်းရည်ကို အသုံးပြုခြင်းအပေါ်၌သာတည်သည်။ ဘုရားသခင်သည် ဘဏ္ဍာစိုးတိုင်းကို မိမိတို့တတ်စွမ်းသမျှသောအရည်အချင်းများဖြင့် အားသွန်ခွန်စိုက်အသုံးပြုစေလိုပါသည်။ (ဒေသနာ ၁၀း၁၀)။

ဗေဇလေလ၏ကျွမ်းကျင်မှုမှာ "အမျိုးမျိုးသောအလုပ်ကို ထူးဆန်းစွာလုပ်တတ်မည်အကြောင်း၊ ဉာဏ်ပညာနှင့်တကွ သိပ္ပံအတတ်အမျိုးမျိုးကိုပေး၍၊ ဘုရားသခင်၏ဝိညာဉ်တော်နှင့်ပြည့်စုံစေတော်မူပြီ" (ထွက် ၃၅း၃၁)။ အဟောလျဘ (ထွက် ၃၅း၃၄) တို့သည် အခြားသူများကိုသင်ပေးနိုင်သောအတတ်ပညာစွမ်းရည်ရှိသည်။

လောကကမ္ဘာကြီးပေါ်အသက်ရှင်နေထိုင်ရင်း အကြွေးကင်းပြီး၊ သစ္စာရှိသောဘဏ္ဍာစိုးအဖြစ် အသက်ရှင်နေထိုင်ရန်သင်ယူနိုင်သည်။ စာဖတ်ခြင်း၊ သင်တန်းတက်ရောက်ခြင်း၊ ပညာပေးအစီအစဉ်၊ အခြားအစီအစဉ်များ၊ သင်ယူခဲ့သောအရာများကို လက်တွေ့ကျင့်သုံးခြင်းဖြင့် ကျွန်ုပ်တို့၏ကျွမ်းကျင်

မှုကို မြှင့်တင်ပေးနိုင်ပါသည်။ ကျွန်ုပ်တို့၏ကျွမ်းကျင်မှုကိုမြှင့်တင်ခြင်းသည် ဘုရားရှင်ကိုသစ္စာရှိသောဘဏ္ဍာစိုးကောင်းကဲ့သို့ ဆက်ကပ်ခြင်းပင်ဖြစ်သည်။

စွမ်းရည်နှင့်ပတ်သက်သော ခရစ်တော်၏ပုံပမာ၌ ငယ်သား၏စွမ်းရည်ကိုဖော်ပြထားပါသည်။ "သူ၌ရှိသောစွမ်းရည်အတိုင်း" (မဿဲ ၂၅း၁၅)၊ အစေခံငယ်သားနှစ်ဦးသည် မိမိတို့၏တာဝန်ကို နှစ်ဆကျေပွန်အောင်လုပ်ဆောင်နိုင်သည်။ တတိယတစ်ဦးမှာမူ မိမိ၏စွမ်းရည်ကို မြေထဲမြုပ်ထားလိုက်သည်။ ကျွန်ုပ်တို့မှာရှိနေသောစွမ်းရည်ကို ပိုမိုမြင့်မားအောင်လုပ်ကြရမည်။ မြေ၌မြုပ်ထားခြင်းသည် ဘာအကျိုးမျှမရှိပါ။ ငွေကိုစီမံထိန်းသိမ်းခြင်း၊ အကြွေးများကိုရှင်းလင်းအောင်ဆပ်ခြင်း၊ စည်းစနစ်ဖြင့်အသုံးပြုခြင်း၊ ဖြတ်သန်းလာရသောအတွေ့အကြုံကို လက်တွေ့ကျင့်သုံးခြင်းသည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာကို လေးစားရိုသေခြင်းပင်ဖြစ်သည်။ လိမ္မာတတ်ကျွမ်းအောင်မြင်သူတစ်ဦးဖြစ်ဖို့ရန် ကျွန်ုပ်တို့ထပ်ခါထပ်ခါလေ့ကျင့်နေထိုင်ပေးရမည်။

"သမ္မာကျမ်းစာထဲမှသင်ခန်းစာများသည် အသက်တာ၏လက်တွေ့ဘဝ၌ ကျင့်သုံးနေထိုင်ရသောအကျိုးကို ရရှိစေသည်နည်းတူ၊ ကျွန်ုပ်တို့၏စာရိတ္တကိုလည်း လွှမ်းမိုးထားနိုင်သည်။ တိမောသေသည် ထိုသင်ခန်းစာကို သင်ယူကျင့်သုံးခဲ့သည်။ သူ၌အထူးတတ်ကျွမ်းသည့်စွမ်းရည်မရှိပါ။ သို့သော် သူ၏လုပ်ဆောင်မှုသည် တန်ဖိုးကြီးလွန်းလှရခြင်းအကြောင်းမှာ ဘုရားသခင်ပေးသနားတော်မူသောစွမ်းရည်ကို ဘုရားအမှုတော်အတွက်အသုံးပြုခြင်းကြောင့်ဖြစ်သည်။ (Ellen G. White, The Acts of the Apostles, p. 205).

**ဆွေးနွေးရန် မေးခွန်းများ**

(၁) ချုပ်တည်းခြင်းသည် ခရစ်ယာန်တိုင်းအတွက် အလွန်အရေးပါသောအရာဖြစ်သည့်တိုင် အထူးသဖြင့် မိမိကိုယ်ကိုမထိန်းချုပ်နိုင်သောသူသည် ငွေကြေးအခက်အခဲနှင့် ဘဝပျက်ကြရမည်။ အန္တရာယ်ရောက်နေသူများကို အသင်းတော်မှမည်သို့ကူညီနိုင်မည်နည်း။



(၂) ရောမ ၁၃း၇၊၈ ကိုဖတ်ပါ။ နေ့စဉ်အသက်တာ၌ အခြားသူများနှင့်ဆက်ဆံပေါင်းသင်းသောအခါ ဤကျမ်းချက်က မည်သို့အထောက်အကူဖြစ်မည်နည်း။

(၃) အချို့သူများက အကြွေးကိုကြောက်ရန်မလိုဟု သဘောထားကြသည်။ အကြောင်းမှာ ခရစ်တော်မကြာမီပြန်လာတော့မည်ဖြစ်သောကြောင့်ဖြစ်သည်။ ထိုသဘောထားကို သင်မည်သို့တုံ့ပြန်လိုသနည်း။

–၀–

## သင်ခန်းစာ (၁၂)
# ဘဏ္ဍာစိုးတစ်ဦး၏အမှုအကျင့်
## မတ် ၁၇ – ၂၃

**ဥပုသ်နေ့မွန်းလွဲပိုင်း** **မတ် ၁၇**

**ဖတ်ရန်ကျမ်းချက်များ။** ဖေက် ၅း၁၅–၁၇။ ကောလောသဲ ၃း၂၃။ လုကာ ၁၂း၃၅–၄၈။ ယာကုပ် ၄း၁၄။ တမန်တော် ၃း၂၁။ ၁ကော ၉း၂၄–၂၇။

**အလွတ်ကျမ်းချက်**

**"လူပျိုသည် မိမိသွားသောလမ်းကို အဘယ်သို့သန့်ရှင်းစေနိုင်ပါမည်နည်းဟူမူကား၊ နှုတ်ကပတ်တော်အတိုင်း သတိပြုရမည်။ အကျွန်ုပ်သည် ကိုယ်တော်ကိုစိတ်နှလုံးအကြွင်းမဲ့ရှာပါ၏။ ပညတ်တော်လမ်းမှလွဲစေတော်မမူပါနှင့်။ ကိုယ်တော်ကိုမပြစ်မှားဘဲနေနိုင်မည်အကြောင်း ဗျာဒိတ်တော်ကိုနှလုံးထဲမှာသိုထားပါပြီ" (ဆာလံ ၁၁၉း၉–၁၁)။**

သင်၏အကျင့်သည် သင်၏ရည်ရွယ်ချက်ကိုဖော်ပြနေပါသည်။ အကျင့်ကောင်းကိုကျင့်သုံးသောဘဏ္ဍာစိုးတစ်ဦးသည် သစ္စာရှိမှုကို အထူးအလေးထားသူဖြစ်သည်။ ဒံယေလသည် နေ့စဉ်ဆုတောင်းခြင်းအမှု၌ အကျင့်ဖြစ်နေသည်။ (ဒံယေလ ၆း၁၀)။ ရှင်ပေါလု၏အကျင့်မှာ ဗိမာန်တော်ကိုသွားသောအကျင့်ဖြစ်သည်။ (တမန်တော် ၁၇း၁၊၂)။ သူရေးသားခဲ့သည်မှာ၊ "အလွဲမယူကြနှင့်။ မကောင်းသောသူတို့နှင့်ပေါင်းဖော်ခြင်းအားဖြင့် ကောင်းသောအကျင့်ဓလေ့ယိုယွင်းတတ်၏" (၁ကော ၁၅း၃၃)။ မကောင်းသောအကျင့်၏နေရာ၌ ကျွန်ုပ်တို့သည် ကောင်းသောအကျင့်ကိုသွင်းပေးရန်လိုပါသည်။



"ကျွန်ုပ်တို့၏အကျင့်သည် ယခုအချိန်အတွက်သော်လည်းကောင်း၊ ထာဝရအချိန်အတွက်သော်လည်းကောင်း ကျွန်ုပ်တို့၏ကြမ္မာကိုဖော်ပြပေးသည်။ ကောင်းသောအကျင့်နှင့်တာဝန်ကို မှန်သောသဘောထားဖြင့်ကျင့်သုံးနေထိုင်သူသည် တောက်ပသောအလင်းရောင်ကဲ့သို့ဖြစ်မည်။ အများသူလျှောက်လှမ်းနေသောလမ်းပေါ်သို့ အလင်းကိုဖြာဆင်းပေးနေနိုင်သည်။ (Ellen G. White, Testimonies for the Church, vol. 4. p. 452).

အကျင့်အားဖြင့်လျှောက်လှမ်းနေသောအသက်တာသည် ထိုအကျင့်အတိုင်း လျင်မြန်စွာအသီးအပွင့်ကိုရိတ်သိမ်းရမည်။ အကျင့်သည် ရလဒ်အတွက်ဆုံးဖြတ်ချက်ဖြစ်သည်။ တစ်နည်းဖြင့်ဆိုသော် ထိုအကျင့်အကြောင်းကိုပင် သင်စဉ်းစားနေမည်မဟုတ်။ အလိုအလျောက်သင်လုပ်ဆောင်နေပြီ။ ထိုအကျင့်သည် အလွန်ကောင်းသောရလဒ် သို့မဟုတ် အလွန်ဆိုးသောရလဒ်ကိုဖြစ်စေပါမည်။ သင်၏လုပ်ဆောင်မှုအပေါ်မှာမူတည်နေပါသည်။ ယခုအပတ်မှာ ဘုရားသခင်၏အမှုတော်အတွက် အင်အားပါသောအကျင့်အကြောင်းကို လေ့လာကြရပါမည်။

**တနင်္ဂနွေ** **မတ် ၁၈**

**အကျင့် = ထာဝရဘုရားကိုဦးစွာရှာပါ**

လူတိုင်းလူတိုင်း၌ အကျင့်ကိုယ်စီရှိကြသည်။ မေးခွန်းမှာ ထိုအကျင့်များသည် မည်သို့သောအကျင့်ဖြစ်သနည်း။ ကောင်းသလော၊ ဆိုးသလော။ ခရစ်ယာန်များအနေဖြင့် ကောင်းသောအကျင့်အားလုံးကို ပိုင်ဆိုင်ထားသင့်သည်။ ထာဝရဘုရားကိုဦးစွာရှာခြင်းသည်သာ အရာအားလုံးထက်အရေးကြီးနေပါသည်။

နံနက်တိုင်းသင်၏ဝိညာဉ်၊ ခန္ဓာ၊ စိတ်ကို ထာဝရဘုရားအားဆက်သပါ။ သင်၏အကျင့်ကို ထာဝရဘုရားအားဝတ်ပြုခြင်းနှင့် ကယ်တင်ရှင်ကိုကိုးစားခြင်းအပေါ် များပြားစေတော်မူပါ။ (Ellen G. White, Mind, Character, Personality, vol. 1. p. 15). ထိုသို့သောအကျင့်မျိုးရှိနေလျှင် "ကျဉ်းသော

လမ်း” ထဲဝင်နိုင်မည်ဖြစ်သည်။ ကျဉ်းသောလမ်းသည် အသက်လမ်းသို့ ပို့ဆောင်သည်။ (မဿဲ ၇း၁၄)။

ဘုရားရှင်က “ငါမှတစ်ပါး အခြားသောဘုရားကိုမကိုးကွယ်နှင့်။ (ထွက် ၂၀း၃)။ ကျွန်ုပ်တို့အခြေခံလိုအပ်ချက်အားလုံးကိုမရှာမီတွင် ယေရှုရှင်က “ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာရှာကြလော့” (မဿဲ ၆း၃၃)။ ၎င်းအပြင် ကျွန်ုပ်တို့ကိုပြောထားသည်မှာ “ငါ့ကိုရှာသောအခါ စိတ်နှလုံးအကြွင်းမဲ့နှင့်ရှာလျှင်တွေ့ကြလိမ့်မည်” (ယေရမိ ၂၉း၁၃)။

မဿဲ ၂၂း၃၇၊၃၈။ တမန်တော် ၁၇း၂၈။ ဖေက် ၅း၁၅–၁၇။ ကောလောသဲ ၃း၂၃ ကိုဖတ်ကြည့်ပါ။ ဘုရားသခင်ကို ကျွန်ုပ်တို့အသက်တာ၌ ဦးစားပေးရမည်အကြောင်း မည်သို့နားလည်သဘောပေါက်အောင် ကူညီရှင်းပြထားသနည်း။

---

---

ဘုရားသခင်ကိုဦးစွာရှာရမည့်သင်ခန်းစာမှာ ယေရှုရှင်ထံမှရသော သင်ခန်းစာထက် ကောင်းသောသင်ခန်းစာမရှိတော့ပါ။ ယေရှုသည် ခမည်းတော်ကိုရှေ့ဆုံး၌သာထားလေ့ရှိသည်။ ပသခါပွဲကျင်းပသောအခါ ကလေးဘဝပင်ရှိသေးသောယေရှုသည် ယေရုရှလင်သို့သွားရာ၌ မိခင်မှပြန်လည်ရှာတွေ့သောအချိန်တွင် မယ်တော်နှင့်အချေအတင်စကားပြောခဲ့သည်။ ဗိမာန်တော်၌ မယ်တော်ကိုပြန်၍ပြောသောစကားမှာ “အကျွန်ုပ်သည် အဘ၏အိမ်၌နေရသည်ကိုမသိပါသလော” (လုကာ ၂း၄၆၊၄၉)။

ယေရှု၏အသက်တာတစ်လျှောက်၌ ခမည်းတော်နှင့်သာဆက်သွယ်နေပါသည်။ ဆုတောင်းခြင်းဖြင့်အမြဲဆက်သွယ်ခဲ့သည်။ ထိုအကျင့်ကိုတပည့်တော်များပင် ပြည့်ဝစွာနားလည်နိုင်စွမ်းမရှိခဲ့ပါ။ စာတန်၏တန်ခိုးအားလုံးသည် ယေရှုကိုခမည်းတော်နှင့်မခွဲခွာစေနိုင်ပါ။ အကြောင်းမှာယေရှုသည် ခမည်းတော်နှင့်အဆက်အသွယ်ပြုခြင်းအကျင့်ကို ကောင်းစွာပြုလုပ်ထားသော



ကြောင့်ဖြစ်သည်။ ဘုရားသခင်ကိုကျွန်ုပ်တို့ ကိုယ်စွမ်း၊ စိတ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှနှင့်ချစ်ရန် ယေရှုရှင်က သွန်သင်ပေးထားပါသည်။ (မဿဲ ၂၂း၃၇)။ ဆုတောင်းခြင်းဖြင့်လည်းကောင်း၊ ကျမ်းစာလေ့လာခြင်းဖြင့်လည်းကောင်း၊ ခရစ်တော်၏စာရိတ္တကိုလေ့လာသင်ယူခြင်းဖြင့်လည်းကောင်း ဘုရားသခင်ကို ရှေ့ဆုံးမှထားရှိနိုင်သောအကျင့်ကို ရရှိလာလိမ့်မည်။ ခရစ်ယာန်တစ်ဦးအနေဖြင့် ထိုထက်ကောင်းသောအကျင့်ရှာဖွေတွေ့နိုင်ပါဦးမည်လား။

သင်ကိုယ်ကိုကိုယ်ပြန်၍မေးကြည့်ပါ။ ငါ၏အသက်တာမှာ ဘုရားသခင်ကိုဦးစားပေးပြီလား။ သင်မည်သို့သိရှိနေသနည်း။

---

---

**တနင်္လာ** **မတ် ၁၉**

**အကျင့် = ယေရှုကြွလာမည်ကိုစောင့်မျှော်ခြင်း**

လုကာ ၁၂း၃၅–၄၈ ကိုဖတ်ကြည့်ပါ။ ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းနှင့်ပတ်သက်သောအကြောင်းကို ပုံပမာအားဖြင့် မည်သို့ဆက်နွယ်မှုရှိသနည်း။ ကျွန်ုပ်တို့မည်သည့်အမှုကိုပြုသည်မဆို ခရစ်တော်ကြွလာခြင်းကိုသာ စိတ်စွဲလမ်းရန်လိုပါသနည်း။

---

---

ဘဏ္ဍာစိုးဆိုင်ရာအမှုအကျင့်သည် ခရစ်တော်ကြွလာရန်အတွက် မီးမောင်းထိုးပြပေးရန်တာဝန်ရှိသည်။ သစ္စာမရှိသောဘဏ္ဍာစိုး၏လုပ်ဆောင်ချက်နှင့်အမူအကျင့်သည် သူ၏သစ္စာမဲ့မှုကိုထင်ရှားစေပြီး၊ သစ္စာရှိသောဘဏ္ဍာစိုးများသည် မိမိတို့၏တာဝန်ကို သခင်ရှိနေသည့်အတိုင်း သတိဖြင့်စောင့်ကြပ်ကြည့်ရှုနေသည်။ အနာဂတ်အတွက် အသက်ရှင်နေထိုင်ပြီး နေ့စဉ်အလုပ်ကိုသစ္စာနှင့်လုပ်ဆောင်ကြသည်။ “ငါတို့ကျင့်သောအကျင့်မူကား၊

ကောင်းကင်ဘုံနှင့်စပ်ဆိုင်လျက်ရှိ၏။ ကယ်တင်တော်မူသောအရှင်သခင်ယေရှု ခရစ်သည် ကောင်းကင်ဘုံမှကြွလာတော်မူမည်ဟု ငါတို့သည် မျှော်လင့်လျက် နေကြ၏" (ဖိလိပ္ပိ ၃း၂၀)။

အာဗြဟံသည် ထာဝရမြို့တော်ကိုမျှော်လင့်ခဲ့သည်။ (ဟေဗြဲ ၁၁း၁၀)။ ရှင်ပေါလုသည် ခရစ်တော်ပြန်လာမည်ကိုမျှော်လင့်သည်။ (ဟေဗြဲ ၁၀း၂၅)။ သူတို့သည် လာမည့်အချိန်ကိုမျှော်လင့်ပြီး အစီအစဉ်ချအသက်ရှင် ခဲ့သောသူများဖြစ်ကြသည်။ ခရစ်တော်နှင့်တွေ့ဆုံရန် အဆင်သင့်ပြင်ဆင်သူ များဖြစ်သည်။ ဧဝံဂေလိတရားကိုဟောကြားရင်း ကျွန်ုပ်တို့သည် ထိုသို့သော မျှော်လင့်ချက်မျိုးကိုထားကြရမည်။ (တိတု ၂း၁၃)။ အနာဂတ္တိစကားများ မည်သည့်အချိန်၌ပြည့်စုံလာမည်ကို ထိုင်ပြီးလေ့လာနေမည့်အစား ကျွန်ုပ်တို့ ဆက်လက်မျှော်ကြည့်ရမည်၊ စောင့်စားနေရမည်၊ လုပ်ဆောင်နေရမည်။ ခရစ်တော်လာမည့်အချိန်ကို သတိနှင့်ယှဉ်၍အဆင်သင့်ရှိနေရကြမည်။ ထိုအချိန် တစ်ချိန်တည်းမှာပင် နောက်ဆုံးသောအချိန်၏ဘေးဥပဒ်များအကြောင်းကိုလည်း သတိပြုရပါမည်။ ဒုတိယအကြိမ်ကြွလာခြင်း၏ကတိတော်သည် ကျွန်ုပ်တို့ အားလုံးအဆင်သင့်ပြင်ဆင်ရန်နှင့် အသက်တာ၏အရေးကြီးသောအရာကို သတိပေးနေပါသည်။ ခရစ်တော်ကြွလာခြင်းအတွက် မျှော်လင့်နေသောနေထိုင် မှုအကျင့်သည် ယေရှုရှင်မှလိုချင်သောဘဏ္ဍာစိုး၏စစ်မှန်သည့် ရည်ရွယ်ချက် ဖြစ်သည်။

ကပ်တိုင်တော်သည် ရွေးနှုတ်ရှင်၏ပေးဆပ်ခြင်းကို ဖော်ပြပေးသည်။ နှုတ်ကပတ်တော်မှဖော်ပြထားသော ခရစ်တော်ပြန်ကြွလာမည့် ဘုန်းတော်နှင့် ပြည့်ဝသောခမည်းတော်နှင့် ကောင်းကင်တမန်များခြံရံလျက် ကြွလာမည့် မြင်ကွင်းကို မျှော်လင့်နေကြသည်။ (မာကု ၈း၃၈)။ "အကြောင်းမူကား၊ မျက်မှောက်၌ထင်ရှားသောအရာတို့သည် ခဏသာတည်၍၊ မထင်ရှားသော အရာတို့သည် အစဉ်အမြဲတည်ကြောင်းကို" (၂ကော ၄း၁၈) ၌ဖော်ပြထား ပါသည်။



မှန်ပါသည်၊ သေခြင်းနှင့်သေခြင်းတရားနှင့်ပတ်သက်သောအရာ များသည် ကျွန်ုပ်တို့အသက်တာမတည်မြဲကြောင်းကို ဖော်ပြထားပါသည်။ ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းက ထိုသေခြင်းတရားကိုပင် မမြဲနိုင်သော အရာဟု ပြန်ပြီးသက်သေခံ၏။ ကျွန်ုပ်တို့အံ့ဩစရာမရှိပါ။ ခရစ်တော်ပြန် ကြွလာသောအခါ ကျွန်ုပ်တို့သည် ကတိတော်၏အလင်းတန်းအောက်၌ အသက်ရှင်ကြရမည်။ ခရစ်တော်ကြွလာမည့်အချိန်ကိုမျှော်လင့်ရင်း ထိုသို့ ထာဝရနေထိုင်နိုင်မည့်အကျင့်ကို စတင်ကျင့်ဆောင်ကြစို့။ ကျွန်ုပ်တို့၏နာမည် များသည် ထိုမျှော်လင့်ခြင်းပြည့်ဝသောနေ့အတွက် ရေးမှတ်ထားပြီးဖြစ်သည်။

**အင်္ဂါ** **မတ် ၂၀**

**အကျင့် = အချိန်ကိုပါးနပ်စွာသုံးခြင်း**

"ငါတို့သည် မနေ့၏သားဖြစ်၍ အလျှင်းမသိရပါ။ မြေကြီးပေါ်မှာ ငါတို့နေရသောနေ့ရက်ကာလသည် အရိပ်သက်သက်ဖြစ်၏" (ယောဘ ၈း၉)။

နာရီတစ်လုံးကိုရပ်တန့်စေနိုင်ပါသည်။ သို့သော် အချိန်ကိုမရပ်တန့် စေနိုင်ပါ။ အချိန်သည်လူကိုမစောင့်ပါ။ ကျွန်ုပ်တို့ဘာမျှမလုပ်ဘဲမတ်တတ်ရပ် နေသည့်တိုင်အောင် အချိန်သည်ရွေ့လျားနေပါသည်။

အောက်ပါကျမ်းချက်များက ကျွန်ုပ်တို့၏လောကအသက်တာ အကြောင်း မည်သို့သင်ကြားပေးထားသနည်း။ (ယာကုပ် ၄း၁၄။ ဆာလံ ၉၀း၁၀၊၁၂။ ဆာလံ ၃၉း၄၊၅။ ဒေသနာ ၃း၆–၈)။ အခြေခံကျသောသတင်း စကားကို ဤကျမ်းချက်များမှလေ့လာပြီး တန်ဖိုးကြီးသောယခုအချိန်ကို ကျွန်ုပ်တို့မည်သို့အသုံးပြုရမည်နည်း။

---

---

အတိုင်းအတာအကန့်အသတ်နှင့် ပြန်လည်ရယူ၍မရနိုင်သောအချိန် ကို ခရစ်ယာန်ဘဏ္ဍာစိုးကောင်းတစ်ဦးအနေဖြင့် မည်သို့အသုံးပြုနိုင်မည်နည်း။

ယခုဘဝ၊ နောင်ဘဝအတွက် အရေးကြီးသောအချိန်ကိုအသုံးပြုရာမှာ ပညာရှိရှိအသုံးပြုနေထိုင်သွားတတ်သောအကျင့်ကို ကျွန်ုပ်တို့အားလုံးလေ့ကျင့်ကြရမည်။ သမ္မာကျမ်းစာ၏သွန်သင်ချက်အတိုင်း အချိန်ကိုစီမံအသုံးပြုရမည်။ အချိန်သည် ကုန်သွားသည်နှင့် နောက်တစ်ဖန်ပြန်မရရှိနိုင်တော့ပါ။ ငွေကိုဆုံးရှုံးခဲ့သော်လည်း ငွေကိုပြန်ရှာ၍ရနိုင်သည်။ ဆုံးရှုံးသွားသောငွေထက်ပမာဏများသောငွေကိုပင် ပြန်ရှာ၍ရနိုင်သည်။ သို့သော် အချိန်၌ထိုသို့သောအခွင့်အရေးမရှိပါ။ ယခုကုန်သွားနေသောအချိန်သည် ထာဝရဆုံးရှုံးသွားလိမ့်မည်။ ဆုံးရှုံးသွားသောအချိန်ကို ပြန်လည်ဖမ်းယူခြင်းသည် ကျကွဲသွားသောကြက်ဥတစ်လုံး၏အကာအနှစ်ကို မိမိ၏အခွံထဲပြန်ထည့်ရသည်ထက်ခက်ပါသည်။ ထို့ကြောင့်အချိန်သည် ဘုရားသခင်ပေးထားသောအရာမှ တန်ဖိုးမဖြတ်နိုင်သောအရာဖြစ်သည်။ အလွန်အရေးကြီးပါသည်။ ကျွန်ုပ်တို့ကိုပေးထားသောအချိန်တိုင်းကို အကျိုးရှိစွာအသုံးပြုရန်ဖြစ်သည်။

အချိန်၏တန်ဖိုးသည် တွက်ချက်နိုင်သည့်ပမာဏထက် သာလွန်ပါသည်။ ခရစ်တော်သည် အချိန်တိုင်း၊ စက္ကန့်တိုင်းကို အလွန်တန်ဖိုးထားသည်။ ကျွန်ုပ်တို့အထူးလေးစားရမည်။ အသက်တာအချိန်သည် အလွန်တိုတောင်းလှပါသည်။ ထာဝရနိုင်ငံတော်အတွက်ပြင်ဆင်ရန် ကရုဏာတော်တံခါးပိတ်ချိန်ရောက်လုနီးပြီ။ ကိုယ်အလိုသာယာဖို့ရန် အချိန်ဖြုန်းနေ၍မရတော့ပါ။ အပြစ်၌နှစ်မွန်းနေရချိန်လည်းမရှိတော့ပါ။ (Ellen G. White, COL, p. 342).

"ထို့ကြောင့် ပညာမဲ့ကဲ့သို့မဟုတ်၊ ပညာရှိကဲ့သို့ စေ့စေ့မြေ့မြေ့ကျင့်ဆောင်မည်အကြောင်း သတိပြုကြလော့။ ယခုနေ့ရက်ကာလတို့သည် ဆိုးယုတ်သောကြောင့် ကာလအချိန်ကိုရွေးနုတ်ကြလော့။ (ဧဖက် ၅း၁၅–၁၆)။ ရှင်ပေါလုမှဘာပြောခဲ့သနည်း။ ထိုစကားများအတိုင်း ကျွန်ုပ်တို့လက်ရှိအချိန်ကို မည်သို့အသက်ရှင်နေထိုင်နိုင်မည်နည်း။



**ဗုဒ္ဓဟူး** **မတ် ၂၁**

**အကျင့် = စိတ်၊ ခန္ဓာ၊ ဝိညာဉ်ကိုကျန်းမာစေပါ**

ကျွန်ုပ်တို့ကိုဘုရားသခင်ဖန်ဆင်းစဉ်အခါ၌ ဉာဏ၊ ကာယနှင့်ဝိဉာဏသုံးပါးပြည့်စုံခဲ့ကြသည်။ အပြစ်က ထိုအရာအားလုံးကိုဖျက်ဆီးပစ်ခဲ့သည်။ ကျွန်ုပ်တို့အတွက်သတင်းကောင်းမှာ ဘုရားသခင်မှ မူလနဂိုအတိုင်း ပြန်လည်ပြုပြင်ဖန်ဆင်းပေးမည်ဟု ကတိတော်ရှိနေသည်။

တမန်တော် ၃း၂၁ ကိုဖတ်ကြည့်ပါ။ ဗျာဒိတ်ကျမ်း ၂၁း၁–၅ အထိကိုလည်းဖတ်ကြည့်ပါ။ မည်သို့သောမျှော်လင့်ချက်မျိုး ကျွန်ုပ်တို့၌ရှိနေသနည်း။ နဂိုမူလအတိုင်းပြန်ဖြစ်နိုင်အောင် ကျွန်ုပ်တို့မည်သို့စောင့်နေရင်းအသက်ရှင်ရမည်နည်း။

ခရစ်တော်ယေရှုရှင် မမောတမ်းမပန်းတမ်း ကျွန်ုပ်တို့၏ဝိဉာဏ၊ ဉာဏနှင့်ကာယအတွက် လုပ်ဆောင်ပေးတော်မူခဲ့သည်။ နောက်ဆုံးသောအချိန်၌ လူသားများနဂိုမူလဖန်ဆင်းခြင်းခံရသည်အတိုင်း ပြန်လည်ဖန်ဆင်းပေးလိမ့်မည်။ ယေရှုရှင်၏လူနာများကို ရောဂါပျောက်ကင်းစေသောအမှုတော်လုပ်ငန်းမှာ လူသားများအားလုံးကျန်းမာစေဖို့ရန်အလိုတော်ရှိကြောင်း သက်သေပြထားပါသည်။ ထို့ကြောင့် ဘဏ္ဍာစိုး၏တာဝန်သည် စိတ်၊ ဝိညာဉ်၊ ခန္ဓာကို ကျန်းမာသန်စွမ်းအောင်နေထိုင်တတ်သောအကျင့်ကို လေ့ကျင့်ပေးရန်ဖြစ်သည်။

ပထမဦးဆုံး ဦးနှောက်ကိုအသုံးပြုလေ ပညာတိုးပွားခွန်အားကြီးလေဖြစ်မည်။ သင်၏အတွေးစိတ်ဦးနှောက်ဉာဏ်ကို လေ့ကျင့်ပေးရာမှာ "သမ္မာတရားနှင့်ဆိုင်သောအကျင့်၊ လျောက်ပတ်သောအကျင့်၊ ဖြောင့်မတ်သောအကျင့်၊ စင်ကြယ်သောအကျင့်၊ သူတစ်ပါးနှစ်သက်ဖွယ်သောအကျင့်၊ ချီးမွမ်းဖွယ်သောအကျင့်" (ဖိလိပ္ပိ ၄း၈)။ ငြိမ်ဝပ်ခြင်းကိုသယ်ဆောင်လာသောအတွေး

(ဟေရှာယ ၂၆း၃)။ ကျန်းမာသောနှလုံးသည် ကိုယ်အသက်ရှင်စေသော အကြောင်း (သုတ္တံ ၁၄း၃၀)၊ ကျန်းမာသောအကျင့်ရှိသည့်စိတ်သည် အရာရာကိုကောင်းအောင်ပြုပြင်နိုင်စွမ်းရှိသည်။

ဒုတိယအနေဖြင့် ကျန်းမာစေသောအကျင့်စရိုက်၊ ဥပမာ– လေ့ကျင့်ခန်း၊ မျှတသောအစာများသည် ကျွန်ုပ်တို့မိမိကိုယ်ကိုဂရုစိုက်ကြောင်းကိုပြသနေသည်။ လေ့ကျင့်ခန်း၌ ဥပမာ၊ စိတ်ဓာတ်ဖိစီးခြင်းနှင့် သွေးတိုးရောဂါကိုလည်းကောင်း၊ အာရုံစွမ်းအားကိုလည်းကောင်း၊ အသက်ကိုရှည်စေခြင်း၊ အရွယ်အိုမြန်ခြင်းကိုကာကွယ်ခြင်းနှင့် အခြားကောင်းသောအကျိုးများစွာရှိသည်။

တတိယတစ်ခုမှာ ဘဏ္ဍာစိုးတစ်ဦးသည် ကောင်းသောအကျင့်ကို မြင့်တင်လေ့ကျင့်နိုင်ခြင်းဖြင့် ဝိညာဉ်စိတ်တန်ခိုးကိုလည်း သန်မာကာအင်အားဖြစ်စေသည်။ သင်၏ဝိညာဉ်ကို ထာဝရဘုရားထံပူဇော်ပါ (ဆာလံ ၈၆း၄၊၅)၊ စောင့်မျှော်ပါ (ဆာလံ ၆၂း၅)၊ သင့်ဝိညာဉ်သည် ကြွယ်ဝလိမ့်မည်။ "သမ္မာတရား၌ကျင်လည်သည်" (၃ယော ၃)။ ငါတို့သခင်ယေရှုခရစ်ကြွလာတော်မူသောအခါ သင်တို့၏ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်အပေါင်းကို အပြစ်တင်ခွင့်နှင့်ကင်းလွတ်စေခြင်းငှာ စောင့်မတော်မူပါစေသော။ (၁သက် ၅း၂၃)။

သင်၌ရှိသောအကျင့်ကို သတိပြုပါ။ သင်၏ဝိညာဉ်ရေး၊ ကိုယ်ကာယနှင့်အတွေးစိတ်များကို ကျန်းမာစေပါရဲ့လား။ သင်ပြုပြင်ရန်အကြောင်းများရှိပါသလား။ မည်သည့်ရွေးချယ်မှုမျိုးနှင့် မည်သည့်ကျမ်းချက်၏ကတိတော်များသည် သင့်ကိုအကူအညီပေးမည်ဟု အာမခံထားသနည်း။ နောက်ဆုံးပြန်လည်ဖန်ဆင်းခြင်းအချိန်အတွက် သင်မည်သို့စောင့်မျှော်နေမည်နည်း။

**ကြာသပတေး** **မတ် ၂၂**

**အကျင့် = ကိုယ်ပိုင်စည်းစနစ်**

ကိုယ်ပိုင်စည်းစနစ်ထားခြင်းသည် စာရိတ္တအတွက်နှင့်ဘဏ္ဍာစိုးများအထူးလိုအပ်သောအရာဖြစ်သည်။ "အကြောင်းမူကား၊ ဘုရားသခင်သည်



ကြောက်တတ်သောစိတ်သဘောကို ငါတို့အားပေးတော်မူသည်မဟုတ်။ တန်ခိုးပါသောစိတ်၊ ချစ်တတ်သောစိတ်၊ ရှင်းလင်းသောစိတ်သဘောကိုပေးတော်မူ၏" (၂တိ ၁း၇)။ ဂရိဝေါဟာရမှ "ကိုယ့်စည်းစနစ်" ဟုဘာသာပြန်ထားသည့် မူလစာလုံးမှာ "ဆော်ဖရွန်နီစမော့စ်" (Sophronismos) ဖြစ်သည်။ ယခုကျမ်းချက်မှာသာတွေ့ရပြီး၊ မျှတသောစိတ်သဘော၊ ဘုရား၏ပညတ်ချက်စည်းမျဉ်းကိုမဆန့်ကျင်သောဟု အဓိပ္ပါယ်ထပ်၍ပြန်ဆိုနိုင်သေးသည်။ "ကိုယ့်စည်းစနစ်" ရှိခြင်းသည် "အကောင်းနှင့်အဆိုးကိုခွဲခြားနိုင်သည်" (ဟေဗြဲ ၅း၁၄)။ လက်ရှိအခြေအနေကို နားလည်နိုင်စွမ်းရှိသည်။ ပြင်ပမှဝင်ရောက်လာသော မလိုလားအပ်သည့်ကိစ္စများရှိလျှင် ငြိမ်သက်တည်ကြည်စွာဖြေရှင်းနိုင်စွမ်းလည်းရှိသည်။ ဒံယေလသည် အမှန်တရားအတွက် ခြင်္သေ့ကိုရမစိုက်ပါ။ ရှန်ဆုံသည်လည်း ဆန့်ကျင်လာသမျှချေမှုန်းပစ်သည်။ အသက်တာနှင့်လိုက်ဖက်သောစိတ်ဖြင့်နေထိုင်တတ်သူနှင့် ချုပ်တည်းဟန့်တားသောအရာကိုအေးအေးဆေးဆေးပင်ဖြေရှင်းနိုင်သည်။ ယောသသည် ပေါတိဖာ၏အိမ်၌အမှန်ကိုလုပ်ဆောင်ရွေးချယ်သည်။ ရှောလမုန်မင်းကြီးနှင့်နှိုင်းယှဉ်ပါ။ သူသည်အခြားတစ်ပါးသောဘုရားများနောက်သို့လိုက်ခဲ့သည်။ (၃ရာ ၁၁း၄၊၅)။

၁ကော ၉း၂၄–၂၇ ကိုဖတ်ကြည့်ပါ။ ကိုယ်ပိုင်စည်းစနစ်အကြောင်းနှင့်ပတ်သက်၍ ရှင်ပေါလုဘာပြောထားသနည်း။ ဘာကိုဆိုလိုသနည်း။

လောကကြီးသည် စိတ်အလိုလိုက်ခြင်းသဘောကို အလွန်အားပေးနေသည်။ အမှားအယွင်းနှင့်ကြောက်ရွံ့စိတ်များ အလွန်များပြားနေသည်။ ဝိညာဉ်များကိုဖျက်ဆီးဖို့ရန် စာတန်၏ထောင်ချောက်များ၊ များသည်ထက်များလာသည်။ ဘုရားသခင်၏ရှေ့တော်၌ သန့်ရှင်းခြင်းရှိလိုသူများသည် ချုပ်တည်းခြင်းနှင့်ကိုယ်ကိုကိုယ်ထိန်းချုပ်ခြင်းကို လေ့ကျင့်ရမည်။ လျှာအရသာခံခြင်းသည် စိတ်အသိဉာဏ်ကိုထိခိုက်သည်။ ကိုယ်ကိုကိုယ်စည်းစနစ်ထား

ရှိခြင်းသည် ဉာဏ်ပညာနှင့်ဝိညာဉ်ရေးခွန်အားအတွက် မရှိမဖြစ်လိုအပ်သော အရာဖြစ်သည်။ ကိုယ်ကိုကိုယ်စည်းစနစ်ထားရှိခြင်းကြောင့် ဘုရားသခင်၏ နှုတ်ကပတ်တော်သမ္မာတရားကို နားလည်စေနိုင်သည်။" (Ellen G. White, DA, p. 101).

ကိုယ်ပိုင်စည်းစနစ်ထားရှိခြင်း၏စွမ်းရည်ကို လေ့ကျင့်ပေးခြင်းဖြင့် မြင့်တင်ပေးနိုင်သည်။ ဘုရားသခင်က သင်တို့ကိုခေါ်တော်မူသောသူသည် သန့်ရှင်းတော်မူသည်နည်းတူ၊ သင်ကျင့်ကြံပြုမူသမျှတို့၌ သန့်ရှင်းခြင်းရှိကြလော့။ (၁ပေ ၁း၁၅)။ ဘုရားဝတ်၌မွေ့လျော်ခြင်းအားဖြင့် ကိုယ်ကိုကိုယ် ဆုံးမလော့။ (၁တိ ၄း၇)။ ဘဏ္ဍာစိုးတို့မည်သည် မိမိကိုယ်ကိုစည်းစနစ် ထားခြင်းဖြင့်လေ့ကျင့်ပြီး အကောင်းဆုံးအားကစားသမား၊ အကောင်းဆုံးဂီတ ပညာရှင်ကဲ့သို့ ခြိုးခြံနေထိုင်ရမည်။ ဘုရားသခင်၏တန်ခိုးအားဖြင့် ကျွန်ုပ် တို့အားကိုစိုက်ပြီး၊ စည်းကမ်းကျကျနေထိုင်ကြရမည်။

ဘုရားရှင်၏တန်ခိုးတော်လက်တော်သို့ ကျွန်ုပ်တို့မည်သို့အပ်နှံကြ မည်နည်း။ ကိုယ်တော်ရှင်တစ်ပါးတည်းသာလျှင် ကျွန်ုပ်ကိုစနစ်ကျသော ကိုယ်ပိုင်စည်းစနစ်ကိုပေးနိုင်ပါသည်။ ကျဆုံးနေသောလောကကမ္ဘာမှာနေထိုင် စဉ်ခါ သစ္စာရှိ၍ ဘုရားကိုရိုသေသောဘဏ္ဍာစိုးအဖြစ် အသက်ရှင်နေထိုင်နိုင် ရန် မည်သို့လုပ်ရမည်နည်း။

**သောကြာ** **မတ် ၂၃**

**ထပ်ဆင့်လေ့လာရန်။**

ဧနောက်နှင့်နောဧတို့၏အသက်တာမှာ ဘုရားသခင်နှင့်လျှောက်လှမ်း ၍ လူအားလုံးနီးပါး လောကတပ်မက်ခြင်းထဲရောက်နေချိန်၌ ရပ်တည်နေ နိုင်သောသူများဖြစ်သည်။ (ကမ္ဘာဦး ၅း၂၄။ ၆း၉)။ ဘုရားသခင်၏ကရုဏာ တော်ကို နားလည်လက်ခံထားသူများလည်းဖြစ်ကြသည်။ ထို့ကြောင့် ဥစ္စာ





ပစ္စည်းနှင့်ပိုင်ဆိုင်မှုများအားလုံးကို ဘုရားသခင်အပ်နှင်းပြီး ဘဏ္ဍာစိုးကောင်း အဖြစ် သတ်မှတ်ခဲ့သည်။

ခေတ်အဆက်ဆက်၌ ဧနောက်နှင့်နောဧတို့ကဲ့သို့ ဘုရားနှင့် လျှောက်လှမ်းခဲ့သူများရှိပါသည်။ ဒံယေလနှင့်အဖော်များ "မှန်ကန်သောဘာသာ တရားအတွက် ကိုယ်စားပြုမားမားမတ်မတ်ရပ်တည်ခဲ့သည်။ ကျွန်ုပ်တို့ခရစ်ယာန် များသည်လည်း မှန်ကန်သောစာရိတ္တမဏ္ဍိုင်ကို ဆွဲကိုင်ထားရမည်။ ဘုရားသခင် သည် သွန်သင်လမ်းပြသူဖြစ်သည်။ ဆုတောင်းခြင်း၊ ကျမ်းစာလေ့လာခြင်း၊ မျက်မြင်မရသောဘုရားနှင့်ဆက်သွယ်ခြင်းဖြင့် ဘုရားသခင်နှင့်အတူလျှောက် လှမ်းကြရမည်။ ဧနောက်ကဲ့သို့လျှောက်လှမ်းရမည်။" (Ellen G. White, PK, p. 486).

"ဘုရားရှင်နှင့်အတူလမ်းလျှောက်ခြင်းသည် ဘဏ္ဍာစိုးများလုပ်ဆောင် ရမည့်တာဝန်ဖြစ်သည်။ မြေကြီးပေါ်၌ နေ့စဉ်ဘုရားရှင်နှင့်အတူနေထိုင်သည်။ ပညာရှိသောဘဏ္ဍာစိုးတို့သည် ဘုရားသခင်နှင့်အတူလျှောက်လှမ်းခြင်းအကျင့် ကို သင်ယူလိမ့်မည်။ ဘုရားသခင်နှင့်ဆက်သွယ်နေမှသာလျှင် နတ်ဆိုး စာတန်၏ထောင်ချောက်အတွင်းမကျရောက်နိုင်ရန် ကာကွယ်ပေးလိမ့်မည်။

ဘဏ္ဍာစိုးတစ်ဦးကဲ့သို့ သစ္စာစောင့်သိခြင်းသည် ဘုရားသခင်နှင့်အတူ ရှိနေခြင်းကို သဘောတူညီနေခြင်းပင်ဖြစ်သည်။ (အာမုတ် ၃း၃)။ ခရစ်တော် နှင့်အတူလျှောက်လှမ်းရမည် (ကောလောသဲ ၂း၆)၊ အသစ်သောအသက်တာ ဖြင့်လျှောက်လှမ်းရမည် (ရောမ ၆း၄)၊ မေတ္တာစိတ်နှင့်ရှေ့ဆက်လှမ်းပါ (ဧဖက် ၅း၂)၊ ပညာသတိနှင့်လျှောက်လှမ်းပါ (ကောလောသဲ ၄း၅)၊ သမ္မာ တရား၌လျှောက်လှမ်းပါ (ဆာလံ ၈၆း၁၁)၊ အလင်း၌လျှောက်လှမ်းပါ (၁ယော ၁း၇)၊ ဂုဏ်သိက္ခာနှင့်လျှောက်လှမ်းပါ (သုတ္တံ ၁၉း၁)၊ ပညတ်တော်အတိုင်း လိုက်လျှောက်ပါ (ထွက် ၁၆း၄)၊ ကောင်းသောအကျင့်နှင့်လျှောက်လှမ်းပါ (ဧဖက် ၂း၁၀)၊ ဖြောင့်တန်းစွာလျှောက်လှမ်းပါ (သုတ္တံ ၄း၂၆)။

### ဆွေးနွေးရန် မေးခွန်းများ

(၁) နှိမ့်ချခြင်းသဘောနှင့် ဘဏ္ဍာစိုး၏အခန်းကဏ္ဍကို နှိုင်းယှဉ်ဆွေးနွေးပါ။ (မဿဲ ၁၁း၂၉။ ဖေက် ၄း၂။ ဖိလိပ္ပိ ၂း၃။ ယာကုပ် ၄း၁၀။ ဘုရားသခင်နှင့်လျှောက်လှမ်းစဉ် နှိမ့်ချခြင်းသည် ဘာကြောင့်အလွန်အရေးကြီးသနည်း။ (မိက္ခာ ၆း၈)။

(၂) မိမိကိုယ်ကို ပျက်စီးခြင်းထောင်ချောက်ထဲရောက်သွားစေသော မကောင်းသည့်အကျင့်ဆိုးရရှိနေသူကို မည်သို့ကူညီနိုင်မည်ကိုဆွေးနွေးကြပါ။ နယ်အသင်းတော်တစ်ပါးအနေဖြင့် ထိုသူများကိုမည်သို့ကူညီနိုင်မည်နည်း။

(၃) ခရစ်ယာန်ဘဏ္ဍာစိုးများရှိအပ်သော အကျင့်ကောင်းလေးများကိုဖော်ပြပါ။ (တိတု ၂း၇။ ဆာလံ ၁၁၉း၁၇၂။ မဿဲ ၅း၈။)

(၄) အတန်း၌အချိန်အကြောင်း၊ နက်နဲသောလျှို့ဝှက်သောအချိန်အကြောင်းကိုဆွေးနွေးပါ။ အချိန်သည် ဘာကြောင့်လျင်မြန်စွာဖြတ်သန်းသွားသနည်း။ အချိန်နှင့်ပတ်သက်ပြီး ကျွန်ုပ်တို့မည်သို့နားလည်ထားသနည်း။ အချိန်သည် ဘာကြောင့်အရေးအကြီးဆုံးဖြစ်သနည်း။ ကမ္ဘာပေါ်၌အချိန်တစ်ခဏသာနေထိုင်ရသောအခွင့်ရှိသောကြောင့် ကောင်းသောဘဏ္ဍာစိုးအဖြစ်မည်သို့နေထိုင်ရန်လိုအပ်ပါသနည်း။

–၀–



## သင်ခန်းစာ (၁၃)
## ဘဏ္ဍာစိုးဆိုင်ရာရလဒ်များ
## မတ် ၂၄ – ၃၀

**ဥပုသ်နေ့မွန်းလွဲပိုင်း** **မတ် ၂၄**

**ဖတ်ရန်ကျမ်းချက်များ။** ၂တိ ၃း၁–၉။ ယေဇကျေလ ၁၄း၁၄။ ဖိလိပ္ပိ ၄း၄–၁၃။ သုတ္တံ ၃း၅။ ၁ပေ ၂း၁၁၊၁၂။ မဿဲ ၇း၂၃။ ၂၅း၂၁။

**အလွတ်ကျမ်းချက်**

**"သာသနာပလူတို့သည် သင်တို့ကိုကဲ့ရဲ့ပြစ်တင်ကြသည်အမှုမှာ၊ ဘုရားသခင်ကြည့်ရှုစီရင်တော်မူသောနေ့ရက်၌ သင်တို့၏ကောင်းသောအကျင့်ကို သူတို့သည်ထောက်ရှု၍၊ ဘုရားသခင်ကိုချီးမွမ်းကြမည်အကြောင်း၊ သူတို့ရှေ့၌တင့်တယ်လျောက်ပတ်စွာကျင့်နေကြလော့" (၁ပေ ၂း၁၂)။**

ဘဏ္ဍာစိုးများကဲ့သို့ ကျွန်ုပ်တို့ကိုးကွယ်နေသောဘုရားအကြောင်းကိုသက်သေခံရမည်။ ကျွန်ုပ်တို့ဘေးပတ်ဝန်းကျင်မှ ကောင်းသောအကျင့်ကိုမြင်စေရန် ကျွန်ုပ်တို့၌တာဝန်ရှိသည်။

ကျွန်ုပ်တို့သည် ကမ္ဘာကြီးနှင့်သီးခြားနေထိုင်၍မရပါ။ ကျွန်ုပ်တို့သည် ပိုမိုကောင်းမွန်သောအသက်တာနှင့် အသက်ရှင်နေထိုင်ကာ ကျွန်ုပ်တို့အားပေးထားသောအရာများကို မသိနားမလည်သူများအား ပြသထွန်းလင်းပေးရမည်။ ဘဏ္ဍာစိုးခြင်းအမှုသည် ဘုရားရှင်မှခေါ်တော်မူပြီး ဘုရားကိုကြောက်ရွံ့တတ်သောသဘောမျိုးဖြင့် အသက်တာ၌စီမံနေထိုင်တတ်ရမည်။ ဘုရားသခင်သည် ကမ္ဘာပေါ်၌နေထိုင်ကြသော အခြားသူများနှင့်မတူအောင် ကျွန်ုပ်တို့အားအသက်တာပုံစံကိုပေးထား၏။ (၂ကော ၆း၁၇)။ အခြားသူများမြင်တွေ့

သတိထားမိပြီး မေးလာသည်အထိဖြစ်လာရမည်။ "စိတ်နှလုံးထဲ၌ ထာဝရအရှင်ဘုရားသခင်ကို ရိုသေခြင်းရှိကြလော့။ သင်တို့မျှော်လင့်ခြင်း၏အကြောင်းကို မေးမြန်းသူရှိသမျှတို့အား နူးညံ့သောသဘော၊ ကြောက်ရွံ့သောသဘောနှင့် ပြန်ပြောခြင်းငှာ၊ ကာလအစဉ်မပြတ်အသင့်ရှိနေကြလော့" (၁ပေ ၃း၁၅)။

နောက်ဆုံးသင်ခန်းစာအဖြစ် ကိုယ်စီအကျိုး၊ ပြင်ပန်းဝိညာဉ်ရေး၊ အောင်မြင်သောရလဒ်၊ ကျွန်ုပ်တို့ဩဇာလွှမ်းမိုးမှု၊ ဘဏ္ဍာစိုးများ၏အသက်တာ၌ တင်းတိမ်ရောင့်ရဲခြင်း၊ "ထိုစည်းစိမ်ကား ဘုန်းအသရေကိုမျှော်လင့်ခြင်း အကြောင်းတည်းဟူသော သင်တို့အထဲ၌တည်တော်မူသော ခရစ်တော်ပေတည်း" (ကောလောသဲ ၁း၂၇)။

**တနင်္ဂနွေ** **မတ် ၂၅**

## ဘဏ္ဍာစိုးခြင်းနှင့်ဘုရားဝတ်၌မွေ့လျော်ခြင်း

ဘုရားတရား၌မွေ့လျော်ခြင်းသည် ကျယ်ပြန့်သောခေါင်းစဉ်ဖြစ်သည်။ ဘုရားတရားနှင့်နေသောလူများသည် သန့်ရှင်းသောအသက်တာနှင့် နေထိုင်ကြသည်။ (တိတု ၁း၁)။ စိတ်နေသဘောထားနှင့်ဘုရားတရားဝတ်ပြုဆက်ကပ်ခြင်းသည် ခရစ်တော်နှင့်တူလာသည်။ (ဆာလံ ၄း၃။ တိတု ၂း၁၂)။ ဘုရားတရား၌မွေ့လျော်ခြင်းသည် ဘာသာတရားကိုအလေးထားပြီး ထာဝရအသက်အတွက်ကတိတော်ကို ရရှိထားသူဖြစ်သည်။ အတွေးအခေါ်ပိုင်းမပါ။ ကြွယ်ဝချမ်းသာမှုမပါ၊ ကျော်ကြားမှုမပါ၊ အာဏာတန်ခိုးမပါ။ သို့မဟုတ် မွေးဖွားလာသောမျိုးရိုးကြောင့် မျက်နှာသာပေးခြင်းမျိုးမဟုတ်ပါ။

၂တိ ၃း၁–၉ ကိုဖတ်ကြည့်ပါ။ သစ္စာရှိသောဘဏ္ဍာစိုးအကြောင်းကို ရှင်ပေါလုက တိုက်ရိုက်မည်သို့သတိပေးထားသနည်း။



ယောဘဝတ္ထုသည် ယောဘ၏စာရိတ္တနှင့်သူ၏လုပ်ဆောင်ချက်အကြောင်းကို ဖော်ပြထားသည်။ ဘုရားကိုကိုင်းရှိုင်းသောအသက်တာသည် မည်သို့ပေါ်လွင်နေကြောင်း ဒုက္ခဆင်းရဲခံရသည်တိုင် မည်သို့ခံနိုင်ရည်ရှိကြောင်းကို ပုံပြထားသည်။ ထို့အပြင် စာတန်မှဘုရားကိုယုံကြည်သောသူများအား မည်မျှမုန်းကြောင်းကို သူတို့၏နေထိုင်မှုအသက်တာပုံစံကိုမကြိုက်ကြောင်း ဖော်ပြထားသည်။ ဘုရားသခင်ကိုယ်တော်တိုင်မှ ယောဘကဲ့သို့သောသူ ယုံကြည်ခြင်းခိုင်မြဲပြီး အသက်တာပုံစံကျသောသူမရှိဟု ကြေညာခဲ့သည်။ (ယောဘ ၂း၃)။

"ယောဘအမည်ရှိသောသူတစ်ယောက်သည် ဥဇပြည်၌နေ၏။ ထိုသူသည် စုံလင်ဖြောင့်မတ်ခြင်းရှိ၏။ ဘုရားသခင်ကိုကြောက်ရွံ့သောသူ၊ မကောင်းသောအကျင့်ကိုရှောင်သောသူဖြစ်၏" (ယောဘ ၁း၁)။ ထို့ကြောင့်ယောဘသည် နှုတ်ဖြင့်သာဘုရားအကြောင်းပြောသူမဟုတ်ပါ။ ဘာသာရေးဓလေ့ကိုသာလိုက်စားသူမဟုတ်ပါ။ သူ၏အသက်တာသည် ဘုရားကိုအမှန်ယုံကြည်ကိုးစားသည်။ (ယောဘ ၁း၅)။ ဘုရားကိုကြောက်ရွံ့တတ်သောသဘောသည် သူ၏အသက်တာတစ်လျှောက်လုံးကို ထင်ဟပ်စေပါသည်။ သေလောက်သောခြောက်လှန့်ခြင်းနှင့်ကြုံရသည့်တိုင် သစ္စာရှိခဲ့သည်။ ဘုရား၌မွေ့လျော်ခြင်းသည် ကျွန်ုပ်တို့ပြည့်စုံသည်ဟုမဆိုလိုပါ။ ပြည့်စုံတော်မူသောဘုရားကို ကျွန်ုပ်တို့ဖော်ပြနေခြင်းသာဖြစ်သည်။

ယေဇကျေလ ၁၄း၁၄ ကိုဖတ်ကြည့်ပါ။ ဤကျမ်းချက်မှပုဂ္ဂိုလ်များ၏စာရိတ္တအကြောင်း မည်သို့ဖော်ပြသနည်း။ သူတို့ကဲ့သို့ကျွန်ုပ်တို့လည်း ပေါ်လွင်ထင်ရှားသင့်သောအရာဘာရှိသနည်း။

ဘဏ္ဍာစိုးဆိုင်ရာလုပ်ဆောင်ချက်သည် ဘုရားနှင့်နီးကပ်စွာနေထိုင်သောအသက်တာကို ဖော်ပြရမည်။ သစ္စာရှိသောဘဏ္ဍာစိုးများသည် ဘုရား

တရားကိုင်းရှိုင်းခြင်းကိုသာ ပြသနေထိုင်ခြင်းမျိုးမဟုတ်ပါ။ သူတို့၌ဘုရားတရားကိုင်းရှိုင်းစိတ်ရှိပြီးသားဖြစ်၍ သူတို့၏အသက်တာ၌ ပေါ်လွင်နေခြင်းပင်ဖြစ်သည်။ ဘုရားသခင်မှတာဝန်ပေးထားသောအရာများကို အမှန်တကယ်တာဝန်ယူလုပ်ဆောင်နေခြင်းဖြစ်သည်။ သူတို့၏ယုံကြည်ခြင်းသည် သူတို့လုပ်ဆောင်နေသောအရာများ၌ ပေါ်လွင်နေသည်သာမကဘဲ မလုပ်ဘဲချုပ်တည်းထားသောအရာများ၌လည်း ပေါ်လွင်နေပါသည်။

**တနင်္လာ** **မတ် ၂၆**

## ရောင့်ရဲသောစိတ်

“ငါချို့တဲ့လိုအပ်ခြင်းကြောင့် ဤအရာများကိုပြောနေခြင်းမဟုတ်ပါ။ အကြောင်းမူကား၊ ငါတွေ့ကြုံသမျှသောအခြင်းအရာတို့၌ ရောင့်ရဲသောစိတ်ရှိအံ့သောငှာ ငါသင်မိပြီ” (ဖိလိပ္ပိ ၄း၁၁)။ ကျွန်ုပ်တို့ရှိနေသောအခြေအနေအတိုင်း ကျွန်ုပ်တို့ရောင့်ရဲစိတ်ရှိလျှင်၊ ထိုရောင့်ရဲစိတ်သည် မည်သူ့ထံမှရောက်ရှိလာသနည်း။

---

တိမောသေထံသို့ ရှင်ပေါလုစာရေးသားသောအခါ နှစ်သက်ဖွယ်မကောင်းသောသူများအကြောင်းကို ရေးသားထားသည်မှာ “ဘုရားဝတ်၌မွေ့လျော်ခြင်းသည် အကျိုးစီးပွားဖြစ်သည်ဟု သူတို့သည်စိတ်ထင်ကြ၏” (၁တိ ၆း၅)။ ယနေ့တီဗွီမှဈေးရောင်းနေသူများ မည်သို့လုပ်ဆောင်နေသနည်း။ တီဗွီပရိသတ်များကို ယုံကြည်အောင်နှင့်သစ္စာရှိစွာ သူတို့၏လုပ်ငန်းကိုကူညီအောင်ပြောပြီး ငွေများစွာကိုဖန်တီးရရှိကြသည်။ လိုက်ပါလုပ်ဆောင်ကြသောလူများ ချမ်းသာလာပါသလား။ ချမ်းသာကြွယ်ဝလိုခြင်းကြောင့် သစ္စာစောင့်သိခြင်းသည် ရုပ်ဝတ္ထုတပ်မက်မှုကို ပြသနေခြင်းဖြစ်သည်။ ခရစ်ယာန်များထဲ၌ ထိုကဲ့သို့သောအသွင်အပြင်များမြင်နေရသည်။



ဘုရားတရားကိုင်းရှိုင်းခြင်းသည် ချမ်းသာကြွယ်ဝမှုအတွက် ဘာမျှပတ်သက်စရာမလိုပါ။ ကမ္ဘာပေါ်၌ အညစ်ပတ်ဆုံးသောသူအချို့တို့သည် ဘုရားတရားအလုပ်လုပ်နေသည်ဟု ထင်မှတ်ယူဆနိုင်သည်အကြောင်းမှာ သူတို့သည် အချမ်းသာဆုံးသောသူများ၌ ပါဝင်ခြင်းကြောင့်ဖြစ်သည်။ ရှင်ပေါလုကလည်း ရောင့်ရဲသောစိတ်ပါလျှင်၊ ဘုရားဝတ်၌မွေ့လျော်ခြင်းသည် ကြီးစွာသောအကျိုးစီးပွားမှန်၏။ (၁တိ ၆း၆)။ ဘုရားဝတ်၌မွေ့လျော်၍ ရောင့်ရဲခြင်းစိတ်ရှိနေခြင်းသည် ချမ်းသာကြွယ်ဝခြင်းတစ်မျိုးပင်ဖြစ်သည်။ ဘုရားသခင်၏ကရုဏာကျေးဇူးတော်သည် ငွေကိုရရှိသည်ထက် သာလွန်ကောင်းမွန်သည်။ ထို့ကြောင့်ကျွန်ုပ်တို့သည် “အစားအစာနှင့်အဝတ်အစားအတွက်” ရောင့်ရဲစိတ်ရှိရမည်။ (၁တိ ၆း၈)။ ကျွန်ုပ်တို့၌ပိုင်ဆိုင်သောပစ္စည်းပမာဏနည်းနည်း၊ များများ စိုးရိမ်စရာမလိုပါ။ ထိုရောင့်ရဲခြင်းစိတ်သာရှိနေလျှင် ပို၍ပြည့်စုံနေမည်ဖြစ်သည်။

“ရောင့်ရဲခြင်းစိတ်သည် နေရာတိုင်း၌အလွန်လိုအပ်နေသည်။ ၎င်းသည် ဝိညာဉ်ရေးလျှို့ဝှက်ချက်တစ်ခုဖြစ်သည်။ နက်နဲလျှို့ဝှက်သောအရာတစ်ခုအဖြစ် ကျွန်ုပ်တို့သင်ယူကြရမည်။ အမြဲသင်ယူရမည်။ ခရစ်ယာန်၏ရောင့်ရဲခြင်းစိတ်သည် အလွန်ချိုမြိန်ပါသည်။ အတွင်းစိတ်၊ ငြိမ်သက်မှု၊ ဝိညာဉ်စိတ်၏ ကရုဏာသဘောများကိုရရှိစေပြီး ဘုရားဝတ်၌မွေ့လျော်စိတ်ကို အထူးဖြစ်စေပါသည်။ အလွန်အဖိုးထိုက်တန်သောဆီမွှေးအိုးဖြစ်ပြီး၊ ဒုက္ခရင်ဆိုင်ရသော နှလုံးသားများအတွက် သက်သာစေသောဆေးတစ်ခွက်ပင်ဖြစ်သည်။ ပြဿနာရှိသောအချိန် မည်သည့်အခြေအနေမျိုးမှာမဆို ကုစားပေးနိုင်သည်။” Jeremiah Burroughs, The Rare Jewel of Christian Contentment, pp. 1,3.

ရောမ ၈း၂၈၊ ဟေဗြဲ ၁၃း၅ နှင့် ဖိလိပ္ပိ ၄း၄-၁၃ ကိုဖတ်ကြည့်ပါ။ ကျွန်ုပ်တို့၏အသက်တာ၌ ရောင့်ရဲသောစိတ်ဖြင့် အသက်ရှင်နေထိုင်ရန် မည်သို့သွန်သင်ထားပါသနည်း။

**အင်္ဂါ** **မတ် ၂၇**

## ကိုးစားခြင်း

သုတ္တံကျမ်း ၃း၅ ကိုဖတ်ကြည့်ပါ။ မည်သည့်သတင်းစကားများ ကျွန်ုပ်တို့အတွက်ပါရှိနေသနည်း။ အထူးသဖြင့် နောက်ဆုံးပိုင်း၌ပြောထားသောကိုယ်ဉာဏ်ကို "အမှီမပြုနှင့်" ဆိုသည့်စကားသည် မည်သည့်အဓိပ္ပါယ်ရှိသနည်း။ (ဟေရှာယ ၅၅း၉။ ၁ကော ၄း၅။ ၁၃း၁၂ ကိုဖတ်ကြည့်ပါ။)

ဘုရားသခင်၏ဘဏ္ဍာစိုးများအတွက် ဆောင်ပုဒ်ပန်းတိုင်မှာ "ထာဝရဘုရားကိုစိတ်နှလုံးအကြွင်းမဲ့ကိုးစားလော့။ ကိုယ်ဉာဏ်ကိုအမှီမပြုနှင့်" (သုတ္တံ ၃း၅) ဖြစ်သည်။

မကြာခဏဆိုသလို ထိုစကားကိုလူတို့လွယ်လွယ်နှင့်ပြောတတ်ကြသည်။ ဘုရားသခင်၏မေတ္တာတော်နှင့် ကြည့်ရှုတော်မူခြင်းအကြောင်းကို ကျွန်ုပ်တို့မကြာခဏပြောနေသော်လည်း ဖျားနာမှုများနှင့်ရင်ဆိုင်လာရသောအခါ ပူပင်သောကများရှိတတ်ပါသလား။ တစ်ခါတစ်ရံလူတို့၏အနာဂတ်သည် အလွန်ကြောက်ဖွယ်ကောင်းလှ၏။ လူ၏ကိုယ်ပိုင်အတွေးဖြင့် ရှေ့ဆက်ရမည့်ခရီးသည် ကြောက်မက်ဖွယ်အလွန်ကောင်းလှသည်။

ကျွန်ုပ်တို့ဘဏ္ဍာစိုးများအနေဖြင့် ဘုရားသခင်ကိုကိုးစားရန် မည်သို့သင်ယူရမည်နည်း။ ယုံကြည်ခြင်းဖြင့် ရှေ့သို့လှမ်းချီပြီး၊ သခင်ဘုရား၏စကားတော်ကိုနာခံကာ ကိုးစားခြင်းကိုလေ့ကျင့်ယူရမည်။ ကိုးစားခြင်းသည် စိတ်နှင့်လုံးလုံးပတ်သက်ပြီး စိတ်၏အလိုကိုလုပ်ဆောင်ခြင်းဖြစ်သည်။ ဘုရားသခင်



ကိုကိုးစားခြင်းပြုလေလေ၊ ကျွန်ုပ်တို့၏ကိုးစားယုံကြည်မှုအားသည် ပို၍တိုးပွားလာလေလေဖြစ်မည်။ သစ္စာရှိသောဘဏ္ဍာစိုးကဲ့သို့ အသက်ရှင်နေထိုင်ခြင်းသည် ဘုရားသခင်ကိုကိုးစားကြောင်း ဖော်ပြနေခြင်းဖြစ်သည်။ ကိုးစားခြင်းသည် ဘဏ္ဍာစိုးများ၏အခြေခံအုတ်မြစ်နှင့် မောင်းနှင်အားကောင်းခြင်းဖြစ်သည်။ ကျွန်ုပ်တို့လုပ်ဆောင်သမျှကို ပေါ်လွင်ထင်ရှားလာစေလိမ့်မည်။

"သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ကိုးစားလော့။" သမ္မာကျမ်းစာ၌ ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ အဓိပ္ပါယ်ဆိုလိုရင်းမှာ ကျွန်ုပ်တို့၏အတွင်းစိတ်မှထွက်လာခြင်းဖြစ်ပါသည်။ (မဿဲ ၂၂း၃၇)။ စာရိတ္တ၊ စိတ်ထား၊ ရည်ရွယ်ချက်များပါဝင်သည်။ ၎င်းတို့မှာ ကျွန်ုပ်တို့၏အတွင်း၌ အရေးပါလှသောအရာများဖြစ်သည်။

သင်မထိန်းချုပ်နိုင်သောစိတ်သဘောအရာများနှင့် ဘုရားသခင်ကို ကိုးစားခြင်းပြုရန် ပို၍လွယ်ကူသည်။ သို့သော် ကျွန်ုပ်တို့၌ရွေးချယ်စရာမရှိပါ။ ကိုယ်တော်ကိုသာကိုးစားရန်ရှိသည်။ စိတ်နှလုံးအကြွင်းမဲ့ကိုးစားခြင်းကို ကျွန်ုပ်တို့ထိန်းချုပ်နိုင်သောအရာများဖြင့် ရွေးချယ်သောအခါ၊ ဘုရားသခင်ကို ကိုးစားသော ကျွန်ုပ်တို့၏သဘောသည် ကောင်းသောရွေးချယ်မှုကိုဖြစ်စေပါလိမ့်မည်။

တမန်တော်များက ဘုရားကိုစိတ်နှလုံးအကြွင်းမဲ့ကိုးစားခြင်းနှင့် ပတ်သက်၍ အယ်လင်ဂျီဝှိုက်က "လူ၏ပင်ကိုယ်စိတ်သည် အားနည်းခြင်း၊ အကူအညီမဲ့ခြင်းရှိသော်လည်း ဘုရားသခင်ကိုစိတ်နှလုံးအကြွင်းမဲ့ကိုးစားလျှင် ကြွယ်ဝချမ်းသာခြင်းရှိလာမည်။ စိတ်နှင့်ပင်ကိုယ်သဘောကို ကြွယ်ဝပြည့်စုံစေသောအကြောင်းမှာ ဘုရားရှင်ကိုရှေ့ဆုံး၊ နောက်ဆုံး၊ အကောင်းဆုံးဟု သတ်မှတ်ခြင်းဖြစ်သည်" (Ellen G. White, Gospel Workers, p. 25).

ကျွန်ုပ်တို့ထိန်းချုပ်၍မရသော စိတ်သဘောအရာများဖြင့် ဘုရားသခင်ကိုကိုးစားလျှင် ပို၍လွယ်ကူပါသည်ဆိုခြင်းမှာ မှန်ကန်ပါသလား။ သို့ဖြစ်

လျှင် သင်ထိန်းချုပ်နိုင်သောအရာများသည် မည်သို့ရှိသနည်း။ သင်၏ရွေးချယ်မှုသည် ဘုရားသခင်ကိုကိုးစားခြင်းပြုနိုင်ရန် မည်သို့ဆုံးဖြတ်နိုင်မည်နည်း။

**ဗုဒ္ဓဟူး** **မတ် ၂၈**

## ကျွန်ုပ်တို့၏ဩဇာလွှမ်းမိုးမှု

"အထက်ကာလ၌ သင်တို့သည် မှောင်မိုက်အတိဖြစ်ကြ၏။ ယခုမူကား၊ သခင်ဘုရား၌အလင်းဖြစ်ကြ၏။ သို့ဖြစ်၍ အလင်း၏သားကဲ့သို့ ကျင့်နေကြလော့" (ဖေက်၅း၈)။ ရှင်ပေါလုသည် လူအများမြင်တွေ့နိုင်သော စိတ်ပြောင်းလဲခြင်းအကြောင်းကိုဖော်ပြရာ၌ "အလင်း၌လျှောက်လှမ်းခြင်း" (၁ယော ၁း၇။ ဟေရှာယ ၃၀း၂၁) ဖြစ်သည်။ ကျွန်ုပ်တို့၏နေ့စဉ်ဘဏ္ဍာစိုးဆိုင်ရာစီမံကွပ်ကဲမှုများသည် အမှောင်ထဲ၌ရှိနေသူများအတွက် အလင်းကိုလွှမ်းမိုးပေးနိုင်သောသဘောဖြစ်သည်။

ယေရှုက "ငါသည်လောက၏အလင်းဖြစ်၏" (ယောဟန် ၈း၁၂)။ မှန်ကန်သောစာရိတ္တဖြင့် ဘုရားသခင်၏အလင်းတော်ကိုထင်ဟပ်စေခြင်းမှာ နေ့စဉ်အသက်တာ၏နေထိုင်မှုပုံစံမှာ ပေါ်လွင်စေသည်။

ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေသော ကျွန်ုပ်တို့၏ဘဏ္ဍာစိုးလုပ်ငန်းသည် မည်သို့ရှိသနည်း။ ကျွန်ုပ်တို့၏အပြုအမူသည် အခြားသူများအပေါ် မည်သို့ဩဇာသက်ရောက်နေသနည်း။ (မဿဲ ၅း၁၆။ တိတု ၂း၇။ ၁ပေ ၂း၁၁၊၁၂)။

---

---

ဘဏ္ဍာစိုးဆိုင်ရာအလုပ်သည် ဘုရားသခင်၏ပစ္စည်းများကို စီမံအုပ်ချုပ်ပေးရသောအလုပ်ဖြစ်သည်။ သို့သော် ထိုထက်မကသာလွန်သောတာဝန်ရှိပါသည်။ ကျွန်ုပ်တို့၏ဘဏ္ဍာစိုးဆိုင်ရာအလုပ်သည် ကျွန်ုပ်တို့၏



မိသားစုများရှေ့၌ ထင်ရှားနေပါသည်။ ပတ်ဝန်းကျင်၊ ကမ္ဘာကြီးနှင့်စကြဝဠာတစ်ခွင်လုံးကလည်း မြင်တွေ့နေရပါသည်။ (၁ကော ၄း၉)။ ဘဏ္ဍာစိုးအမှုသည် ကျွန်ုပ်တို့အသက်တာ၌ ဘုရားသခင်၏နိုင်ငံတော်စည်းကမ်းဥပဒေရှိကြောင်း၊ ကျင့်သုံးဖော်ပြပေးခြင်းတစ်မျိုးဖြစ်သည်။ ထို့ကြောင့် အခြားသူများကို ဩဇာသက်ရောက်စေနိုင်သည်။ ဘုရားသခင်ရှိကြောင်းကို ကျွန်ုပ်တို့၏ကြင်နာခြင်း၊ စိတ်ကောင်းနှလုံးကောင်းထားခြင်းသဘောကိုဆောင်ကာ ဖန်ဆင်းရှင်ကိုသက်သေခံပေးသောအပြုအမူပင်ဖြစ်သည်။

ကျွန်ုပ်တို့၏အလုပ်သည် ဘဏ္ဍာစိုးဆိုင်ရာကိစ္စနှင့် သဘောထားခြင်းတူညီပြီး တန်ဖိုးထားရန်လိုသည်။ ကျွန်ုပ်တို့၏အလုပ်သည် ဖြောင့်မတ်သောဘဏ္ဍာစိုးတစ်ဦးအဖြစ် အများမြင်နိုင်ရမည်။ "သင်၏ဖြောင့်မတ်ခြင်းအကြောင်းကို အလင်းကဲ့သို့လည်းကောင်း၊ တရားသဖြင့်ပြုခြင်းအရာကို မွန်းတည့်ရောင်ခြည်ကဲ့သို့လည်းကောင်း ဖော်ပြတော်မူမည်" (ဆာလံ ၃၇း၆)။ ဘဏ္ဍာစိုးတစ်ဦး၏ဩဇာသည် အလုပ်ချိန်အတွင်း၌သာမက အလုပ်နားသောအချိန်များ၌ပင်လွှမ်းမိုးမှုရှိသည်။ "ဆီမီးထွန်း၍ ကွယ်ရာ၌ဖုံးထားလေ့မရှိ။ တောင်းဇလားအောက်၌လည်းထားလေ့မရှိ" (လုကာ ၁၁း၃၃)။ "တောင်ထိပ်၌တည်သောမြို့ကိုမကွယ်နိုင်" (မဿဲ ၅း၁၄)။ သင်၏အိမ်၌ဖြစ်စေ၊ အလုပ်ခွင်၌ဖြစ်စေ၊ ထိုဘဏ္ဍာစိုးကောင်းစိတ်ထားကို ကျင့်သုံးမည်ဆိုလျှင် သင်၏ဝန်းကျင်မှလူများ၏စိတ်ကိုလည်းကောင်း၊ နှလုံးသားကိုလည်းကောင်း လွှမ်းမိုးခြင်းပြုလိမ့်မည်။

"ဖန်ဆင်းခြင်းခံရသောအရာတိုင်း ကိုယ်စီတာဝန်ပေးထားခြင်းခံရသည်။ မပျင်းမရိလုပ်ဆောင်ကြရသည်။ ဝိညာဉ်ရေးရာ၌ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ သီးခြားဆက်သွယ်မှုနှင့်လုပ်ဆောင်ရန်အလုပ်ကိုယ်စီရှိကြသည်။ စိတ်ဝင်စားစရာကောင်းသည်မှာ လူတိုင်းလူတိုင်းကို ဘုရားသခင်က သူတို့၏စွမ်းရည်နှင့်ညီမျှသောတာဝန်ကို ပေးထားပါသည်။ ယခုမှာ သင်၏အချိန်

နှင့်အခွင့်အရေးပင်ဖြစ်သည်။ သင်၏စိတ်နေသဘောထား၏တန်ဖိုးကို မှန်ကန်သောစာရိတ္တဖြင့် ပြသနိုင်သည်။ ခရစ်တော်အရှင်သည် သင်၏ဆက်ကပ်မှုအပေါ် အလုံးစုံစီမံပေးထားသည်။ စိတ်နှလုံးအကုန်အစင်ဆက်ကပ်လိုက်ပါ။ (Ellen G. White, This Day With God, p. 243).

သင်နှင့်အတူအလုပ်လုပ်နေသူများသော်လည်းကောင်း၊ သင်၏အိမ်သူအိမ်သားများနှင့်သော်လည်းကောင်း၊ သင်၏လုပ်ကိုင်မှုစိတ်ထား မည်သို့ သြဇာညောင်းနေသနည်း။ သင်၏ယုံကြည်ခြင်းနှင့်ပတ်သက်၍ ထိုသူများထံသို့ သင်မည်သည့်သတင်းစကားဖြန့်ဝေပေးနိုင်သနည်း။

**ကြာသပတေး** **မတ် ၂၉**

## ကြားချင်သောစကားနှင့် မကြားချင်သောစကားများ

ကျွန်ုပ်တို့အားလုံးသည် လောကညွှတ်သည်နှင့်ခရီးသွားနေသူများသာဖြစ်သည်။ ပြည့်စုံသော၊ လှပသော၊ ငြိမ်းချမ်းသောကောင်းကင်သာ ကျွန်ုပ်တို့၏ခရီးလမ်းဆုံးဖြစ်မည်။ (ဟေဗြဲ ၁၁း၁၃)။ ထိုကောင်းကင်နိုင်ငံရွှေပြည်တော်အထိ ကျွန်ုပ်တို့ဆက်လက်လျှောက်နေရသည်။ ခရစ်ယာန်တို့၏လောကအမြင်၊ အထူးသဖြင့် မဟာတိုက်လှန်ပွဲကိစ္စ၌ လေ့နံကိုနှစ်ဖက်နင်းထား၍မရပါ။ ဘုရားသခင်ဘက်မှပါဝင်တိုက်လျှင်တိုက်၊ သို့မဟုတ် စာတန်ဘက်ကဝင်တိုက်ရမည်။ "ငါ့ဘက်၌မနေသောသူသည် ငါ့ရန်ဘက်ဖြစ်၏။ ငါနှင့်အတူမစုသိမ်းသောသူသည် ကြဲဖြန့်သောသူဖြစ်၏" (မဿဲ ၁၂း၃၀)။ မည်သူ့ဘက်၌ကျွန်ုပ်တို့ပါဝင်မည်နည်း။ ခရစ်တော်ပြန်လာသောအခါ ရှင်းလင်းစွာထင်ရှားပေလိမ့်မည်။

ခရစ်တော်ပြန်ကြွလာပြီးနောက် ခရစ်တော်နောက်သို့လိုက်နေပါသည်ဟု ကြွေးကြော်နေကြသူများကြားရမည့်စကားမှာ နှစ်ခွန်းရှိသော်လည်း၊ တစ်ခွန်းကိုသာကြားကြရမည်။ ထိုစကားများသည် မည်သည့်စကားများဖြစ်သနည်း။ မည်သည့်အဓိပ္ပါယ်ရှိသနည်း။



မဿဲ ၂၅း၂၁ ________________________________________

________________________________________

မဿဲ ၇း၂၃ ________________________________________

________________________________________

ခရစ်တော်၏စကား၌ "သင်သည် ကောင်းစွာလုပ်ဆောင်ပြီ" ဆိုသောစကားကို ခရစ်ယာန်ဘဏ္ဍာစိုးများအားလုံးကြားချင်သောစကားများဖြစ်ကြသည်။ သခင်စေခိုင်းသောအလုပ်ကို မပျက်မကွက်လုပ်ဆောင်နိုင်ခြင်းမှာ ကျွန်ုပ်တို့၏ခွန်အားကြောင့်မဟုတ်ပါ။ ခရစ်တော်ပေးသောခွန်အားကြောင့်သာလျှင်ပြီးမြောက်နိုင်မည်။ (ရောမ ၃း၂၁။ ရောမ ၄း၆ ကိုဖတ်ကြည့်ပါ။)

သစ္စာရှိဘဏ္ဍာစိုး၏အသက်တာသည် သူ၌နဂိုရှိထားသောယုံကြည်မှုကို ရောင်ပြန်ဟပ်ပေးခြင်းပင်ဖြစ်သည်။ အကျင့်အားဖြင့်ကယ်တင်ခြင်းရယူခြင်းသည် ဘုရားသခင်၏ရှေ့တော်မှောက်၌ မိမိကိုယ်ကိုသန့်ရှင်းသည်ဟုကြိုးစားတင်ပြနေသူနှင့်တူညီနေသည်။ (မဿဲ ၇း၂၁၊၂၂)။ မဿဲ ၇း၂၃ မှကိုယ်ကိုကိုယ်သန့်ရှင်းရန်ကြိုးစားခြင်းသည် မိုက်မဲခြင်းဖြစ်လွန်းသည်။

"ခရစ်တော်နောက်တော်သို့လိုက်နေသူများသည် ကိုယ်တော်၏ပိုင်ဆိုင်သောအရာများကို ပြန်လည်ဆက်သသောအချိန်၌ ကြားရမည့်စကားမှာ၊ "ကောင်းသောအမှုကိုသင်ပြုပြီ။ ကောင်းသော၊ သစ္စာရှိသောငယ်သားကောင်း၊ သင့်သခင်၏ဘုန်းစည်းစိမ်သို့ဝင်စားလော့" (Ellen G. White, The Desire of Ages, p. 523).

အဆုံး၌ဘဏ္ဍာစိုး၏အသက်တာသည် ကြီးကျယ်သောပညတ်နှစ်ခုနှင့်အသက်ရှင်နေရသည်။ ဘုရားကိုချစ်ပြီး အိမ်နီးချင်းကိုချစ်ပါ။ ထိုစကားသည် ခွန်အားပေးသောအောင်မြင်မည့်အမိန့်တော်စကားဖြစ်သည်။

သင်၏အသက်တာ၌ ဘဏ္ဍာစိုးဆိုင်ရာလုပ်ဆောင်ချက်များ မည်သို့ပေါ်လွင်နေသနည်း။ ထိုပညတ်ချက်နှစ်ပါးကို မည်သို့ထွန်းလင်းပြသနိုင်မည်နည်း။

**သောကြာ** **မတ် ၃၀**

**ထပ်ဆင့် လေ့လာရန်။**

ခရစ်တော်သည် လောကသို့ကြွဆင်းလာခြင်းမှာ ခမည်းတော်ကို ဖော်ပြခြင်းဖြစ်သည်။ သူ၏နောက်တော်သို့လိုက်လျှောက်သောသူများသည် ကိုယ်တော်စတင်ခဲ့သောအမှုတော်ကို ဆက်လက်လုပ်ဆောင်ရမည်။ ကျွန်ုပ်တို့ တစ်ယောက်နှင့်တစ်ယောက်လက်တွဲပြီး၊ အားပေးကူညီကြရန်လိုပါသည်။ အခြားသူများ၏ကောင်းသောအကြောင်းကို ရှာဖွေကြည့်ရှုခြင်းသည် ပျော်ရွှင်ခြင်းကို ဖြစ်စေပါသည်။ လူသား၏သဘာဝသည် စိတ်ဝင်စားခြင်းမရှိသောအလုပ်ကို မည်သည့်အခါမျှမလုပ်ပါ။ သို့သော် ဘုရားကိုချစ်စိတ်၊ လူကိုချစ်စိတ်များ ရှိလာလျှင် စိတ်မဝင်စားသောအရာဖြစ်သည့်တိုင် လုပ်ဆောင်လာသည်။ တစ်ကိုယ်ကောင်းစိတ်မရှိလေ၊ ပို၍ပျော်ရွှင်သောသူဖြစ်လေဖြစ်မည်။ အကြောင်းမှာ ဘုရားသခင်၏အကြံတော်ကိုပြည့်စုံစေရသောအခွင့်အရေးရရှိသောကြောင့် ဖြစ်သည်။ (Ellen G. White, CS, pp. 24,25).

“လုပ်ရှားမှုရှိနေသောအသင်းတော်သည် တိုးတက်ကြီးထွားလိမ့်မည်။ အသင်းတော်အတွင်း၌လည်း အပြောင်းအလဲများစွာရှိလာမည်။ ရယူခြင်း၊ ပေးကမ်းခြင်း၊ ဘုရားရှင်ထံမှရရှိသောကောင်းချီးကိုရေတွက်ပြီး ပြန်၍ယူဆောင်လာမည်။ စစ်မှန်သောယုံကြည်သူများကို ဘုရားသခင်သည် အလင်းတော်နှင့်ကောင်းချီးကို ပေးသနားတော်မူသည်။ ထိုမှတစ်ဆင့် ယုံကြည်သူများသည် ဘုရားရှင်ထံမှရရှိသောအရာကို လိုအပ်သူများအား ပြန်ပေးဝေခြင်းဖြင့် ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ကြသည်။ ရရှိခံစားရသောကောင်းချီးများကို ပေးဝေပေးခြင်းဖြင့် ဘုရားသခင်မှတိုး၍တိုး၍ကောင်းချီးချပေးပြန်သည်။ သိုလှောင်ရန်အခန်းများသည် ကရုဏာနှင့်သမ္မာတရားအတွက် သိုလှောင်ရာအခန်းဖြစ်လာမည်။ ပို၍ကြည်လင်သောအလင်း၊ ပို၍ထက်မြက်သောဉာဏ်ပညာများကို ထပ်မံရရှိလိမ့်မည်။ ပေးကမ်းခြင်း၊ ရယူခြင်းသည် အသင်းတော်၏



တိုးတက်ခြင်းကို တိုက်ရိုက်သက်ရောက်မှုဖြစ်စေသည်။ ရယူခြင်းသာရှိပြီး ပေးကမ်းမှုမပြုသောသူသည် မကြာမီရရှိခြင်းအခွင့်ကို ရပ်စဲခြင်းခံရမည်။ အမှန်တရားသည် သူ့အားဖြင့်အခြားသူထံစီးဆင်းခြင်းမရှိလျှင်၊ သူ၌ရယူနိုင်သောခွန်အား ပျောက်ဆုံးသွားလိမ့်မည်။ ကောင်းကင်အရှင်၏ကောင်းချီးကို ရရှိနေလျှင် ထိုရရှိသောကောင်းချီးအတွက် ဝေငှပေးရန်လိုသည်။ (Ellen G. White, CS, p. 36).

**ဆွေးနွေးရန်မေးခွန်းများ**

(၁) ဘုရားသခင်ကို ကိုးစားယုံကြည်လျှင် ရောင့်ရဲခြင်းစိတ်ကို ဖြစ်ပေါ်စေပါသလား။ သင်၏အသိစိတ်အဆင့်ဖြင့် ဘုရားသခင်ကိုအကြွင်းမဲ့ မည်သို့ကိုးစားနိုင်မည်နည်း။ (၂ကော ၁၀း၅)။ အဘယ်ကြောင့်ဤကဲ့သို့စကားမျိုးပြောရန် အလွန်လွယ်ကူသနည်း။ “ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်းပြုစုကြသည်” (ရောမ ၈း၂၈)။ သို့သော် ယုံကြည်ရန်ဘာကြောင့် အလွန်ခက်ခဲရသနည်း။ ဘုရားသခင်ကိုယုံကြည်ကိုးစားပါသည်ဟု စိတ်ထဲ၌အသေအချာဆုံးဖြတ်ထားသော်လည်း ဘာကြောင့်ကျွန်ုပ်ကို ရှေ့လာမည့် အချိန်အတွက် တွေးကြောက်ကြရသနည်း။

(၂) အတန်းထဲ၌ ယခုမေးခွန်းများကိုမေးပြီး နှိုင်းယှဉ်ခိုင်းပါ။ ဘဏ္ဍာစိုး၏အဓိပ္ပါယ်ကိုပြောပါ။ ဘဏ္ဍာစိုးအလုပ်သည် ခရစ်ယာန်အသက်တာ အတွက် ဘာကြောင့်အရေးကြီးသနည်း။ စကား ၂၅ ခွန်းထက်မပိုပါစေနှင့်။ ဖြေခိုင်းပါ။

(၃) မဿဲ ၇း၂၁–၂၃ ကိုပြန်ဖတ်ပါ။ ယခုလက်ရှိအချိန်၌ ဘာဖြစ်ပျက်နေသနည်း။ ဤသူများသည် ဘာကြောင့်မိမိတို့အလုပ်အတွက် ပြောဆိုကြသနည်း။ သူတို့၏စကားသည် သူတို့ကိုအဆင့်မည်မျှရှိစေသနည်း။ ကောင်းသောဘဏ္ဍာစိုး၊ ယုံကြည်ခြင်းနှင့်နားထောင်မှုရှိသောသူ၊ ဘုရားရှင်၏

နာမဥ္ဖြ ကောင်းစွာလုပ်ဆောင်နေသူဟု အများမြင်ရသော်လည်း ထိုသူများကဲ့သို့ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုလိမ်လည်နေပါသလား။

(၄) သီးခြားအဆင့်မှာသာ ဩဇာညောင်းနိုင်ရန် ကျွန်ုပ်တို့ကြိုးစားနေကြသည်။ သို့သော် သင်၏နယ်ခံအသင်းတော်အဆင့်အနေဖြင့် သင်မည်သို့ ဩဇာလွှမ်းအောင်လုပ်ဆောင်မည်နည်း။ ပတ်ဝန်းကျင်ဒေသအတွင်း သင်၏ အသင်းတော်သည် မည်မျှဩဇာညောင်းနေသနည်း။

–ဝ–





## နံနက်ယံဝတ်
## ဇန်နဝါရီလ၊ ၂၀၁၈ ခုနှစ်

| | | | |
|---|---|---|---|
| ၁ | လာ | ဂလာတိ | ၄း၄၊၅ |
| ၂ | ဂါ | ဟေဗြဲ | ၉း၂၈ |
| ၃ | ဟူး | မဿဲ | ၂း၁၊၂ |
| ၄ | တေး | ဗျာဒိတ် | ၂၂း၂၀၊၂၁ |
| ၅ | ကြာ | ယောဘ | ၁၉း၂၅ |
| ၆ | နေ | ၁ကော | ၁၅း၂၆ |
| ၇ | နွေ | ဟေရှာ | ၂၁း၁၁၊၁၂ |
| ၈ | လာ | ယာကုပ် | ၅း၁၁ |
| ၉ | ဂါ | ၂ပေ | ၁း၁၉ |
| ၁၀ | ဟူး | ဗျာဒိတ် | ၁၀း၅–၇ |
| ၁၁ | တေး | ရောမ | ၉း၂၈ |
| ၁၂ | ကြာ | ဗျာဒိတ် | ၁၈း၁ |
| ၁၃ | နေ | ဗျာဒိတ် | ၁၁း၁၅ |
| ၁၄ | နွေ | မာလခိ | ၄း၅၊၆ |
| ၁၅ | လာ | ဗျာဒိတ် | ၂၂း၁၆ |
| ၁၆ | ဂါ | မဿဲ | ၂၈း၁၉ |
| ၁၇ | ဟူး | လုကာ | ၂၁း၂၆ |
| ၁၈ | တေး | ယေရှာ | ၁း၁၆၊၁၇ |
| ၁၉ | ကြာ | ရောမ | ၁၃း၁၁၊၁၂ |
| ၂၀ | နေ | ဗျာဒိတ် | ၁၄း၁၂ |
| ၂၁ | နွေ | လုကာ | ၁၅း၄ |
| ၂၂ | လာ | ဗျာဒိတ် | ၁း၃ |
| ၂၃ | ဂါ | ယောဟန် | ၁၅း၂၀ |
| ၂၄ | ဟူး | မဿဲ | ၁၆း၁၈ |
| ၂၅ | တေး | ၂တိ | ၃း၁၊၂၊၅ |
| ၂၆ | ကြာ | ဗျာဒိတ် | ၁၆း၁၆ |
| ၂၇ | နေ | လုကာ | ၂၁း၃၆ |
| ၂၈ | နွေ | လုကာ | ၁၂း၃၇ |
| ၂၉ | လာ | ဧဖက် | ၂း၃ |
| ၃၀ | ဂါ | မဿဲ | ၁၈း၁၉ |
| ၃၁ | ဟူး | ယေရမိ | ၈း၂၀ |

–ဝ–

## နံနက်ယံဝတ်
## ဖေဖော်ဝါရီလ၊ ၂၀၁၈ ခုနှစ်

| | | | |
|---|---|---|---|
| ၁ | တေး | မာလခိ | ၃း၂ |
| ၂ | ကြာ | ဝတ်ပြု | ၂၀း၂၆ |
| ၃ | နေ | ၁ရာ | ၂း၃ |

| | | | |
|---|---|---|---|
| ၄ | နွေ | တရားဟော | ၈း၂ |
| ၅ | လာ | ယာကုပ် | ၁း၂၂ |
| ၆ | ဂါ | ၁ပေ | ၃း၁၅ |
| ၇ | ဟူး | မဿဲ | ၅း၆ |
| ၈ | တေး | ၂ကော | ၆း၁၇၊၁၈ |
| ၉ | ကြာ | ၁ယော | ၅း၂၁ |
| ၁၀ | နေ | ၂ကော | ၁၃း၅ |

| | | | |
|---|---|---|---|
| ၁၁ | နွေ | ဆာလံ | ၂၄း၃၊၄ |
| ၁၂ | လာ | ၁ပေ | ၂း၉ |
| ၁၃ | ဂါ | ဟေဗြဲ | ၁၀း၃၅–၃၉ |
| ၁၄ | ဟူး | ၂ကော | ၇း၁ |
| ၁၅ | တေး | မဿဲ | ၂၅း၁၂ |
| ၁၆ | ကြာ | မဿဲ | ၂၅း၁၃ |
| ၁၇ | နေ | မာကု | ၁၃း၃၅၊၃၆ |

| | | | |
|---|---|---|---|
| ၁၈ | နွေ | မဿဲ | ၂၆း၄၁ |
| ၁၉ | လာ | ၁ပေ | ၄း၇ |
| ၂၀ | ဂါ | ၁တိ | ၄း၁၂ |
| ၂၁ | ဟူး | တမန် | ၂၀း၂၉၊၃၀ |
| ၂၂ | တေး | ၁ကော | ၇း၂၉ |
| ၂၃ | ကြာ | ၁သက် | ၅း၂၃ |
| ၂၄ | နေ | ၂ပေ | ၃း၁၁၊၁၂ |

| | | | |
|---|---|---|---|
| ၂၅ | နွေ | ၁ယော | ၂း၁၈ |
| ၂၆ | လာ | ဟေဗြဲ | ၁၁း၅ |
| ၂၇ | ဂါ | ဟဗက္ကုတ် | ၂း၃ |
| ၂၈ | ဟူး | ဟေရှာ | ၂၆း၂၁ |



## နံနက်ယံဝတ်
## မတ်လ၊ ၂၀၁၈ ခုနှစ်

| | | | |
|---|---|---|---|
| ၁ | တေး | ယောလ | ၁း၁၅ |
| ၂ | ကြာ | ဟေရှာ | ၁း၅၊၆ |
| ၃ | နေ | ယောဟန် | ၃း၅–၇ |

| | | | |
|---|---|---|---|
| ၄ | နွေ | မဿဲ | ၆း၃၃ |
| ၅ | လာ | မဿဲ | ၁၃း၄၅၊၄၆ |
| ၆ | ဂါ | ကောလော | ၁း၁၃၊၁၄ |
| ၇ | ဟူး | ဆာလံ | ၃၄း၈ |
| ၈ | တေး | ဧဖက် | ၂း၁၉ |
| ၉ | ကြာ | ယောဟန် | ၁၇း၃ |
| ၁၀ | နေ | ၁ယော | ၃း၁ |

| | | | |
|---|---|---|---|
| ၁၁ | နွေ | မဿဲ | ၂၂း၁၁၊၁၂ |
| ၁၂ | လာ | ဆာလံ | ၁၁၉း၁၇၄ |
| ၁၃ | ဂါ | ၁ကော | ၆း၁၉၊၂၀ |
| ၁၄ | ဟူး | ၁ပေ | ၂း၁၁ |
| ၁၅ | တေး | ၂တိ | ၂း၂၂ |
| ၁၆ | ကြာ | ၁တိ | ၄း၁၂ |
| ၁၇ | နေ | ၂ပေ | ၁း၅–၇ |

| | | | |
|---|---|---|---|
| ၁၈ | နွေ | ၁သက် | ၅း၁၇ |
| ၁၉ | လာ | ဆာလံ | ၆၂း၈ |
| ၂၀ | ဂါ | ယာကုပ် | ၁း၆ |
| ၂၁ | ဟူး | မဿဲ | ၅း၈ |
| ၂၂ | တေး | ယောဟန် | ၁၇း၁၇ |
| ၂၃ | ကြာ | ၁ပေ | ၅း၈၊၉ |
| ၂၄ | နေ | ရောမ | ၆း၁၃၊၁၄ |

| | | | |
|---|---|---|---|
| ၂၅ | နွေ | ၂ပေ | ၃း၉ |
| ၂၆ | လာ | ဖျာဒိတ် | ၁၄း၇ |
| ၂၇ | ဂါ | ဧဖက် | ၆း၁၁ |
| ၂၈ | ဟူး | ဟေဗြဲ | ၁း၁၄ |
| ၂၉ | တေး | ၂ပေ | ၂း၉၊၁၀ |
| ၃၀ | ကြာ | ဟေဗြဲ | ၂း၃ |
| ၃၁ | နေ | အာမုတ် | ၄း၁၂ |